www.burmeseclassic.com

# ဒဂုန်ရွှေမျှား

# နတ်သက်ဒေသ

နှင့်

## ဆန်းကြယ်သောဝတ္ထုများ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ရုပ်သက်သေ

နှင့်

# ဆန်းကြယ်သောဝတ္ထုများ

## ဒဂုန်ရွှေမျှား

(ဆရာကြီးဒဂုန်ရွှေမျှား၏ မဂ္ဂဇင်းလတ်ရာဝတ္ထုတိုများ
ပထမအကြိမ်စုစည်းမှု)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၈၅၇ / ၂၀၀၄ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၃၄ / ၂၀၀၄ (၉)

❖

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၄၊ နိုဝင်ဘာလ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ညီတော်မောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၈၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သံချိတ်ကြီး | ၁ |
| ၂။ | ကျွားခံတွင်းမှ လွတ်ခဲ့သူ | ၂၄ |
| ၃။ | စုံထောက် ဦးအောင်မြင် | ၄၅ |
| ၄။ | မိဘစကား | ၇၅ |
| ၅။ | ခွေးသက်သေ | ၉၇ |
| ၆။ | နတ်သက်သေ | ၁၁၄ |
| ၇။ | ကိုယ့်အတတ်နဲ့ကိုယ်စူး | ၁၂၀ |
| ၈။ | နှစ်ထပ်ကွမ်းလူသေမှု | ၁၃၃ |


www.burmeseclassic.com

www.burmeseclassic.com

# သံချိတ်ကြီး

လွန်ခဲ့သော ၄ နှစ်ခန့်က မဟာဗန္ဓုလပန်းခြံလမ်းရှိ သုံးထပ်တိုက် တစ်တိုက် အလယ်ထပ်အခန်း တစ်ခန်းတွင် 'အောင်သင်း–အင်–အေးချို ဘရားသား' ဟူသော ကြေးဝါဆိုင်းဘုတ်ကလေးတစ်ခု ဆွဲချိတ်ထား၏။ ၎င်းမှာ ဦးအောင်သင်းဆိုသူနှင့် ကိုအေးချိုဆိုသူသာ ပါဝင်သော နှစ်ယောက်စပ် ကုမ္ပဏီကလေးတစ်ခု ဖြစ်လေသည်။

ဦးအောင်သင်းမှာ ရန်ကုန်မြို့သားဇာတိဖြစ်၍ ကုန်သည်လောကစီးပွားရှာဖွေရေးဘက်တွင် တရားသည့်ဘက်၌လည်းကောင်း၊ မတရားသည့်ဘက်၌လည်းကောင်း လည်ပတ်နှံ့စပ်သူဖြစ်၏။ ကုန်သည်ပိုင်းအထက်တန်းလွှာများနှင့်တကွ မင်းစိုးရာဇာများပါ ပေါက်ရောက်သူဖြစ်၏။ သို့ဖြင့် ငွေရင်း အနည်းငယ်မ,တည်ကာ သွင်းကုန်လိုင်စင်များကို လျှောက်ထားပြီးလျှင်ယင်းလိုင်စင်များဖြင့် လည်ပတ်သလို လုပ်ကိုင်နေသူ ဖြစ်လေသည်။ ထိုတောတွင်းမှ မကြာမီက ရောက်လာသော မောင်အေးချိုဆိုသူနှင့်တွေ့ရာ မောင်အေးချိုမှာ အလွန်ရိုးသားသူဖြစ်သဖြင့်တစ်ကြောင်း၊ ဦးအောင်သင်း၏ အဆွယ်ကောင်းခြင်းကြောင့်တစ်ကြောင်း၊ နဂိုကပင် ကုန်သည်လုပ်ငန်း၌ ဝါသနာထုံသဖြင့်တစ်ကြောင်း၊ ရန်ကုန်မြို့တွင် အဆက်

www.burmeseclassic.com

အသွယ်မရှိက အတော်အသင့် ငွေပင်ငွေရင်းပင် ရှိသော်လည်း လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်ရန် ခဲယဉ်းသဖြင့်တစ်ကြောင်း၊ မိမိအမွေ ရခဲ့သော ငွေသား ၁၀၀၀၀ ကို ဦးအောင်သင်း၏ လုပ်ငန်းထဲသို့ မြှုပ်နှံကာ ထိုအချိန်မှစ၍ ဦးအောင်သင်းနှင့် အလုပ်စပ်တူ လုပ်ကိုင်ခဲ့၏။

ဤသို့ဖြင့် ဦးအောင်သင်း၏ ကိုယ်ပိုင် ဆိုင်းဘုတ်ကလေးမှာလည်း 'ဦးအောင်သင်းကုမ္ပဏီ' ဟူသော အမည်မှ 'အောင်သင်း-အင်-အေးချို ဘရားသား' ဟူသော အမည်သို့ ပြောင်းလဲခဲ့လေသည်။

ကုမ္ပဏီလုပ်ငန်းကို အုပ်ချုပ်ရသည့်အနေဖြင့် ဦးအောင်သင်းက လခ ၃၅၀ ယူပြီးလျှင် မောင်အေးချိုကိုမူ အလုပ်မလုပ်သည့် ပါတနာအဖြစ် ကျန်သော အမြတ်ငွေကို ၂ စုခွဲပြီးလျှင် တစ်စုကို ၃ လ တစ်ကြိမ်ခွဲဝေပေး၏။ တစ်နှစ်မျှ အလုပ်လုပ်မိသောအခါ မောင်အေးချိုမှာ ၄ ကြိမ်မျှ ခွဲဝေရရှိခဲ့ပြီဖြစ်၍ အမြတ်ငွေ ၃၀၀၀ ကျော်မျှ ရရှိခဲ့ပြီဖြစ်ရာ၊ ထိုဝင်ငွေမှာလည်း ရန်ကုန်မြို့တွင် အလုပ်အကိုင် အတည်တကျ မရှိသော 'လင်ကိုယ်မယား' နှစ်ယောက်အတွက် မနည်းလှပေ။

ဒုတိယနှစ်သို့ရောက်သောအခါ ဦးအောင်သင်းက အကြောင်းအမျိုးမျိုးပြ၍ အမြတ်ခွဲဝေပေးခြင်းသည်လည်း အချိန်မမှန် ဖြစ်လာတော့၏။ ၇ လတိုင်တိုင် အမြတ်ခွဲဝေပေးခြင်းမရှိဘဲ နေခဲ့ပြီးနောက် ခွဲဝေသောအခါ၌လည်း ငွေ ၇၀၀ သာ မောင်အေးချိုရရှိခဲ့၏။ အိမ်လခ ၇ လအတွက် ၃၅၀ ပေးပြီးနောက် ကျန်သော ငွေ ၃၅၀ မှာ ဆီဖိုး၊ ဆန်ဖိုးနှင့် ဈေးဖိုးများပင် အကြွေးဆပ်၍မလောက်ချေ။ ဤသို့ဖြင့် မောင်အေးချိုလင်မယားမှာ ကြွေးများ ပိုင်းစပြုလာတော့၏။

ကုမ္ပဏီ၏ အခြေအနေမှာလည်း တဖြည်းဖြည်း အင်အားနည်း၍ လာကြောင်း မောင်အေးချိုသိရှိ၍ လာတော့၏။ အဘယ်ကြောင့်ဆိုသော် အလုပ်တိုက်သို့ မောင်အေးချို သွားရောက်သည့်အခါတိုင်းလိုပင် ဦးအောင်သင်းကို မတွေ့ရဘဲ စာရေးများနှင့်သာ စကားပြော၍ ပြန်ခဲ့ရ၏။ ကုမ္ပဏီသို့လည်း အဝင်အထွက် အသွားအလာများ ယခင်ကထက် နည်းပါးလာသည်ကို တွေ့ရ၏။

ယင်းသို့ ငွေကြေးကြပ်တည်းနေသည့်အတွင်း မောင်အေးချို၏ ဇနီး မရင်မြ၏ ဖခင်ကြီးမှာ တောတွင် အနိစ္စရောက်သဖြင့် မရင်မြသည်


www.burmeseclassic.com

www.burmeseclassic.com



က်ထဲတွင် ကျန်ရှိသမျှ လက်ဝတ်လက်စားကလေးများကို ပေါင်နှံကာ ာသို့ လိုက်၍ ဖခင်ကြီး၏အလောင်းကို သင်္ဂြိုဟ်လိုက်ရပြန်၏။ ဤသို့ ာင်အေးချိုဇနီးမောင်တို့မှာ ပထမနှစ်တွင် စိတ်ချမ်းသာသလောက် တိယနှစ်တွင် စိတ်ဒုက္ခရောက်ကြရကုန်၏။

မောင်အေးချို၏ဇနီး မရင်မြမှာ အသက် ၃၀ မျှသာရှိသေး၍ ာသူပင်ဖြစ်သော်လည်း ရန်ကုန်သို့ ရောက်လာပြီးနောက် ပတ်ဝန်းကျင် ခြေအနေအရ အဆင်အပြင်များ ပြောင်းလဲလာတော့၏။ ပင်နီအင်္ကျီသာ န်းမများအတွက် သင့်လျော်သည်ဟု တောမှာနေစဉ်က ပြောခဲ့သော်လည်း ခုမူ နိုင်လွန်ကိုမှ အင်္ကျီဟု မှတ်ထင်လာ၏။ ဖောင်းကြွသော 'ဘောဒစ်' င်္ကျီများကို နှစ်သက်စပြုလာ၏။ နိုင်လွန်လက်ရှည်မှ လက်တိုသို့ ပြောင်း ၍လာပြီးလျှင် သာမန်ဆံထုံးရိုးရိုးမှ ရှေ့ဆံယဉ်များကို ဖြတ်တောက်ကာ သိမသာ အမောက်ကလေးများပင် ပြုလုပ်လာတော့၏။ ဦးအောင်သင်း သည် သုံးလေးကြိမ်မျှ မောင်အေးချိုအိမ်သို့ ရောက်ခဲ့ဖူးရာ တောသူပင် ဖြစ်လင့်ကစား ပြေပျစ်နုနယ်ချစ်စဖွယ်ကောင်းသော မရင်မြ၏ ရုပ်ရည်ကို သည်းကောင်း၊ ယဉ်စစရှိသော သူ၏ဟန်အမူအရာကိုလည်းကောင်း မြင်ရ ာအခါ မရင်မြမှာ ရိုးအသော တောသားမောင်အေးချိုနှင့်မတန်၊ မိမိကဲ့ သို့ လည်ပတ်ဖျတ်လတ်သော မြို့သားတစ်ယောက်နှင့်သာ ထိုက်တန် သည်ဟု ယူဆကာ မရင်မြအား မထိတထိ ပြောစပြု၍လာတော့၏။

မြို့ရည်လည်စ မိန်းမများမှာ အနှုးအနှပ်ကောင်းသော မြို့သား ူလယ်များနှင့် တွေ့သောအခါ တစ်စတစ်စ လိုက်လျော၍ သူ့ဘက်သို့ တတ်သည့်အတိုင်း မရင်မြသည် ဦးအောင်သင်းခေါ်ဆောင်ရာ ရုပ်ရှင်ပွဲ ားသို့ပင် မောင်အေးချိုအား အသိမပေးဘဲ လိုက်၍ ကြည့်သည်အထိ ရဲ င်း၍လာတော့၏။

ရိုးဖြောင့်၍ တောသားပီပီ ဝတ်ဆင်စားသောက်နေထိုင်တတ် ာ မောင်အေးချိုအပေါ်တွင် အပြစ်အမျိုးမျိုးမြင်လာပြီးလျှင် ဝဝဖိုင့်ဖိုင့်နှင့် ဦးလေးအရွယ်ရှိ ဦးအောင်သင်းကဲ့သို့ လူမှသာ လူတော်လူကောင်းတစ် ာက်ဟု ထင်မှတ်၍လာလေသည်။ အင်္ဂလိပ်လဆန်းတိုင်း ဦးအောင် င်းထံမှ တိတ်တဆိတ် လက်ဆောင်ပေးလိုက်သော နိုင်လွန်များ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးချို၏ ဒုက္ခများကား ဤမျှနှင့် အဆုံးမသတ်သေးချေ

ပုဒွန်တောင်စာတိုက်အနီးရှိ အိမ်သို့ ပြန်ရောက်သောအခါ အိမ်ေ

မှ ခါတိုင်းကဲ့သို့ မီးမမြင်ရဘဲ အိမ်တံခါးများ ပိတ်ထားသည်ကို တွေ့ရ၏

တံခါးပေါက်မှာ စေ့ရုံသာစေ့ထားသဖြင့် မောင်အေးချိုလည်း စေ့၍ထ

သော တံခါးကို တွန်း၍ဝင်သွားလေ၏။ ထို့နောက် လမ်းဓာတ်မီးရောင်ဖြ

ခပ်ရေးရေးမျှ မြင်ရသော လသာမှန်အိမ်ကို မီးခြစ်၍ ဖွန်းညှိလိုက်သည်

"မြရေ ... မြ ... မြ ဘယ်များ သွားပါလိမ့်"

သို့သော် တစ်စုံတစ်ယောက်မျှ ပြန်၍ ထူးဖော်မရချေ။ တစ်အိ

လုံးမှာ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိတော့၏။

ဘို့နှင့် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိပြီးလျှင် အိပ်ခန်

အတွင်းသို့ဝင်၍ ကြည့်ရာ ဖရိုဖရဲကြဲနေသော အဝတ်ဟောင်းများကိုသ

တွေ့ရ၏။ မရင်မြ၏ အဝတ်များထည့်သော သားရေအိတ်နှင့် သံသေတ္တ

ကလေးတစ်လုံးကား မရှိတော့ချေ။

အိပ်ရာ ခေါင်းအုံးပေါ်၌ကား သနပ်ခါးတုံးတစ်တုံးဖြင့် ဖိ၍ထ

သော စာခေါက်ကလေးကို တွေ့ရလေသည်။ စာမှာ အောက်ပါအတိုင်

ဖြစ်၏။

ကိုအေးချို –

လောကကြီးမှာ ငွေဟာ အရေးအကြီးဆုံးဆိုတာ ကိုအေးချို

လည်း သိမှာပေါ့။ ကိုအေးချိုဟာ ငွေကို ရအောင် ရှာနိုင်တဲ့ လူမဟုတ်

ဘူး။ စုပြီး ဆောင်းပြီးသား ငွေကလေးကို သုံးဖြုန်းသာပစ်တတ်

တယ်။ ဒီ့အပေါ် မြင်းလောင်းလိုက်သေးတယ်။ ဒီဟာ ထားပါဦး၊

ကိုအေးချိုဟာ လောကအကြောင်းကို ဘာမှ နားမလည်ဘူး။ မိန်းမ

တစ်ယောက် ဘယ်လို အဆင့်အတန်းမီအောင် ထားရမယ်၊ ဘယ်လို

ပျော်အောင်ထားရမယ်ဆိုတာ မသိဘူး။ မြို့ကို ရောက်ရင် မြို့သူနဲ့တူ

အောင် နေရတယ် ကိုအေးချိုရဲ့။ အပေါင်းအသင်းရှိရတယ်၊ လိုက်ရ

ရတယ်၊ ခေတ်အခေါ်နဲ့ ဆိုရှယ်ကျရတယ် နားလည်လား။

ဒီတော့ ဘုန်းကြီးလူထွက်သာသာရှိတဲ့ ကိုအေးချိုရဲ့ ရင်ခွင်မှာ

မြ မပျော်ပိုက်တော့ဘူး။ မြတို့မှာလည်း ခင်တွယ်ရာ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး မဟုတ်လား။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ညှာတာစရာ ခင်တွယ်စရာ ဘာမှ မရှိဘူး။ ကိုယ်ပျော်ရာ ကိုယ်နေကြပေါ့။

ဒါကြောင့် မြတော့ မြချစ်တဲ့ ကိုကြီးအောင်သင်းနဲ့ လိုက်သွားပြီ၊ မြကို မရှာနဲ့တော့။ မြသေပြီလို့ စာရင်းသွင်းလိုက်တော့။

မြ

မောင်အေးချိုသည် စာကို တစ်ခေါက်ထပ်၍ လသာမုန်အိမ်မီးဖြင့် ဖတ်ပြန်၏။ ထို့နောက် လက်ထဲတွင် ဆုတ်ဖြဲပွတ်ချေ၍ ကြမ်းပေါ်သို့ ချကာ ခြေဖြင့် နင်းထားလေသည်။ ထို့နောက် "မြရေ ... မြ ... မြ မိုက်လိုက်လေ မြရယ်။ မင်းမရှိဘဲ ငါဘယ်နှယ့် လုပ်ပြီးနေရပါ့မလဲ မြရယ်။ လိုက်မယ် ... လိုက်မယ် ... ငါ မင်းနောက်ကို လိုက်မယ်" ဟု မောင်အေးချိုသည် ချုံးချငိုကြွေးရာလေ၏။

ထို့နောက် ခေါင်းရင်းအိမ်မှ ဒေါ်ညွန့်ဆိုသူထံ သွားရောက်မေးမြန်းရာ မရင်မြမှာ ယမန်နေ့ညဦး ၉ နာရီအချိန်လောက်ကပင် လူတစ်ယောက် ကားတစ်စီးနှင့်လာသည်ကို မြင်ရကြောင်း နောက်နာရီဝက်ခန့် အကြာတွင် သေတ္တာနှင့် လက်ဆွဲအိတ်များကို ယူပြီးလျှင် ထိုကားနှင့်ပင် ထွက်သွားသည်ကို မြင်ရကြောင်း၊ အိမ်၌ မောင်အေးချို ရှိသည်ထင်ပြီးလျှင် မရင်မြ ခရီးထွက်သွားသည်ဟုပင် ထင်မှတ်ကြောင်းဖြင့် ပြောလေသည်။

မောင်အေးချိုသည် ပါးစပ်မှ တ'မြမြ' မြည်ကာ ပုဇွန်တောင်ဈေးဘက်သို့ ထွက်ခဲ့ပြီးနောက် 'ဘား' တစ်ခုသို့ ဝင်ရောက်ကာ အရက်များ သောက်လေ၏။ ထိုမှတစ်ဖန် ဘူတာဘက်သို့ လာခဲ့၍ တံတားကြီးကို မကျော်ဘဲ သံချောင်း ၃ ချောင်း ပြုတ်နေသော ဝင်းထရံကိုဖြတ်ကာ မီးရထားလမ်းများဆီသို့ ပြေးသွားလေ၏။ "မြရေ ... မင်း ငါ့ကို ပစ်သွားမှဖြင့် ငါလူ့ပြည်မနေတော့ပါဘူးကွယ်"

မောင်အေးချိုသည် အပေါ်အင်္ကျီကို ဆွဲ၍ဆုတ်ပြီးလျှင် အရူးတစ်ယောက်ပမာ မီးရထားသံလမ်းများကို ဖြတ်ကာ တရကြမ်းပြေးသွားလေ၏။ ထိုအချိန်တွင် အရှေ့ဘက်မှ လော်ကယ်တစ်စင်းလာနေ၍ မောင်အေးချိုသည် ထိုလော်ကယ်ရထားလာနေသော သံလမ်းပေါ်တွင် ကိုယ်ကို ပစ်



www.burmeseclassic.com

www.burmeseclassic.com



လှဲလိုက်တော့၏။ သို့သော် တစ်စုံတစ်ယောက်က နောက်မှ ပြေးလာပြီး လျှင် သူ့အား အတင်းဆွဲလိုက်သည်ကို နောက်ဆုံး သတိပြုလိုက်မိလေ သည်။

*

၃ လကျော်ကျော်ခန့် ကြာရှိသောအခါ မော်တင်လမ်းတံတား အနီးရှိ ဂိုဒေါင်ကြီးတစ်ခု၏ အရိပ်တွင် သဘော်ကူလီပေါင်း ၃၀ ခန့်စုရုံး လျှက်ရှိ၏။

ယင်းတို့အနက် ရုပ်ရည်သနားကမားရှိ၍ အရပ်ခပ်မြင့်မြင့် အင်အားတောင့်တင်းသော အသက် ၃၅ နှစ်ခန့်ရှိ လူတစ်ယောက်နှင့် အသား ခပ်မည်းမည်း အရပ်ပုပု လူတစ်ယောက်သည် နှစ်ယောက် သဘောတူ လူအုပ်ထဲမှ ထွက်ခဲ့ပြီးလျှင် မြစ်ဖက်ကို ကျောခိုင်းလျက်ရှိသော ခေါ်တောလက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်သို့ လာခဲ့ကြလေသည်။ ဆိုင် သို့ရောက်၍ လူရှင်းသော စားပွဲကလေးတစ်လုံးတွင် လက်ဖက်ရည်များကို သောက်လျက်ရှိစဉ် အရပ်ပုပု အသားမည်းမည်း လူက သူ၏ အဖော်အား ကြည့်ကာ –

"ခင်ဗျား ကြည့်ရတာ ကျုပ် သိပ်သနားတာပဲ ကိုအေးလှိုင်"

"ဘာဖြစ်လို့လဲ ကိုစိန်မောင်ရဲ့"

"ကျုပ်တို့ကတော့ သန်သန်မာမာမို့ သိပ်အရေးမကြီးပါဘူးဗျာ။ နို့ပေမဲ့ ခင်ဗျားမှာတော့ ညာဘက်လက်က လက်တုတပ်ထားရတယ် မဟုတ်လား။ ဒီတော့ ဘယ်အခါမဆို ဆန်အိတ်ဆွဲတဲ့အခါ ဆိုင်ပုံထိုးတဲ့ အခါ ကျုပ်နဲ့တွဲလုပ်၊ ခင်ဗျား သိပ်ပြီး အားမစိုက်နဲ့ ကြားလား ကိုအေးလှိုင်၊ ကျုပ် ကူညီမယ်"

"ကျေးဇူးတင်ပါတယ် ကိုစိန်မောင်။ နို့ပေမဲ့ ကျုပ်လက်ဟာ လူကောင်းတစ်ယောက်လို သန်မာပါပြီဗျ။ အစက ဘယ်သိပ်အားရမလဲ။ နို့ပေမဲ့ အခုကျင့်သားရလာတော့ နဂိုအတိုင်းလိုလိုပါပဲဗျာ။ တပ်ပြီးတော့ ၃ လလောက်ရှိနေမှပဲ။ ပြီးတော့ အဖျားမှာ သံကောက်ကလေးတွေ တပ် ထားတော့ ဆန်အိတ်တို့၊ ပဲအိတ်တို့ ဆွဲတဲ့နေရာမှာ သိပ်နေရာကျတာပဲ"

ပြည်မြို့ကိုလှထွန်းကုမ္ပဏီမှ လုပ်ပေးသော လက်တုသည် ပကတိ လက်ကောင်းနှင့် တူရုံမျှမက အကာယ်ပင် အသုံးဝင်သဖြင့် မောင်အေးချို



www.burmeseclassic.com

www.burmeseclassic.com



သည် အလေးအပင်များကို ဆွဲငင်ရာ၌ ပကတိ လူကောင်းတစ်ယောက် ထက်ပင် ကျင်လည်စွာ ဆွဲငင်နိုင်လေသည်။

စိန် ။ ။ "ဘာဖြစ်ဖြစ်ဗျာ … လုပ်စရာရှိရင် ကျုပ်နဲ့သာ တွဲလုပ် ပါ။ ဒါထက် ခင်ဗျား ဒီလက်ပြတ်ရတဲ့အကြောင်း တစ်နေ့တော့ ပြောမယ် ဆို။ ကိုင်း … အခုလို အဆင်သင့်တုန်း ပြောဗျာ"

"ပြောမယ်လို့တော့ ကြံတာပဲ။ နို့ပေမဲ့ ဝမ်းနည်းစရာ စိတ်မချမ်း သာစရာကောင်းတဲ့ အဖြစ်အပျက် မကြားချင်ပါနဲ့ဗျာ"

"ဘာဖြစ်သလဲဗျ။ ပြောသာပြောပါ။ နို့မှလည်း အကြောင်းရှိရင် ကူညီနိုင်တာပေါ့။ ခင်ဗျားကို ဘယ်သူက နှိပ်စက်လိုက်သလဲ ပြောစမ်း။ ကျုပ် အခု သွားပြီး လက်စားချေပေးမယ်လေ"

"ခင်ဗျား ချေဖို့ မလိုပါဘူးဗျာ။ ကျုပ်တို့ချင်း စာရင်းရှင်းရမှာပါ"

ထို့နောက် မောင်အေးလှိုင်က မိမိ၏ အမည်ရင်းမှာ မောင်အေးချို ဖြစ်၍ လက်တုတပ်ဆင်ပြီးနောက် သင်္ဘောကုလီအလုပ်ကို ဝင်ရောက်လုပ် ကိုင်သောအခါမှ အေးလှိုင်ဟု အမည် ပြောင်းထားကြောင်းနှင့်တကွ ယခင် က ဦးအောင်သင်း ကုမ္ပဏီနှင့် ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကို ပြန်လှန်ပြော ဆိုလေ၏။ နောက်ဆုံးတွင် မောင်စိန်မောင်က –

"ဒါဖြင့် နေပါဦး။ ဒီလူကြီး ပုံပန်းသဏ္ဌာန် ပြောစမ်းပါဦး။ ကျုပ် တို့ ရေနံချောင်းကို မိန်းမငယ်ငယ်နဲ့ ရောက်လာတဲ့ ရန်ကုန်က သူဌေးဆို တာလား"

"ခင်ဗျားက ရေနံချောင်းသားလား"

"ရေနံချောင်းသားတော့ မဟုတ်ပါဘူး။ နို့ပေမဲ့ ဟိုမှာ အလုပ်လုပ် နေတာ ၃ နှစ်လောက်ကြာခဲ့တယ်။ နောက်မှ အစားအသောက် အနေအထိုင် ဆင်းရဲတာနဲ့ ရန်ကုန်ပြန်ဦးမယ်ဆိုပြီး ပြန်ခဲ့တာ ဘာကြာသေးသလဲ တစ် လလောက်ပဲ ရှိဦးမယ်"

"ဦးအောင်သင်းဆိုတာက အသားမည်းမည်း ဝဝဖိုင့်ဖိုင့်၊ မျက်နှာ မှာ ကျောက်ပေါက်နာ သက်သက်နဲ့၊ သူခိုးပြေးတဲ့ မိန်းမက အရပ်ပြတ် ပြတ်၊ အသားမဖြူမညို၊ မျက်လုံးပြူးပြူး၊ မျက်တောင်ကော့ကော့ …"

"ဟုတ်လိမ့်မယ် ထင်တယ်။ အဲဒီလူကြီးက မျက်လုံး မကောင်း ဘူး။ မျက်မှန်ထူထူကြီး တပ်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ... ဟုတ်တယ် ... နေပါဦး၊ ခင်ဗျားက ဘာကြောင့် သိတာလဲ"

"သူတို့က ကျုပ်နေတဲ့ ရွှေကြောင့်ရပ်ထဲမှာ တည်းတာကိုးဗျ။ အဲ ... သူတို့လင်မယားပေါ့ဗျာ။ အင်္ဂလိပ်မွေ့ရာလိပ်ကြီးတွေ၊ ယူနီဖောင်းသေတ္တာတွေ၊ သားရေအိတ်တွေနဲ့ ရောက်လာပြီး အခန့်သင့်ရင် ရေနံတွင်း အလုပ်လုပ်မလို့တဲ့ဗျ"

"ကိုင်း ... သူတို့ဟာ ဧကန္တ ဒီအကောင်ကြီးနဲ့ ကျုပ်မိန်းမ ရင်မြ ပဲ။ ဒီတော့ သူတို့နောက် လိုက်ရအောင် ဒီကနေ့ကစပြီး ကျုပ် ငွေစုမယ်။ သွားရင်းက မန္တလေးသွားမယ်ဆိုပြီး သတင်းလွှင့်တာဗျ"

"ကိုင်း ... ကိုင်း ... နေ့တွက်ရတဲ့ ကူလီခလေး ချွေချွေတာတာ သုံးပြီး စုပေတော့။ ခင်ဗျားမှာ တစ်ကိုယ်ရေ တစ်ကာယဆိုတော့ စုမိပါလိမ့်မယ်"

ဤသို့ဖြင့် မောင်အေးလှိုင်ခေါ် မောင်အေးချိုသည် နေ့စား ကူလီခလေးများကို မစားရက် မသောက်ရက် ချွေတာစုဆောင်း၍ လာခဲ့ရာ ၈ လခန့် ကြာသောအခါမှ ငွေ ၂၅၀ ခန့် စုဆောင်းမိရှာ၏။ သို့နှင့် ထိုငွေကို စရိတ်ပြုလုပ်ပြီးလျှင် ရေနံချောင်းသို့ လိုက်သွားလေ၏။

သို့သော် အချည်းအနှီးပင်။ မောင်အေးချို ရေနံချောင်းသို့ မရောက်မီ ၂ ပတ်လောက်ကပင် ဦးအောင်သင်းနှင့် မရင်မြတို့မှာ ရေနံချောင်းတွင် အလုပ်အကိုင် အပေါက်အလမ်း မသင့်သဖြင့် အောက်မြို့ကျေးရွာသို့ စုန်၍သွားကြောင်း၊ ဟင်္သာတ သို့မဟုတ် ပုသိမ်သို့ သွားမည် ပြောဖူးကြောင်းနှင့် သူနှင့် ရင်းနှီးသူများထံမှ ကြားသိရ၏။

သို့နှင့် မောင်အေးချိုသည် ရေနံချောင်းမှ ပြန်ခဲ့၍ ပုသိမ်နှင့် ဟင်္သာတမြို့များသို့ သွားရောက်ရှာဖွေပြန်၏။ သို့သော် မည်သည့်နေရာတွင်မှ အစအနမတွေ့ရသဖြင့် မောင်အေးချိုလည်း လက်လျှော့၍ ပြန်ခဲ့ရ၏။ ပါ၍သွားသော ငွေကလေးများလည်း သွားသွားလာလာ စားစား သောက်သောက်နှင့်ပင် ကိစ္စချောခဲ့လေပြီ။

အချိန်သည် ၂ နှစ်ကျော်ကျော်မျှ ကြာ၍သွားခဲ့၏။ ချစ်သူအား လွမ်းဆွတ်သတိရခြင်းတို့ မည်သည် 'အချိန် ဖြင့်သာ ကုစား၍ ရနိုင်သည်' ဆိုသည့်အတိုင်း ၂ နှစ်ကျော်ကျော် ၃ နှစ်နီးပါးကြာရှိသောအခါ၌ မရင်မြ


www.burmeseclassic.com

www.burmeseclassic.com


အား လွမ်းဆွတ်သတိရသော စိတ်များ အတော်အတန် လျော့ပါး၍သွားပြီ ဖြစ်သော်လည်း ဦးအောင်သင်းအပေါ် လက်စားချေလိုသော စိတ်များကိုမူ ပျောက်ဖျက်၍မရနိုင်အောင် ရှိခဲ့၏။

ထို့ကြောင့်လည်း မောင်အေးချိုသည် နောက်တစ်ကြိမ် ထပ်မံရှာဖွေရန် ကုပ်ကုပ်ကပ်ကပ် စုဆောင်းလျက်ရှိလေသည်။

တစ်နေ့သော ညနေစောင်း၌ မောင်အေးချိုသည် ညနေပိုင်းတွင် အလုပ်မရှိသည်နှင့် သိမ်ကြီးဈေးသို့ ဘတ်စ်ကားစီး၍လာခဲ့ပြီးလျှင် ဖရေဇာလမ်းအတိုင်း အရှေ့ဘက်သို့ တဖြည်းဖြည်း လျှောက်ခဲ့လေ၏။ ၂၇ လမ်းသို့ ရောက်၍ လမ်းကို ဖြတ်အကူးတွင် လမ်းထဲမှ ထွက်လာသော ဆိုက်ကားတစ်စီးနှင့် တိုက်မိမည်ပြုသဖြင့် မောင်အေးချိုလည်း နံဘေးသို့ လျင်မြန်စွာ တိမ်းရှောင်လိုက်ရ၏။ ဆိုက်ကားစီးလာသူကား အခြားသူမဟုတ်၊ မိမိအား မီးရထားမကြိတ်မိအောင် ကယ်တင်ခဲ့သော ကျေးဇူးရှင် စာရေးကိုစိန်ထွန်းပင် ဖြစ်လေသည်။

မောင်အေးချိုသည် ကိုစိန်ထွန်းအား အားပါးတရ နှုတ်ဆက်ပြီးလျှင် ဆိုက်ကားကို ပြန်၍ လွှတ်လိုက်စေပြီးနောက် ၂၇ လမ်းထဲရှိ ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ခေါ်သွားလေ၏။ ၃ နှစ်နီးပါးမျှ ကွဲကွာ၍နေသော မိတ်ဆွေနှစ်ယောက်တို့မှာ လက်ဖက်ရည်သောက်ရင်း စကားပြော၍မဆုံးနိုင်အောင် ရှိကြလေသည်။ မောင်အေးချိုက သူနေသော အိမ်လိပ်စာကို သတင်းစာစက္ကူရွက်ကလေးတစ်ခုပေါ်၌ ရေးပေး၏။ "ခင်ဗျားသိပ်နေနိုင်တဲ့လူပဲ တစ်ခေါက်တလေမှ မျက်နှာမပြလာဘူးဗျာ။ နေပါဦး — ခင်ဗျား ဘာလုပ်နေလဲ"

"တောသားလည်း ဖြစ်ပြန်၊ ပညာကလည်း မရှိပြန်၊ ဒီအပေါ် လက်တစ်ဖက်ကလည်း ပြတ်ပြန်ဆိုတော့ ကူလီအလုပ်ကလွဲပြီး ဘာအလုပ်ရှိဦးမှာလဲဗျ"

"ဒါဖြင့် ခင်ဗျား ကူလီလုပ်နေတယ်ဆိုပါတော့"

"ဟုတ်တယ်၊ သင်္ဘောကျင်းကူလီလုပ်နေတယ်"

"ခင်ဗျား လက်ကော တော်တော် အကိုင်အတွယ် နေသားကျပြီလား"


www.burmeseclassic.com

www.burmeseclassic.com



"ကျေပါပြီဗျာ၊ ခင်ဗျား ကျေးဇူးပါပဲ၊ ကျုပ် တစ်နေ့နေ့ ခင်ဗျားကို ကျေးဇူးဆပ်မယ်"

"ဆပ်စရာ မလိုပါဘူး ကိုအေးချို။ ခင်ဗျား ဒီစကားတွေ ပြောမနေပါနဲ့၊ ဒါနဲ့ အလုပ်ကကော တော်တော် အပေါက်အလမ်း တည့်ရဲ့လား"

"အင်း ... နေ့စားအလုပ်ဆိုတော့ တစ်နေ့ ၅ ကျပ်–၆ ကျပ်တော့ ဝင်ပါတယ်"

"စားလောက်ရဲ့လား"

"စားလောက်ပါတယ်ဗျာ၊ တစ်ယောက်တည်းပဲ"

"ဩော် ... ဒါထက် ကျုပ်တို့ ဆရာကြီး ရန်ကုန်ပြန်ရောက်နေဘယ်ဗျ"

"ဘယ်ဆရာကြီးလဲ၊ ကျုပ်တို့ သစ္စာဖောက် အောင်သင်းကြီးလား"

"ဟုတ်တယ် ... နို့ပေမဲ့ ခများ မျက်စိကွယ်နေရှာတယ်ဗျ။ သူ့မိန်းမက ရေနံချောင်းက ရလာတဲ့ ဗိုလ်ကတော်ကျဆို ထင်ပါရဲ့။ ကျုပ်က သူတို့ စီးနေကျ ဆိုက်ကားသမားကို တီးခေါက်ကြည့်လို့ သိရတယ်"

"ဒါဖြင့် ကျုပ်မိန်းမ မရင်မြကို သူပစ်လိုက်ပြီပေါ့"

"ဒါပဲ ဖြစ်မှာပေါ့ ကိုအေးချို"

"ခင်ဗျားနဲ့ ဘယ်လိုတွေ့ပုံလည်း ပြောစမ်းပါဦး"

"ကန်တော်ကြီးမှာ ကျုပ်က လမ်းလျှောက်နေရင်းနဲ့ သွားတွေ့တာဗျ။ ညနေတိုင်း သူတို့ ကန်တော်ကြီးကို လေညင်းခံလာတယ်ဆိုပဲ"

"ဆိုက်ကားနဲ့လား"

"ဆိုက်ကားနဲ့လေ"

"ဒါနဲ့ ခင်ဗျားက သွားပြီး အဘိုးကြီးကို နှုတ်ဆက်ရောလား"

"နှုတ်ဆက်မယ်လို့ အသွားမှာ သူ့ကို တွဲလာတဲ့ သူ့အနားက မိန်းမ မျက်နှာကို မြင်လိုက်ရတာနဲ့ ကျုပ် မသွားဖြစ်တော့ဘူးဗျို့"

"ဘယ်လိုလဲ ကိုစိန်ထွန်းရဲ့ ပြောစမ်းပါဦး"

"ဒီမိန်းမက သူတို့အနားကို မလာစေချင်တဲ့ မျက်နှာထားနဲ့ ကျုပ်ကို စိုက်ကြည့်နေတာကိုးဗျ။ ဒီတော့ ကျုပ်လည်း မသွားတော့ဘူး"

"ဦးအောင်သင်း အမှန်ပဲဆိုတာတော့ သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com


မောင်အေးချို၏ အသံမှာ ဒေါသဖြင့် တုန်တုန်ယင်ယင် ဖြစ်၍ လာ၏။

"သေချာပါတယ်ဗျာ။ သူ့ဆီမှာ ၃ နှစ်ကျော် အလုပ်လုပ်လာခဲ့ တာပဲ။ နည်းနည်း ပိန်သွားတာ တစ်ခုပဲ"

"ဘာကြောင့် မျက်စိကွယ်သွားတာလဲ မသိဘူးနော်"

"အဘိုးကြီးက ငယ်ငယ်တုန်းက အတော်စုံတဲ့လူပဲ။ အခု အသက် ကြီးတောင် ဒီလောက် လိုက်စားနေတာ ကြည့်မှပေါ့"

"ဘယ်မှာ နေတယ်ဆိုတာကော သိလား"

"မသိဘူး ... နို့ပေမဲ့ ဒီနေရာကို ညနေတိုင်း လာပြီး လေညှင်းခံ သတဲ့"

"ကိုင်း ... ဒါဖြင့် ဒီနေရာ တဆိတ်လိုက်ပြီး ကျုပ်ကို ပြစမ်းဗျာ။ လာ ... အခုပဲ သွားကြရအောင်

သို့နှင့် ကိုစိန်ထွန်းသည် မောင်အေးချိုအား ဦးအောင်သင်း လာ တတ်သော ကန်တော်ကြီးစောင်းကို လိုက်၍ပြရ၏။

အပြန် လူချင်းခွဲခါနီး၌ –

"ဪ ... ဒါထက် ကိုစိန်ထွန်းကို ကျုပ် တစ်ခု အပ်ထားခဲ့စမ်း ပါရစေ"

"ဘာများလဲဗျ ... ဘာအပ်ထားချင်လို့လဲ"

မောင်အေးချိုသည် ရုပ်အင်္ကျီကြယ်သီးများကို ဖြုတ်ကာ အတွင်း၌ မဲကြိုးကလေးဖြင့် လည်ပင်း ဆွဲထားသော သော့ကလေး တစ်ချောင်းကို ပေးလေသည်။

ချို ။ ။ "ကိုင်း ... ဒီသော့ကလေး ခင်ဗျား တဆိတ်သိမ်းထား စမ်းဗျာ။ ၃ ရက်အတွင်း ကျုပ်သတင်းကို မကြားရင်ဖြစ်ဖြစ်၊ ကြားရင်ဖြစ် ဖြစ် ကျုပ်အိမ်မှာထားတဲ့ သေတ္တာကို ဒီသော့လေးနဲ့ သွားဖွင့်ကြည့်ပေ တော့။ ကျုပ်နေတဲ့ အိမ်ကို ခင်ဗျားသိပြီနော်"

"သိပါပြီ။ ခင်ဗျား လိပ်စာရမှပဲ ... နေပါဦး၊ ခင်ဗျားပြောတာ ကျုပ် နားကောင်းကောင်း မရှင်းသေးပါဘူး"

"ကိုစိန်ထွန်းကလည်းဗျာ၊ ဘာနားမရှင်းစရာရှိလဲ။ ကျွန်တော် ပြောတာ အရှင်းကြီးပဲ။ ဒီကနေ့ကစပြီး ၃ ရက်အတွင်း ကျုပ်အကြောင်း


www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျား ကြားလိမ့်မယ်။ ကြားရင် ကျုပ်ပြောတဲ့အတိုင်း ကျုပ်အိမ်ဖွင့်ဝင်ပြီး အခန်းထဲက ကျုပ်သေတ္တာကို ခင်ဗျား ဖွင့်ပေတော့။ တကယ်လို့ ကျုပ် အကြောင်း ဘာမှ မကြားရဘူးဆိုရင်လည်း အခု ကျုပ်ပြောတဲ့အတိုင်းပဲ လုပ်ပေတော့ ရှင်းပြီလား"

"ရှင်းပါပြီ ကိုအေးချို"

ထို့နောက် မောင်အေးချိုလည်း အိမ်တံခါးသော့ကို ပေးပြန်၏။

"ဒီကနေ့ ဘာနေ့လဲ ကိုစိန်ထွန်း"

"သောကြာနေ့"

"ကိုင်း ... ဒါဖြင့် တနင်္ဂနွေနေ့၊ မသကာ တနင်္လာနေ့ပေါ့ဗျာ။ အဲဒီနေ့ညနေကျရင် ခင်ဗျား သွားဖို့ပဲ မမေ့နဲ့နော်"

"မမေ့ပါဘူးဗျာ စိတ်ချပါ"

စာရေး ကိုစိန်ထွန်းထံမှ သတင်းအစုံအလင်ရရှိပြီးနောက် မောင်အေးချိုသည် ထိုနေ့ညနေပင် ၎င်းနေရာသို့ သွားရောက်စောင့်ဆိုင်းလေ၏။

သို့သော် ထိုနေ့ မပေါ်လာချေ။

စနေနေ့ ညနေ၌ကား ၅ နာရီခွဲလောက်တွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် စီးနင်းလာသော ဆိုက်ကားတစ်စီးသည် ရွှေဂုံတိုင်လမ်းဘက်ဆီမှ ချိုးလာပြီးနောက် ပြည်ထောင်စုကလပ်ရှေ့သို့ ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးကာ မိမိရှိရာသို့ လာနေသည်ကို မြင်ရသဖြင့် ထန်းပင်ကလေးတစ်ပင်နောက်တွင် ကွယ်၍နေလိုက်ရ၏။ ယမန်နေ့က ကိုစိန်ထွန်းညွှန်ပြသော ပန်းချုံကလေးရှေ့ ရေစပ်နှင့် တည့်တည့်နေရာသို့ ရောက်လျှင် ဆိုက်ကားရပ်၍ မိန်းမသည် ယောကျ်ား၏ လက်ကို တွဲကာ ရေစပ်အနီးသို့ ခေါ်ခဲ့လေ၏။ ယောကျ်ားဖြစ်သူမှာ မိမိ၏ မိတ်ဆွေကြီး ဦးအောင်သင်းအမှန်ဖြစ်ကြောင်း တွေ့မြင်ရလေသည်။

ဆိုက်ကားပြန်၍ ထွက်သွားသည်နှင့်တစ်ပြိုင်နက် မောင်အေးချိုသည် နောက်တည့်တည့်မှ လာပြီးလျှင် ချုံပုတ်အတွင်းသို့ ဝင်၍နေလိုက်လေ၏။

ဦးအောင်သင်း၏ မျက်လုံးများမှာ ကြောင်တောင် ကွယ်၍နေ၏။ ၎င်းအား တွဲ၍ခေါ်လာသော မိန်းမမှာလည်း အသက် ၄၀ ထက် ကြီးသေးသော လုံးကြီးပေါက်လှအရွယ်ကောင်း မိန်းမတစ်ယောက် ဖြစ်သည်ကို


www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ အသားဖြူစပ်စပ်ရှိပြီးလျှင် မျက်နှာမှာ အတော်ပင် လုပအောင် ပြင်ထားသဖြင့် ငယ်ရုပ်ပေါ်လွင်လျက်ရှိ၏။ နီညိုရောင်နိုင်လွန်နှင့် အနီ ကွင်းကြီးများပါသော 'တိုဘရက်လကို' လုံချည်ကို ဝတ်ဆင်ထားရာ လုပ ခြင်းထက်ကလေးကလားနိုင်လှသော အသွင်အပြင်ကို ဆောင်လျက်ရှိ သည်ဟု မောင်အေးချို ထင်မိ၏။

မျက်စိမမြင်သော ဦးအောင်သင်း၏ လက်များသည် တစ်ခါ တစ်ရံ မိန်းမ၏ ပခုံးကိုလည်းကောင်း၊ တစ်ခါတစ်ရံ ကျောပြင်ကိုလည်း ကောင်း စမ်းသပ်ကာ ရှိနေ၏။ မိန်းမသည် လင်ယောကျ်ားထက် ပတ်ဝန်း ကျင်ကို ဂရုစိုက်၍ နေသကဲ့သို့ ဂနာမငြိမ်သော မျက်လုံးများဖြင့် တောင် မြောက်လေးပါး ကြည့်ရှုလျက်ရှိလေသည်။ မောင်အေးချိုသည် နှစ်ပေါင်း အတော်ကြာ ငွေကုန်ကြေးကျခံ၍ ရှာခဲ့ရသော မိမိ၏ရန်သူ မျက်မမြင်ကြီး ကိုကြည့်ကာ ဝမ်းမြောက်သော ပီတိတစ်မျိုးကို ခံစားရလျက် သူ၏သံ ကောက်တပ်ထားသော လက်ပြတ်ကြီးပင် တုန်တုန်ယင်ယင် ရှိနေလေ သည်။

၁၅ မိနစ်ခန့်ကြာသောအခါ အတော်ခပ်လှမ်းလှမ်းတွင် အပြာနု ရောင် စကိုဒါကားကလေးတစ်စီးသည် အသံမကြားအောင် ဆိုက်ရောက် လာ၍ ကားမောင်းသူသည် ကားပေါ်မှ ဆင်းလိုက်၏။ ထိုသူမှာ တရုတ် ကပြားစပ်ကဲ့သို့ မျက်နှာရှိပြီးလျှင် မီးခိုးရောင် သက္ကလတ်ဘောင်းဘီရှည် နှင့် နိုင်လွန်အဖြူ ဟာဝေယံရှပ်လက်တိုကို ဝတ်ထား၏။ ထိုသူသည် ကား ပေါ်မှ ဆင်း၍ ဦးအောင်သင်းအနီးမှ မိန်းမအား လက်ယပ်၍ခေါ်လေသည်။

မိန်းမက ခေါင်းညိတ်၍ ပြ၏။ ထို့နောက် ဦးအောင်သင်းအား လက်ညှိုးထိုးပြီးလျှင် ကားပေါ်မှ ဆင်းလာသူထံ ခေတ္တဆိုင်းပါဟူသော သဘောဖြင့် လက်ကာ၍ ပြပြန်၏။ မိန်းမက ဦးအောင်သင်းနားနားသို့ကပ် ကာ တစ်စုံတစ်ရာ တီးတိုးပြောလေရာ ဦးအောင်သင်းက ခေါင်းညိတ်၏။ ထို့နောက် မိန်းမသည် ဦးအောင်သင်းကို ထားခဲ့၍ ထိုသူထံသို့ သွားပြီး လျှင် နှစ်ဦးသား အသံမကြားအောင် ရယ်မော၍ ကားပေါ်သို့ တက်လေ ၏။ ချက်ချင်းလိုပင် စကိုဒါကားကလေး ထွက်သွားလေသည်။

ထိုအချိန်သည်ကား ကလဲ့စားချေလိုသူအတွက် အကောင်းဆုံး သော အခွင့်အရေးပင် ဖြစ်တော့၏။ နေရောင်သည် တဖြည်းဖြည်း မှုန်မှိန်



www.burmeseclassic.com

www.burmeseclassic.com

ပြေ၍ လာပြီဖြစ်ရာ တန်ပြန်ဟပ်၍နေသော ရေပြင်သည်လည်း တဖြည်း ဖြည်း အုံ့မှိုင်း၍ လာတော့၏။ လေညှင်းခံကားများသည်လည်း မြို့ထဲသို့ ပြန်စပြုပြီဖြစ်၍ ခြေလျင်လာသူများလည်း တစ်စတစ်စ လျော့ပါး၍ လာလေပြီ။ ဦးအောင်သင်းသည် မျက်စိပင် မမြင်ရသော်လည်း မိန်းမထွက်သွားသော ဘက်သို့ လှည့်၍ကြည့်နေ၏။ တုန်ရီသော လက်များဖြင့် ပတ်ဝန်းကျင်ကို စမ်းသပ်၏။

မောင်အေးချိုသည် လူသူအရိပ်အကဲကို ကြည့်ပြီးနောက် ချုံထဲမှ ထွက်ခဲ့ပြီးလျှင် ဦးအောင်သင်း ထိုင်နေသော နေရာသို့ ရောက်လာလေ၏။ ဦးအောင်သင်းက ခြေသံကို ကြားဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် စက္ခုအကြည်ဓာတ်ကင်းမဲ့သူတို့ မည်သည့်သောတအာရုံ၌ ပို၍ထက်မြက်မြဲဖြစ်သောကြောင့်တည်း။

သင်း။ ။ "ညွန့်ရေ ... ပြန်လာပြီလားဟင်"

မောင်အေးချိုသည် ဦးအောင်သင်း၏ နံဘေးတွင် ဝင်၍ထိုင်လိုက်၏။

သင်း။ ။ "ညွန့်လား ... ညွန့်"

ဦးအောင်သင်းသည် လကျာဘက်လက်ကို ဆန့်ကာ တရွရွ စမ်းသပ်လျက်ရှိလေရာ မောင်အေးချို၏ လက်ယာဘက်ပခုံးကို ရှေးဦးစွာ စမ်းမိ၏။ ထို့နောက် ပခုံးမှလျှောက်၍ အောက်သို့ စမ်းပြန်ရာ သစ်သားလက်တုကြီးကို စမ်းမိပြန်လေသည်။

သင်း။ ။ "အလိုလေး ... ဘုရား ... ဘုရား ... ဘယ်သူလဲဟင် ... ခင်ဗျား ဘယ်သူလဲ"

ချို ။ ။ "ခင်ဗျား အခု ဘာကို စမ်းတွေ့သလဲ"

"သစ်သားလက်ကြီးပါကလား။ ခင်ဗျား ဘယ်သူလဲဟင်"

"သိချင်သလား"

"တစ်ဆိတ်ပြောစမ်းပါဗျာ။ ညွန့်ကလည်း ဘယ်သွားနေပါလိမ့် ... ညွန့်ရေ"

"သူ့လင်နောက်ကို ကားနဲ့ လိုက်သွားပြီ ထင်ပါရဲ့။ သူ့လင်ငယ်နဲ့ တူပါတယ်"

"မဟုတ်တာဗျာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကျုပ် မျက်စိနဲ့ကို မြင်လိုက်ရတယ်။ ခင်ဗျား လည်း သူများမယားခိုးတာပဲ။ ဒီတော့ သူများကလည်း ခင်ဗျား မယားခိုး ပေါ့"

"ကျုပ် သူများမယား မခိုးပါဘူးဗျာ"

"ဘာပြောတယ်ဗျ။ အေးချိုမယား ရင်မြကို ခင်ဗျား မခိုးရင် ဘယ် သူခိုးလဲ ပြောစမ်း"

"ဩော် ... ကိုအေးချိုလား။ ခင်ဗျား ကိုအေးချို ထင်တယ်။ ဟုတ်တယ်ဗျာ။ ကျုပ် အခုမှ အသံကျက်မိတယ် ... ကိုအေးချို"

"ကျုပ်နာမည် ကိုအေးချို မဟုတ်ဘူး။ သံချိတ်ကြီးတဲ့ ကြားဖူး လား"

"ဘယ်နှယ့် သံချိတ်ကြီးလဲ၊ သံချိတ်ကြီး ... သံချိတ်ကြီး ... ကြားဖူးပါဘူးဗျာ"

"မကြားဖူးရင် နားထောင်၊ ကျုပ်ပြောပြမယ်။ လူတစ်ယောက်ဟာ သူ့မိန်းမကိုလည်း အခိုးခံရတယ်။ သူ့မှာရှိတဲ့ ဝစ္စည်းကိုလည်း အလိမ်ခံ ရတယ်။ ဒီလူရဲ့ ဘဝဟာလည်း ပြောင်းပြန် ပြန်သွားတယ်။ ဓားကိုထိုးမိုး ချော်ဖြစ်သွားတယ်။ ဒီတော့ ဒီလူလည်း ဒီဘဝမှာ နေလို့ အပိုပဲဆိုပြီး ထွက်လာတဲ့ မီးရထားရှေ့မှာ ထိုးအိပ်လိုက်တယ်။ နို့ပေမဲ့ ဘဝက သေကံ မပါတော့ မသေဘဲနဲ့ လက်တစ်ဖက်သာ ပြတ်သွားပြီး သစ်သားလက်ကြီး တပ်ထားရတာကို ကိုင်း ... စဉ်းစားစမ်း။ ဒီလူဟာ ဘယ်သူလဲလို့"

"ကိုအေးချို ... ကိုအေးချို ... ကျုပ် အသံကျက်မိပြီ။ ခင်ဗျား ကိုအေးချို မဟုတ်လား"

"မဟုတ်ဘူး သံချိတ်ကြီးလေ။ ဒီမှာ ကျုပ်လက်ဖျားမှာ တပ်ထား တဲ့ သံချိတ်ကြီး စမ်းကြည့်စမ်း။ ကိုင်း ... တွေ့ပြီလား။ ဒီသံချိတ်ကြီး ဘာလုပ်ရတယ် ထင်သလဲ။ ဆန်အိတ်တို့၊ ပဲအိတ်တို့ အလေးအပင် ဆွဲရ တယ်။ ပြီးတော့ ကိုယ့်ဘဝကို ကြားကဝင်ပြီး ပျက်စီးအောင် ဖျက်ဆီးတဲ့ သူရဲ့ လည်ပင်းကိုလည်း ဆွဲရတယ် နားလည်ပြီလား"

"အလိုလေး ... ဘုရား ... ဘုရား ... မလုပ်ပါနဲ့ ကိုအေးချို ... ကျုပ် ကိုအေးချိုရဲ့ ဘဝကို ဖျက်ဆီးတာ မဟုတ်ပါဘူး ကိုအေးချို"



www.burmeseclassic.com

www.burmeseclassic.com


မောင်အေးချို၏ သစ်သားလက်ကြီးသည် ဦးအောင်သင်း၏ လည်ကုတ်ကို နောက်မှနေ၍ ခပ်တင်းတင်းတစ်ချက် ကုတ်၍ ဆွဲလိုက်၏။

အခြားသူများကမူ လူတစ်ယောက်၏ လည်ပင်းကို အသာအယာပင် ဖက်လိုက်သည်ဟု ထင်ရလေသည်။ ဦးအောင်သင်းသည် ရှေ့သို့ အတန်ငယ် စိုက်၍သွားလေသည်။

"အမယ်လေး ဘယ်လိုလုပ်လိုက်တာလဲ မောင်အေးချိုရယ်"

"ဒါက ကျီစားတာပါ တကယ် မလုပ်သေးပါဘူး။ တကယ်လုပ်တော့ သိလိမ့်မပေါ့"

မောင်အေးချိုမှာ ကြွက်ကို ကစား၍နေသော ကြောင်ကဲ့သို့ မိမိ၏ ရန်သူကိုကြည့်ကာ ကျေနပ်လျက်ရှိလေသည်။

"ကျုပ် ကိုအေးချိုရဲ့ ဘဝကို ဖျက်ဆီးတာ မဟုတ်ပါဘူး ကိုအေးချို"

"တော်စမ်းဗျာ"

မောင်အေးချိုသည် သစ်သားလက်ကြီးဖြင့် ဦးအောင်သင်း၏ မေးရိုးကို တစ်ချက်ရိုက်လိုက်၏။

"အောင်မယ်လေးဗျ"

"ခင်ဗျား ခုမှ အမယ်လေး တ,နေရသေးလား"

"ကြောက်ပါပြီဗျာ ကိုအေးချို"

"အခုမှ ကြောက်မနေစမ်းပါနဲ့။ ခင်ဗျားဟာ ကျုပ် မယားကိုခိုးတဲ့လူ၊ ကျုပ် စည်းစိမ်ကို လုတဲ့လူ၊ ကျုပ်ဘဝကို ဖျက်ဆီးတဲ့လူ၊ ဒီလို လူမျိုးကို အရှင်ထားဖို့ ဘာမှမလိုပါဘူးဗျ။ ခင်ဗျားကို ရှာနေတာ သုံးနှစ်သုံးမိုး ရှိပြီ။ အခုမှ တွေ့တော့တယ်။ ကျုပ် လက်ပြတ်ကြီးကိုမြင်တိုင်း ခင်ဗျားကို ကျုပ်သတိရနေတယ် ... နားလည်လား"

"ရှိခိုးပါရဲ့ ကိုအေးချိုရယ်။ ချမ်းသာပေးပါ ကိုအေးချို"

"ဒီလောက် ကျုပ်ဘဝရဲ့ ပျော်ရွှင်မှုကို ဖျက်ဆီးတဲ့လူတစ်ယောက် ကျုပ်က ချမ်းသာပေးရမတဲ့လား ... လာစမ်း"

ထိုအချိန်၌ကား အတော်ပင် မှောင်စပြုလာပြီဖြစ်၍ လမ်းသွားလမ်းလာများပင် မရှိသလောက် ဖြစ်၍နေ၏။ ကန်တော်ကြီး၏ပြင်သည်


www.burmeseclassic.com

www.burmeseclassic.com



မည်းမှောင်လျက်ရှိနေလေရာ ပတ်ဝန်းကျင်တစ်ခုလုံးသည် မောင်အေးချို၏ ကလဲ့စားချေခြင်းကို အားပေးသကဲ့သို့ ဆိတ်ငြိမ်လျက်ရှိနေ၏။

"ဟေ့ အကောင်ကြီး မတ်တတ်ရပ်စမ်း"

မောင်အေးချိုသည် လက်ဝဲဘက် လက်ဖြင့် ဦးအောင်သင်း၏ ခါးပတ်ကို ဆွဲ၍ မတ်တတ်ရပ်စေ၏။

"အသက်တော့ ချမ်းသာပေးပါ မောင်အေးချို။ ကျုပ် မှားမိတဲ့..."

"တိတ်စမ်း စကားမများနဲ့။ အခုမှ သေရမှာ ကြောက်နေသလား။ ခင်ဗျားနဲ့ ကျုပ်ပါလိုက်သေမယ် ... နားလည်လား။ ခင်ဗျား ဖျက်ဆီးလို့ ပျက်ဆီးတဲ့ဘဝမှာ ကျုပ်လည်း မနေဘူး။ အစိုးရကိုလည်း ဒုက္ခမပေးတော့ဘူး။ ကိုင်း ... လာခဲ့"

မောင်အေးချိုသည် ဦးအောင်သင်း၏ လည်ပင်းကို သံချိတ်ကြီးဖြင့် ကုတ်၍ဆွဲကာ ကမ်းစပ်မှ တဖြည်းဖြည်း ရေနက်ရာသို့ ခေါ်ခဲ့လေ၏။ အချိန်မှာ မှောင်၍နေသည့်ပြင် လူသွားလူလာလည်း ပြတ်၍နေပြီဖြစ်ရကား ဦးအောင်သင်းမှာ လည်မျိုကို ကုတ်၍ထားခြင်းခံရသဖြင့် မအော်နိုင်တော့ဘဲ မောင်အေးချို ဆွဲငင်ရာသို့ လိုက်ပါသွားရှာတော့၏။

'ကန်တော်ကြီးတွင် လူ ၂ ယောက် ပူးတွဲ၍သေဆုံးနေသည်ကို တွေ့ရခြင်း' ဟူသော သတင်းခေါင်းစဉ်ကို ဖတ်ပြီးနောက် တစ်ယောက်မှာ လက်ျာဘက်လက်တွင် သစ်သားလက်တုကို တပ်ဆင်သူတစ်ယောက် ဖြစ်ကြောင်းနှင့် ရေးသားထားရကား စာရေးမောင်စိန်ထွန်းသည် မောင်အေးချို ပေးခဲ့သော သော့ကလေးကို ယူကာ မောင်အေးချိုနေခဲ့သော အိမ်ခန်းကလေးသို့ ဒယိမ်းဒယိုင် သွားရောက်လေ၏။

အိမ်ခန်းအတွင်းရှိ အိပ်ရာခေါင်းရင်း၌ ကျွန်းသေတ္တာကလေးကို တွေ့ရသဖြင့် သော့ကလေးဖြင့် ဖွင့်ကြည့်ရာ မိမိသည် ရန်ငြိုးအကြီးဆုံးသော ရန်သူကို တွေ့ရသဖြင့် လက်စားချေရင်း မိမိဘဝကို စွန့်လွှတ်သွားကြောင်း စာနှင့်အတူ တွေ့သော ငွေများကို ကျေးဇူးဆပ်သည့်အနေဖြင့် ကိုစိန်ထွန်းအား ပေးခဲ့ပါသည်ဟု ရေးထားသော စာတစ်စောင်ကို ငွေ ၇၄၀ နှင့်အတူ တွေ့ရလေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# ကျားခံတွင်းမှ လွတ်ခဲ့သူ

၁၉၄၃ နိုဝင်ဘာလက အိန္ဒိယပြည်နယ်စပ်ရှိ 'ဂျိုဟတ်' ခေါ် မြို့ကလေးတစ်မြို့အနီးတွင် စခန်းချလျက်ရှိသော ဂေါ်ရခါးစစ်တပ်မှ စစ်ဗိုလ်ကလေး လက်ဖတင်နှင် ဘသော့ ဆိုသူ ပျောက်ဆုံးသွားသည့် ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယပြည်ရှိ သတင်းစာများတွင် အတော်ကလေး ဂရုတစိုက် ရေးသားခဲ့ကြလေသည်။ သို့သော် ထိုအခါက စစ်အတွင်း ဖြစ်သဖြင့် မည်မျှလောက် ထူးခြားသည့် သတင်းပင် ဖြစ်စေကာမူ သတင်းစာများက နေရာအနည်းငယ်မျှသာ ပေးနိုင်သဖြင့် ကာယကံရှင်ကိုယ်တိုင် ပြန်ပြောသည့် သတင်းကို သတင်းစာသည် အလျဉ်း မထည့်နိုင်ခဲ့ချေ။ သို့သော် စစ်ကြီးပြီးဆုံးပြီးနောက် လက်ဖတင်နှင်ဘသော့သည် သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို လပ်ကနောင်းမြို့မှ ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်တွင် ရေးသားခဲ့ရာ ထိုမဂ္ဂဇင်းကမူ ရှေ့စာမျက်နှာတွင် အသားပေး၍ စာလုံးကြီးများ ရုပ်ပုံများနှင့် အကျယ်တဝင့် ဖော်ပြခဲ့လေသည်။ လက်ဖတင်နှင် ဘသော့မှာ မြန်မာတစ်ယောက်ပင် ဖြစ်သော်လည်း ထိုအခါက စစ်မှုထမ်းသူများမှာ မြန်မာလူမျိုးများ အလွန်နည်းပါးသေးသဖြင့်တစ်ကြောင်း၊ သူတို့ စစ်တပ်တွင်လည်း အင်္ဂလိပ်သတင်းစာများသာ ထားရှိသဖြင့် တစ်ကြောင်း၊ မြန်မာစာပေလောကနှင့် များစွာအလှမ်းကွာလျက် ရှိခဲ့လေသည်။

www.burmeseclassic.com



စစ်ကြီးပြီးဆုံးပြီးနောက် လက်ဖတင်နင်ဘသော့သည် လပ်ကနောင်းမြို့ရှိ သူ၏မေဂျာထံ အလုပ်ဝတ္တရားနှင့် သွားရောက်ရလေရာတွင် သတင်းထောက်တစ်ယောက်နှင့်တွေ့သဖြင့် ထိုသူ၏ တိုက်တွန်းချက်အရ လပ်ကနောင်းမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်တွင် သူ၏အတ္ထုပ္ပတ္တိမှန်ကို ရေးသားရန် အခွင့်အရေးရခဲ့သည်။

အောက်ပါတို့သည်ကား ထိုမဂ္ဂဇင်းတွင် 'ကျွားခံတွင်းမှ လွတ်မြောက်လာသူ' ဟူသော ခေါင်းစဉ်ဖြင့် ရေးသားထားသော လက်ဖတင်နင်ဘသော့၏ ဆောင်းပါးမှ မြန်မာဘာသာဖြင့် တိုက်ရိုက်ပြန်ဆိုထားခြင်းဖြစ်ပါကြောင်း။

*

အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားစဉ်က ကျွန်တော်သည် အင်္ဂလိပ်စစ်တပ်တစ်တပ်တွင် အရာခံဗိုလ်ကလေးတစ်ယောက်အဖြစ်ဖြင့် အိန္ဒိယပြည်သို့ ပါသွားခဲ့လေသည်။ စစ်တပ်အမည်ကိုကား ကျွန်တော် ရေးသားနိုင်ခွင့်မရှိပေ။ ထိုအခါက အင်္ဂလိပ်တို့မှာ တစ်စုံတစ်ရာ ပြန်လည်ခုခံရန် မဟုတ်ဘဲ မိမိတို့ တပ်ကို ကစဥ့်ကရဲ မဖြစ်စေရန် တတ်နိုင်သမျှ ထိန်း၍အိန္ဒိယပြည်သို့ အရောက်ဆုတ်ခွာသွားရမည့် ရည်ရွယ်ချက်သာ ရှိလေသည်။

၁၉၄၃ ခုနှစ် ကုန်ခါနီး၌မူကား ဂျပန်တို့သည် မဟာမိတ်တပ်များ၏ လေတပ်ဒဏ်ကို အပြင်းအထန် ခံရစပြု၍ လာသောအချိန်ဖြစ်၍ ကျွန်တော်ပါဝင်သော တပ်ခွဲကလေးသည် နံပါတ် ၁၇ ဒီဗီဇံစစ်တပ်ကြီးနှင့် အတူ တိုက်စစ်ဆင်ရန် ချီတက်လာသော အချိန်ဖြစ်၏။ အောက်တွင် ရေးသားအံ့သော အဖြစ်အပျက်မှာ ယင်းကဲ့သို့ မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်လည်ချီတက်လာသော အချိန်ဖြစ်လေသည်။

၁၉၄၃ ခု ကုန်ခါနီးဖြစ်သော နိုဝင်ဘာလ ၅ ရက်နေ့၌ ကျွန်တော်တို့ မဟာမိတ်တပ်များ တည်နေပုံကို အကြမ်းဖျဉ်းမျှ ရေးသားဖော်ပြရသော် 'တမူး' မြို့၏ အနောက်မြောက် မိုင် ၁၅၀ ခန့်ဝေးသော မဏိပူရမြစ်၏ အရှေ့ဘက်ကမ်းတွင် ကျွန်တော်တို့၏နံပါတ် ၁၇ စစ်တပ်ကြီးရှိ၏။ ကျွန်တော်တို့၏အရှေ့မြောက် မဏိပူရမြစ်၏လက်ဝဲဘက်ကမ်းတွင် ၂၃ နံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ခင်တပ်ရှိ၏။ တောင်ကုန်း၏ အနောက်စူးစူး တမူးမြို့မှ မိုင် ၁၀၀ ခန့်အကွာတွင် နံပါတ် ၂၀ စစ်တပ်ကြီးတည်ရှိလေသည်။

ကျွန်တော် ထိုအခါက ဒုတိယ လက်ဖတင်နင် ရာထူးအထိ တိုးတက်ချီးမြှင့်ခြင်းကို ခံရပြီဖြစ်၍ ထိုနေ့နံနက်ခင်း၌ 'မေဂျာကူပါး' သည် သူ၏ တဲသို့ ကျွန်တော်ကို ခေါ်ပြီးလျှင် မြန်မာပြည်မြောက်ပိုင်းမြေပုံကြီးကို စားပွဲပေါ်တွင် ဖြန့်လိုက်ပြီးနောက် -

"ဟောဒီမှာ ကြည့်စမ်း၊ လက်ဖတင်နင် ဘသော ... ကျုပ် စစ်တပ်ရဲ့ မြောက်စူးစူး ၁၇၆ မိုင် ကွာတဲ့ နေရာမှာ ဂျိုဟတ်ဆိုတဲ့ ရွာကလေး တစ်ရွာ ရှိတယ်။ ဟောဒီမှာ မြင်တယ် မဟုတ်လား"

"မြင်ပါတယ် မေဂျာ"

"ဒီရွာကလေးဟာ မြန်မာပြည်နယ်ခြားရဲ့ မိုင် ၂၀ လောက် ဝေးပြီး သူ့အနောက်မြောက်ဘက် မိုင် ၃၀ လောက်သွားရင် 'ဘူတန်း' နယ်စပ် ရောက်သွားတာပဲ"

"ဟုတ်ကဲ့"

"အဲဒီရွာကလေးနဲ့ ဘူတန်းနယ်ကြားမှာ မြေညီတောစပ် ဖြစ်နေလေတော့ ရန်သူတွေဟာ ကျုပ်တို့စစ်တပ်ကြီးတွေကို ကွင်းပြီး အဲဒီနေရာက အိန္ဒိယထဲကို ဝင်ရင် အလွယ်တကူ မဝင်နိုင်ပေဘူးလား"

"ဝင်နိုင်ပါတယ် ခင်ဗျာ"

"အဲဒီအချက်ကို ကျုပ်တို့ကာနယ်ကစဉ်းစားမိပြီး ဒီနေရာမှာ မလိုလည်းလိုလည်း အကာအကွယ်တစ်ခု ချထားရင် ကျုပ်တို့ ရှေ့တက်သွားတဲ့အခါ မြောက်ဘက်ပိုင်းက မစိုးရိမ်ရတော့ဘူးလို့ ကျုပ်တို့ ယူဆတယ်"

"မှန်ပါတယ် မေဂျာ"

"ဒါကြောင့် ဒီနေရာကို လူ ၁၂၀ ပါတဲ့ တပ်စိပ်ကလေးတစ်တပ် ပို့ထားချင်တယ်။ အလုပ်က တိုက်ဖို့ ခိုက်ဖို့ မရှိလှပါဘူး။ ရန်သူ့ အသွားအလာ စောင့်ကြည့်ရုံလောက်ပါပဲ"

"ဟုတ်ကဲ့"

"ဒီကိစ္စမှာ မောင်မင်းကိုလည်း ရွေးချယ်ထားတယ်။ ကပ္ပတိန် စမိုက်လက်အောက်မှာရှိတဲ့ ဂေါ်ရခါးတပ်စိပ် ၈ ခုအနက်က မောင်မင်း သဘောကျတဲ့ တပ်စိပ်တစ်ခုကို ရွေးချယ်ပြီး ခေါ်သွားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မေဂျာ"

"အမြောက်ကလေး ၂ လက်၊ စက်သေနတ် ၈ လက်၊ တွမ်မီဂန်း ၁၆ လက်ဆိုရင် လုံလောက်ပါပြီ။ မော်တော်ဆိုင်ကယ်နှစ်စီးလည်း ယူသွား၊ အကြောင်းရှိရင် အနီးဆုံး ဖြစ်တဲ့ နံပါတ် ၂၃ စစ်တပ်ကို အကူအညီ တောင်းနိုင်တယ်။ မောင်မင်း ထွက်ခွာသွားမယ့် အကြောင်းကိုလည်း ၂၃ ကို ဒီ ညနေ့ပဲ အကြောင်းကြားလိုက်မယ်"

"ကောင်းပါပြီ မေဂျာ"

"မောင်မင်းနဲ့ စစ်သားတွေဟာ ဒီကနေ့ ညနေ ၃ နာရီတိတိမှာ လော်လီ ၃ စီးနဲ့ သွားကြရလိမ့်မယ်။ ဂျိုဟာတ်ရွာကလေးက တမူးက သွားတဲ့ လမ်းပေါ်မှာပဲ ရှိတယ်။ ဒါပေမဲ့ စခန်းချမယ့်နေရာကိုတော့ မောင်မင်း သဘောအတိုင်းပဲ ရွေးချယ်ပေတော့။ မြေပုံအရဆိုရင် ရွာရဲ့ အရှေ့မြောက် လေးငါးမိုင် အကွာလောက်မှာ တောင်ကုန်းကလေးတွေရှိတယ်။ ကျုပ် သဘောအရဆိုရင်ဖြင့် ဒီတောင်ကုန်းကလေးတွေရဲ့ အနောက်ဘက်ကပ်ပြီး တစ်နေရာမှာ စခန်းချသင့်တယ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာနဲ့လည်း ပိုနီးတယ်။ ပြီးတော့ အရှေ့ဘက်ကလာမယ့် ရန်သူကလည်း ကိုယ့်ကို ရုတ်တရက် မမြင်နိုင်ဘူး။ ဘယ်နှယ့်လဲ ကျုပ်ပြောတာ သဘောပေါက်ပြီ မဟုတ်လား"

"ပေါက်ပါပြီ မေဂျာ"

"ကိုင်း ... စစ်ထွက်ဖို့ အသင့်ပြင်ပေတော့၊ အသေးစိတ် ညွှန်ကြားချက်ကတော့ နေ့လည်မှ ကျုပ် စာနဲ့ရေးပြီး ပေးလိုက်မယ်"

ကျွန်တော်လည်း ခြေစုံရပ်ကာ မေဂျာကူပါးအား အရိုအသေပေးပြီးလျှင် ဝမ်းမြောက်ဝမ်းသာတဲအတွင်းမှ ထွက်လာခဲ့လေ၏။

*

ကျွန်တော်တို့သည် အိမ်ခြေ ၁၀၀ ခန့်ရှိသော ဂျိုဟာတ်ရွာကလေးသို့ ရောက်ခဲ့၍ ခေတ္တမျှ အမောအပန်းဖြေပြီးလျှင် လော်ရီကားများကို ထားခဲ့ပြီးနောက် ရွာ၏ အရှေ့ဘက်သို့ ချီတက်ခဲ့ကြလေသည်။ ခြောက်မိုင်ခန့် ရောက်သောအခါ တောင်ကုန်းကလေးများရှိသော နေရာကို တွေ့ရသဖြင့် စခန်းချကြ၏။ ထိုနေရာသည်ကား မေဂျာကူပါးအလိုရှိသော နေရာပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အတည်တကျ တပ်စခန်းချရန်နေရာကို ရွေးချယ်ကြရာ မြောက်ဘက်အစွန်ဆုံးကျသော တောင်ကုန်း ၂ ခုအကြားတွင် ရွေးချယ်ကြလေသည်။ ထိုနေရာရှိ တောအုပ်ကလေးမှာ သစ်ပင်များ အလွန်ပါးလျက် ကိုက် ၁၀၀ ခန့်မျှ ကျယ်ပြန့်ပြီးလျှင် တောင်ဘက် တောင်ကုန်းမှာလည်း အရှေ့ဘက်သို့ ခပ်ယိမ်းယိမ်းရှိနေရာ အမြင့်အားဖြင့် လည်း ပေ ၂၅၀ ခန့်မြင့်၍ ထိုနေရာတွင် အမြင့်ဆုံးဖြစ်၏။ ကျွန်တော်၏ အကြံမှာ ထိုတောင်ကုန်းပေါ်တွင် ရန်သူကို ကြည့်ရန် နေရာတစ်ခုထား၍ တောင်ကြား၌ စခန်းချ၍ အေးချမ်းစွာနေရန် ဖြစ်လေသည်။

တောင်ကုန်းကလေးမှာ အတော်အတန် မတ်စောက်သော တောင်ကုန်းကလေးဖြစ်၍ အပေါ်သို့ တက်ရာတွင် အတော်ခဲယဉ်းစွာ တက်ရ၏။ အပေါ်သို့ ရောက်သောအခါ၌ကား သစ်ပင်များ နည်းပါးလျက် ကျောက်တုံးကျောက်ခဲများ ပေါများပြီးလျှင် တောင်မျက်နှာပြင်မှာ စတုရန်း ပေ ၃၀ ခန့် ကျယ်ဝန်းလေရာ အလယ်ဗဟို၌ကား ချုံနွယ်ပိတ်ပေါင်းများရှိသော ဟိန္ဒူဘုရားရှိခိုးကျောင်းကဲ့သို့ အထွတ်အတက်များရှိသည့် အဆောက်အဦ ပျက်တစ်ခုကို တွေ့ရလေသည်။ နွယ်ပင်နှင့် ချုံကလေးများမှာ အဆောက်အဦတစ်ခုလုံးကို မျိုလုမတတ်ရှိနေ၍ ပုံသဏ္ဍာန်ပင် မရှိတော့ဘဲ ရုတ်တရက် ကြည့်က အုတ်ပုံကြီးတစ်ခုကဲ့သို့ပင် ရှိနေလျက် အုတ်ကျိုးအုတ်ပဲ့များဖြင့် ပြန့်ကြဲလျက်ရှိ၏။ ဤမျှလောက် ခဲခဲယဉ်းယဉ်း တက်ရသော တောင်ကုန်းပေါ်၌ မည်သူများ လာရောက်ကိုးကွယ်ခဲ့သော ဘုရားရှိခိုးကျောင်းပျက်တစ်ခုပေနည်း။

ကျွန်တော်ကား အချိုရှာသကာနှင့်တွေ့ ဆိုသကဲ့သို့ ရှိနေချေပြီ။ ဤအဆောက်အဦ ထိပ်ဖျားမှ တက်၍ ကြည့်ရှုရသော် ပတ်ဝန်းကျင်ကို အဆီးအတားမရှိ မျက်စိတစ်ဆုံး မြင်ရ၍ ရန်သူကို စောင့်၍ကြည့်ရန် အကောင်းဆုံးသော နေရာပင်ဖြစ်ကော့၏။ သို့နှင့် ကျွန်တော်လည်း စစ်သားအချို့အား အပေါ်သို့ တက်ရန် အုတ်ကျိုးအုတ်ပဲ့များနှင့် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေပြီးသော် အပေါ်ဆုံးတွင် လူတစ်ယောက်နေနိုင်လောက်ရုံမျှ နေရာတစ်ခုကိုပြင်ဆင်စေ၏။ ထို့နောက် ဆူဗေဒါ နှစ်ယောက်ကို ကြီးကြပ်စေလျက် စစ်သားများအား နေ့အချိန်တွင် ၄ ယောက်၊ ညအချိန်တွင် ၆ ယောက်မျှ လှည့်လဲ၍ စောင့်ကြပ်ကြည့်ရှုစေ၏။ စက်သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com


လည်း တောင်ကုန်းထိပ်သို့ တင်ထားစေပြီးလျှင် တောင်အောက်ရှိ ကျွန်တော်၏ တဲစခန်းနှင့် စကားပြောကြေးနန်းနှင့် ဆက်သွယ်ထား၏။

*

ယင်းကဲ့သို့ နေသားတကျရှိလတ်သော် ကျွန်တော်လည်း အလုပ်ဝတ္တရားကို အလုပ်ဝတ္တရားဟူ၍ပင် မအောက်မေ့တော့ဘဲ ငယ်စဉ်က စကောက်အဖွဲ့များ ကင်းစခန်းထွက်သကဲ့သို့လည်းကောင်း၊ အမဲပစ်လာသော လူတစ်စုကဲ့သို့လည်းကောင်း တစ်ခါတစ်ရံ စိတ်ထဲတွင် ထင်မိ၏။ ရန်သူဟူ၍ အစအနမျှ မမြင်ရသဖြင့် ဤမျှလောက် ဝေးလံ၍ မြန်မာပြည်၏ မြောက်ဘက်နယ်စပ်မှ မိုင် ၂၀ ခန့်ဝေးသည့် မြောက်ဘက်အစွန်ဆုံးကျသော အိန္ဒိယနယ်စပ်၌ စစ်တပ်ချထားခြင်းမှာ အထက်လူကြီးများ အစိုးရိမ်ကြီးလွန်းလှသည်ဟု အောက်မေ့မိ၏။ တောင်ကုန်း၏ အရှေ့ ၅ မိုင်ခန့်အကွာတွင် ညိုမှိုင်းသော သစ်တောကြီးကိုလည်းကောင်း၊ တောင်ဘက်ခပ်ယွန်းယွန်းတွင် ခဲတံချောင်းသာသာမျှသာ မြင်ရသော မဏိပူရမြစ်သည်လည်းကောင်း၊ အနောက်ဘက်တွင် ရှုမျှော်၍မဆုံးနိုင်သော လွင်ပြင်ကြီးသည် လည်းကောင်း၊ မြောက်ဘက် မိုင် ၂၀–၃၀ ခန့်အကွာ၌ တောင်ထိပ်တွင် ဆီးနှင်းများဖြင့် ဖုံးအုပ်လျက် ကောင်းကင်တိမ်သားများဖြင့် ရောနှောကာ အရှေ့မှ အနောက်သို့ စီတန်းလျက်ရှိသည့် ရှုမျှော်၍ မဆုံးနိုင်သော တောင်တန်းကြီးများကိုလည်းကောင်း တွေ့မြင်ရသောအခါ ကျွန်တော်သည် မည်သည့်အရာကို လွမ်းဆွတ်သည်မသိ လွမ်းဆွတ်တမ်းတမိ၏။

တစ်ညဉ့်သ၌ နံနက်မိုးလင်းခါနီးအချိန်တွင် မြောက်ဘက်ဆီမှ ခွေးအူသံကဲ့သို့ ထူးဆန်းသော အသံတစ်မျိုးကို ကြားရလေရာ၊ ထိုညဉ့်၌ပင် တောင်ကုန်းပေါ်မှ စန္ဒရီသည် ညဉ့်သန်းခေါင်ကျော်လောက်တွင် အနောက်မြောက်ဆီမှ မီးရောင်ကဲ့သို့ လက်ခနဲ အရောင်တစ်ခုကို မြင်လိုက်ရကြောင်း၊ သို့သော် နောက်ထပ်မံ၍ တစ်စုံတစ်ရာ မမြင်ရသောကြောင့် စစ်ဗိုလ်အားအကြောင်းမကြားတော့ကြောင်းဖြင့် နံနက်လင်းသောအခါ ကျွန်တော့်ထံတိုင်ကြားလာ၏။ သို့သော် ယင်းတို့သည်ကား ရန်သူ မဟုတ်တန်ရာချေ။ အူသံမှာ ခွေးအများ၏ အူသံဖြစ်၍ ကင်းစောင့်က လက်ခနဲ မြင်လိုက်ရသည်ဆိုသော အရာမှာလည်း တောနက်များအတွင်း ညဉ့်မှောင်မိုက်သောအချိန်များတွင် မီးရောင်ထွက်သော ပိုးစုန်းများ ဖြစ်တန်ရာသည်ဟုဆရ


www.burmeseclassic.com

www.burmeseclassic.com


နှင့်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ မြေပြင်စောင့် ကင်းသမားများ သည် မြောက်ဘက်သို့ ၃ မိုင်ခန့်အထိ လှည့်လည်ကြည့်ရှုသော်လည်း ထူးထူးခြားခြား တစ်စုံတစ်ရာ မတွေ့ရသောကြောင့်ပေတည်း။

*

စခန်းချ၍ ၁၁ ရက်မြောက်သောနေ့၌ ကျွန်တော်သည် ခွေးအူ သံကဲ့သို့ အူသံများ ကြားရသည်ထင်ရသော မြောက်အရပ်သို့လှည့်လည် ကြည့်ရှုလိုသဖြင့် 'ဂျိုဟတ်' ရွာမှ မြင်းနှစ်စီးငှားရမ်းပြီးသော် တစ်စီးကို ကျွန်တော်၏ ဆူဗေဒါ နူရခန်စီးစေလျက် တစ်နေ့သော နံနက်ခင်းတွင် တဲစခန်းမှ မြောက်ဘက်သို့ ထွက်ခဲ့လေ၏။

ခရီး ၄ မိုင်ခန့်ရောက်သောအခါ တောကလေးသည် အကန့်ငယ် ရှင်းလင်းသွားလျက် သဲများ တဖြည်းဖြည်း ထူထပ်လာပြီးလျှင် ချုံများ အကြားမှ မြောက်ဘက်သို့ ကွေ့ကောက်သွားသော လူသွားလမ်းကလေး ကဲ့သို့ သဲချောင်းကလေးတစ်ခုကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း ထို လမ်းကလေးအတိုင်း မြင်းများကို နှင်သွားလေ၏။ ၂ ဖာလုံခန့် ရောက် လတ်သော် မြင်းဟီသံတစ်ခုကို ကြားလိုက်ရသည်နှင့် ကျွန်တော်၏ မြင်း သည် 'လမ်းထိုး' သွားလျက်ရှိရာမှ ဖျတ်ခနဲ ရပ်လိုက်ပြီးလျှင် နားရွက်နှစ် ဖက်ကို စွင့်လိုက်၏။ ထိုအချိန်၌ 'နူရခန်' မှာ ကျွန်တော်၏နောက် ကိုက် ၂၀ ခန့်အကွာတွင် ရှိနေရာ သူလည်း ထိုအသံကို ကြားသည့် လက္ခဏာဖြင့် မြင်းဇက်ကို သတ်လိုက်ပြီးလျှင် ဓားကောက်ကို ဆွဲထုတ်လိုက်၏။ သို့ သော် ထိုခဏ၌ မြားတစ်စင်း လက်ယာဘက်ရှိ တောအုပ်ကလေးအတွင်းမှ ဝီ ခနဲ ထွက်လာပြီးလျှင် ဆူဗေဒါနူရခန်၏ လက်ယာဘက် နံဘေးကို လာ၍စိုက်သဖြင့် နူရခန်သည် လက်ကို မြှောက်ကာ မြင်းပေါ်မှ ထိုးကျသွား လေသည်။ ကျွန်တော်၏ မြင်းသည် နောက်သို့ ပြန်၍ ရုန်းကန်လျက် ရှိ သဖြင့် တောတန်းအနီးသို့ ကပ်သွားလေရာ ဖြူဖွေးပျော့ပျောင်းသော အရာ ဝတ္ထုတစ်ခုသည် ကျွန်တော်၏ကိုယ်ကို လာ၍ ရစ်ပတ်လိုက်သည်ကို သိ လိုက်ရ၏။ ကျွန်တော်သည် သေနတ်ကို ထုတ်ယူရာတွင် လက်နှေးသူတစ် ယောက် မဟုတ်ပါ။ သို့သော် သားရေအိတ်အပြင်သို့ သေနတ် ရောက် သည်နှင့်တစ်ပြိုင်နက် အဝတ်များ၏ လက်ရောသေနတ်ပါ ရော၍ ရစ်ပတ်


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရကား ကျွန်တော်သည် အဝတ်များနှင့် ထွေးလုံး ရစ်ပတ်ဖြစ်ကာ
င်းခေါင်းပေါ်မှ ကျသွားလေသည်။

ယင်းကဲ့သို့ လဲလျက်ရှိစဉ် စကားတီးတိုးပြောသံများ မသဲမကွဲ
ကြားရပြီးနောက် အသံတစ်သံက ကျွန်တော်၏ နားနားသို့ ကပ်၍ ဟိန္ဒူ
ဘာသာဖြင့် "မသေချင်ရင် ငြိမ်ငြိမ်လိုက်ခဲ့" ဟု ပြောလိုက်လေသည်။
ခဏ၌ ကျွန်တော်၏ ခါးမှ ခြောက်လုံးပြူးကို သိမ်းဆည်းပြီးနောက်
သန်မာသော လက်နှစ်ဖက်သည် ကျွန်တော့်အား ပွေ့ချီပြီးလျှင် မြင်းတစ်စီး
ပေါ်သို့ တင်လိုက်၏။ ထို့နောက် တစ်စုံတစ်ယောက်သည် ကျွန်တော့်အား
လက်တစ်ဖက်ဖြင့် ပွေ့၍ထားကာ မြင်းကို နှင်လေသည်။ အနီးအနားမှ
မြင်းခွာသံများကို ကြားရသဖြင့် ကျွန်တော့်အား ဖမ်းဆီးသူများမှာ ၁၀
ယောက်ထက် နည်းမည် မဟုတ်ပေ။

ကျွန်တော့်မှာ အဝတ်များဖြင့် ရစ်ပတ်ထားသဖြင့် အလွန်မွန်း
ကျပ်လျက် ရှိနေလေပြီ။ သို့နှင့် ကျွန်တော်လည်း နှာခေါင်းပေါ်တွင် ဖုံးလျက်ရှိ
သော အဝတ်ကို အတင်းဖြေလျက်ရှိရာ ကျွန်တော့်အား ဖက်ထားသူသည်
ကျွန် တော့်၏ ပါးစပ်မှ အဝတ်ကို ဆုတ်ဖြဲ၍ ချလိုက်၏။

ကျွန်တော့်အား ဖမ်းသွားသူများသည် မြင်းများကို တစ်နေကုန်
မြန်မြန်မှန်မှန် နှင်လျက် မွန်းတည့်ချိန်တွင် ချောင်းကလေးတစ်ခုနံဘေးရှိ သစ်
ပင်အုပ်ကလေးများရှိရာ၌ စခန်းချပြီးလျှင် ဆက်လက်သွားကြပြန်ရာ နေ
ဝင်ပြီးနောက် အတန်ကြာသောအခါ တစ်ခုသော တောင်ခြေသို့ ချဉ်းကပ်
ကြလေ၏။ စခန်းချစဉ်က ထိုလူများသည် ကျွန်တော့်အား ရစ်ပတ်ထား
သည့် အနှောင်အဖွဲ့ကို ဖြေပေးသော်လည်း မျက်လုံးများကိုမူ အဝတ်ဖြင့်
စည်းနှောင်ထား၏။ ထိုလူများသည် ဟိန္ဒူစတန်နီ ဘာသာနှင့် ခပ်ဆင်ဆင်
ရှိသော စကားတစ်မျိုးကို အချင်းချင်း တီးတိုးသာ ပြောကြ၏။ ကျွန်တော့်
အား ရိုက်နှက်မည်ကို ဝေး၊ ကျွန်တော်၏ လက်ကို ကိုင်ဆွဲရာ၌ပင် ကြမ်း
ကြမ်းတမ်းတမ်း မကိုင်ကြချေ။ ညနေပိုင်းတွင် ကျွန်တော့်အား ငှက်ပျော
သီးလေးလုံး၊ မုန့်ချိုအနည်းငယ်နှင့် ရေတစ်ခွက်ကိုပေး၏။ ထိုလူများသည်
ကျွန်တော့်အား မည်သည့်အတွက် ဖမ်းဆီးလာလေသနည်း။ ကျွန်တော်၏
အနီးတွင် အမြဲထိုင်လျက်ရှိသော လူအား ကျွန်တော် ဟိန္ဒူစတန်နီဘာသာ
ဖြင့် အကျိုးအကြောင်း မေးကြည့်ရာ ထိုသူသည် နားမကြား၍သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မပြောလို၍သော်လည်းကောင်း တစ်စုံတစ်ရာမှ ပြန်၍ မပြော ဆိတ်ဆိတ်သာရှိနေလေသည်။

မကြာမီ ကျွန်တော်တို့သည် မြေပြင်မှ တဖြည်းဖြည်း တက် သွားရသော နေရာတစ်ခုကို ရောက်လာသည်နှင့် ခပ်မှန်မှန်သာ တက်နို ကြ၏။ ၁၅ မိနစ်ခန့် တက်မိလတ်သော် မြေပြန့်သို့ ရောက်လာ၍ နံဘေး တစ်ဘက်တစ်ချက်မှ စကားတီးတိုး ပြောကြသံများကိုလည်း ကြားရသဖြ လူနေအိမ်ခြေရှိသော နေရာတစ်ခုကို ရောက်ရှိလာကြောင်း သိရလေသည် တစ်ခဏမျှ ကြာသောအခါ ကျွန်တော့်အား မြင်းပေါ်မှ ဆင်းစေ၍ အကြ အကဲနှင့်တူသော သူသည် ကျွန်တော်၏လက်ကိုကိုင်ကာ ကျောက်လှေ ကားထစ်များမှ တက်၍ အဆောက်အဦတစ်ခုအတွင်းသို့ ခေါ်သွားလေ၏

ကျွန်တော်၏ လက်ကို ဆွဲ၍ ခေါ်လာသူမှာ ကျွန်တော့်အား ဖမ် ဆီးခဲ့သော လူအုပ်ထဲမှ ခေါင်းဆောင်ပင်ဖြစ်၍ ထိုသူသည် စကြံဆောင်ကျ များကို ကျော်ဖြတ်ကာ ကျွန်တော့်အား ခေါ်သွားရာ၊ နောက်ဆုံးအခန် ကျယ်ကြီးနှင့် တူသောနေရာသို့ ရောက်သွား၏။ ထိုနေရာ၌ကား ကြမ်းထ ကျောက်ပြားအစား ပျဉ်ချပ်များကို ခင်းထားလေသည်။ ထိုနေရာသို့ ရော သောအခါ ဘေးတစ်ဘက်တစ်ချက်မှ အုတ်အုတ်သဲသဲ အသံများကို ကြာ ရသဖြင့် ကျွန်တော့်အား လူတစ်စုရှေ့သို့ ခေါ်လာကြောင်း သိရ၏။ ထိုနေ ရာသို့ ရောက်သောအခါ ကျွန်တော်၏မျက်လုံးများတွင် စည်းထားသည့် အဝတ်ကို ဖြုတ်ချလိုက်သည်။

ကျွန်တော်၏ ရှေ့ ၅ တောင်ခန့် အကွာ၌ကားစင်မြင့်တစ်ခုရှိ ထိုစင်မြင့်အလယ်တွင် ၃ ပေခန့်မြင့်သည့် သစ်သားနက်ကုလားထိုင်ကြ တစ်ခုရှိရာ ကုလားထိုင်ပေါ်တွင် အသက် ၆၀ ခန့်ရှိ လူကြီးတစ်ယော ထိုင်လျက်ရှိ၏။ သူသည် အာရပ်လူမျိုးတစ်ယောက်ကဲ့သို့ မျက်လုံးများ သာ ချန်လှပ်ပြီးလျှင် အဝတ်အဖြူများကို ရစ်ပတ်သိုင်းခြုံထား၏။ နံဘေ တစ်ဘက်တစ်ချက်တွင် အတန်ငယ် နိမ့်သော ကုလားထိုင်များဖြင့် အလ တူ ဝတ်ဆင်ကာ လူရှစ်ယောက် ထိုင်လျက်ရှိရာ ထိုသူများလည်း အဘိုးကြ များပင် ဖြစ်ဟန်တူသည်။ အလယ်မှ အဘိုးကြီးမှာ မြန်မာကလေးသူငယ် များ (အများအားဖြင့် နို့စို့ကလေးများ)အား ဆင်ယင်ပေးသည့်အတိုင် လည်ပင်းတွင် ကျား၏ခြေသည်းကို ရွှေဖြင့်ကွပ်၍ ဆွဲထား၏။ သူ



www.burmeseclassic.com

www.burmeseclassic.com


အဝတ်မှာလည်း အခြားသူများထက်ပို၍ ဖြူပြီးလျှင် ရွှေချည်များဖြင့် အနား တော်တွင် ထိုးထားလေသည်။ ထိုလူကြီးကား အကြီးအကဲဖြစ်ဟန်တူ၏။ ကုလားထိုင်၏နောက်၌ အရပ် ၆ ပေထက် မနည်း မြင့်သော လူ ၂ ယောက် ရပ်နေရာ ထိုလူများမှာ လှံကြီးများကိုကိုင်လျက် မျက်နှာတွင်လည်း အဝတ်များဖြင့် ဖုံးထားလေသည်။

ကျွန်တော်၏မျက်နှာမှ အဝတ်များကို ဖြုတ်ချလိုက်ပြီးနောက် ကုလားထိုင်ပေါ်မှ လူကြီးသည် ကျွန်တော့်ကို ဖမ်းဆီးလာသော ခေါင်းဆောင်အား ဘာသာတစ်မျိုးဖြင့် မေးမြန်းရာ ခေါင်းဆောင်ဖြစ်သူက ကျွန်တော့်အား ဟိန္ဒူဘာသာဖြင့် တစ်ဆင့်မေး၍ ကျွန်တော်က ပြန်ဖြေရ၏။ ခေါင်းဆောင်ဖြစ်သူက ဟိန္ဒူဘာသာကို ကျွန်တော်နားလည်ကြောင်းဖြင့် ပြောဟန်တူသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ဘသော့လို့ ခေါ်ပါတယ်"

"ရာထူးကကော"

"ဒုတိယ လက်ဖတင်နင်"

"ဘာလူမျိုးလဲ"

"မြန်မာလူမျိုး"

"တောင်ကုန်းကလေးမှာ ချထားတဲ့ စစ်တပ်ကို ဘယ်သူအုပ်ချုပ်သလဲ"

"ကျွန်တော် အုပ်ချုပ်ပါတယ်"

"ခင်ဗျားစစ်တပ်မှာ လူဘယ်လောက်ပါသလဲ"

"ဒီဟာ ကျွန်တော် မဖြေနိုင်ပါ"

"ရှိစေတော့၊ အမြင့်ဆုံး တောင်ကုန်းပေါ်ကို တက်ကြတယ်ဆို"

"ဟုတ်ပါတယ်"

"ဘာလုပ်ဖို့ တက်တာလဲ"

"ရန်သူကို စောင့်ကြည့်ဖို့ပါ"

"ရန်သူဆိုတာ ဘယ်သူလဲ"

"နီပွန်တွေကို ပြောတာပါ"

"တောင်ကုန်းပေါ်မှာ ဘာတွေ့သလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မတွေ့ပါဘူး"

"စဉ်းစားပြီးပြောပါ၊ ဘာမှ မတွေ့ဘူးလား"

"ဩော် ... ဟုတ်ပါတယ်။ တောင်ပို့လိုလို ကျောင်းပျက်လို
အုတ်ပုံတစ်ခု တွေ့ရပါတယ်"

"တွေ့တော့ ဘာလုပ်သလဲ"

"ဘာမှ မလုပ်ပါဘူး။ ဒီအပေါ်တက်ပြီး ကြည့်တာပါပဲ"

"တယ်မိုက်တဲ့ လူတွေပဲ၊ ဒီဟာ ကျွန်တော်တို့ ကိုးကွယ်တဲ့ 'နတ်
ကျား' ကို ပူဇော်ပသတဲ့ ယဇ်ပလ္လင်ဟောင်းကို စော်ကားတာပဲ"

"ကျွန်တော် မသိပါ၊ စော်ကားလိုတဲ့စိတ်လည်း မရှိပါ"

"ပလ္လင်ရဲ့ ထိပ်ကို ဖြိုချပြီး လူတက်တာထက် စော်ကားတာ ဘာ
သေးသလဲ။ ဥပဒေဆိုတာ ကျူးလွန်ရင် မသိတဲ့လူကိုလည်း မရှောင်ဘူး
ဒီတော့ ခင်ဗျားကို ကျုပ်တို့ နတ်ကျား ဆက်ရလိမ့်မယ်"

"အလိုလေး ... ဘယ်လိုဗျ"

"ခင်ဗျားကို ကျားစာ ကျွေးရလိမ့်မယ်"

"တခြားနည်းနဲ့ သတ်ပါလားဗျာ။ မဟုတ်တာဘဲ သေနတ်နဲ့ ပ
သတ်ပါလား"

"ကျုပ်တို့မှာ သေနတ်မှ မရှိဘဲ၊ ရှိရင်လည်း ပစ်ဖို့ ထုံးစံမရှိဘူး
ကျားစာကျွေးဖို့ကလွဲပြီး တခြားနည်းလမ်း မရှိဘူး မိတ်ဆွေ။ ကိုင်း —
အကျဉ်းသားကို ကျားလှောင်အိမ်ရှိတဲ့ ကျောင်းတော်ကို ခေါ်သွားကြ
တော့"

ကျွန်တော်သည် တိုက်ပွဲများကို ၂ ကြိမ် ၃ ကြိမ်မျှ ပါဝင်ဆင်နွှဲဖူး
၍ ကျည်ဆန်များသည် ကျွန်တော့်အနီးမှ တရှဲရှဲ ဖြတ်၍သွားသည်ကို တွေ့
ကြုံခဲ့ဖူးရာ သေခြင်းမှာ အဆန်းမဟုတ်သကဲ့သို့ ထင်မှတ်ခဲ့ဖူးသော်လည်း
ကျားစာကျွေး၍ သတ်မည်ဟူသော စကားကိုကြားလိုက်ရသောအခါ
အထူးပင် တုန်လှုပ်ချောက်ချားမိပါ၏။

ကျွန်တော့်အား ဖမ်းဆီးလာသူသည် ကျွန်တော်၏ မျက်နှာ
အဝတ်ဖြင့် ပြန်၍ စည်းနှောင်မည်ပြုစဉ် အကြီးအကဲ ဖြစ်သူက လက်ဖြ
လိုက်သဖြင့် ထိုသူသည် မချည်သေးဘဲ ခေတ္တရပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိတ်ဆွေ၊ အခု ခင်ဗျားကို ခေါ်သွားမယ့် နေရာဟာ ကျုပ်တို့ ကိုးကွယ်တဲ့ မဟာရနထ ဝင်စားတဲ့ ကျားရှိတဲ့နေရာပဲ။ ခင်ဗျားကို ကျုပ်တို့က ကျားစာကျွေးမယ်ဆိုပေမဲ့ တစ်ခါတည်း မလွတ်နိုင်ဘူးလို့တော့ အစ်ထစ်ချမှတ်မသွားနဲ့၊ လွတ်ပေါက်တစ်ခုတော့ ပေးထားပါတယ်။ ကျုပ်ပြောတဲ့ စကားကို ယုံကြည်ပါ။ ဒါမှလည်း တရားရာ ရောက်မယ် မဟုတ်သား"

"ဘယ်လို လွတ်ပေါက်လဲ"

"ဒါကတော့ မိတ်ဆွေရဲ့ လုံ့လဝီရိယ အကြံဉာဏ်နဲ့ လျင်မြန်ဖျတ်လတ်ခြင်းအပေါ်မှာ တည်တာပဲ။ ဒီအချက်ကလွဲလို့ ခင်ဗျားကို ကျုပ်တို့က ရော ကျားကရော ချမ်းသာပေးမယ် မဟုတ်ဘူး။ ကိုင်း ... သွားပေတော့"

အစောင့်များ၏ ခေါင်းဆောင်ဖြစ်သူသည် ကျွန်တော်၏ မျက်လုံးများကို အဝတ်များဖြင့် စည်းနှောင်လေ၏။ သို့ရှိစဉ် အကြီးအကဲက ဆက်လက်၍ –

"ဒီအခွင့်အရေးကို မိတ်ဆွေတို့လို ကျားစာအကျွေးခံကြရတဲ့ အကျဉ်းသားတွေကို ပေးခဲ့လှပြီ။ နို့ပေမဲ့ ဒီပြဿနာကို ဖြေရှင်းနိုင်မယ့် သူတစ်ယောက်တလေမှ ဒီကနေ့အထိ မပေါ်သေးဘူး။ ဒါပေမဲ့ လွတ်မြောက်ဖို့ နည်းလမ်းတစ်ခုရှိတယ်ဆိုတာတော့ အမှန်ပဲ။ ဒီတော့ ဉာဏ်ထုတ်ပြီးသာ စဉ်းစားပေတော့လေ"

ထိုအချိန်ကား အစောင့်သည် ကျွန်တော့်အား ဆွဲခေါ်သွားလေပြီ။

*

အစောင့်ခေါင်းဆောင်သည် ကျွန်တော်၏ လက်ကို ဆွဲပြီးလျှင် စင်္ကြံများကို ဖြတ်၍ခေါ်သွားပြီးနောက် တစ်နေရာသို့ ရောက်သောအခါ အတွင်းသို့ ကျွန်တော့်အား ထိုးသွင်းလိုက်ပြီးလျှင် တံခါးကို အပြင်မှ သော့ ခတ်လိုက်လေသည်။ ကျွန်တော် ရောက်ရှိနေသော နေရာမှာ ၁၀ ပေပတ်လည်ခန့်ရှိ အခန်းကျဉ်းကလေးတစ်ခုဖြစ်၍ နှစ်တောင်ခန့်မြင့်သော စားပွဲကလေးတစ်လုံးနှင့် ခွေးခြေကလေးတစ်ခုရှိ၏။ စားပွဲပေါ်၌ကား သစ်တော်သီးနှစ်လုံး၊ ကြေးအိုးကလေးဖြင့် ထည့်ထားသော နို့တစ်အိုး၊ အာလူးပြုတ် အနည်းငယ်နှင့် ဆား၊ ရေတစ်ခွက် စသည်တို့ရှိ၏။ ကျွန်တော့်အား သေဒဏ်ပေးသူများသည် ကျွန်တော်၏ ကိုယ်ခန္ဓာကို ကျားလက်သို့ မအပ်မီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ဝဝလင်လင် စား၍သွားစေလိုဟန်ရှိ၏။ ထိုအချိန်၌ ကျွန်တော့်မှာ ခရီးပန်းသဖြင့်တစ်ကြောင်း၊ အစားအစာနှင့် ဝေးခဲ့သည်မှာ နာရီ ၂၀ ထက်မနည်းရှိနေပြီဖြစ်သောကြောင့်တစ်ကြောင်း၊ ဣန္ဒြေမရနိုင်လောက်အောင်ပင် ဆာလောင်မွတ်သိပ်လျက် ရမည့်ဘေးကို မတွေးတော့နိုင်တော့ဘဲ စားပွဲပေါ်၌ ရှိသမျှ အားလုံးကို တစ်ထိုင်တည်း စားပြီးနောက် ရေကို အဝသောက်ချလိုက်လေသည်။ ထိုအခါ ကျွန်တော်လည်း နံနက်ခင်းကကဲ့သို့ လတ်ဆတ်လန်းဆန်း၍လာတော့၏။

တစ်ခဏမျှကြာလတ်သော် အခန်းတံခါး ပွင့်လာပြီးနောက် ခေါင်းဆောင်သည် အခန်းတွင်းသို့ လုံကိုင်နှစ်ယောက်နှင့်အတူ ဝင်လာပြီးလျှင် စကားတစ်စုံတစ်ရာ မပြောဘဲ ဖြေ၍ထားသော အဝတ်စဖြင့် ကျွန်တော်၏ မျက်လုံးများကို ပြန်၍ စည်းပြီးနောက် ခေါ်သွားပြန်လေသည်။

ကျွန်တော့် စိတ်ထင် ကိုက် ၁၀၀ ခန့်မျှ သွားမိလတ်သော် ကျွန်တော်တို့လည်း အဆောက်အဦတစ်ခုရှေ့သို့ ရောက်လာ၍ ခေါင်းဆောင်နှင့် အစောင့်များသည် ရပ်လိုက်ကြပြီးနောက် ခေါင်းဆောင်လုပ်သူသည် တံခါးကြီးတစ်ခုကိုသော့ဖြင့် ဖွင့်လေ၏။ ထို့နောက် ကျွန်တော်၏ မျက်လုံးများမှ အဝတ်ကို ဖြေလိုက်ပြီးလျှင် "ကိုင်း ... အထဲမှာ ကျားစောင့်နေတယ် ဝင်ပေတော့" ဟု ပြော်ကာ သံတံခါးကို အပြင်မှ ပိတ်လိုက်လေသည်။

'ကျား၏ကျောင်းတော်' ခေါ်သော နေရာသည်ကား ကွက်လပ်ကြီးတစ်ခုအလယ်တွင် တည်ဆောက်ထားသည့် ကျောက်နံရံကြီးများ ပတ်လည်ကာရံထားသော ကျောက်တိုက်အဝိုင်းကြီး ဖြစ်လေသည်။ အဝင်ပေါက်တစ်ခုမှ လွဲ၍ တံခါးဟူ၍လည်း မရှိ၊ ပြတင်းပေါက်ဟူ၍လည်း မရှိဘဲ ငုံးတိတိရှိသော ကျောက်နံရံကြီးသည် အထက်သို့ ပေ ၃၀ ခန့် မြင့်တက်လျက် အမိုးလည်း မရှိချေ။ အတွင်းတွင် ပေ ၄၀ ခန့်ကန့်လန့် ဖြတ်ရှည်သည့် နေရာလွတ်ရှိ၍ ထိုနေရာလွတ်တွင် သစ်ပင်ပင်စည်လုံးကြီး တစ်ခုကို အကြမ်းဖျဉ်း ထုလုပ်ထားသော ရုပ်တုကြီးတစ်ခုရှိ၏။ ရုပ်တုကြီးမှာ လူ၏ကိုယ်ပေါ်တွင် ကျား၏ဦးခေါင်းတပ်ထားသဖြင့် ယင်းသည်ပင် 'မဟာရနထ' နတ်ရုပ်ကြီးဖြစ်ဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုတစ်ခုတည်းသော တံခါးပေါက်အနီးတွင် ကျောက်နံရံကို ကပ်ထားသည့် အမိုးနှင့် အခန်းကလေးရှိ၏။ ၎င်း၌ ခုံရှည်တစ်ခုခင်းထားရာ လူတစ်ယောက် ကောင်းစွာ အိပ်နိုင်သည်။ ထိုအမိုးအောက်၌ ကျောက်နံရံနှင့် ကပ်လျက်နှင်းဆီငုံသဏ္ဍာန်အပေါက်တစ်ခုရှိရာ ထိုအပေါက်မှ ရေသည် အောက်မှ တည်ထားသော ကျောက်ဖြူအင်တုံတစ်ခုအတွင်းသို့ ကျဆင်းလျက်ရှိလေသည်။

ထိုရေကျပေါက်အပေါ်တည့်တည့်တွင် ကျောက်နံရံအတွင်းသို့ အံကျဖောက်ကာ ပြုလုပ်ထားသည့် လှောင်အိမ်တစ်ခုရှိ၏။ လှောင်အိမ်မှာ သံတိုင်များဖြင့် အပြင်မှ ကာထား၍ စတုရန်း ၆ ပေခန့်မျှ ကျယ်ဝန်းရာ အတွင်း၌ကား ၁ှပသော အဝတ်န်းများရှိသည့် ကျားကြီးတစ်ကောင်သည် ကြမ်းပြင်၌ ခင်းထားသော မြက်ခြောက်များပေါ်တွင် စန့်စန့်ကြီး အိပ်လျက်ရှိလေသည်။

ကျွန်တော်သည် ကျားကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် "လွတ်ပေါက်တစ်ခုတော့ ပေးထားပါတယ်။ ကျုပ်ပြောတဲ့ စကားကိုယုံပါ။ ဒါမှသည်း တရားရာ ရောက်မယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီလွတ်ဖို့အချက်က ခိတ်ဆွေရဲ့ လုံ့လဝီရိယအကြံဉာဏ်နဲ့ လျင်မြန်ဖျတ်လတ်ခြင်းပေါ်မှာ တည်တာပဲ" ဟု ပြောလိုက်သော အကြီးအကဲ၏ စကားများကိုသာ ကြားယောင်လျက်ရှိ၏။ ကျွန်တော်သည် လှောင်ချိုင့်ကို အနီးမှကပ်၍ကြည့်ရှုရာ၊ သံတိုင်တံခါးမှာ အပေါ်သို့ မြှောက်တင်နိုင်သော သဘောရှိ၍ ၎င်းကိုအပြင်မှ စက်ကိရိယာတစ်ခုခုဖြင့် ပြုလုပ်ထားရမည်ဟု စဉ်းစားမိ၏။ ကျားအိပ်လျက်ရှိသော မြက်ခြောက်များမှာလည်း လတ်လတ်ဆတ်ဆတ် ရှိနေသည့်ပြင် လှောင်ချိုင့်အတွင်း၌ အစာသော်လည်းကောင်း၊ ရေခွက်သော်လည်းကောင်း မရှိချေ။ ကျားကြီးသည် ကိုယ်လက်များကို ဆန့်တန်းကာ သမ်းဝေလျက် ရှိသဖြင့် ဆာလောင်မွတ်သိပ်ဟန် လက္ခဏာလည်း မရှိချေ။ သို့ဖြစ်၍ ကျွန်တော်၏ အသက်အန္တရာယ်မှာ ရုတ်တရက် စိုးရိမ်ရန် မရှိသေးကြောင်း စဉ်းစားမိပြန်သည်။ ထိုအချိန်၌ ကျွန်တော့်မှာ ခရီးပန်းသဖြင့် အတော်ပင် မောပန်းလှပြီဖြစ်ရာ ဝမ်းကလည်း ကောင်းစွာတောင့်နေပြီဖြစ်၍ ခုံရှည်ပေါ်တွင် ပက်လက်လှန်၍ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ခါတည်း အိပ်ပျော်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာမှ နိုးလာသောအခါ အတော်ပင် ညဉ့်နက်လျက် ရှိနေလေပြီ။ ထိုအခါ၌ ကျွန်တော့်မှာ အမောအပန်း ပြေသွားပြီဖြစ်၍ ကျွန်တော်၏ ဦးနှောက်များမှာလည်း ကောင်းစွာ ကြည်လင်လျက်ရှိသည်။ အကြီးအကဲဖြစ်သော အဘိုးကြီးပြောလိုက်သော စကားများကို ကောင်းစွာ နှိုင်းချိန်ကြည့်သောအခါ လိမ်လည်ပြောဆိုခြင်း မဟုတ်ဘဲ အမှန်ဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်။ ဤကျွားကို လှောင်ချိုင့်မှ လွှတ်၍ ကျွန်တော်အား သတ်စေမည်ကားမှန်၏။ သို့ရာတွင် မည်သည့်အချိန်တွင် မည်ကဲ့သို့ လွှတ်မည်ဟူသော ပြဿနာသော ကျွန်တော့်သည်။ လွှတ်မြောက်ရန် နည်းလမ်းကိုသာ ကျွန်တော် ဉာဏ်ထုတ်ရပေတော့မည်။

မကြာမီ မိုးလင်း၍လာရာ ကျွန်တော် အိပ်နေသော ခုံအောက်တွင် မြေအိုးဖြင့် ချက်ထားသော ထမင်းအိုးတစ်လုံးအပြည့်နှင့် ဆားအနည်းငယ်ကိုတွေ့ရ၏။ ယင်းအစားအစာများမှာ အနည်းဆုံး ၄၈ နာရီခန့် အကြံဉာဏ်ထုတ်နိုင်သေး၍ ဤသို့ထားရှိခြင်းမှာလည်း ကျောက်တိုက်အတွင်းသို့ ကျွန်တော် မရောက်မီကပင် တင်ကြိုစီမံထားဟန် လက္ခဏာရှိလေသည်။ ကျားကို မလွှတ်မီ ကျွန်တော့်အား အချိန်လုံလောက်စွာ ပေးထားသည်ဆိုခြင်းကား ကောင်းစွာ မှန်ပေလိမ့်မည်။

ကျားကိုလွှတ်လိုက်သော် ညဉ့်အချိန်မှပင် လွှတ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။ သို့ဖြစ်၍ ထိုနေ့ည မိုးမလင်းမီ ကျွန်တော့် ရှေ့တွင် နာရီ ၂၀ ခန့်ရှိရာ အိပ်ရာနှင့် စားသောက်ရန် ၇ နာရီ နှုတ်သော် လွတ်ပေါက်ကို အကြံဉာဏ်ထုတ်၍ရှာဖွေရန် အချိန် ၁၂ နာရီလုံးလုံးရှိ၏။ သို့ဖြစ်၍ ထမင်းအနည်းငယ်ကို စားပြီးနောက် နှင်းဆီငုံ ရေဘုံဘိုင်မှ ရေကို အဝသောက်ပြီးသော် နေ့လယ် နေအပူဆုံးအချိန်ကို ကောင်းစွာအိပ်စက်ပြန်၏။

အိပ်ရာမှ နိုးလတ်သော် ကျွန်တော်၏ ဦးနှောက်များမှာ ယခင်ကထက် ကြည်လင်လာသဖြင့် ကောင်းစွာ အလုပ်လုပ်နိုင်တော့၏။ သို့ဖြစ်၍ ရှေးဦးစွာ ပတ်လည်ဝိုင်းလျက်ရှိသော ကျောက်နံရံကို ရှာဖွေ၏။ နံရံကို ၅ ပိုင်းပိုင်းပြီးလျှင် တစ်ပိုင်းစီရှာဖွေ၏။ ကျောက်တုံးတစ်တုံးစီကို စိစစ်ရှာဖွေ၏။ ကျောက်တုံးတိုင်းကို တွန်းနှဲ့၍ကြည့်၏။ အနည်းငယ်မျှသော အဖုအထစ်ကလေးများကိုလည်းကောင်း၊ မသိမသာမျှရှိသော အက်ကြောင်းကလေးများကိုလည်းကောင်း တစ်ခုစီ ရှာဖွေ၏။ သို့သော် ဖွေ၍စစ်၍ရှာဖွေ


www.burmeseclassic.com

www.burmeseclassic.com


သော နေရာသို့ ပြန်ရောက်လာသည့်တိုင်အောင် နံရံတွင် လျှို့ဝှက်သော အပေါက်တစ်စုံတစ်ရာရှိသည့် လက္ခဏာကို မတွေ့ရချေ။ ထို့နောက် နေရာခွဲခြားပြီးလျှင် ကြမ်းပြင်ကို စစ်ဆေးပြန်၏။ ကျောက်ပြားတစ်ချပ်စီ တစ်ချပ်စီကိုလည်းကောင်း၊ အက်ကြောင်းတစ်ခုစီ တစ်ခုစီကိုလည်းကောင်း စစ်ဆေး၏။ သို့သော် မည်သည့်နေရာတွင်မှ အပေါက်ရှိသော လက္ခဏာကို မတွေ့ရချေ။

ကျားကြီးသည် ယခင်ကကဲ့သို့ ငြိမ်သက်စွာ မနေတော့ဘဲ ကျဉ်းမြောင်းသော လှောင်အိမ်ထဲတွင် ထိုမှ ဤမှ လမ်းသလားလျက်ရှိ၏။ သို့သော် သူသည် ကျွန်တော့်အား တစ်ကြိမ်နှစ်ကြိမ် လှမ်း၍ကြည့်လိုက်သည်မှတစ်ပါး ၎င်း၏အမူအရာမှာ မပြောင်းလှသေးချေ။

ကျွန်တော်သည် ကျောက်ခင်းကြမ်းပြင်ကို မကျေနပ်သေးသည်နှင့် ဦးခေါင်းကို ကြမ်းပြင်နှင့် ထိလုမတတ် ငုံ့ကာ တစ်ဖန် ရှာဖွေလျက်ရှိပြန်၏။ ထိုအကြိမ်၌ကား ကျားသည် ကျွန်တော်ရှိရာသို့ စေ့စေ့ကြည့်ကာ တစ်ကြိမ်နှစ်ကြိမ် ဟိန်းလိုက်၏။ သို့နှင့် ကျွန်တော်သည် ဒုတိယအကြိမ်တွင် လှောင်ချိုင့်ရှိရာသို့ ကြည့်မိ၏။ သံတံခါးမှာ လေးလက်မခန့်အပေါ်သို့ ကြွတက်လျက်ရှိနေလေပြီ။ ကျွန်တော်သည် မိမိကိုယ်ကို မိမိမယုံကြည်နိုင်သကဲ့သို့ မျက်လုံးများကိုပင် ပွတ်သပ်ကြည့်မိသေး၏။ ကျွန်တော်၏မျက်စိများကား မှားနိုင်မည်မဟုတ်ပေ။ နံရံများကို စ၍ရှာဖွေစဉ်က အောက်သို့ ဒုတ်ဒုတ်ထိရောက်သော လှောင်ချိုင့်ရှေ့ရှိ သံတိုင်တံခါးမှာ ယခုအခါ အောက်မှ ၄ လက်မခန့်မျှ အပေါက်ဖြစ်၍ နေချေပြီ။ တစ်နေရာရာတွင် ဝှက်ထားသော စက်ကိရိယာတစ်ခုခုဖြင့် ဖန်တီးပြုလုပ်ဟန် လက္ခဏာရှိ၏။ သို့နှင့် ကျွန်တော်သည် ခုံရှည်ပေါ်၌ ပြန်၍ထိုင်ကာ တွက်ချက်စဉ်းစား၍ ကြည့်မိ၏။ ၁၂ နာရီအတွင်းတံခါးသည် ၄ လက်မခန့်အပေါ်သို့ တက်သွား၏။ ကျားမှာ အတော်ပင် တုတ်ခိုင်သဖြင့် ၁၂ လက်မ အပေါက်ဖြစ်မှသာ အပြင်သို့ ထွက်နိုင်ပေမည်။ ထိုမျှလောက်သော အချိန်အတွင်း၌ ကျွန်တော်ရှာဖွေရန် အချိန်အတော်များ ရပေဦးမည်။

သို့နှင့် ထမင်းတစ်ဆုပ်နှင့် ဆားအနည်းငယ်ကို စားလိုက်ပြီးလျှင် ရေဇလုံအတွင်းမှ ရေအနည်းငယ်ကို သောက်၏။

*



www.burmeseclassic.com

www.burmeseclassic.com



လုံချည်အဆင်ဆန်းများ၊ ရေမွှေးနှင့် ပေါင်ဒါဘူးများကို ကြည်နူးနှစ်သိမ့်၍ နေမိ၏။

ဤကဲ့သို့ ငွေရေးကြေးရေး ကြပ်တည်းလျက်ရှိနေရကား မောင်အေးချိုသည် မရင်မြ၏အတွင်းပစ္စည်းအချို့ကို မရမက တောင်းယူပြီးလျှင် မဂိုလမ်းချစ်တီးတစ်ဦးထံ ၂၀၀၀ နှင့် ပေါင်နှံ၍ မိမိတို့နှင့် ယခင်က တစ်ရွာတည်းနေခဲ့ဖူးသော တာမွေ ဦးချစ်မောင်လမ်းမှ မြင်းထရိန်နာ ကိုစိုးမောင်ဆိုသူနှင့် ပေါင်းမိကာ မြင်းများကို လောင်းကစားစပြု၍လာ၏။ ပထမတွင် အစိတ်သုံးဆယ် ကစားရာမှ ကံကောင်းထောက်မ၍ နိုင်လာသောအခါများတွင် ၅၀-၁၀၀ အထိ လောင်းကစား၍ လာ၏။ ထိုငွေ မတော်တဆ ရှုံးသွားပြန်ခဲ့သော် စိတ်ထဲ၌ မခံချင်ဖြစ်ကာ၊ ၂၀၀-၃၀၀ အထိ ဇက်ရဲ၍ လာတော့၏။ ထိုအခါများ၌ကား နိုင်ပြန်လျှင် လောဘကို မသတ်နိုင်သဖြင့်လည်းကောင်း၊ ရှုံးပြန်လျှင်လည်း သဲသဲမဲမဲ လိုက်၍လည်းကောင်း ကစားပြန်ရာ မြင်းသမားတို့မည်သည် မည်မျှနိုင်စေကာမူ အချိန်ကာလ ရှည်ကြာလတ်သော် တတိတိ လုံးပါးပါး၍ လာတတ်သည့်အတိုင်း ၃ လကျော်၊ ၄ လ ခန့်မျှ ကြာရှိသောအခါ မောင်အေးချိုမှာ အရင်း ၂၀၀၀ ဖြင့် ပြုတ်ပြုတ်ပြုန်းသည့်အပြင် ကိုစိုးမောင်ထံမှ လက်လှည့်သုံးယူငွေများပင် တစ်စတစ်စနှင့် ၅၀၀ မျှ ကြွေးတင်လျက်ရှိနေလေပြီ။

လင်မယား ကတောက်ကဆတ် ဖြစ်သောအခါများ၌ မောင်အေးချိုသည် မရင်မြ၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ စောင်းပါးရိပ်ခြည်မျှ သတိပေး စကားပြောကြားသောအခါများ၌ ကက်ကက်လန်အောင် ပြန်၍ ရန်တွေ့တတ်၏။

ဤသို့ဖြင့် မရင်မြမှာ တစ်ခါတစ်ရံ ဦးအောင်သင်းနှင့်အတူ ဟိုတယ်များသို့ပင် လိုက်ပါတတ်သည်အထိ အပေါင်းအသင်းကောင်းလျက် ရှိလေရာ၊ မောင်အေးချိုကလည်း တနင်္ဂနွေပတ်တိုင်း မြင်းပွဲသို့ သွား၍ ရှိစုမဲ့စု ပစ္စည်းကလေးများကို ထုခွဲပေါင်နှံကာ လောင်းကစားလျက် ရှိလေတော့၏။

***

တစ်နေ့တွင် လမ်းကြုံသဖြင့် မောင်အေးချိုသည် မဟာဗန္ဓုလပန်းခြံလမ်းရှိ မိမိအစုရှယ်ယာပါသော ကုမ္ပဏီအလုပ်တိုက်သို့ ရောက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်မှ နောက်ဆုံး ကျောက်တုံးကို လှုပ်၍ စမ်းသောအချိန်၌ကား နေဝင်လုနီးပါးရှိနေလေပြီ။ သို့သော် ကျွန်တော်မှာ တစ်နေ့လုံးလုံး ရှာဖွေနေရသဖြင့် မျက်နှာတစ်ခုလုံးတွင် မြူအလိမ်းလိမ်းကပ်ကာ ကျွန်တော်၏ ကာကီအဝတ်အစားများသည် ချွေးများဖြင့် ရွှဲရွှဲစိုလျက် ရှိနေလေပြီ။ ထို့ပြင် ကိုယ်မှာလည်း တစ်ကိုယ်လုံး ပူပြီးလျှင် ဖျားချင်သကဲ့သို့ ဖြစ်လာသဖြင့် အတန်ငယ်အေး၍ သက်သာရာရစေရန် ကျောက်နံရံကို ပါးဖြင့် ကာထားလိုက်၏။ တစ်ခဏမျှကြာသောအခါ 'တက်-တက်-တက်' ဟူသော အသံတစ်ခုကို ကြားလိုက်ရ၏။ ပထမ၌ ထိုအသံမှာ ကျွန်တော့်ကိုယ်မှ ရင်ခုန်သော အသံဟု ထင်မိ၏။ သို့သော် ပါးကို နံရံမှ ခွာလိုက်သည်နှင့် တစ်ပြိုင်နက် အသံမှာ ရပ်သွားလေသည်။

ထိုအခါ ကျွန်တော်၏ ဦးခေါင်းတွင် အလင်းရောင်တစ်ခုသည် လက်ခနဲ ဝင်၍လာ၏။ တတက် တက် မြည်သောအသံနှင့် တရွေ့ရွေ့ တက်၍လာသော သံတံခါးကို ဆက်စပ်၍ ကြည့်မိ၏။ ထိုအချိန်၌ကား လှောင်ချိုင့်အောက်မှ အပေါက်မှာ ၇ လက်မခန့်မျှ ရှိသွားလေပြီ။ ကျား၏ အမူအရာသည်လည်း တစ်မျိုးဖြစ်၍လာပြီးလျှင် ယခင်ကထက် ထကြွလှုပ်ရှားလျက်ရှိလေသည်။ မကြာမကြာလည်း ဟိန်းဟောက်လိုက်သည်။

ထိုအခါ ကျွန်တော်လည်း ယခင်ကထက် အားသွန်ကြိုးပမ်းကာ လွတ်ပေါက်ကို ရှာဖွေပြန်သည်။ ထိုအပေါက်သည်ကား နံရံ၌သော်လည်းကောင်း၊ ကြမ်းပြင်၌သော်လည်းကောင်း ရှိဟန်မတူချေ။ သံတံခါးကို အပေါ်သို့ တရွေ့ရွေ့ မြောက်တက်စေနိုင်သော စက်ကိရိယာကို ရပ်ရန်နည်းလမ်းသာ ရှိကောင်းရှိပေလိမ့်မည်။

သို့နှင့် ကျွန်တော်သည် ဉာဏ်သစ်ရကာ လူ့ကိုယ်နှင့် ကျားခေါင်းရှိသော 'မဟာရနထ' နတ်ရုပ်ကို ပခုံးပေါ်သို့ ရောက်အောင်တက်၍ ရှာဖွေ၏။ အပေါ်၌ကား မည်သည့်စက်ကိရိယာမျှ မတွေ့ရဘဲ ညီမညီသော အကွက်များကိုသာ တွေ့ရ၍ ယင်းတို့မှာ နောက်ဆုံးကြံရာမရသည့်အဆုံးတွင် ထိုနတ်ရုပ်ပေါ်သို့ တက်ပြေးကြသော ကျွန်တော်ကဲ့သို့ ကျား၏ ဘေးခြင်းခံရသူများ၏ သွေးကွက်များ ဖြစ်ဟန်တူသည်။ လူ၏ခေါင်းကိုလည်းကောင်း၊ ကျားရုပ်၏ဦးခေါင်း၌လည်းကောင်း နေရာအနှံ့အပြား ရှာ



www.burmeseclassic.com

www.burmeseclassic.com



ခွေ၏။ ကိုယ်လုံးကြီးကို လှုပ်၍ကြည့်၏။ သို့သော် ထူးထူးခြားခြား တစ်စုံတစ်ရာ မတွေ့ရချေ။

ထို့နောက် ကျွန်တော်သည် ကျောက်နံရံမှ ရေထွက်နေသည့် နင်းဆိုင့်ကိုလည်းကောင်း၊ အောက်မှ ခံထားသည့် ကျောက်ဖြူရေအင်တုံကိုသည်းကောင်း သွားရောက်စမ်းသပ်ကြည့်ပြန်၏။ သို့သော် ရေအင်တုံနှင့်ရေထွက်သည့် အပေါက်တို့တွင် ခလုတ်သော်လည်းကောင်း၊ သံပတ်သော်သည်းကောင်း မည်သည့်စက်ကိရိယာမျိုးမှ မတွေ့ရချေ။

ထိုအခါ၌ကား ကျွန်တော့်မှာ စိတ်အပျက်ကြီးပျက်၍ လာပြီဖြစ်၍ဆက်လက်မရှာဖွေတော့ဘဲ အရုပ်ကြိုးကို ဖြတ်ချလိုက်သကဲ့သို့ ခုံရှည်ပေါ်တွင် တစ်ခါတည်း ပစ်လှဲလိုက်လေသည်။ ကျွန်တော်တွက်ချက်ထားသည့်အတိုင်း ကျွန်နှစ်နာရီမျှသော အချိန်သည်လည်း နီးကပ်သည်ထက် နီးကပ်၍ လာလေပြီ။

လှောင်ချိုင့်အတွင်းတွင် နှစ်ရက်မျှ အစာရေစာ မစားခဲ့ရသောကျားသည် တရှူးရှူး တရားရှား ဖြစ်ကာ ဒေါသထွက်လျက်ရှိ၏။ ထိုအချိန်၌ကား သံတံခါးအပေါက်မှာ အတော်ပင် ကျယ်ဝန်းလာပြီဖြစ်၍ မိနစ်အနည်းငယ်မျှကြာလျှင် ၎င်း၏ ကျဉ်းမြောင်းသော အချုပ်ခန်းအတွင်းမှလွတ်မြောက်နိုင်ပေတော့မည်။ ကျားကြီးသည် မကြာမကြာ နံဘေးသို့စောင်းကာ ၎င်း၏ ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်ကာအပြင်သို့ ခေါင်းပြူ၍ထွက်ရန် ကြိုးစားလျက်ရှိ၏။ တစ်ကိုယ်လုံး ထွက်နိုင်ရန်ကား မိနစ်ပိုင်းမျှသာ လိုတော့သည်။

ထိုအချိန်၌ကား ကျွန်တော့်မှာ ဇောချွေးများပြန်လျက်ရှိနေလေပြီ၊ ကျွန်တော်သည် အင်အားချည့်နဲ့သော ကလေးတစ်ယောက်ပမာ နံရံကိုကိုယ်နှင့်ကပ်လိုက်၏။ ကျားကြီးသည်လည်း ဟိန်းဟောက်ခြင်းမပြုတော့သဖြင့် ကျောက်တိုက်ကြီးအတွင်းတွင် လွန်စွာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ ထို့နောက် ခုံရှည်ပေါ်၌ လျောင်းလိုက်ကာ ဆိတ်ငြိမ်ခြင်းအတွင်းမှာ နာရီသံပတ်သွားနေသကဲ့သို့ 'တက်–တက်–တက်–တက်' မြည်သောအသံနှင့်အတူ ရေစက်မှ 'ပေါက်–ပေါက်–ပေါက်–ပေါက်' မြည်သောအသံကိုသာ ပျင်းရိငြီးငွေ့ဖွယ်ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com


တစ်ပေါက်ပေါက်ကျနေသော ရေသံနှင့်တတက်တက် မြည်သော သံပတ်သံတို့မှာ တစ်ချိန်တည်း ကိုက်ညီလျက်ရှိ၏။ ကျွန်တော်ပင် ရူးသွပ်သွားပြီလော မသိ၊ ခုံပေါ်တွင် လျောင်းနေရာမှ ရေအင်တုံဆီသို့ ထ၍ပြေးကာ ကျွန်တော်၏ ရုပ်အင်္ကျီကို ဆုတ်ဖြဲ၍ ရေကျသော အပေါက်ကို တစ်ခါတည်း ပိတ်ဆို့လိုက်လေ၏။ တစ်ပေါက်ပေါက်ကျ၍နေသော ရေစက်သည်ပင် တတက်တက်မြည်၍လည်နေသော သံတံခါးဖွင့်သည့် စက်ကို ထိန်းထားခြင်း ဖြစ်ရမည်ဟု ကျွန်တော် တစ်ထစ်ချ ယုံကြည်မိသည်။ ထို့နောက် ကျွန်တော်သည် ကျောက်နံရံကို နားနှင့်ကပ်၍ နားထောင်၏။ 'တက်–တက်–တက်–တက်' အသံမှာ ရှိနေသေးသည်။ သို့သော် မကြာမီ တတက်တက်မြည်သောအသံသည် တဖြည်းဖြည်း နှေး၍ နှေး၍သွားပြီး နောက်ဆုံး၌ လုံးလုံးရပ်စဲသွားလေသည်။ ထိုခဏ၌ သံတံခါးကြီးသည် 'ဒိုင်း'ခနဲ မြည်ကာ ကျသွားပြီးနောက် လှောင်ချိုင့်ပိတ်သွားတော့၏။ ကျွန်တော်၏ဝမ်းမြောက်ခြင်းကိုကား စာဖြင့် ရေးသား၍ မပြောနိုင်တော့ပြီ။

*

လျှို့ဝှက်နက်နဲသော နည်းလမ်းကို ရှာဖွေတွေ့ရှိ၍ ကျား၏ ခံတွင်းမှ လွတ်မြောက်ခဲ့ပြီမှန်သော်လည်း ကျောက်တိုက်ကြီး၏ အတွင်းမှမူ လွတ်မြောက်နိုင်ရန် လမ်းမရှိချေ။ ကျွန်တော်လည်း ခုံရှည်ပေါ်တွင်ထိုင်ကာ ဟိန်းဟောက်လျက်ရှိနေသော ကျားကြီးကိုလည်းကောင်း၊ သွေးကွက်များဖြင့် စွန်းပေလျက်ရှိသော ကျားခေါင်းနှင့် လူကိုယ်ရှိသော နတ်ရုပ်ကြီးကိုလည်းကောင်း အတန်ကြာ ငေးမောကြည့်ရှု၍နေမိ၏။ ကျွန်တော်၏ ထူးဆန်းသော ကံကြမ္မာကို စဉ်းစားမိ၏။

သို့သော် ထိုခဏ၌ အပြင်မှ သော့ခတ်ထားသော တံသံခါးကြီး ပွင့်လာပြီးလျှင် အကြီးအကဲ ဖြစ်သူနှင့် သက်တော်စောင့်များသည် ကျွန်တော့်အား စိုက်ကြည့်လျက်ရှိလေသည်။ စကားပြန် ခေါင်းဆောင်လည်း သူ့နောက်မှ ပါလာသည်။ အကြီးအကဲသည် ကျွန်တော့်အား ချီးကျူးသော မျက်နှာဖြင့် စကားစ၍ပြောရာ အစောင့်ခေါင်းဆောင်က ဟိုပြောသာဖြင့် ကျွန်တော့်အား ပြန်၍ပြော၏။


www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ကျုပ်တွေ့ဖူးတဲ့ အထဲမှာ ကံအကောင်းဆုံး လူတစ်ယောက်ပဲ။ ကျုပ်တို့ ယဇ်ပူဇော်ခဲ့တဲ့ လူပေါင်း ၁၇ ယောက်ရှိပြီ။ ဒီအထဲမှာ ခင်ဗျားတစ်ယောက်ပဲ မဟာရနထနတ်မင်းရဲ့ လျှို့ဝှက်တဲ့ စက်ကို ရပ်အောင် လုပ်နိုင်တဲ့လူရှိတယ်။ ဒါကြောင့် ခင်ဗျားရဲ့ လျင်မြန်ဖျတ်လတ်တဲ့ ဦးထွင်းဉာဏ်ကို ချီးကျူးသောအားဖြင့် ခင်ဗျားအသက်ကို ချမ်းသာပေးလိုက်ပြီ"

"ကျေးဇူးတင်ပါတယ် အကြီးအကဲ ခင်ဗျာ"

"ဒါပေမဲ့ ကျုပ်တစ်ခုပြောချင်တယ်။ ကျုပ်တို့နိုင်ငံမှာ အကြံပေးအရာရှိအဖြစ်နဲ့ ၁၀ နှစ်လောက် အလုပ်မလုပ်နိုင်ဘူးလား။ ခင်ဗျား အခုနေတဲ့ လခထက် သုံးဆပိုပြီးပေးမယ်"

"မလုပ်နိုင်ပါဘူး ခင်ဗျာ"

"ဘာဖြစ်လို့လဲ"

"စစ်ကလည်း ဘယ်လိုနေဦးမယ် မသိဘူး။ ပြီးတော့ မြန်မာနိုင်ငံမှာ ကျွန်တော့်ရဲ့ သားမယား ရှိသေးတယ်"

"မိန်းမလား"

"ဟုတ်ပါတယ်"

"ကျုပ်တို့ နိုင်ငံမှာလည်း ရနိုင်ပါတယ်။ ယောကျ်ားတစ်ယောက်ဟာ မိန်းမ ၄ ယောက်ယူနိုင်တဲ့ အခွင့်အရေးရှိပါတယ်"

"ဒီဟာကို ကျွန်ုပ် မဆိုလိုပါဘူး။ နိုင်ငံကိုရော၊ သားမယားကိုရော၊ တခြားပတ်ဝန်းကျင်ကိုရော ခင်မင်တွယ်တာမှုတွေရှိပါတယ်။ ဒီလုပ်ပေးတယ်ဆိုတာ ကျေးဇူးတင်ပါတယ်"

"ကိုင်းလေ ... ဒါဖြင့်လည်း လက်ဖတင်နင်ရဲ့ သဘောပေါ့။ နံနက်စာ စားအပြီးမှာ ကျုပ်ကျေးကျွန်တွေက နယ်ခြားအထိ လိုက်ပို့ကြပါလိမ့်မယ်"

ထို့နောက် အကြီးအကဲသည် ကျွန်တော့်အား အရိုအသေပေး၍ ထွက်သွားရာ ကျွန်တော်လည်း အစောင့်များနှင့်အတူ သူ့နောက်မှ လိုက်သွားရ၏။ အလွန်ကျယ်ဝန်းသော ကျောက်တိုက်ကြီးနှင့်တူသည့် အဆောက်အဦတစ်ခုသို့ရောက်၍ ထိုလူများသည် ကျွန်တော့်အား ခြင်းအတိုင်း နံနက်စာကို ကျွေးမွေးပြီးသော် မြင်း ၄ စီးဖြင့် လိုက်၍ပို့ရာ



www.burmeseclassic.com

www.burmeseclassic.com



ညနေဝင်ရီသရောအချိန်တွင် ချောင်းတစ်ခုအနီးရှိ ရွာကလေးတစ်ရွာသို့ ရောက်ခဲ့၍ ခေါင်းဆောင်ဖြစ်သူလည်း ကျွန်တော့်အား ဝမ်းနည်းကြေကွဲစွာ နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်၍ ပြန်သွားလေ၏။

ထိုရွာမှ ၅ မိုင်ခန့်မျှ ချောင်းကလေးအတိုင်း စုန်ဆင်းလာခဲ့ရာ 'ရှိုဟတ်' ရွာသို့ ရောက်ရှိခဲ့၏။ ထိုမှတစ်ဆင့် ကျွန်တော်၏ စစ်တပ်သို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ပါကြောင်း။

၈ ၈ ၈

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက် ဦးအောင်မြင်

နိပွန်တို့သည် ၁၉၃၉ ခု၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဂရိတ်ဗြိတိန်အား စစ်ကြေညာခဲ့ရာ ထိုအချိန်လောက်မှစ၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌လည်း ဂျပန်သူလျှိုတို့သည် အမြို့မြို့တွင် ခြေရှုပ်လျက်ရှိခဲ့ကြလေသည်။ ယောဂများသည် ကိုယ်တွင်းတွင် အစွဲအလမ်းရှိသောအခါ ထူးခြားသော ရောဂါဝေဒနာများကို လျင်မြန်စွာ တိုးပွားစေသကဲ့သို့ နိုင်ငံခြားသူလျှိုတို့၏ လှုပ်ရှားမှုများသည်လည်း ပြည်တွင်းမှ 'အိမ်ခံ' များရှိသောအခါ အတော်ပင် ခရီးရောက်၍ လာခဲ့လေသည်။

ဤသို့ဖြင့် လျှို့ဝှက်သော နိပွန်နိုင်ငံရေးအဖွဲ့သည် ရန်ကုန်မြို့ပေါ်တွင် အောက်ခြေသိမ်း ဆင်းရဲသား လက်လုပ်လက်စားများမှ တဖြည်းဖြည်း နယ်ချဲ့ကာ အထက်အောက်လွှတ်တော် အမတ်များ၊ အထက်တန်းအရာရှိကြီးများ၊ နိုင်ငံရေးဝါသနာထုံသော သူဌေးသူကြွယ်များ စသောလူ ကုံထံလောကသို့ပင် တစ်စတစ်စ ဝင်ရောက်လာခဲ့လေ၏။ နိပွန်လျှို့ဝှက်ဂိုဏ်းများအား ကူညီနေသူတို့မှာ အများအားဖြင့် နိုင်ငံရေးသမားများဖြစ်သော်လည်း အချို့မှာ နိုင်ငံရေးကို အလျဉ်းနားမလည်ဘဲ ပိုက်ဆံကြေးငွေမြတ်မြတ်ကလေးရသောကြောင့် ကူညီကြခြင်းဖြစ်၏။ ထိုသူများမှာ အများအားဖြင့် နာမည်ကြီး လူဆိုးများ၊ ကြေးစားပြည့်တန်ဆာမများ၊ သခင်[illegible]များ ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းများကို တင်ကြိုသိမြင်ပြီးဖြစ်သော အင်္ဂလိပ်အစိုး တို့ကလည်း သူတို့၏ ခြေလှမ်းများကို အကဲခတ်ကာ ကြံ့ကြံ့ခိုင်ခိုင် ရှိ၏။ ခုခံထောက်လှမ်းသည့် နေရာများတွင် ကျင့်သားရပြီး ဝါရင့်ပြီး ပုဂ္ဂိုလ်များကိုသာ အသုံးပြု၏။ ဤသို့ဖြင့် စုံထောက် ဦးအောင်မြင်မှာ သာမန်ရာဇဝတ်မှုကြီးများကို ထောက်လှမ်းသည့် ဌာနမှ ခေတ္တပြောင်းရွှေ ကာ တိုင်းရေးပြည်ရေးနှင့် ပတ်သက်သည့်ကိစ္စများကို 'ကိုင်' ရလေသည်။ အဘယ်ကြောင့်ဆိုသော် ဦးအောင်မြင်မှ စုံထောက်မင်းကြီး ကိုယ်တိုင်ကပင် အားထားသူတစ်ယောက် ဖြစ်သောကြောင့်ပေတည်း။

တစ်နေ့သော ညနေစောင်း၌ ဦးအောင်မြင်သည် ဘလီဟောတွင် ပြလျက်ရှိသော မြန်မာပြည်လုံးဆိုင်ရာ ပန်းချီအသင်းကြီးက ကြီးမှူးပြသ သည့် ပန်းချီပွဲသို့သွားရောက်လေ၏။ မြောက်ဘက်ပေါက်မှ ဝင်ခဲ့၍ အခန်း ထောင့်တစ်ခုရှိ ဦးဘဉာဏ် ရေးဆွဲသော ဆီဆေးကားတစ်ချပ်ကို စိတ်ပါ ဝင်စားစွာ ကြည့်ရှုလျက်ရှိစဉ် "အို ... ဆရာကြီး ဘာများ ဒီလောက်တောင် စိုက်ကြည့်နေရသလဲ" ဟု ပြောသံကြားလိုက်သဖြင့် ဦးအောင်မြင်သည် နောက်သို့ ဖျတ်ခနဲ လှည့်၍ကြည့်လိုက်လေသည်။ အသက် ၃၀ ခန့်ရှိ ဘန်ကောက်လုံချည်မရမ်းစေ့ရောင်တွင် အောက်နားမှ နှင်းဆီပွင့်အဖြူများ ကို ထိုးထားလျက် ရုပ်ရည်လှပသော မိန်းမတစ်ယောက်သည် မိမိနှင့်ကျော ခိုင်းကာ ဆီဆေးဖြင့် ဆွဲထားသော ပုဂံသဗ္ဗညုစေတီပုံကို ကြည့်ရှုနေသည် ကို တွေ့ရ၏။ အခန်းထောင့်တွင် အခြားမည်သူမျှ မရှိချေ။

"သြော် ... ညွန့်ညွန့်ပါကလား၊ ဘယ့်နှယ့်တစ်ယောက်တည်း လားဗျ။ ဘယ်သူမှ မပါဘူးလား"

"ဘယ်သူမှ မပါပါဘူးရှင်၊ တစ်ယောက်တည်းပါ"

"အမတ်မင်းကော"

"အစည်းအဝေးက ၃ နာရီ ပြန်လာမယ်ဆိုတာ အခုထက်ထိ ပြန် မလာတာနဲ့ ကျွန်မလည်း တစ်ယောက်တည်း ထွက်လာခဲ့တာပဲ။ အစ်ကို ကြီး ကြည့်နေတဲ့ ကားက ဘာကားလဲ အစ်ကိုကြီးရဲ့"

"ဦးဘဉာဏ်ဆွဲတဲ့ကားလေ။ မဲဇာရွာ ဆောင်းဥတုနံနက်ခင်းလို့ စာတန်းထိုးထားတယ်။ ညွန့်ညွန့် ... လာကြည့်စမ်း။ ဒီကားကို ကြည့်ရုံနဲ့ ဆီးနှင်းတွေ တဖြိုက်ဖြိုက်ကျနေတာ တောင်ခိုးတောင်ငွေ့ တွေသန်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ရတယ်။ ကြည့်တဲ့လူရဲ့ မျက်စိထဲမှာ အေးပြီးသွားတာပဲ ညွန့်ရယ်"

ညွန့်ညွန့်သည် ဦးအောင်မြင်ထံ လှည့်လာကာ ဦးအောင်မြင်၏ စကားများကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိလေ၏။

"နေက သိပ်ပြင်းတာပဲနော်၊ ဒီ ဦးဘညာဏ်ရဲ့ ပုံကြည့်ပြီး ညွန့်ဖြင့် ကန်တော်ကြီးဘက်တောင် လျှောက်လည်ချင်စိတ်ပေါ်လာပြီ။ အစ်ကိုကြီး ကားသစ်ကလေးကော"

"အိမ်က ကားရုံထဲမှာလေ"

"ပြန်ယူပါလား အစ်ကိုကြီး၊ ညွန့်ကို ကန်တော်ကြီးတစ်ပတ် လောက် လိုက်ပို့ပါလား"

"ညွန့်သွားချင်ရင် ပို့ပါ့မယ်ဗျာ။ ညွန့် ဒီနေရာက ၁၅ မိနစ် လောက် စောင့်နိုင်ပါ့မလား"

"၁၅ မိနစ် မဟုတ်ပါဘူး။ နာရီဝက်စောင့်ပါ့မယ် အစ်ကိုကြီးရယ်"

စုံထောက် ဦးအောင်မြင်သည် တံခါးပေါက်ဝမှ ထွက်ကာ လူအုပ် ထဲတွင် မကြာမီ ပျောက်ကွယ်သွားလေ၏။

နောက် ၁၅ မိနစ်ခန့်ကြာသောအခါ မီးခိုးရောင် 'ဖောက်ဟော' ကားကလေးတစ်စီးသည် မြောက်ဘက်မုခ်ဝမှ အတွင်းသို့ ချိုးဝင်လာလေ ရာ ညွန့်ညွန့်သည် လှေကားထိပ်ပေါ်မှ ဦးအောင်မြင်အား လက်ပြလိုက်လေ ၏။ ဘန်ကောက်လုံချည် အပြာရောင်၊ သက္ကလတ်ရင်ဖုံး အင်္ကျီမီးခိုးရောင်၊ အတွင်းခံပိုးသား ရှပ်အင်္ကျီအဖြူ၊ သားရေပြောင် ရှူးဖိနပ်အနက်တို့ဖြင့် သပ်ရပ်စွာ ဝတ်ထားသော ဦးအောင်မြင်ကား လွန်ခဲ့သော ၁၅ မိနစ်ခန့်က လွယ်အိတ်ဟောင်းကလေးတစ်လုံးကို လွယ်ကာ ဦးဘညာဏ်၏ ပန်းချီကား ကို ကြည့်နေခဲ့သော သူဟူ၍ မည်သူမျှ မပြောနိုင်ချေ။

ကားပေါ်သို့ ညွန့်ညွန့်တက်မိသောအခါ ကားကလေးသည် လျင် မြန်စွာ ကွေ့၍ ထွက်သွားပြီးနောက် ဘုရားလမ်းတစ်လျှောက် မောင်းနှင် သွားပြီးလျှင် မြောက်ဘက် စောင်းတန်းဦးသို့ ရောက်သောအခါ လက်ဝဲ ဘက်သို့ ချိုး၍သွားလေ၏။ မကြာမီ ကားကလေးသည် ကန်တော်ကြီးကို ကွေ့ပတ်ကာ တငြိမ့်ငြိမ့် ပြေးသွားလျက်ရှိလေသည်။ နှစ်ပတ်မျှ ပတ်ပြီး နောက် လှေရုံရှေ့သို့ ရောက်လာသောအခါ ဦးအောင်မြင်က -

"ဘယ်သွားချင်သေးသလဲ ညွန့်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှ မသွားချင်တော့ဘူး။ လေညှင်းခံလိုက်ရတာ အတော် အပန်းပြေသွားလို့ ဆာတောင်လာပြီ"

"ဒါဖြင့် ဟိုတယ်ကို သွားကြမယ်"

ညွန့်ညွန့်သည် မလှုပ်မယှက် ငြိမ်သက်လျက် ရှိလေ၏။ ကား ထွက်သည့်အချိန်မှစ၍ ညွန့်ညွန့်သည် ဦးအောင်မြင်၏ မျက်လုံးများကို မကြာခဏ စိုက်၍ကြည့်တတ်ပြီးလျှင် တစ်စုံတ[illegible]ပြောတော့မည်ကဲ့သို့ နီရဲသော နှုတ်ခမ်းကလေးများသည် လှုပ်ရှား၍ လာပြီးမှ တစ်စုံတစ်ခုသော အကြောင်းကြောင့် ချက်ချင်းပင် ငြိမ်သက်သွားပြန်၏။

နောက် ၁၅ မိနစ်ခန့်ကြာသောအခါ ကားကလေးသည် အထက် ပန်းဆိုးတန်းဘက်သို့ ရောက်ရှိလာလျက် ဆူးလေဘုရားလမ်းတစ်လျှောက် မောင်းနှင်ခဲ့ပြီးလျှင် ကုန်သည်လမ်းသို့ ရောက်သောအခါ 'ရိုမန်နီယာ' ဟိုတယ်ရှေ့တွင် ရပ်၏။

ဦးအောင်မြင်သည် ညစာ ၂ ပွဲမှာထားပြီးနောက် လင်မနစ်ကို တစ်ကျိုက်နှစ်ကျိုက်မျှမော့ကာ ငါးသုံးလုံး စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လေ၏။ ညွန့်ညွန့်ကမူ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ယခင် ကထက် အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ဦးအောင်မြင်အား ကြည့်ရှု လျက်ရှိလေသည်။

"ဒါထက် နိုင်ငံရေးဘက်ကို အစ်ကိုကြီး အခုရောက်နေတယ်ဆို"

"ညွန့်ကို ဘယ်သူပြောလဲ"

"အထက်တန်းလွှာတွေနဲ့ ပေါင်းနေတဲ့ မိန်းမတစ်ယောက်ကို မေး နေဖို့ မလိုပါဘူး အစ်ကိုကြီးရယ်"

"ဟုတ်ပါရဲ့၊ အစ်ကိုကြီး မေးမိတာ မှားသွားတယ်"

"ဒါထက် ၁၃ လမ်းက အငြိမ့်ထောင်တဲ့ အငြိမ့်ဆရာ ဦးလူဝင်းဆီ ကို အစ်ကိုကြီး ရောက်ဖူးလား"

စုံထောက် ဦးအောင်မြင်သည် ၁၃ လမ်း အငြိမ့်ဆရာ ဦးလူဝင်း အိမ်သို့ တစ်ကြိမ် ရောက်ခဲ့ဖူး၏။ ဦးလူဝင်းမှာ အသက် ၅၀ ကျော်မျှ ရှိ ပြီဖြစ်၍ ရွှေတိဂုံစေတီပကာဘဏ္ဍာတော်ထိန်းလူကြီးမြေပိုင်ရှင် အနောက်ပိုင်း စာဖတ်သင်း ဒုတိယဥက္ကဋ္ဌဖြစ်၍ အရပ်ထဲတွင် သြဇာ တိက္ကမနှင့် ပြည့်စုံ သော လူကြီးလူကောင်းတစ်ယောက်ဖြစ်၏။ အရပ်လူကြီးတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ပြီးလျှင် အနောက်ပိုင်းတွင် ကိစ္စကြီးငယ်ရှိက ဦးလူဝင်း မပါလျှင် မပြီးချေ။ ဦးလူဝင်းအား တိုင်ပင်ကြရသည်သာ ဖြစ်၏။ လမ်းမတော်၏ အနောက်ဖက်တွင်ရှိသော လူဆိုးလူမိုက်မှန်သမျှ အပေါ်တွင်လည်း ဦးလူဝင်းမှာ အတော်သြဇာညောင်းသူ ဖြစ်လေသည်။

ဦးလူဝင်းအိမ်သို့ အငြိမ့်ငှားရန် ဦးအောင်မြင်သွားရောက်ခြင်းမှာ အမှန်အားဖြင့်ဆိုသော် အငြိမ့်ငှားရမ်းလို၍ မဟုတ်၊ အခြားအရေးကြီးကိစ္စတစ်ခုကို စုံစမ်းရန်ဖြစ်၏။ ဦးလူဝင်း၌ သားနှစ်ယောက်နှင့် သမီးတစ်ယောက်ရှိ၏။ သားနှစ်ယောက်အနက် တစ်ယောက်မှာ အနောက်ပိုင်းရှိ မိုနီတာ ဂျပန်သွားစိုက်ဆိုင်တစ်ဆိုင်၌လည်းကောင်း၊ အခြားသားတစ်ယောက်မှာ ဆူးလေဘုရားလမ်းရှိ 'ဟိရိုရှိ' ဓာတ်ပုံတိုက်၌လည်းကောင်း အလုပ်လုပ်နေကြ၏။ သမီးဖြစ်သူမှာ အတွင်းဝန်ရုံး နိုင်ငံခြားရေးဌာနတွင် လက်နှိပ်စက်စာရေးမ လုပ်နေ၏။ ဦးလူဝင်းမှာ နဂိုက မိုက်ရည်လည်း ရှိပြန်၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံပြန် ဖြစ်ရကား ရန်ကုန်မြို့ပေါ်ရှိ ရုပ်သေး၊ ဇာတ်၊ အငြိမ့်ဆိုင်းဝိုင်းမှန်သမျှ ဦးလူဝင်း၏ လက်အောက်တွင် ရှိနေကြပေသည်။ ဦးလူဝင်းကား သြဇာညောင်းမည်ဆိုကလည်း ညောင်းလောက်ပါပေ၏။ အဘယ်ကြောင့်ဆိုသော် ဦးလူဝင်းသည် ဇာတ်များ၊ အငြိမ့်များ ထူထောင်ရေးအတွက် ငွေကြေးစိုက်ထုတ်ချေးငှားရုံမျှမက ဇာတ်အဖွဲ့ဝင်များတွင် အရေးအကြောင်းရှိက ငွေအား လူအားဖြင့်လည်း ကူညီခဲ့လေသည်။

ဦးလူဝင်းအိမ်သို့ မိမိတစ်ကြိမ် ရောက်ဖူးကြောင်း ညွန့်ညွန့်က သိနေသည်ကို ဦးအောင်မြင်သည် စဉ်းစားမရနိုင်အောင်ရှိ၏။ ညွန့်ညွန့်သည် မိမိ၏ထောက်လှမ်းချက် တစ်စိတ်တစ်ဒေသကို အဘယ်ကြောင့် သိရလေသနည်း။ ညွန့်ညွန့်အိမ်ထောင်မပြုမီကပင် ဦးအောင်မြင်သည် ညွန့်ညွန့်တို့အိမ်သို့ ဝင်ထွက်ခဲ့ဖူးရာ၊ တစ်ခါတစ်ရံ မိမိအား မရိုးသောချက်လုံးမျိုးဖြင့် တိတ်တိတ်ခိုးကြည့်ဖူးသည်ကို ပြန်၍ သတိရမိ၏။ အချစ်ဟူသော ဓာတ်သည် အလွန်ခိုင်မြဲစွာ အမြစ် တွယ်တတ်သည့် သဘောတရားရှိလေရာ ယခင်က ဟောင်းနွမ်းဆွေးမြေ့နေသော အချစ်သည် ယခုအညောင့်အတက်ပေါက်ကာ မိမိအပေါ်တွင် အလွန်စေတနာ သဒ္ဓါရှိရားဆက်သန်လျက်ရှိသည်မှာ ထင်ရှားလှ၏။ ညွန့်ညွန့်သည် မိမိအား လျှို့



www.burmeseclassic.com

www.burmeseclassic.com


မန်နေဂျင်းဒါရိုက်တာ ဦးအောင်သင်းကို မတွေ့ရသဖြင့် မောင်အေးချိုသည် ဦးအောင်သင်းကိုစောင့်ရင်း စာရေးကိုစိန်ထွန်းနှင့် စကားစမြည် ပြောဆိုလျက်ရှိ၏။

ချို ။ ။ "ဘယ်နှယ့်လဲ ကိုစိန်ထွန်း၊ ခင်ဗျား ဟို ဘက်ထောင့်မှာ ထိုင်နေကျ စာရေးကြီးလည်း မမြင်ပါကလား"

စိန် ။ ။ "မရှိတော့ဘူး ခင်ဗျ၊ သူ အလုပ် မလုပ်တော့ဘူး"

ချို ။ ။ "ဘာဖြစ်လို့လဲ"

စိန် ။ ။ "သူ့ကို လခ ၂၀၀ ပေးရတာ အကုန်အကျ များတယ်ဆိုပြီး နုတ်ပစ်လိုက်ပြီ"

ချို ။ ။ "နို့ လက်နှိပ်စက်ရိုက်တဲ့ ကလေးမလေးကကော ..."

စိန် ။ ။ "သူကတော့ မလွှဲသာလို့ ထွက်သွားရတာပါ ခင်ဗျာ။ ကိုအေးချို ဒီအကြောင်း မသိဘူးလား"

ချို ။ ။ "ဟင့်အင်း မသိဘူး"

စိန် ။ ။ "မြင့်မြင့်နဲ့ ကျွန်တော်တို့ ဆရာကြီးနဲ့ တိတ်တိတ်ပုန်း ဖြစ်နေတာ အတော်ကြာပြီဗျ။ ဒါနဲ့ လွန်ခဲ့တဲ့ တစ်လလောက်ကမှ အကောင်အထည်ပေါ်လာတော့ ဆရာကြီးက တောပြန်ပို့လိုက်တယ်"

ချို ။ ။ "ကောင်မလေးက မဆူဘူးလား"

စိန် ။ ။ "ငွေ ၁၀၀၀ ပေးပြီး ပါးစပ်ပိတ်လိုက်တော့ ငြိမ်ကျသွားတာပေါ့ဗျာ"

ချို ။ ။ "လူကြီးလုပ်ပြီး သစ္စာရှိဖို့ ကောင်းတယ်နော်။ ဟာ ... ခင်ဗျားတို့မြို့ပဲ ရှုပ်ပါတယ်။ လူကြီးလူကောင်းဆိုပြီး ..."

စိန် ။ ။ "ကျုပ်တို့ဆီမှာတော့ ဒါမျိုးတွေ ရိုးနေပြီဗျို့"

ချို ။ ။ "ဦးအောင်သင်းဟာ ဒီလောက် ရမ်းကားလိမ့်မယ်လို့ ကျုပ် အစက မထင်မိဘူး"

စိန် ။ ။ "ကိုအေးချိုက အကြောင်းမသိလို့ကိုဗျ။ အဘိုးကြီးက ဒီလိုဘက်က အတော်လိုက်စားတာ"

ထို့နောက် စကားလက်စပြတ်သွားပြီးလျှင် နေ့လယ် အလုပ်ဆင်းချိန်နှင့် ကြုံသဖြင့် မောင်အေးချိုလည်း စာရေး ကိုစိန်ထွန်းအား နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com

၄က်ချက် တစ်စုံတစ်ရာကို အတည့်အလင်းသော်လည်းကောင်း၊ စောင်းပါး ရိပ်ခြည်သော်လည်း ပြောလိုဟန်တူ၏။

စီးကရက်ကို အတန်ကြာ ဖွာ၍ နေပြီးမှ ဦးအောင်မြင်က အဖြေ ပေးလေသည်။

"ဘာဖြစ်လို့ မေးတာလဲ ညွှန့်ရဲ့"

"ဒီဟာတော့ ကျွန်မ အဖြေမပေးနိုင်ဘူး။ နို့ပေမဲ့ ညွှန့်ဟာ ဘယ် အခါမဆို အစ်ကိုကြီးရဲ့ ကောင်းကျိုးကို ဆောင်ရွက်တယ်။ အစ်ကိုကြီး ကြီးပွားတာ မြင်လိုတယ်။ အစ်ကိုကြီးမှာ ဘေးအန္တရာယ်ရှိရင် သတိပေးချင် တယ်ဆိုတာတော့ အစ်ကိုကြီး ယုံကြည်ရဲ့ မဟုတ်လား"

"ယုံကြည်ပါတယ်ဗျာ"

ထို့နောက် ညစာကို ဆက်လက်စားသောက်ကြလေ၏။ ညွှန့် ညွှန့်သည် ဦးအောင်မြင်၏ ပန်းကန်ထဲသို့ ကြက်ကလေးကင်မှ ပေါင်းသား ကလေးများကိုပင် ဓားဖြင့် လှီးဖြတ်ထည့်ပေး၏။ စားသောက်ပြီးလတ် သော် ဦးအောင်မြင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလေ၏။

"ကိုင်း ... ညွှန့် ဘယ်သွားချင်သေးလဲ"

"မသွားချင်ပါဘူး အစ်ကိုကြီးရယ်။ အိမ်ကိုပဲ ပို့ပါတော့"

အထက်လွှတ်တော်အမတ် ဦးထွန်းတင်မှာ သော်မဆင်လမ်းတွင် ရှိသဖြင့် ဦးအောင်မြင်သည် ကားကလေးကို ကုန်သည်လမ်းအတိုင်း အရှေ့ ဘက်သို့ မောင်းနှင်ခဲ့လေ၏။ သော်မဆင်လမ်းရှိ သုံးထပ်တိုက်တစ်တိုက် ရှေ့သို့ ရောက်သောအခါ ဦးအောင်မြင်သည် ကားကလေးကို ထိုး၍ရပ် လိုက်ပြီးလျှင် အောက်သို့ဆင်း၍ ညွှန့်ညွှန့်အား တံခါးဖွင့်ပေးလေသည်။

ဦးထွန်းတင်နှင့် ညွှန့်ညွှန့်တို့နေသော တိုက်ခန်းမှာ တိုက်၏ အလယ်ထပ်ဖြစ်၍ ပြတင်းပေါက်မှ ခန်းဆီးအပြာရောင်ကို ချထားပြီးလျှင် အတွင်း၌ မီးတစ်လုံးသာ ထွန်းထားသည်ကို မြင်ရ၏။

"ကိုင်း ... ကိုင်း ... မြန်မြန်သွား၊ ညွှန့်ညွှန့်ရဲ့မောင်တော် ရောက် နေလို့ ဆူနေဦးမယ်"

"လမ်းမှန်အတိုင်းလုပ်တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ဆူရ မှာလဲ အစ်ကိုကြီးရဲ့။ ညွှန့်အကြောင်း အစ်ကိုကြီးလည်း သိသားနဲ့"


www.burmeseclassic.com

www.burmeseclassic.com


ညွန့်ညွန့်မှာ မည်သည့်နေရာ၌မဆို စိတ်ထဲတွင် ဟုတ်မှန်သည် ထင်က မကြောက်မရွံ့ ပြုလုပ်တတ်ကြောင်း ဦးအောင်မြင် သိပြီးဖြစ်၏။ အကင်းပါးသော မိန်းကလေးတစ်ယောက်ဖြစ်သဖြင့်လည်း ယောကျ်ား၏ အလုပ်များကို ဝင်ရောက်စွက်ဖက်ခြင်း မရှိသော်လည်း တိုင်းရေးပြည်ရေးနှင့် ပတ်သက်သည့် နက်နဲသော အချက်များကို ကောင်းစွာ သိရှိနားလည်သူ ဖြစ်လေသည်။

ကားပေါ်မှ ဆင်းသောအခါ ညွန့်ညွန့်နှင့် ဦးအောင်မြင်တို့မှာ တစ်ဖန် မျက်လုံးချင်း ဆုံမိကြပြန်ရာ ညွန့်ညွန့်၏ နှုတ်ခမ်းကလေးများမှာ လှုပ်ရှားတော့မည်ကဲ့သို့ ရှိနေသဖြင့် တစ်စုံတစ်ခု ပြောရန် ကျန်ရှိသေးကြောင်း ဦးအောင်မြင် သိရှိရိပ်မိလေသည်။

"အစ်ကိုကြီး သွားတော့မယ်နော်"

"ဟုတ်ကဲ့ ... ဩော် ... အစ်ကိုကြီးကို တစ်ခုပြောချင်တယ်"

"ပြောလေ ... ဘာလဲ ညွန့်ရဲ့"

"ဓာတ်သမပဲ ဖြစ်ဖြစ်၊ အငြိမ့်သမပဲဖြစ်ဖြစ် အခုတလော ခပ်ကင်းကင်းနေပါ အစ်ကိုကြီးရယ်။ ပြီးတော့ သူတို့က ဖိတ်မန္တကပြုရင်လည်း လက်မခံပါနဲ့။ ညွန့် အစ်ကိုကြီးကို သတိပေးပါရစေ"

"ဘာဖြစ်လို့လဲ ညွန့်"

"ဒီမေးခွန်း မေးလိမ့်မယ်ဆိုတာ ညွန့် အထင်သားပဲ။ ညွန့် မဖြေနိုင်ဘူး အစ်ကိုကြီးရဲ့။ ညွန့်မှာ ဝတ္တရားအတိုင်း သစ္စာစောင့်ထိန်းရမယ့် လူတွေ ရှိသေးတယ်"

"ကောင်းပါပြီ ညွန့်ရယ်။ ဒါထက် ညွန့်ကို တစ်ခုမေးပါရစေ။ အစ်ကိုကြီးကို ဘာဖြစ်လို့ အခုလို ညွန့် သတိပေးရတာလဲ"

"မိန်းမတွေဟာ ထူးထူးဆန်းဆန်း လုပ်တတ်ကြတယ် အစ်ကိုကြီးရဲ့။ ယောကျ်ားများ နားမလည်နိုင်ဘူး။ ကျွန်မကိုယ်တိုင်တောင် တစ်ခါတလေ နားမလည်ဘူး၊ သွားပြီနော် အစ်ကိုကြီး"

ညွန့်ညွန့်သည် လျင်မြန်ဖျတ်လတ်စွာ မှောင်မိုက်သော တိုက်အလယ်တံခါးမှ အပေါ်သို့ တက်သွားလေ၏။

၁၀ ရက်ခန့်မျှကြာသောအခါ ဦးအောင်မြင်သည် အိမ်ဧည့်ခန်းတွင် ၎င်း၏ ညီတစ်ဝမ်းကွဲတော်သူ ကိုအောင်မြတ်ဆိုသူနှင့် စကား


www.burmeseclassic.com

www.burmeseclassic.com

စမြည်ပြောဆိုလျက်ရှိကြသည်။ ကိုအောင်မြတ်မှာ ဦးအောင်မြင်ထက် ၅ နှစ်ခန့်ငယ်ပြီးလျှင် မိဘများငွေကြေးချမ်းသာသည့်အလျောက် အလုပ်အကိုင်ဟူ၍ အတည်တကျ မရှိဘဲ၊ အေးဆေးစွာ နေထိုင်သူတစ်ယောက်ဖြစ်၏။ တစ်ခါတစ်ရံ ဦးအောင်မြင်၏အလုပ်များကိုပင် ဝင်ရောက်ကူညီခဲ့ဖူးလေသည်။

ကိုအောင်မြတ်သည် သံဘူးထဲမှ စီးကရက်တစ်လိပ်ကို ယူ၍ မီးညှိပြီးလျှင် အံဆွဲအတွင်းမှ စာအိတ်ကြီးတစ်လုံးကို ထုတ်ယူလိုက်လေ၏။

"ဩော် ... ဟောဒီမှာ အစ်ကိုကြီးအတွက် ဖိတ်စာတစ်စောင်ရောက်နေတယ်"

"ဘယ်က ဖိတ်စာလဲကွယ့်"

"အငြိမ့်သမ မန္တလာဆွေတဲ့ အစ်ကိုကြီးရဲ့၊ နက်ဖြန်ညနေ ၄ နာရီခွဲ ဆဗွိုင်းဟိုတယ်သို့ လက်ဖက်ရည်သောက် ဖိတ်တယ်"

"ငါလည်း မသိပါကလားဟေ့"

"သိသိ မသိသိပေါ့ အစ်ကိုကြီးရယ်။ နာမည်နည်းနည်းကြီးလာရင် ဒီလိုဖိတ်ကြတာပဲ"

"ဘယ်သူကွယ့် ... မန္တလာဆွေ ဟုတ်စ"

"ဟုတ်တယ် အစ်ကိုကြီးရဲ့ မန္တလာဆွေတဲ့။ မန္တလေးက ဆင်းလာတာ မကြာသေးဘူး။ မနော်ဟရီလမ်းမှာ တိုက်ခန်းငှားနေတယ်"

"အောင်မယ် မင်းက သိနေပြီလား"

"သိတာပေါ့ အစ်ကိုကြီးရဲ့၊ ကျွန်တော်က အလုပ်ရှိတဲ့အကောင်မှ မဟုတ်ဘဲ။ အငြိမ့်ဆိုရောက် ပွဲဆိုရောက်နေတဲ့လူပဲ"

"မနော်ဟရီလမ်းမှာ တိုက်ခန်းငှားနေတယ်။ ပြီးတော့ အခု လည်း ဆဗွိုင်းမှာ လူကြီးလူကောင်းတွေ ဖိတ်ပြီး မိတ်ဆက်ညှော်ခံပွဲလုပ်တယ်ဆိုတော့ အတော်ဖောလို့ပေါ့"

"သူက ညကြေးကြီးရမှ က,တယ် အစ်ကိုကြီးရဲ့။ ပွဲတစ်ချိုကို ၁၀၀ ရမှ က,တယ်။ တခြားအငြိမ့်တွေက လေးငါးဆယ်နဲ့ က,တယ် မဟုတ်လား၊ အစ်ကိုကြီး ကြည့်ဖူးလား"

"မကြည့်ဖူးပါဘူးကွယ်။ လစ်ဘာဘီမြရင်နဲ့ ဘယ်လိုနေလဲ"

"တစ်ယောက်တစ်မျိုးစီပေါ့ အစ်ကိုကြီးရယ်။ နို့ပေမဲ့ သူက ရုပ်


www.burmeseclassic.com

www.burmeseclassic.com



ချောတယ်၊ အပြောလည်းသာတယ်။ အစ်ကိုကြီး မမြင်ဖူးဘူးလား"

"ဟင့်အင်း မမြင်ဖူးဘူး"

"ဒါဖြင့် ညစာစားပွဲ ဖိတ်တာသွားပေါ့ အစ်ကိုကြီးရဲ့၊ နီးနီးကပ်ကပ်လည်း မြင်ရရော၊ မိတ်ဆွေလည်း ဖြစ်ရော"

"အစ်ကိုကြီးကို မသိဘဲနဲ့ ဘာဖြစ်လို့ ဖိတ်သလဲ မသိဘူး"

"လူဆိုတာ ပိုက်ဆံချမ်းသာလာတော့ အရာရှိအရာခံတွေနဲ့ ပေါင်းချင်တယ်။ ပုလိပ်ဘက်ကို မျက်နှာလုပ်ချင်တယ်။ ဘွဲ့ထူးဂုဏ်ထူးတွေ လိုချင်တယ်။ အဲဒီလိုဖြစ်လာတာပေါ့ အစ်ကိုကြီးရယ်၊ ထုံးစံအတိုင်းပေါ့"

"သူ့ငယ်မက အတော်ချောသလား"

"ချောတယ် အစ်ကိုကြီးရဲ့၊ အစ်ကိုကြီး တွေ့တော့သိပါလိမ့်မယ်။ ဘယ့်နှယ့်လဲ နက်ဖြန် လိုက်မယ် မဟုတ်လား"

ဦးအောင်မြင်သည် စီးကရက်ကို မီးညှိမည်ပြုပြီးမှ မညှိသေးဘဲ အတန်ကြာ စဉ်းစားလျက်ရှိရာ မီးခြစ်ဆံကုန်သောအခါ အောက်သို့ပစ်ချလိုက်လေသည်။

"အေး ... မင်းနဲ့အတူဆိုရင် လိုက်တာပေါ့ကွယ်"

"ကျွန်တော် မိတ်ဆက်ပေးပါ့မယ် အစ်ကိုကြီးရယ်"

"ဒါထက် မင်းနဲ့ ဘယ်တုန်းကသိတာလဲ"

"ဘယ်တုန်းကသိသိ အစ်ကိုကြီးရယ်၊ ပြောမနေပါရစေနဲ့။ ဩော် ... ဒါနဲ့ အမြဲသူနဲ့ တွဲနေတဲ့ လူကြီးတစ်ယောက်ရှိတယ် အစ်ကိုကြီးရေ့။ ဘိုကပြားလိုလို ဘာလိုလိုပဲ။ နာမည်က ဦးသော်ဇင် ဆိုထင်ပါရဲ့၊ ဘိုလို ဝတ်တယ်"

"ဒီလူကြီးက ဘာလုပ်တာလဲ"

"သူဌေးပေါ့ အစ်ကိုကြီးရယ်။ အသက် ၄၀ ကျော်လောက်ရှိပြီ"

"ဦးသော်ဇင် ဟုတ်လား၊ လူပုံက ဘယ်လိုနေသလဲ"

"အသားဖြူဖြူ အရပ်မြင့်မြင့်"

"မျက်နှာနီနီ၊ နှာခေါင်းချွန်ချွန် မဟုတ်လား။ လမ်းသွားရင် ခြေတစ်ဖက်နည်းနည်း ဆာတယ်လေ"

"ဟုတ်တယ် အစ်ကိုကြီးရေ့ ... အစ်ကိုကြီး သိလား"

"မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ကိုင်းလေ ... ကျွန်တော် ၄ နာရီအရောက် ဒီကိုလာခဲ့မယ် အစ်ကိုကြီး စောင့်နေပေတော့"

*

နောက်တစ်နေ့ညနေ ၄ နာရီကျော်ကျော်လောက်တွင် ဦးအောင်မြင်သည် မောင်အောင်မြတ်နှင့်အတူ ကားကလေးနှင့် အိမ်မှ ထွက်ခဲ့ရာ အချိန်အတန်ငယ် စောသေးသည်နှင့် ပုလိပ်ရုံးသို့ဝင်ပြီးလျှင် စုံထောက်အင်စပိတ်တော် တစ်ယောက်နှင့် ခေတ္တစကားပြောနေ၏။ မောင်အောင်မြတ်မှာ ကားကလေးထဲတွင် ထိုင်ကာ ငိုက်လျက်ရှိလေရာ ရုံးပေါ်မှာ ဦးအောင်မြင်ဆင်းလာသောအခါ၌မူ ၄ နာရီခွဲမျှပင် ရှိခဲ့လေပြီ။ ထို့နောက် ကားကလေးသည် အနော်ရထာလမ်းမှ ဆူးလေ ဘုရားလမ်းဘက်သို့ မောင်းနှင်သွားပြီးနောက် 'ဆဗွိုင်း' ဟိုတယ်ရှေ့တွင် ရပ်လေ၏။

ဟိုတယ်ခန်းမကြီး၌ မန္တလာဆွေ၏ ညှ့်ခံလက်ဖက်ရည်ပွဲ ကျင်းပလျက်ရှိရာ ယောကျ်ား မိန်းမ ပရိသတ် ၅၀ ကျော် ၆၀ ခန့်ရှိ၍ ဒုတိယပုလိပ်မင်းကြီးနှင့်စုံထောက်အရာရှိများ၊ လွှတ်တော်အမတ်များ၊ မြို့အုပ်ဝန်ထောက်များ မြေပိုင်ရှင်နှင့် စက်သူဌေးများနှင့် မင်းကတော် သူဌေးကတော်များ ဖြစ်လေသည်။ မန္တလာဆွေသည် ပန်းနုရောင်နှင်းဆီပွင့်ကြီးများ ထိုးထားသော ခရမ်းရောင်ဘန်ကောက်လုံချည်၊ ခရမ်းရောင်လက်ကြပ်အင်္ကျီကို ဝတ်ထား၏။ လက်ယာဘက် လက်ကောက်ဝတ်တွင် စိန်လက်ကောက်တစ်ဆင့်ကိုလည်းကောင်း လက်ဝဲဘက်သူကြွယ်တွင် ကြစုသီးပုံ စိန်ခြယ်မြလက်စွပ်ကိုလည်းကောင်း ဝတ်ဆင်ထား၏။ ရွှေနှင့်တစ်၍ ထားသော ပုလဲလည်ဆွဲကလေးသည် နွဲ့သွယ်ကြော့ရှင်းသော လည်တိုင်ကို ၂ ပတ်မျှ ရစ်ပတ်လျက်ရှိ၏။ တစ်ဖက်လျှင် ၂ ရတီခန့်မျှစီရှိသော စိန်တစ်လုံး နားပွင့်ကလေးများသည် ဝတ်ဆင်သူ၏ မျက်လုံးများနှင့် ယှဉ်ပြိုင်ကာ ဝင်းခနဲ လက်ခနဲ တောက်ပလျက်ရှိလေသည်။ ဦးသော်ဇင်က ပရိသတ်များအား မိတ်ဆက်ပေးလျက်ရှိ၏။ အငြိမ့်သမနှင့် ဇာတ်သမများမှာ အပြင်၌လည်း ဇာတ်ဟန်ပါ၍နေတတ်ကြရာ မန္တလာဆွေမှာ ဇာတ်ဟန်ဟူ၍ အလျဉ်းမရှိဘဲ ပကတိ အရပ်သူတစ်ယောက်၏ အမူအရာမျိုးဖြင့် ဦးသော်ဇင် မိတ်ဆက်ပေးသော သူများအား တစ်ဦးမှတစ်ဦးသို့ ကူးပြောင်းကာ နှုတ်ဆက်လျက်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com


စုံထောက် ဦးအောင်မြင်နှင့် ကျောချင်းကပ်လျက်ရှိသော စားပွဲမှ အသက် ၂၅ နှစ်ခန့်လူရွယ် ၂ ယောက်တို့သည် အချင်းချင်း တီးတိုးပြောဆိုလျက်ရှိ၏။

"အိုင်ဆေး … အတော်နိုပ်သားပဲဗျ"

"သိပ်တော့ … မလှပါဘူးဗျာ၊ ယဉ်တာတစ်ခုပဲ"

"မန္တလေးသူကိုဗျ၊ ပြီးတော့ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဆို ဟုတ်လား"

"မန်းနီးလည်း အတော် ဖောသနဲ့တူတယ်"

"တူပါရဲ့ဗျာ။ မနော်ဟာရီလမ်းမှာတောင် တိုက်ခန်းငှားနေနိုင်တယ်ဆိုတော့ ဖောလို့ပေါ့"

"နဂိုက ပိုက်ဆံရှိတယ် ထင်ပါရဲ့"

"ဒီဟာတော့ မသိဘူး။ ဝင်ငွေလည်း အတော်ကောင်းလို့ပေါ့ဗျာ"

"တစ်ပွဲ တစ်ရာတောင် ယူတာပဲ ကိုလှစိန်ရဲ့"

"ဒီဟာကြောင့်လည်း ဟုတ်မယ် မထင်ပါဘူးဗျာ။ တစ်ပွဲ တစ်ရာရတယ် ထားဦးတော့ ဒီလောက် ဝတ်စားသုံးစွဲပြီး အခန့်နေနိုင်ပါ့မလား ဆိုကျော်ဒင်ရယ်"

"တစ်ခုလည်းရှိသေးတယ်။ သူနဲ့ ကပ်ထိုင်နေတဲ့ ဟိုငတိကြီးကို ကြည့်စမ်း"

"ဘိုလို ဝတ်ထားတဲ့ လူကြီးလား"

"ဟုတ်တယ်လေ … သူက ဦးသော်ဇင်တဲ့၊ ကောင်မကို ဗိုးပြီး ဒီငနဲကြီးက အတော်ကျနေတယ် ကြားတယ်"

"ဟုတ်မှာပေါ့ဗျာ … ဒီမိန်းမမျိုးဟာ ဘယ်လိုပဲ အကျင့်စာရိတ္တ ကောင်းတယ် ပြောပြော၊ ရသာရင်တော့ ချိုင်မှာပေါ့။ နေပါဦး ဒီလူကြီးက ဘယ်ကလဲဗျ"

"ကျုပ်လည်း အသေအချာတော့ မသိဘူး။ နို့ပေမဲ့ ဒီလူကြီးဟာ ခင်းတွေ စိုးတွေနဲ့ ပေါင်းပြီး အတော်နံ့စပ်တဲ့ လူကြီးတစ်ယောက်ဗျ။ ခင်းပွဲ နီးပွဲတွေ ဂါဒင်းပါတီ တီးပါတီတွေမှာ ဒီလူကြီးကို ကျုပ် မကြာမကြာ တွေ့ဖူးတယ်"


www.burmeseclassic.com

www.burmeseclassic.com



သို့ပြောဆိုလျက်ရှိစဉ် မန္တလာဆွေ ကိုယ်တိုင် အနီးသို့ရောက်လာသဖြင့် ကိုလုစိန်နှင့် ကိုကျော်ဒင်ဆိုသူ ၂ ယောက်တို့မှာ စကားလက်စ ပြတ်သွားလေ၏။

လက်ဖက်ရည်ပွဲပြီး၍ အားလုံးဧည့်သည်များ အတော်ရှင်းသွားသောအခါ ကိုအောင်မြတ်က ဦးအောင်မြင်အား အငြိမ့်သမ မန္တလာဆွေနှင့် မိတ်ဆက်ပေးလေသည်။

"ဟောဒီမှာပဲ ဆွေဆွေ၊ ကျွန်တော့်နောင်တော် ကိုအောင်မြင် ဆိုတာ အစိုးရစုံထောက်ဌာနမှာ အလုပ်လုပ်ပါတယ်"

ဦးအောင်မြင်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်ကာ မသိမသာ ပြုံးလျက် –

"တွေ့ရတာ ဝမ်းသာပါတယ် ရှင်၊ ဒီလိုရာထူးလည်း ကြီး၊ နာမည်လည်း ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ မိတ်ဆွေ ဖြစ်ရတာ ကျွန်မလည်း အားကိုးတစ်ခုရတာပေါ့"

"နာမည်တော့ မကြီးပါဘူးဗျာ"

"ဘယ်နှယ့် မကြီးရမှာလဲ ရှင်။ ဘယ်နေရာမှာ ဘယ်အမှုကို ဖမ်းလိုက်ပြန်ပြီ၊ ဘယ်အမှုကို ဘယ်လို ဆောင်ရွက်လိုက်တာ ဘယ်လိုအောင်မြင်သွားပြီဆိုတဲ့ သတင်းတွေ ကျွန်မတို့ အမြဲကြားနေရတာပဲ။ ကျွန်မတို့ မန္တလေးမှာဆိုရင် ဦးအောင်မြင်ဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ တစ်ပြုံင်နက် ကလေးကစ သိကြတာပဲရှင်။ ဒါကြောင့် ဟောဒီက ကိုအောင်မြတ်ကို တစ်နေ့ မိတ်ဆက်ပေးပါဆိုတဲ့အကြောင်း ပြောနေရတယ်"

"ဟုတ်တယ်၊ ဒီကလည်း တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်မကဖြင့် ဝမ်းသာရုံမကဘူး မြင်မြင်ချင်း အစ်ကိုကြီး အရင်းလို အောက်မေ့ပြီး အားကိုးမိတယ်"

"အားကိုးနိုင်ပါတယ်ဗျာ။ ဘာမဆို ပြောသာပြောပါ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်"

"ဒီလို အစ်ကိုကြီးရဲ့၊ ကျွန်မလည်း အငြိမ့်အဖွဲ့နဲ့ မန္တလေးဆင်းလာခဲ့တာ ရန်ကုန်မှာ အသိအကျွမ်းလည်း များများစားစား မရှိဘူး ဒါနဲ့ ကိုယ့်မိတ်ဆွေသင်္ဂဟကလေးရှိတာနဲ့ ပေါင်းပြီး အခုလို မိတ်ဖွဲ့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့လေ နောက်တော့ မိတ်ဆွေတွေ ပေါလွန်းအားတောင် ကြီးနေပါလိမ့်ဦးမယ်။ အစ်ကိုကြီးတို့ ရန်ကုန်က ခင်တတ်ပါတယ်"

"ဟုတ်ပါတယ်ရှင်၊ ဒီလိုကြားရတာ ဝမ်းမြောက်ပါတယ်။ ဒါ့ထက် အခုတင်က စကားဆက်ပြောရဦးမယ်။ ကျွန်မမှာတော့ သဘင်သည်လည်း ဖြစ်ပြန်၊ မိန်းမသားတစ်ယောက်လည်း ဖြစ်ပြန်ဆိုတော့ သာပြီး အပေါင်းအသင်းလိုတာပေါ့ အစ်ကိုကြီးရဲ့။ အခုကာလက မိန်းမသားတစ်ယောက်တည်းဆိုရင် စော်ကားတတ်တယ် မဟုတ်လားရှင်။ ဒါကြောင့် တတ်နိုင်သလောက် ခုံခုံညားညားနေပြီး အခုလို လူကြီးလူကောင်းတွေနဲ့ ပေါင်းရတာ၊ အရေးအကြောင်းရှိရင် အားကိုးပါရစေနော် အစ်ကိုကြီး"

"စိတ်ချပါ ... အင်း"

"ကျွန်မ နာမည်ရင်းက မခင်ဆွေတဲ့ အစ်ကိုကြီးရဲ့"

"အကြောင်းကြီးငယ်ရှိရင် ပြောပါလေ။ မခင်ဆွေ ... ဒီက တတ်နိုင်သမျှ ကူညီပါ့မယ်"

"ဩော် ... ဒါ့ထက် နက်ဖြန်ည ၈ နာရီ ကျွန်မတို့ အိမ်ကိုလာပြီး ထမင်းစားပါလား။ အစ်ကိုကြီးလည်း ကျွန်မတို့အိမ် ရောက်ဖူးရော၊ စကားစမြည်လည်း အေးအေးဆေးဆေး ပြောရရော၊ ဒီက ကိုအောင်မြတ်ပါ လိုက်ရမယ်နော်"

မြတ်။ ။"ကျွန်တော် မလိုက်ပါရစေနဲ့ဗျာ။ အစ်ကိုကြီးသာ ဖိတ်သွားပါ။ ကျွန်တော် ကိစ္စတစ်ခု ရှိနေလို့"

ဆွေ။ ။"ရှင့်ကိစ္စက ထမင်းစားပြီးမှ သွားလို့ကော မဖြစ်ဘူးလား"

မြတ်။ ။"အချိန်ချင်းကိုက်နေလို့ပါ ဆွေဆွေရယ် သည်းခံပါ။ နောက်တော့ လာစားပါ့မယ်။ လိုက်သွားလိုက်ပါနော် အစ်ကိုကြီး"

မြင် ။ ။"ငါက အိမ်လည်း သိတာ မဟုတ်ဘူးကွယ့်။ ပြီးတော့"

ဆွေ။ ။"ဒါဖြင့် ဒီလိုလုပ်ပါလား အစ်ကိုကြီး၊ အစ်ကိုကြီးမှာ ကားရှိတယ် မဟုတ်လား"

မြင် ။ ။"ရှိသားပဲ"

ဆွေ။ ။"အစ်ကိုကြီး ဒီဟိုတယ်ကို ၇ နာရီအရောက်မလာနိုင်ဘူးလား။ မြို့ထဲမှာ ဧည့်သည်တစ်ယောက်နဲ့ ၇ နာရီမှာ စကားပြောဖို့ ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိစ္စတစ်ခုရှိတယ်။ စကားပြောပြီးပြီးချင်း ဆွေဆွေ ဒီဟိုတယ်က စောင့်နေမယ်။ အစ်ကိုကြီး ကားနဲ့ လာခဲ့ပေတော့ မကောင်းဘူးလား"

မြင်။ ။"အကောင်းသားပဲ"

ထို့နောက် စားပွဲတစ်လုံးတွင် ထိုင်ကာ အခြားထွေရာလေးပါးစကားများကို ၁၀ မိနစ်ခန့်မျှ ပြောကြားလျက်ရှိလေ၏။ ထိုအတွင်း မန္တလာဆွေသည် သူနှင့်အတူပါသော အဒေါ်ကြီးအား ဟိုတယ်မန်နေဂျာကို ခေါ်ခဲ့စေပြီးလျှင် လက်ဆွဲသားရေအိတ်ထဲမှ ငွေစက္ကူတစ်ရာတန်များကိုထုတ်ကာ လက်ဖက်ရည်ပွဲအတွက် ကျသင့်သောငွေများကို ပေးချေ၏။ ထို့နောက် ဦးအောင်မြင်အား နောက်တစ်နေ့တွင် ချိန်းဆိုထားသည့်အတိုင်း ဆက်ဆက် လာရောက်ရန် မှာကြားလေသည်။

မကြာမီ ဥရောပတိုက်သား ဧည့်သည်များရောက်လာသည်နှင့် ဦးအောင်မြင်နှင့် မောင်အောင်မြတ်တို့လည်း ဆွေဆွေနှင့် အဒေါ်ကြီးအား နှုတ်ဆက်ကာ ဟိုတယ်မှ ထွက်လာခဲ့ကြလေ၏။

*

နောက်တစ်နေ့ညနေ၌ ဦးအောင်မြင်သည် အပြင်သို့ မထွက်မီ အတန်ကြာ စဉ်းစားလျက်ရှိ၏။ အဝတ်အစားဝတ်၍ အသုံးအဆောင်များထည့်သိုရာတွင် အသေးစိတ် ဂရုစိုက်လျက် တစ်နာရီခန့်မျှ အချိန်ကုန်လေသည်။ ပန်းနုရောင်ဘန်ကောက်လုံချည်အသစ်၊ အယ်လပတ်ကားအပေါ်အင်္ကျီ၊ ကြွေရောင်တိုက်ကော်လာ ရှပ်ဖြူ၊ သားရေပြောင်ရှူးဖိနပ်အနက်စသည်တို့ကို ဝတ်ဆင်ကာ ဆံပင်ကို သပ်ရပ်စွာ ဖြီးပြီးနောက် 'ဗောက်ဟော' ကားကလေးကို ကိုယ်တိုင် မောင်းနှင်ပြီးလျှင် အိမ်မှ ထွက်ခဲ့လေ၏။

ကွန်တီနင်တယ်ရှေ့သို့ရောက်၍ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ၇ နာရီ ၃၈ မိနစ်မျှပင် ရှိနေပြီဖြစ်၍ ဆူးလေဘုရားလမ်းဘက်သို့ ချိုးကာ ခပ်သုတ်သုတ် မောင်းနှင်သွားလေသည်။ ဆဗွိုင်းဟိုတယ်ရှေ့သို့ ရောက်သောအခါ ကားကလေးကို အစောင့်နှင့်ထားခဲ့ပြီးနောက် အပေါ်ထပ်သို့ တက်သွားရာ ဧည့်ခန်းတွင် တစ်ယောက်တည်း စောင့်နေသော မန္တလာဆွေကို အဆင်သင့်တွေ့ရလေသည်။

မြင်။ ။"နည်းနည်းနောက်ကျသွားတယ် ထင်တယ် စောင့်နေတာ ဘယ်လောက် ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆွေ။ ။ "မကြာလှသေးပါဘူး၊ ၁၀ မိနစ်လောက်ပဲ ရှိပါလိမ့်ဦးမယ်"

အငြိမ့်မင်းသမီးမခင်ဆွေသည် ပန်းနုရောင် ပိုးတွန့်လုံချည်၊ ပန်းနုရောင် ဘောဒစ်အပေါ်မှ ပဒုမ္မာအင်္ကျီပါးကို ဝတ်ကာ မျက်နှာမှာ သနပ်ခါး ရေကြဲကလေးမျှ လိမ်းထား၏။ ပုလဲပုတီးကို အလယ်မှ အသည်းပုံမြ ဘယက်ကလေးတပ်၍ ဆွဲထား၏။ နောက်တွဲထုံးထားသော မည်းနက်သော ဆံထုံးမှာ အလယ်မှ စပယ်ဖူးကုံးကလေး ရစ်ပတ်ထားခြင်းဖြင့် ပို၍ သေါလွင်လျက်ရှိ၏။

"အစ်ကိုကြီးက အခုလို ဝတ်လာပြန်တော့လည်း ပိုပြီး နုသွားတယ်"

"အဲဒါက အစ်ကိုကြီးက ပြောရမယ့်စကားပါ ဆွေရဲ့"

"အစ်ကိုကြီး လာမှ လာပါ့မလားလို့ ဆွေဖြင့် မျှော်လိုက်ရတာ၊ ဦးတော့ ဘယ်သူမှ ပါတာ မဟုတ်ဘူး။ ဆွေတစ်ယောက်တည်းရယ်၊ ဘယ်နနာရီရှိပြီလဲ အစ်ကိုကြီး"

"၇ နာရီ ၄၅ မိနစ်ရှိပြီ"

"ဒါဖြင့် အဆင်သင့်ပဲ။ သူတို့တစ်တွေတော့ အခုလောက်ရှိ အိမ်ရောက်နေကြပြီ ထင်တယ်"

"ဘယ်သူတို့လဲ ဆွေရဲ့"

"အားလုံး အစ်ကိုကြီးပါ လူ ၁၂ ယောက် ဖိတ်ထားတယ်။ ဦးသော်ဇင်တို့လည်း ပါတယ်"

"ဦးသော်ဇင်ဆိုတာက ဘယ်သူလဲဆွေ"

"ဆွေ့ကို ကြည့်ရှုမစနေတဲ့ လူကြီးပါ။ လာ ... သွားကြမယ်"

ထို့နောက် အောက်ထပ်သို့ ဆင်းခဲ့ပြီးလျှင် ဦးအောင်မြင်သည် ကားပေါ်သို့ တက်လေရာ မန္တလာဆွေသည် ဦးအောင်မြင်က နောက်တံခါးဖွင့်ပေးသည်ကို မတက်ဘဲ ရှေ့ခုံတွင် ဦးအောင်မြင်၏ လက်ဝဲဘက်က ကပ်၍ထိုင်လေ၏။ ဦးအောင်မြင်သည် စက်နှိုးလိုက်ရာ ကားကလေးသည် ငြင်သာစွာ လိမ့်၍ ထွက်သွားလေ၏။

"အစ်ကိုကြီး ကားကလေးက သိပ်ကောင်းတာပဲနော်"

"အသစ်မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချိုသည် ဦးအောင်သင်းထံ မိမိအား ယခုနှစ်အတွက် အမြတ်ဝေစုမခွဲမီ ငွေ ၅၀၀ ခန့် ကြိုတင်ပေးထားရန်နှင့်တကွ အမြတ်ခွဲဝေသောအခါမှ အတိုးနှင့်တကွ ယင်းငွေ ၅၀၀ ကို မိမိထံမှ နှိမ်ယူရန် စာရေးလေ၏။ သို့သော် စာ ၃ စောင်အထိ အကျိုးအကြောင်း ပြန်စာမရ၍ တစ်နေ့တွင် အလုပ်တိုက်သို့ လာခဲ့ရာ ဦးအောင်သင်းနှင့် ပက်ပင်းပါ တွေ့လေသည်။

ဦးအောင်သင်းသည် မျက်နှာချိုသွေးကာ မောင်အေးချိုအား နေရာထိုင်ခင်း ပေးပြီးနောက် ရုံးလုလင်သူငယ်လေးအား လက်ဖက်ရည်နှင့် မုန့်များကို မှာထားစေ၏။

ချို ။ ။ "လက်ဖက်ရည်က အရေးမကြီးပါဘူး။ ကျွန်တော် စာ ၃ စောင်ရှိပြီး၊ ဦးဆီကို ရေးတာ ဘာအကျိုးအကြောင်းမှ မသိရလို့ အခု ကိုယ်တိုင် လိုက်လာတာပဲ"

သင်း။ ။ "ဟုတ်တယ် မောင်အေးချို၊ ဦးလည်း ဒီကနေ့ပဲ ပြန် မလို့ပါပဲကွယ်။ မယုံရင် မေးကြည့်ပါ။ ကျုပ်စာရေး မောင်စိန်ထွန်းနဲ့တောင် အခုမနက် ဒီအကြောင်း ပြောနေမိသေးတယ်။ နို့ပေမဲ့ စာပြန်ဖို့က မျက်စိမလှ မျက်နှာမလှ ဖြစ်နေလို့ အခုလောက် အချိန်ကြာသွားတာပါ"

ချို ။ ။ "ဘယ်လို မျက်စိမလှ မျက်နှာမလှလဲ ဦးရဲ့။ စာပြန်တော့ အလုပ်သဘောအတိုင်း ပြန်ရုံပဲ"

"အဲဒီ အလုပ်သဘောအတိုင်း ပြန်ဖို့ ခက်နေတာပေါ့ မောင်ရယ်။ ကျုပ်တို့ကုမ္ပဏီက ဖျက်ရတော့မယ် မောင်ရဲ့၊ မဟန်တော့ဘူး။ ဘယ်အလုပ်ဘက်ကမှ မဟန်ဘူး။ ပြီးတော့ သူများအပေါ် တောင်းမရမယ့် ကြွေးက နှစ်သောင်းကျပ် ရှိနေတယ်။ ဒီတော့ ဒီကုမ္ပဏီဟာ ဘယ်တော့ အသက်ရှည်ဦးမှာလဲ"

"အခု ခွဲလိုက်ရင် အားလုံးစရိတ်စက နုတ်ပြီး အသားတင် ကျွန်တော် ဘယ်လောက်လောက်ရဖို့ ရှိသေးသလဲ ခင်ဗျ"

"ရာခိုင်နှုန်း အစိတ်ထက်ပိုမယ် မထင်ဘူး။ တစ်နေ့က မောင်စိန်ထွန်း အကြမ်းဖျဉ်း တွက်ကြည့်တော့ ငွေတစ်ကျပ်မှာ တစ်မတ်လောက်ပဲ လို့ ခန့်မှန်းရသတဲ့၊ စာရင်းမစစ်ရသေးလို့ အတိအကျတော့ မပြောနိုင်သေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးက ကျွန်မတို့ ဦးကြီးကားမျိုးထင်ပါရဲ့၊ ချက်ပလ
လား"

"မဟုတ်ဘူး ဖောက်ဟော"

"ဘယ်နနာရီရှိပြီလဲ အစ်ကိုကြီး"

"၇ နာရီ ၄၅"

"အချိန်ရှိသေးသားပဲ။ ကမ်းနားဘက်က လှည့်သွားပါလ
အစ်ကိုကြီး"

"ဆွေဆွေ သွားချင်သွားလေ ... ပို့ပါ့မယ်"

ကားကလေးသည် ဆူးလေဘုရားလမ်းတစ်လျှောက်မှ ကမ်းန
ဘက်သို့ လှည့်ကာ အနောက်ဘက်သို့ ခပ်ဖြည်းဖြည်း မောင်းနှင်သွား
၏။ မြစ်အတွင်းရှိ သင်္ဘောကြီးငယ်များနှင့်တကွ လှေသမ္ဗာန်များမှ
ရောင်ကလေးများသည် ကောင်းကင်တွင် ကြယ်ကလေးများကဲ့သို့ ရှိနေ
၏။ သန့်ရှင်းသော လေပြည်သည် ကားမောင်းသူနှင့် အပြင်းဖြေကာ စီး
တို့အား မျက်နှာကို ပက်ဖျန်းကာ အင်အားဖြည့်တင်း၍ ပေး၏။ မခင်
သည် စကားအလွန်များလျက် ရှိလေသည်။

"အစ်ကိုကြီးနဲ့ ဒီလိုကားစီးရတာ သိပ်ပျော်တာပဲ"

"ကျွန်မ မန္တလေးနေတုန်းကတည်းက အစ်ကိုကြီး နာမည်
ကြားဖူးနေတယ်။ အစ်ကိုကြီး နာမည်ဟာ သိပ်ကြီးတာပဲ။ အစ်ကို
လိုက်တဲ့ အမှုဆိုရင် မိတာချည့်ပဲနော်"

"ဒီလိုလည်း မဟုတ်ပါဘူး။ မိသင့်တာလည်း မိတာပေါ့။
ထောက်မှုတွေ လျှောက်မေးမနေစမ်းပါနဲ့။ တခြားစကား မရှိတော့
လား"

အမှုအရာဖြင့် -

"ဘာစကားမေးရမလဲ ... ပြောလေပြော"

"ဆွေဆွေကတာ ၂ ခါ ၃ ခါမြင်ဖူးတယ်။ မန္တလေးမှာ ဆွေ
လည်း သိပ်နာမည်ကြီးတာပဲ"

"အဲဒါ အစ်ကိုကြီးကို ဒီလိုပြောလို့ အစ်ကိုကြီး ပြန်ပြီး ကလဲ့
ချေတာ"



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ရပါဘူးဗျာ"

"နို့ ... အစ်ကိုကြီး ကြိုက်ရဲ့လား"

"ဘာကိုလဲ ဆွေရဲ့"

"ကတာပြောတာပေါ့ ... အစ်ကိုကြီးနော်"

ကားကလေးသည် မြို့မကျောင်းလမ်းမှ မြောက်ဘက်သို့ ကွေ့ခဲ့ ီး နောက် ဆေးရုံကြီးအနီးသို့ ရောက်လာခဲ့လေပြီ။ မခင်ဆွေသည် ဦး ာင်မြင့်အား မျက်စောင်းထိုး၍ ကြည့်၏။ သို့သော် မျက်စောင်းဟု ဆိုရ ာ်လည်း ဒေါသ၏ အရိပ်အယောင်မပါ။ မျက်လုံးအိမ်မှာ နူးညံ့သိမ်မွေ့ ာ အချစ်ရည်ဖြင့် ပြည့်လျှမ်းလျက်ရှိလေသည်။ ကားက ဆောင့်လိုက် ည်ကို ရမယ်ရှာပြီးလျှင် 'စတီယာရင်' ဘီးကို ကိုင်ထားသော ဦးအောင် င့်၏ လက်ဝဲဘက်ပခုံးကို သူ၏ကိုယ်လုံးကလေးဖြင့် မတော်တဆ ဖြစ် ယောန် ပွတ်တိုက်လေ၏။ မခင်ဆွေ၏ လက်တစ်ဖက်ကား ဦးအောင်မြင့် ၏ ခါးကိုပင် ဖက်တော့မည်ကဲ့သို့ ရှိလေ၏။

"မခင်ဆွေဟာ သိပ်လှတာပဲ"

"မန္တလေးအညာသူပါ အစ်ကိုကြီးရယ်။ ဒီလောက် ချီးမွမ်းမနေ ါနဲ့။ အစ်ကိုကြီးတို့ ရွှေဂုန်သူတွေရဲ့ ခြေဖျားတောင် မမီသေးပါဘူး။ အစ် ကိုကြီး ဘယ်နနာရီရှိပြီလဲ"

"၈ နာရီထိုးဖို့ ၂ မိနစ်ပဲ လိုတော့တယ်"

ကားကလေးသည် ထောင်ကြီးနံဘေးမှ ကွေ့ကာ ပြည်လမ်းတစ် လျှောက် မောင်းနှင်သွားပြီးနောက် မနော်ဟာရီလမ်းသို့ ချိုးဝင်ခဲ့လေ၏။

မန္တလာဂေဟာမှာ ခြံတစ်ခု၏ ရှေ့မျက်နှာစာတွင် ရှိ၍ ရှေ့ပိုင်းနှင့် ံဘေးတစ်ဖက်တစ်ချက်တွင် ပန်းပင်များ စိုက်ပျိုးထား၏။ ကားကလေး သည် ဆင်ဝင်အောက်သို့ရောက်သောအခါ ကားတံခါးကို ဆီး၍ဖွင့်ပေး သဖြင့် မခင်ဆွေသည် ကားပေါ်မှ ဆင်းလေ၏။ ဦးအောင်မြင့်သည် ကား ကလေးကို လမ်းလွတ်အောင် ဖယ်ရှားထားပြီးနောက် လှေကားထစ်ပေါ်မှ စောင့်နေသော မခင်ဆွေ ရှိရာသို့ လာခဲ့လေ၏။

လသာသော ညဉ့်ဖြစ်သဖြင့် နံဘက်တစ်ဖက်တစ်ချက်မှ အိမ်များ မှာ မအိပ်သေးဘဲ လက်ဝဲဘက်ခြံရှေ့တွင် အင်္ဂလိပ်မ ၂ ယောက် စကား ပြောရင်း လမ်းလျှောက်၍နေ၏။ လမ်းထိပ်တွင် အသက် ၃၀ ခန့်ရှိသော့တွဲ


www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ယောက်သည် လမ်းထဲသို့ ချိုးဝင်လာ၏။ လက်ယာဘက်ခြံတွင် မိန်းမကြီးတစ်ယောက်နှင့် အသက် ၂၀ ခန့်ရှိ မိန်းကလေးတစ်ယောက်တို့သည် လရောင်အောက်တွင် စကားပြောလျက်ရှိ၏။

မော်တော်ကားတံခါးဖွင့်သော အစေခံထွက်သွားသဖြင့် ဦးအောင်မြင်နှင့် မခင်ဆွေတို့သည် အလင်းရောင်အနည်းငယ်မျှသာရှိသော အိမ်ပေါ်ထပ်သို့ တက်သည့်လှေကားရင်းတွင် ကျန်ရစ်ခဲ့လေ၏။

"တက်လေ အစ်ကိုကြီး၊ အို ... ဘာမှလည်း မမြင်ရဘူး။ မှောင်လိုက်တာ ဆွေ့ကို တွဲပါဦး အစ်ကိုကြီးရဲ့"

ဦးအောင်မြင် လက်ယာဘက်လက်ကို ကမ်း၍ပေးလိုက်သဖြင့် မခင်ဆွေသည် ဦးအောင်မြင်၏ လက်ကို တွဲကိုင်ကာ အပေါ်ထပ်သို့ တစ်လှမ်းချင်းမျှ တက်ခဲ့ကြလေ၏။ တစ်ဆစ်ချိုးကိုရောက်သောအခါမှ အပေါ်ထပ်မှ မီးရောင်ဖြင့် လင်း၍လာသည်။

အိမ်ပေါ်သို့ရောက်သောအခါ မခင်ဆွေသည် လက်ဝဲဘက်ခန်းမဆောင်သို့ ဦးအောင်မြင်အား ခေါ်သွားလေ၏။ ဦးသော်ဇင်ကား ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ဆေးတံသောက်လျက်ရှိရာမှ မန္တလာဆွေနှင့် ဦးအောင်မြင်တို့အား ကြိုဆိုရန် ထ,လာလေသည်။

"တကတည်း မျှော်လိုက်ရတာ ဆွေဆွေရယ်။ မြို့ထဲသွားတာက တယ်နောက်ကျတာကိုး"

"ဒါတောင် ဟောဒီက အစ်ကိုကြီးက ကားနဲ့ ခေါ်လာလို့၊ ဘယ်နှနာရီထိုးသေးလို့လဲ အန်ကယ်"

"၈ နာရီနဲ့ ၅ မိနစ်ရှိနေပြီကွယ့်"

"နောက်မကျသေးပါဘူး အန်ကယ်။ ကျွန်မတို့ စားကြရုံပေါ့။ ဒါနဲ့ တခြားဧည့်သည်တွေကော"

"တစ်ယောက်မှ ပေါ်မလာကြဘူးဗျာ"

"သိပ်ဝကျတာပဲ၊ အန်ကယ် အချိန်များမှားနေလို့လား"

"ဟုတ်မယ် မထင်ပါဘူး။ အန်ကယ်ကိုယ်တိုင် စာနဲ့ရေးပြီး ဖိတ်ထားတာပဲ။ ဒါထက် ငါ့တူမကြီးလည်း တစ်ညလုံး သွားနေတာ ဆာလှရောမယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဆာတာပေါ့ အန်ကယ်၊ ဝမ်းထဲမှာ အူချည်းသာရှိတော့တယ်။ ဘယ်နှယ့်လဲ အစ်ကိုကြီး၊ အစ်ကိုကြီးတို့ ရန်ကုန်ကလူတွေဟာ ဖိတ်ရင် ဒီလိုပဲ နောက်ကျတတ်သလား"

"ဒါကတော့ ကိစ္စရှိနေရင် နောက်ကျတတ်တာပေါ့ မခင်ဆွေ လူတိုင်း အလုပ်ကိစ္စဆိုတာ အင်မတန် များကြတာကလား"

"ဟုတ်တော့ ဟုတ်ပါရဲ့ အစ်ကိုကြီးရယ်။ နို့ပေမဲ့ အခုဟာတော့ တစ်ယောက်တလေမှ ပေါ်မလာတာ လွန်ပဲလွန်ပါတယ်ရှင်"

မခင်ဆွေသည် ဦးအောင်မြင်အား ဦးသော်ဇင်နှင့် မိတ်ဆက်ပေးရာ ဦးအောင်မြင်က ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။

"သူက ကျွန်မတို့အစ်ကိုကြီး စုံထောက် ဦးအောင်မြင်တဲ့"

ဇင် ။ ။ "တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ဦးသော်ဇင်က ဝမ်းမြောက်စကား ပြောကြားပြီးနောက် "ကိုင်း ... တူမကြီး ဘယ်သူ့မှ စောင့်မနေနဲ့တော့ ၈ နာရီ ၁၅ မိနစ်တောင်ရှိသွားပြီ"

မခင်ဆွေသည် နံရံတွင် ကပ်ထားသော ခေါင်းလောင်းခလုတ်ကလေးကို နှိပ်လိုက်ရာ အခန်းတံခါးပွင့်သွားပြီးနောက် အဝတ်ဖြူကိုရှေ့မှ သိုင်း၍ထားသော စားပွဲထိုးနှင့်တူသူတစ်ယောက်သည် တံခါးဝတွင် ရပ်လျက် ရှိလေ၏။ ထိုအခါ မခင်ဆွေလည်း ထိုသူအား ညစာအသင့်ပြင်ရန် အမိန့်ပေးလိုက်လေသည်။

နောက် ၅ မိနစ်ခန့်အကြာတွင် ထိုသူပေါ်လာပြန်၍ ညစာအသင့် ရှိနေပြီဖြစ်ကြောင်း ပြောကြားလေ၏။ သို့နှင့် မခင်ဆွေသည် ရှေ့ဆုံးမှ လည်းကောင်း၊ ဦးသော်ဇင်နှင့် ဦးအောင်မြင်တို့က နောက်မှလည်းကောင်း မျက်နှာချင်းဆိုင်အခန်းဘက်သို့ ကူးခဲ့ကြ၏။ ထိုအခန်းမှာ ပထမအခန်း လောက်ပင်ရှိ၍ အခန်း၏ အလယ်တွင် ဘဲဥပုံစားပွဲရှည်တစ်လုံးတွင် လူ ၁၂ ယောက်စာအတွက် ပြင်ဆင်ထားသည်ကို ဦးအောင်မြင် တွေ့ရလေသည်။

မခင်ဆွေက လူ ၃ ယောက်စာမှတစ်ပါး အခြားပန်းကန်ပြားများကို ရုပ်သိမ်းရန် အမိန့်ပေးလိုက်ရာ စားပွဲထိုးသည် စားပွဲပေါ်တွင် လူ ၃



www.burmeseclassic.com

www.burmeseclassic.com



ယောက်အတွက်သာ ချန်ထားပြီးနောက် အခြားပန်းကန်များကို သိ
ဆည်းလျက်ရှိလေ၏။

မြင်။ ။"လူ ဘယ်နှယောက် ဖိတ်ထားလို့လဲ မခင်ဆွေ"

ဆွေ။ ။"ဆယ့်နှစ်ယောက် ဖိတ်ထားတယ် အစ်ကိုကြီးရဲ့၊
တော့ ... လာလေ ... အစ်ကိုကြီး ... ဒီကုလားထိုင် လာထိုင်ပါလား"

မခင်ဆွေသည် သူ့နံဘေးတွင် လာ၍ယှဉ်ထိုင်ရန် ဦးအောင်မြ
အား မျက်ရိပ်ပြလိုက်ရာ ဦးအောင်မြင်လည်း မခင်ဆွေ ထိုင်နေသော
ယောက်ထိုင် ဆိုဖာပေါ်တွင် တစ်ဖက်မှ ဝင်၍ထိုင်လေ၏။ သို့ထိုင်
လက်ဝဲဘက် အင်္ကျီစကို သိမ်းလိုက်ရာ ထိုအခါမှ လက်ဝဲဘက်အိတ်
တွင် ထည့်၍ထားသော ပစ္စတိုကလေး မရှိတော့ကြောင်း သိရတော့
ဦးအောင်မြင်သည် ညွန့်ညွန့် သတိပေးလိုက်သော စကားများကို သွ
အမှတ်ရ၏။ "အငြိမ့်သမ၊ ဇာတ်သမတွေကို သတိထားပေါင်းနော် အစ်
ကြီး၊ ပြီးတော့လည်း အခုတလော ဘယ်သူကပဲ ဖိတ်ဖိတ် လက်မခံပါ
အစ်ကိုကြီးရယ်" ဟူသော ညွန့်ညွန့်၏ အသံကလေးကို နားထဲတွင် ကြ
ယောင်လျက်ရှိ၏။

သို့ရှိစဉ် အောက်ထပ်မှ လူခေါ် ခေါင်းလောင်းကလေး မြည်
ကြားရပြီးနောက် မကြာမီ အစေခံတစ်ယောက်သည် "ဟောဒီမှာ ဧည့်သည်
တစ်ယောက် ရောက်လာတယ် မမ" ဟု ပြောကာ လူတစ်ယောက်
အခန်းထဲသို့ သွင်းခဲ့လေ၏။ ထိုသူမှာ အရပ် ၅ ပေ ၄ လက်မခန့်ရှိ
တုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်ရှိပြီးလျှင် ဘန်ကောက်ပုဆိုးတော
ရှည်၊ မီးခိုးရောင် သက္ကလတ် ရင်ဖုံးအင်္ကျီ အညိုရောင်၊ နောက်ပိတ်ဖိန
စသည်ဖြင့် သိုက်မြိုက်စွာ ဝတ်ဆင်ထားလေသည်။ ထိုအခါ မခင်ဆွေ
သည် နေရာမှထကာ "ဟော ... ဦးလေး ဦးလှဝင်း၊ အခုမှ ရောက်လာ
တယ်" ဟု အော်လိုက်၏။ ဦးအောင်မြင်မှာ ဦးလှဝင်း၏ အိမ်သို့ တစ်ကြိ
ရောက်ဖူးသဖြင့် သိပြီးဖြစ်သော်လည်း မသိသကဲ့သို့ နှုတ်မဆက်ဘဲ ဆိ
ဆိတ်ပင် ရှိနေလေသည်။ ဦးသော်ဇင်က ဦးလှဝင်းအား နှုတ်ဆက်လို
သောအခါမှ ဦးအောင်မြင်က ပြုံးလိုက်လေသည်။

"ဒါထက် ဒီက မိတ်ဆွေက ပုလိပ်ဘက်က မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


ဆွေ။ ။"ဟုတ်တယ် ဦးလေး၊ စုံထောက် ဦးအောင်မြင်ဆိုတာ ပေါ့။ ကျွန်မနဲ့ လက်ဖက်ရည်ပွဲတုန်းက မိတ်ဆွေဖြစ်ပြီး အခု ထမင်းစား ဖိတ်လာတာပဲ"

ဝင်း။ ။"ဦးလေး နည်းနည်း နောက်ကျသွားတယ် မခင်ဆွေ ... စာဖတ်သင်း အစည်းအဝေးမှာ စကားရှည်နေကြတာနဲ့ မနည်းထပြီး ခဲ့ရတယ်"

ထိုအချိန်၌ စားပွဲထိုးသည် စားပွဲဝိုင်းပေါ်တွင် လေးယောက်စာ အတွက် ညစာပြင်ဆင်လျက်ရှိလေ၏။ ဖြူဖွေးသော စားပွဲခင်းပေါ်တွင် တောက်ပြောင်သော ဇွန်းကရင်းများ ပန်းကန်များနှင့် အလယ်မှ နှင်းဆီပွင့် ... ထိုးထားသော ပန်းတကောင်းများသည် ဓာတ်မီးရောင်တွင် များစွာ ... တရလျက် လေးဦးသားတို့၏ အာရုံကို ဖိတ်ခေါ်နေသကဲ့သို့ ရှိလေ သည်။

ဟင်းများမှာ ဂဏန်းနှင့် ဝမ်းဘဲပေါင်းများ၊ ခရုကမာများ၊ ခို ... ကြော်နှင့် အခြားတရုတ်အကြော်များ ဖြစ်၍ ၄ ယောက်သားတို့သည် မြိန် ... စွာ သုံးဆောင်ကြလေသည်။

မကြာမီ ညစာစားပွဲပြီးဆုံးသွားရာ ကော်ဖီကို နောက်ဆုံးသောက် ... နောက် စီးကရက်များကို မြိန်ရှက်စွာ ဖွာလျက်ရှိကြလေ၏။ မခင်ဆွေ ... သည် နေရာမှ ပျင်းရိစွာ ထလိုက်ပြီးလျှင် ပြုံးရွှင်သော မျက်နှာနှင့် ဦးအောင် ... အား ကြည့်လျက် –

"အစ်ကိုကြီး ... ဆွေ ခဏ သွားလိုက်ဦးမယ်နော်။ ဦးလေး ဦး ... ဝင်းနဲ့ ခဏစကားပြောနေရစ်ဦး။ ပြီးတော့ ဧည့်ခန်းလိုက်ခဲ့၊ ဆွေ စောင့် ... မယ်။ ကိုင်း ... ဦးလေး သော်ဇင် ကျွန်မတို့ စာရင်းတွက်စရာရှိတာ ... လေးတွေ အပြင်ထွက်ပြီး ခဏ တွက်လိုက်ကြရအောင်"

သို့နှင့် ဦးသော်ဇင်သည် အခန်းပြင်သို့ ထွက်သွားလေရာ မခင် ... ဆွေလည်း ဦးသော်ဇင်နောက်မှ လိုက်ပါသွားလေ၏။ ထို့နောက် တံခါး ... ပိတ်သွားပြီးလျှင် စားပွဲထိုးမှာမူ ယခင်က စီစဉ်ထားပြီး ဖြစ်သကဲ့သို့ အခန်း ... ပြင်သို့ ထွက်သွားလေ၏။ အခန်းထဲတွင် ဦးအောင်မြင်သည် ဦးလှဝင်းနှင့် ... ယောက်တည်း ကျန်ရစ်ခဲ့ရာ ဦးလှဝင်းသည် တစ်ထွာခန့်ရှိသော ... ပြင်းလိပ်ကို အိတ်ထဲမှ ထုတ်ကာ မီးညှိလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဝင်း။ ။ "ခင်ဗျား ကျုပ်ကို မမှတ်မိဘူး ထင်တယ် ဦးအောင်မြင်"

မြင်။ ။ "ဟုတ်ကဲ့ ... အခုမှတ်မိပါပြီ။ ဓာတ်တွေ၊ အငြိမ့်တွေ ပေါ် လက်ဝါးကြီးအုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ တစ်ခါတွေ့ဖူး ပြီးရင် မမှတ်မိဘဲနေပါ့မလား ခင်ဗျာ။ ကျွန်တော့်ကိုလည်း မှတ်မိသကို"

ဝင်း။ ။ "ဟာ ... မှတ်မိတာပေါ့။ အငြိမ့်ငှားချင်ဟန်ဆောင်ပြီး ကျုပ်ကို လာပြီး စုံစမ်းတဲ့ လူတစ်ယောက် မမှတ်မိဘဲ နေပါ့မလား"

ဦးအောင်မြင်သည် သက်ပြင်းချလိုက်၏။ ထို့နောက် ဦးလူဝင်းက ဆက်လက်၍ "ဒါကြောင့် ခင်ဗျားနဲ့ တွေ့ချင်လွန်းလို့ အခုလို စီမံရတာပဲ"

မြင်။ ။ "ဒါဖြင့် ဒီကို ထမင်းစားဖိတ်တာ ခင်ဗျား ဉာဏ်ဆိုပါ တော့"

ဝင်း။ ။ "ဆိုပါတော့ မလုပ်ပါနဲ့။ တကယ်အစစ်ပါပဲ"

မြင်။ ။ "ဒါဖြင့် တခြား ဖိတ်ထားတဲ့ လူတွေကော"

"တခြားလူတွေကို သင်္ကာမကင်းလည်း မဖြစ်ရအောင် ညနေ ၆ နာရီကတည်းက ဖိတ်ပြီး ကျွေးလိုက်ပြီ"

"ဒါဖြင့် ကျုပ်တစ်ယောက်တည်းကိုပဲ ထောင်ပြီး ဖမ်းတာပေါ့"

"မှန်ပါတယ် စုံထောက်မင်း"

"ဒါကြောင့် ကျုပ် အိတ်ထဲက သေနတ်ကလေးတောင် ပျောက် သွားတာကိုး"

ဦးလူဝင်းသည် ပခုံးများ လှုပ်၍သွားသည့်တိုင်အောင် ရယ်မော လိုက်လေသည်။ ထို့နောက် ဆေးပြင်းလိပ်ကို ပါးစောင်၌ခဲကာ ဦးအောင် မြင်၏ မျက်နှာကို မချိုမချဉ် ကြည့်လျက် –

"ဒီလို ဦးအောင်မြင့်ရယ်၊ ခင်ဗျားလည်း အနှောင့်အယှက်နဲ့ မတွေ့ရအောင် ကျုပ်တို့ရဲ့ ကြိုးပမ်းမှုလည်း အချည်းနှီးမဖြစ်ရအောင် ခင် ဗျားနဲ့ ကျုပ်နဲ့ သဘောတူညီချက်တွေ လုပ်ကြပါစို့လား။ ခင်ဗျား အခု ရောက်နေတဲ့ နေရာကတော့ ရန်ကုန် မနော်ဟရီလမ်းက အိမ်လို့ စိတ်ထဲမှာ မထင်လိုက်နဲ့။ နိုင်ငံခြားက အင်မတန် လုံခြုံတဲ့ အကျဉ်းထောင်တစ်ခုထဲ ရောက်နေတယ်လို့သာ အောက်မေ့လိုက်"

ဦးအောင်မြင်သည် ဦးခေါင်းကို ညိတ်လိုက်၏။ ထို့နောက် အေး ဆေးသော အမူအရာဖြင့် –


www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပါပြီဗျာ ... ခင်ဗျားတို့က လက်ဦးပေတာကိုး။ နေပါဦး ... ဒါထက် ခင်ဗျားတို့ လိုချင်တာကို အမိန့်ရှိပါဦး"

"အဲဒီလိုမှပေါ့ ဦးအောင်မြင်ရဲ့။ မြွေနဲ့ မြွေချင်း ခြေကို မြင်မှပေါ့။ အလုပ်ဆိုတာအလုပ်နဲ့ တူအောင်လုပ်ကြရင် ကိစ္စပြီးတာပဲ။ ဒီလိုဆိုရင် ကျုပ်တို့ချင်း ဈေးတည့်ကြဖို့ပေါ့။ ခင်ဗျား အခုရောက်နေတဲ့ မန္တလာဆွေရဲ့ အိမ်ဟာ လူတစ်ယောက်ကို သတ်ဖြတ်ဖို့ အကြမ်းပတမ်းလုပ်ဖို့ နေရာမဟုတ်ဘူးဗျ။ လက်နက်ကို ကျုပ်တို့ နောက်ဆုံး မတတ်သာတဲ့ အဆုံးကျမှ သုံးကြပါတယ်။ ကျုပ် အခုပြောတာ နည်းလမ်းမကျဘူးလားဗျာ။ ဦးအောင်မြင် ကျုပ်ဆိုလိုတာက ကျုပ်တို့ အခုဆောင်ရွက်နေတဲ့ နိုင်ငံခြားအမှုထမ်းကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားနဲ့ ကျုပ်တို့နဲ့ 'ကိုင်' ကြတာ ၃ ခါရှိပြီ။ သုံးခါစလုံး ခင်ဗျားချည်း အနိုင်ရခဲ့တယ်။ အခုအကြိမ်တော့ ကျုပ်တို့က နိုင်ပြီ။ ဒီအလုပ်ကို ခင်ဗျား စွန့်ပစ်ဖို့ တော်ပြီလို့ ကျုပ်တို့ ယူဆတယ်"

"အလိုလေးဗျာ"

ဦးလှဝင်းသည် သူ၏ ဆေးပြင်းလိပ်မှ ပြာကို စားပွဲပေါ်ရှိ ငွေဗန်းကန်ပြားပေါ်သို့ ခါချလိုက်ပြီးနောက် –

"ကျုပ်တို့လိုချင်တာက ဒီလိုဗျာ ခင်ဗျားဟာ နိုင်ငံခြားရေးရာနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ခင်ဗျား အစိုးရက တိုက်ရိုက်နည်းနဲ့ဖြစ်စေ၊ သွယ်ဝိုက်တဲ့နည်းနဲ့ဖြစ်စေ ခိုင်းစေသမျှကို ခင်ဗျား မလုပ်ရဘူး။ ခင်ဗျား အရင်က လုပ်ရိုးလုပ်စဉ်အတိုင်း ပြည်တွင်းရေးရာဇဝတ်မှုတွေကိုတော့ ကျုပ်တို့ မတားဆီးလိုပါဘူး။ လုပ်မြဲတိုင်းသာလုပ်ပါ။ ခင်ဗျားဟာ လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ဒီကတိတစ်ခုကို ပေးရင် ကိစ္စပြီးတာပဲ။ အခန်းထဲက ခင်ဗျားနဲ့ ကျုပ်အခု ထွက်သွားပြီး မခင်ဆွေနဲ့ ခင်ဗျား သဘောရှိ စကားပြောပေတော့"

ဦးအောင်မြင်သည် တစ်ခဏမျှ တွန့်ဆုတ်လျက် ရှိ၏။ ဦးလှဝင်း ဈေးဆစ်ခြင်းများမှာ သူထင်သည်ထက်ပို၍ လွယ်ကူနေ၏။

"ကျုပ် နားလည်အောင် သေသေချာချာ ပြောပါဦးဗျာ။ ဒီအတိုင်း ကျုပ်ကတိပေးရင် ကျုပ်ဒီအိမ်က အခုသွားနိုင်ပြီပေါ့"

"ဒီကတိသာပေးရင် ဘေးမသီရန်မခ ဒီအိမ်က ဦးအောင်မြင်ကြွနိုင်ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com


"ဒီပြင်တစ်ခုကောဗျာ၊ ကျုပ်အကြံပေးစမ်းပါရစေ"

"ဒီလိုပါဦးအောင်မြင် ... ခင်ဗျား ပထမကတိကို မလိုက်နာနိုင်ဘူးဆိုခါမှ ဒုတိယအချက်ကို ကျုပ်တို့ စဉ်းစားရလိမ့်မယ်"

"ဒီလိုလေ ... ခင်ဗျား ပထမပြောတဲ့အချက်ကို ကျုပ် လုံးလုံးလျားလျား ငြင်းတယ်ဗျ"

ဦးအောင်မြင်သည် ရွှေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို အေးဆေးစွာ မီးညှိ၍သောက်လေရာ ဦးလှဝင်းလည်း သိန်းငှက်၏ မျက်လုံးမျိုးဖြင့် ဦးအောင်မြင်အား ကြည့်ကာ ဆေးပြင်းလိပ်ဖင်ကို ခပ်နာနာ ကိုက်လိုက်ပြီးနောက် မီးညှိလိုက်လေသည်။ ထို့နောက် ပြာကို လက်သူကြွယ်ဖြင့် ခါချရင်း –

"ဒီလိုဗျာ ဦးအောင်မြင် ... ကျုပ်တို့အလုပ်က တစ်ဝက်တစ်ပျက် သဘောတူတာတွေ လျှော့ပေါ့တာတွေရယ်လို့ မရှိဘူး။ ချစ်–လုံးလုံး မုန်းလားလားပဲ ကျုပ်ပြောတာ ရှင်းရဲ့ မဟုတ်လား။ ကျုပ်ပြောတဲ့ ကတိကို ခင်ဗျား ဂုဏ်သရေရှိလူကြီးတစ်ယောက်အနေနဲ့ ခင်ဗျား ယူပြီး ဒီအိမ်က ဘေးမသီရန်မခဘဲ အေးအေးချမ်းချမ်း ထွက်သွားချင်သွား ... ဒါမှမဟုတ်ရင် ဗိုလ်ချုပ်အောင်ဆန်းလမ်းက ကျုပ်တို့မှာပြီး ယူသွားတဲ့ လူသေထည့်တဲ့ ခေါင်း တစ်လုံး ရှိတယ်။ အဲဒီခေါင်းနဲ့ ခင်ဗျား သွားရလိမ့်မယ်"

"အလိုဘုရားရေ ... ဘယ်လိုနည်းနဲ့ ဒီခေါင်းကို ခင်ဗျားတို့ ရပြီးထားတာလဲ"

"မခင်ဆွေအိမ်မှာ အဆုတ်နာဖြစ်နေလို့ ဆရာဝန်နဲ့ ကုနေရတဲ့ အစေခံတစ်ယောက်ရှိတယ်လေ။ ဒီလူသေသွားပြီလို့ ကျုပ်တို့က စာရင်းပေးလိုက်ရုံနဲ့။ ခေါင်းထဲမှာတော့ ခင်ဗျားအလောင်းထည့်ပြီး ထုတ်သွားမှာပေါ့။ ပြီးတော့ ဘာခက်သလဲ။ နောက်သုံးလေးရက်ကြာတဲ့အခါ အဲဒီ အဆုတ်နာသမားဟာ ရုပ်ဖျောက်ပြီး အညာပြန်ရုံပဲ"

"ဟုတ်တာပေါ့ ... နို့ ကျုပ် ပျောက်သွားတဲ့အကြောင်းကကော ဗျာ။ ဒီအိမ်ကို ညစာစားဖို့ လာတဲ့အကြောင်း လူအတော်များ သိနေကြတာပဲ။ ဒီဟာတွင် မကသေးဘူး။ ကျုပ်ရဲ့ ဆွေမျိုးသားချင်းတွေကကော ကျုပ်ကို မရှာဘဲ နေမတဲ့လား"


www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ဦးအောင်မြင်။ နို့ပေမဲ့ ဒီအိမ်က ထမင်းစားပြီးတဲ့ချိန် ခင်ဗျား ထွက်သွားတာ မြင်တဲ့ သက်သေရှိမယ်။ ဟိုဘက်အိမ်က ်းမကြီးတွေလည်း မြင်ရမယ်။ လမ်းပေါ်မှာ ရပ်နေတဲ့ တက္ကဆီမောင်းသမားကလည်း ခင်ဗျား ထွက်သွားတာ မြင်လိုက်ရမယ်။ ဒီဟာတွင်မကသေးဘူး။ ခင်ဗျား အိပ်ခန်းကို ခင်ဗျား ပြန်ဝင်သွားပြီး စာတစ်စောင် ရေးသားခဲ့တာတောင် မြင်တဲ့သက်သေတွေတောင်ရှိရမယ်"

"စိမ်ပုံကဖြင့် နေရာကျလိုက်တာဗျာ။ ကျုပ်ကို ခင်ဗျားတို့ ဘယ်လိုလုပ်မှာလဲ။ စိတ်ကိုညို့ပြီး လွှတ်မှာလား"

ဦးလှဝင်းသည် ဆေးပြင်းလိပ်ကို ပါးစောင်တစ်ဖက်သို့ပြောင်းပြီးလျှင် ပြုံးလိုက်၏။

"နောက်တော့ ဦးအောင်မြင် သိလိမ့်မယ်လေ။ ဩော် ... ဒါထက်ခဏကလေးဗျာ"

ဦးလှဝင်းသည် လူခေါ်ခေါင်းလောင်းတလေးရှိရာသို့ သွားပြီးလျှင် ခလုတ်ကိုနှိပ်လိုက်ရာ စားပွဲထိုးသည် ချက်ချင်းလိုပင် ရောက်လာလေသည်။ ထိုအခါ ဦးလှဝင်းက အမိန့်ပေးသံဖြင့် –

"ဟော ... အပြင်မှာ စောင့်နေတဲ့ မိတ်ဆွေကို လွှတ်လိုက်စမ်းဗျယ်။ တခြားအစေခံတွေ မမြင်စေနဲ့" ဟု ပြောလိုက်သဖြင့် စားပွဲထိုးသည်း အရိုအသေ ပေး၍ ထွက်သွားလေ၏။

တစ်မိနစ်မျှမကြာမီ အခန်းတွင်းသို့ ကာကီရှပ်အင်္ကျီ၊ ကာကီဘောင်းဘီရှည် ဝတ်ထားသော မျက်မှန်အနက်တပ်ထားသည့် လူတစ်ယောက်သည် တစ်လှမ်းချင်းမျှ လှမ်း၍ဝင်လာရာ ထိုသူသည် ဦးအောင်မြင်ထိုင်နေသော ကုလားထိုင်ရှေ့သို့ ရောက်သောအခါ ရုတ်တရက် ရပ်လိုက်ကာ ဦးအောင်မြင်အား ဦးညွှတ်လိုက်လေသည်။

"အလို ဘုရား ... ဘုရား"

ဦးလှဝင်းသည် ကာကီဘောင်းဘီနှင့် လူအား ခြေဆုံးခေါင်းဆုံးကြည့်ရှုပြီးနောက် –

"ဘယ်နှယ့်လဲ ဦးအောင်မြင်၊ ဒီဟာ ကျုပ်တို့ရဲ့ **အောင်မြင်မှုပဲ** ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှသမျှ ခွဲပေးပါတော့ ဦးရယ်။ ကျွန်တော့်မှာလည်း ဒီပြင်ငွေရင်းကြေးရင်းဆိုလို့ ဘာမှရှိတာ မဟုတ်ဘူးခင်ဗျ။ ဒီတော့ ခပ်မြန်မြန်ပဲ ကျွန်တော် လိုချင်တယ်"

"လိုချင်တိုင်းလည်း မဖြစ်သေးဘူးလေ၊ ကုမ္ပဏီအလုပ်ဆိုတာ လူ ၂ ယောက် ငွေ ၅၀ စီစပ်ပြီး ငွေ ၁၀၀ နဲ့ မြင်းလောင်းတာမျိုး မဟုတ်ဘူး မောင်အေးချို"

"ကျွန်တော် သိပါတယ် ခင်ဗျာ။ ဒီလောက်လည်း ကျွန်တော် အေ့သေးပါဘူး။ ဒါကြောင့် ရှယ်ယာမခွဲခင် ငွေ ၅၀၀ လောက် လှည့်နှင့်ပါလို့ ကျွန်တော် စာရေးပြီး တောင်းတာပေါ့"

"မောင်က ကျုပ်တို့ကုမ္ပဏီမှာ ငွေလက်ငင်းရှိတယ်များ ထင်သလား ... မထင်လေနဲ့ မောင်ရေ့။ နောက်ဆုံး ကျုပ်တို့ ဝယ်ထားတဲ့ ကုန်က ဘယဆေးကုန်တွေ၊ သစ်ကြံပိုးခေါက်က ၆၀၀၀ ကျပ်ဖိုးရှိတယ်။ ရှပ်က ၇၀၀၀ ကျပ်ဖိုးရှိတယ်။ ဒီဟာတွေကလည်း ဈေးကျနေတယ် ရောင်းနိုင်သေးဘူး။ ဒီတော့ ဒီပစ္စည်းတွေ မရောင်းရမချင်း တစ်ပြားမှ ပေးနိုင်ဘူး"

"ငါးရာမပေးနိုင်၊ သုံးရာပေးတော့ ခင်ဗျာ"

"မပေးနိုင်ဘူး"

"တစ်ရာခင်ဗျာ"

"တစ်ရာမဟုတ်ဘူး။ တစ်ဆယ်တောင် အခု ကျုပ် မပေးနိုင်ဘူး။ ဒီလိုလုပ်လေ နက်ဖြန်နေ့လယ်လောက် လှျောက်ခဲ့ဦး၊ တစ်နေရာက ငွေရဖို့ ရှိပါတယ်။ ရရင် မောင်အေးချို လိုချင်တဲ့ ၅၀၀ စလုံး ပေးလိုက်မယ်"

"ဘယ်အချိန် လာရမလဲ ခင်ဗျ"

"နေ့လယ် ၁ နာရီ"

"ဦး ရှိမယ်နော်"

"ရှိပါတယ် ... ရှိပါတယ် စိတ်ချပါ"

ထို့နောက် မောင်အေးချိုလည်း ခြေကို ခပ်ပြင်းပြင်းနင်းကာ အလုပ်ခန်းမှ ထွက်ခဲ့လေ၏။

မြင်းကလည်း ရှုံးပြန်၊ ငွေကလည်း တောင်း၍မရပြန်ဖြစ်သဖြင့် ငြီးငွေ့၍ မောင်အေးချိုသည် အိမ်သို့မပြန်ဘဲ ကိုစိုးမောင်အိမ်သို့ တော



www.burmeseclassic.com

www.burmeseclassic.com



နောက်ဝင်လာသူသည် အရပ်မြင့်ပုံ၊ အသားဖြူပုံ၊ နှာခေါင်းချွန်ပုံ တို့အပြင် ကိုယ်လုံးကိုယ်ပေါက်မှစ၍ ဦးအောင်မြင်နှင့် ချွတ်စွပ်ထားသကဲ့ သို့ တူလေသည်။ ဦးအောင်မြင်သည် ထိုသူ၏မျက်နှာကို အံ့အားသင့်သကဲ့ သို့ ကြည့်နေပြီးနောက် –

"ခင်ဗျား ဘယ်သူလဲ"

ထိုသူ –

"ကျွန်တော့်နာမည် စုံထောက် ဦးအောင်မြင်ပါတဲ့ ခင်ဗျာ"

ဦးအောင်မြင်သည် ပါးစပ် အဟောင်းသားရှိနေ၏။

မြင် ။ ။ "လမ်းပေါ်မှာ ခင်ဗျားနဲ့ ကျုပ်မတွေ့တာ ခပ်ကောင်း ကောင်းပဲ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်တော့်ကို အလုပ်ပေးနိုင်ပေ ပါဗျာဆိုပြီး ကျုပ်ဆီကို အလုပ်လျှောက်ရအောင် လာတဲ့လူ မဟုတ်လား"

ထိုအခါ ဦးလူဝင်းက ကြားဖြတ်၍ –

"ဒီလိုဗျာ ဦးအောင်မြင်။ အခု ကျုပ်တို့ မိတ်ဆွေဟာ ခင်ဗျားနဲ့ မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ရော တူတယ်မဟုတ်လား။ သူက ပန်းချီ ဆရာလည်း ပန်းချီဆရာဗျ။ သူ့ရုပ်ကို ခင်ဗျားနဲ့ တူနိုင်သမျှ တူအောင် ဆင်ပြင်တတ်တယ်။ နို့ပေမဲ့ ခင်ဗျားရဲ့ ပြောပုံဆိုပုံနဲ့ အမူအရာကို နီးနီး ကပ်ကပ် အကဲခတ်နိုင်ဖို့ ဒီကို ခေါ်ခဲ့ရတယ်။ ဘယ်နှယ့်လဲ ကျုပ် အခုတင် က ပြောတာ သဘောပေါက်ပြီ မဟုတ်လား"

"ပေါက်ပါပြီဗျာ။ တကယ် စေ့တဲ့ အကြံကလေးပါပဲ။ ကျုပ်တော့ ကျုပ် ငါမှ ဟုတ်ရဲ့လားလို့တောင် အောက်မေ့မိတယ်"

"ဟား ... ဟား ... ဟား ... ဒါကြောင့် ဒီတစ်ခါ ခင်ဗျားတို့ ကျုပ်တို့က ကိန်းသေ အနိုင်ယူရမယ်လို့ ကျုပ်ပြောတာ မဟုတ်လား။ ဒါနဲ့ တဆိတ်ဆက်ပြီး အသေးစိတ်ကလေးတွေ ရှင်းလင်းပြောစမ်းပါရစေဦး။ ခင်ဗျား လက်ဝဲဘက် အိတ်ထဲမှာ ထည့်ပြီးယူလာခဲ့တယ်ဆိုတဲ့ ပစ္စတိုသေ နတ်ကလေးဟာ ဒီလူရဲ့ ဘောင်းဘီအိတ်ထဲ ရောက်နေပြီဗျ။ ခင်ဗျား အိပ် ခန်းကို ဖွင့်ဝင်တဲ့သော့တောင် သူ့လက်ထဲ ရောက်နေပြီ"

ဤနေရာသို့ ရောက်သောအခါ ဦးအောင်မြင်သည် သူ၏အိတ် များကို စမ်းသပ်ရှာဖွေမိ၏။ အိပ်ခန်းသော့ကား မရှိတော့ပြီ။

ဦးလူဝင်းက ဆက်လက်၍ –



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား အိမ်က အစေခံနာမည်၊ ခင်ဗျား စားပွဲထိုးနာမည် သူ သိနေပြီ။ ခင်ဗျား ပစ္စည်းတွေ ဘယ်နေရာမှာ ထားတယ်။ စာချုပ်စာတမ်းတွေ ဘယ်နေရာမှာ ထားတယ်ဆိုတာ သူသိနေပြီ။ ခင်ဗျား လက်ရေးကို ကောင်းကောင်း အတုခိုးပြီး ရေးနိုင်တယ်။ ခင်ဗျား လက်မှတ်ကို ကောင်းကောင်းထိုးနိုင်တယ်။ ကိုင်းဗျာ ... ဘာလိုသေးသလဲ။ ဒီတော့ စုံထောက် ဦးအောင်မြင်အစစ်ဟာ ပျောက်ကွယ်သွားပြီး သူ့နေရာမှာ ဦးအောင်မြင် အတုဟာ ဒီအိမ်က အခုည ထွက်သွားတော့မယ်။ ခင်ဗျား ဒီအိမ်က ထွက်သွားတာကို အားလုံးကမြင်ရမယ်။ ခင်ဗျားကို ပျောက်သွားတယ်ဆိုပြီး တကယ်လို့ လိုက်ရှာကြစေကာမူ ဒီအိမ်ထဲမှာ ပျောက်သွားတာ မဟုတ်ဘူး။ ဒီအိမ်က ထွက်သွားပြီး တခြားတစ်နေရာမှာ ပျောက်သွားတယ်လို့ ဖြစ်စေရမယ်။ ကျုပ်ပြောတာ ရှင်းရဲ့ မဟုတ်လား"

"တကယ်ကောင်းတဲ့ အကြံပါပဲဗျာ အံ့ရော"

ထိုခဏ၌ စားပွဲထိုးပြန်၍ ဝင်လာပြီးလျှင် ဦးလှဝင်းအား အရိုအသေပြု၍ စာတစ်စောင်ကို ပေးလေသည်။ ဦးလှဝင်းသည် စာကို အစအဆုံး ဖတ်ပြီးနောက် –

"ကိုင်း ... ခင်ဗျားတို့နှစ်ယောက် နေရစ်ခဲ့ကြပေဦးတော့ဗျာ"

နောက် ဝင်လာသူ၏မျက်နှာကို ကြည့်လိုက်ပြီးလျှင် –

"ဟေ့လူ ... ခင်ဗျားကလည်း စုံထောက်ကြီးကို အကျိုးအကြောင်း ပြောပြပေတော့။ လက်ထဲမှာ သူ့ဆီက သေနတ်ရှိနေမှပဲ၊ ကြောက်စရာ မရှိပါဘူး။ တကယ်လို့ သူယီးတီးယားတားလုပ်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ခင်ဗျားကို အထူးသင်နေစရာ မလိုပါဘူး။ အကယ်၍ ကျုပ်ပြောတဲ့ အတိုင်း သူလိုက်နာမယ်ဆိုရင် ကျုပ်ကို အသံပြုလိုက်၊ ငါးမိနစ်အတွင်း ကျုပ်ပြန်လာခဲ့မယ်။ ကိုင်း ... ဦးအောင်မြင်ကလည်း ကျုပ်ကို ခေတ္တ ခွင့်ပြုပါဦးဗျာ။ အရေးကြီးတဲ့ ကိစ္စကလေးတစ်ခုနဲ့ ပတ်သက်ပြီး တယ်လီဖုန်းလာလို့ သွားပြောလိုက်ဦးမယ်။ ဟောဒီမိတ်ဆွေက ကျုပ်မရှိတုန်း ငြိမ်ဝပ်ကျေအောင် ပြုစုပါလိမ့်မယ်"

ဦးလှဝင်းသည် ဦးအောင်မြင်အား ဦးညွတ်နှုတ်ဆက်ခဲ့ပြီးနောက် အခန်းထဲမှ ထွက်သွားလေ၏။ ဦးအောင်မြင်သည် ဦးလှဝင်း ထွက်သွားသည့်ဘက်သို့ အတန်ငယ် စောင်း၍ကြည့်လိုက်ပြီးနောက် လက်ဝဲဘက်


www.burmeseclassic.com

www.burmeseclassic.com



ပေါင်ပေါ်သို့ လက်ဝဲဘက်ခြေကို တင်လိုက်ပြီးလျှင် သူ၏ခြေအိတ်ကို အထက်သို့ ဆွဲကာ ပြင်လိုက်လေ၏။

မြင်။ ။"ဟော့လူ ... ခင်ဗျား ဘယ်သူလဲ"

ထိုသူ။ ။"ဟာ ... ဟာ ... ဟာ ... အေးလေ၊ ခုမှဖြင့် မထူးတော့ပါဘူး။ ကျုပ်က အရင် ရုပ်ရှင်ထဲမှာ အလုပ်လုပ်တယ်။ ပန်းချီဆရာ အနုပညာသမားတစ်ယောက်ဆိုတော့ ဇာတ်သမားတွေကို သူတို့လိုချင်တဲ့ ရုပ်အမျိုးမျိုးဖြစ်အောင် ခြယ်လှယ်ပေးရတယ်။ နို့ပေမဲ့ လခကောင်းကောင်းမရပါဘူးဗျာ။ ဒါကြောင့် သူတို့ဆီ ရောက်လာပြီး ပိုက်ဆံကောင်းကောင်းပေးလေတော့ အလုပ်လုပ်နေတယ်။ ဒီမှာဗျ ဦးအောင်မြင် ခင်ဗျားဟာ အသက်လည်း ငယ်သေးတယ်။ ရှေ့ကိုလည်း တကယ်တက်လမ်းရှိတဲ့ လူတစ်ယောက်ဗျ။ ဒီတော့ ကျုပ်ပြောတဲ့ စကားနားထောင်ပါဗျာ။ ဒီလူတွေဟာ လူတစ်ယောက်အသက်ကို အသက်မှတ်တာ မဟုတ်ဘူးဗျ။ ပြီးတော့ သူတို့ အသင်းထဲမှာ ခင်ဗျားတို့ အစိုးရ အရာရှိတချို့ ပါနေတယ်။ ကုန်ကုန်ပြောလိုက်မယ်။ အထက်လွှတ်တော် အမတ်တစ်ယောက်တောင် ပါတယ်ဗျာ။ ဒီတော့ သူတို့စကားကို လိုက်နာလိုက်တာ အကောင်းဆုံးပဲ"

ထိုခဏ၌ ဦးအောင်မြင်သည် လက်ဝဲဘက်ခြေအိတ်ကြားတွင် ညှပ်ထားသော ပစ္စတို အငယ်စားကလေးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီးလျှင် ထိုသူ၏ဦးခေါင်းနှင့် တည့်တည့်ကြီး ချိန်ထားလိုက်လေ၏။

"ဟော့လူ ... ငြိမ်ငြိမ်နေ၊ တစ်ခွန်းမှ နောက်ထပ်မပြောနဲ့၊ ခလုတ်ဆွဲလိုက်ရင် ခေါင်းထဲက ဦးနှောက်တွေ ဖွာထွက်သွားမယ်၊ နားလည်လား။ မင်းရုပ်အကျီ မြန်မြန်ချွတ်၊ ရော့ ငါ့ရုပ်အကျီဝတ်"

ဦးအောင်မြင်၏ နှစ်ကိုယ်ခွဲသည် ဦးအောင်မြင်၏ စကားကို ချက်ချင်းနားထောင်ကာ တုန်တုန်ယင်ယင် ရှိနေလေသည်။ ဦးအောင်မြင်သည် အိတ်ထဲမှ လက်ကိုင်ပဝါကိုယူပြီးလျှင် ထိုသူ၏ပါးစပ်ထဲသို့ အကုန်ထိုးထည့်လိုက်လေသည်။

"မင်း ဘောင်းဘီချွတ်ချလိုက်၊ ရော့ ငါ့ဘန်ကောက်လုံချည်နဲ့ အပေါ်အကျီဝတ်"

၂ မိနစ်အတွင်းတွင် ဦးအောင်မြင်သည် ထိုသူ၏ ကုတ်အကျီနှင့် ဘောင်းဘီကို ဝတ်ပြီးဖြစ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... လက်မြှောက်ထား၊ ယီးတီးယားတား မလုပ်နဲ့။ ခေါင်းပြုတ်ထွက်သွားမယ်။ ငါ့နေရာမှာ ထိုင် ... အဲ ဟုတ်ပြီ။ ငါပြောတဲ့ စကား နားထောင်၊ မင်းဟာ စကားတစ်ခွန်းမှ မပြောရဘူး၊ နားလည်ပြီ လား"

ထိုသူသည် ဦးခေါင်းကို အကြိမ်ကြိမ် ညိတ်လေသည်။ ဦးအောင် မြင်သည် ပို၍ စိတ်ချရစေရန် ထိုသူ၏ ပါးစပ်ကို အခြားလက်ကိုင်ပဝါ တစ်ထည်ဖြင့် တင်းကြပ်စွာ ချည်ပြန်လေသည်။ ထိုသူ၏ လက်နှစ်ဖက်ကို ားပွဲခင်းဖြင့် တုပ်နှောင်ပြန်၏။ နောက်ဆုံး၌ ဦးအောင်မြင်သည် ထိုသူ၏ က်မှန်အမည်းကြီးကို တပ်လိုက်လေသည်။

"ဟော့ကောင် ... ငါပြောတာ သေသေချာချာ နားထောင်စမ်း။ င်း ငြိမ်ငြိမ်နေပြီး စကားတစ်ခွန်းမှ မပြောရင် မင်းဘာမှ မဖြစ်ဘူး။ ရုန်း ား ကန်လား လုပ်ရင်တော့ မင်းဆရာ ဦးလူဝင်းကို မပစ်ခင် မင်းခေါင်းကို ရင်ပစ်ခွဲခဲ့မယ်။ စုံထောက်ဦးအောင်မြင်ဟာ ယီးတီးယားတားလုပ်လို့ သနတ်ဒင်နဲ့ ခေါင်းကို တစ်ချက်ချ လိုက်ရတယ်။ ဒါကြောင့် သတိမေ့ ားတယ်ဆိုတဲ့ သဘောလုပ်ရမယ် နားလည်လား။ ငါ့မှာ လွတ်ဖို့ ဒီနည်း မ်းတစ်ခုပဲ ရှိတယ်။ ဒီအခွင့်အရေးကို ငါယူမယ်။ ငါပြောတာတွေ အား း မင်း နားလည်တယ်နော်"

စကားမပြောနိုင်သဖြင့် ထိုသူသည် ဦးခေါင်းကိုသာ ညိတ်ရလေ ည်။

ဦးအောင်မြင်သည် ထိုသူ၏ဦးခေါင်းကို ကုလားထိုင်နောက်မှီ ၌ ခပ်လန်လန်နေစေပြီးလျှင် နားသယ်ကို သေနတ်ဒင်ဖြင့် ခတ်ဆတ် တ်တစ်ချက် ချလိုက်လေ၏။ ထို့နောက် ခြေကို ခပ်ပြင်းပြင်းနင်းကာ ါးဆီသို့ လျှောက်သွားလေသည်။

တံခါးဝသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် အပြင်မှ တံခါးပွင့် ပြီးလျှင် ဦးလူဝင်းနှင့် မျက်နှာချင်းဆိုင်တွေ့လေ၏။

မြင် ။ ။ အသံကို တစ်မျိုးမြှင့်လျက် "တော်တော် ခေါင်းမာတဲ့ ဆရာ။ ဒါနဲ့ သေနတ်ဒင်နဲ့ ခေါင်းကို တစ်ချက်ချလိုက်ရတယ်။ ပြီး ာ့ အော်လား ဟစ်လား လုပ်မယ် ကြံတာနဲ့ ပါးစပ်ကိုလည်း စည်းလ တ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်း။ ။ကုလားထိုင်ရှိရာသို့ လှမ်းကြည့်ပြီးနောက် "အေး
ကောင်းတယ်။ သူ့ကားကို စီးသွားပြီး ငါပြောတဲ့အတိုင်း လုပ်ပေတော့

မြင့်။ ။"ဟုတ်ကဲ့ ဆရာ"

ဝင်း။ ။"ကိုင်း ... သွား ... သွား"

ကာကီရှပ်အင်္ကျီ၊ ကာကီဘောင်းဘီရှည်ကြီးကို ဝတ်ကာ
ကိုယ်ပိုင် 'ဖောက်ဟော' ကားကလေးကို မောင်းနှင်လာသော ဦးအေ
မြင်သည်ပန်းပဲတန်းဂိတ်သို့ဝင်ကာ အကြောင်းစုံပြောပြလျက် ရှိလေ
၁၀ မိနစ်မျှ အကြာတွင် 'မန္တလာဂေဟာ' ကြီးကို ပုလိပ်နှင့် စစ်တပ်ခွဲက
တစ်ခု ဝိုင်းရံကာ အိမ်အတွင်းရှိ လူများအား ဖမ်းဆီးလေသည်။ ဦးသော်
မခင်ဆွေနှင့် ဦးလူဝင်းတို့အား ဖမ်းဆီးရမိသော်လည်း ဦးအောင်မြင်နှ
သော သူကိုကား မတွေ့ရတော့ချေ။

ဂျပန်အစိုးရထံမှ ငွေကြေး အမြောက်အမြားရရှိကာ ဂျပ
ဘက်သို့ လျှို့ဝှက်သော သတင်းများကို ပေးပို့နေသည့် အသင်း
အသင်းသားအချို့ကိုသာ ဖမ်းဆီးရမိခြင်း ဖြစ်ရကား ဦးအောင်မြင်မှာ
အကြိမ်တွင် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသော်လ
တစ်နေ့နေ့တွင် ကျန်အသင်းသားများနှင့် ရင်ဆိုင်ရဦးမည် မလွဲတ
ဦးအောင်မြင်သည် မိမိအခန်းသို့ ပြန်ရောက်သောအခါ
လက်ကုလားထိုင် တစ်လုံးပေါ်တွင် ကိုယ်ကို ခြေပစ်လက်ပစ် ဆန့်
လိုက်ကာ "ဩော် ... ညွှန့်ညွှန့် ... ညွှန့်ညွှန့်" ဟု အသံများထွက်အေ
ညည်းညူလိုက်လေ၏။

ံ ံ ံ

www.burmeseclassic.com

www.burmeseclassic.com

## မိဘစကား

တစ်နေ့သ၌ ကျွန်ုပ်သည် ဗန်းမော်မြို့သို့ ခေတ္တရောက်နေသော တပည့်တစ်ဦးထံမှ ရေရှုစ္စတြီ ပြုလုပ်ထားသော စာတစ်စောင်နှင့် မြေပုံတစ်ချပ်ပါသော ဖူးစကက်စက္ကူ ၁၀ ရွက်ခန့်ရှိသည့် အတ္ထုပ္ပတ္တိတစ်ခုကို စာတိုက်မှ ရရှိ၏။ စာမှာ လူထုပညာရေး ဘဝသစ်အဖွဲ့တွင် ကချင်ပြည်နယ်အတွက် ပညာရေးတာဝန်ခံအဖြစ် အမှုထမ်းနေသူ မောင်ထွန်းလွင် ဆိုသူထံမှ စာနှင့် ပါဆယ်ဖြစ်၍ စာတွင် အောက်ပါအတိုင်း ရေးသားပါရှိလေသည်။

ခေတ္တဗန်းမော်မြို့

၁၁.၁၁.၆၀

စာရေးဆရာကြီး

ဒဂုန်ရွှေမျှားထံသို့

တပည့်ဖြစ်သူ ကျွန်တော်ထွန်းလွင် အစီရင်ခံပါသည် ဆရာကြီး ခင်ဗျား ...

ကျွန်တော်သည် လွန်ခဲ့သော ဇူလိုင်လက ဗန်းမော်မြို့သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိခဲ့၍ လူထုပညာရေးဘဝသစ်အဖွဲ့ (ကချင်ပြည်နယ်) တွင် ပညာရေးတာဝန်ခံအဖြစ် ဆက်လက်ဆောင်ရွက်လျက် ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ယခင်လွန်ခဲ့သော ၄ နှစ်ခန့်က ကျွန်တော်သည် အလုပ်ဝတ္တရားနှင့် ဗန်းမော်မြို့မှ မိုင် ၅၀ ခန့်ဝေးကွာသည့် ယခုအခါ စစ်တပ်ကလေးတစ်တပ် ချထားရာ 'လွယ်ဂျယ်' ရွာကြီး၏ တောင်ဘက် ခရီးအတန်ငယ်လှမ်းသည့် 'ဂိုင်ဒေါ' ခေါ် ကချင်ရွာကလေးတစ်ရွာသို့ ရောက်ခဲ့ဖူးပါသည်။

ထိုရွာသို့ ရောက်ခဲ့စဉ်က ရွာသူကြီး ဦးလုံထော်၏ အိမ်တွင် တည်းခိုလျက်ရှိရာ ပထမ တစ်ညဥ့်မျှသာ အိပ်မည်ဟု ကြံခဲ့သော်လည်း တစ်စုံတစ်ခုသော အကြောင်းကြောင့် ၃ ညဥ့်မျှ တည်းခိုနေထိုင်ခဲ့ပါသည်။ သူကြီးမှာ အသက်အရွယ်ကြီးရင့်သော ကချင်အမျိုးသား သက်ကြီးတစ်ယောက် ဖြစ်သော်လည်း ခေတ်ပညာကို အတော်ပင် ဆည်းပူးမိ၍ ဗဟုသုတလွန်စွာ ကြွယ်ဝသူ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သောကြောင့် ကျွန်တော်နှင့် များစွာ စကားလက်ဆုံကျခဲ့ပါသည်။ သူသည် ငယ်စဉ်က အလုပ်အကိုင် အမျိုးမျိုးကို လုပ်ကိုင်ခဲ့ပြီးလျှင် နေရာအနှံ့အပြား ရောက်ခဲ့ဖူးသူ ဖြစ်သည့်ပြင် မှတ်ဉာဏ်လည်း အလွန်ကောင်းသူဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်အပျက်များကို ယမန်နေ့က ဖြစ်ပျက်သကဲ့သို့ နာမည်နာမ၊ အမည်နေရပ်နှင့်တကွ 'ခရေစေ့တွင်းကျ' ပြန်ပြောနိုင်သူ ဖြစ်ပါသည်။ ယခုစာနှင့်အတူ ပို့လိုက်သော အဖြစ်အပျက်မှာလည်း သူငယ်စဉ်က တွေ့ကြုံရသည့် 'တကယ့်အဖြစ်အပျက်မှန်' တစ်ခု ဖြစ်ပါသည်။

ယင်းအတ္ထုပ္ပတ္တိထဲတွင် ပါဝင်သည့် ကာယကံရှင် အဆက်အနွယ်များမှာ ယခုတိုင် 'ဂိုင်ဒေါ' ရွာတွင်ရှိနေသေးသဖြင့် အကယ်၍ ဆရာကြီးသည် ယခုပို့လိုက်သော 'အဖြစ်အပျက်မှန်' ကို အသုံးပြုပါက နာမည်ရင်းများကို မထည့်ဘဲ လွှဲပြောင်းထည့်စေလိုပါသည်။ ယခုအဖြစ်အပျက်တွင်ပါသော တွင်းကြီးမှာ ရွာမြောက်ဖက်တွင် ယခုတိုင် အထင်အရှား ရှိနေလေရာ သူကြီးက လိုက်လံပြသသဖြင့် ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်။

သူကြီးပြောပြသော အခြားအဖြစ်အပျက် ၄-၅ ခုကိုလည်း ကျွန်တော် ရေးမှတ်လာခဲ့ရာ ဆရာကြီးထံ မကြာမီ ပေးပို့လိုက်ပါဦး


www.burmeseclassic.com

www.burmeseclassic.com



ည်။ ကျွန်တော် ပေးပို့သမျှဝတ္ထု အတ္ထုပ္ပတ္တိများကိုလည်း ဆရာကြီး သဘောအတိုင်း အခွင့်ပြုနိုင်ပါသည်။

ဆရာကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေ။

ကျွန်တော်တပည့်
ထွန်းလွင်

*

တ်ချက်။ ။ အထက်ပါ မောင်ထွန်းလွင်၏စာကို ဖတ်ပြီးနောက် ကျွန်ုပ်လည်း အတ္ထုပ္ပတ္တိကို ဖတ်ကြည့်ရာ စိတ်ဝင်စား ဖွယ်ကောင်းသော အတ္ထုပ္ပတ္တိတစ်ခု ဖြစ်သည့်ပြင် ကျွန်ုပ် ကိုယ်တိုင် မကြားဘူး၊ မသိဘူးသေးသော ဗဟုသုတများ ပါရှိသဖြင့် မောင်ထွန်းလွင် တောင်းပန်ချက်အတိုင်း မူရင်းနာမည်များကို ပြောင်းလွဲပြီးလျှင် ကျွန်ုပ်၏ အရေး အသားဖြင့် ရေးသားဖော်ပြအပ်ပါကြောင်း။

ဒဂုန်ရွှေမျှား

## မောင်ထွန်းလွင်၏စာမူမှ ကောက်နုတ်ချက်

ကျွန်တော်သည် လူထုပညာရေးဘာဝသစ်အဖွဲ့(ကချင်ပြည်နယ်) ညာရေးတာဝန်ခံအဖြစ်ဖြင့် လွန်ခဲ့သော ၄ နှစ်ခန့်က အထက် ကချင် ပြည်နယ်၌ အလုပ်ဝတ္တရားများ ဆောင်ရွက်လျက်ရှိစဉ် တရုတ်ပြည် နယ် ပ်ရှိ ယခု စစ်တပ်စခန်းရှိသော 'လွယ်ဂျယ်'ရွာကြီးသို့ ပထမရောက်ရှိ၍ ၎င်းမှ တောင်ဘက်သို့ ၁၀ မိုင်ခန့် သွားမိသောအခါ အိမ်ခြေငါးရာခန့်ရှိ ဂိုင်ဒေါ်' ခေါ် ကချင်ရွာတစ်ရွာသို့ ဆိုက်ရောက်ခဲ့၏။ ဤရွာမှာ ဗန်းမော်နှင့် မိုင် ၅၀ ခန့်ကွာ၍ ကျွန်တော်လာခြင်း၏ အကြောင်းမှာ ထိုရွာ၏ တောင် ဘက် ၁၅ မိုင်ခန့်ဝေးသော 'အင်ဘာပါ' ခေါ် ရွာရှိ ယက်ကန်းကျောင်းများ ကို ကြည့်ရှုရန်တစ်ကြောင်း၊ မြန်မာပြည် အစွန်အဖျားရှိ နယ်ခြားဒေသများ မှ ဗဟုသုတများကို ရှာမှီးရန်တစ်ကြောင်း လာရောက်ခြင်း ဖြစ်လေသည်။

ရွာသို့မရောက်မီ ခရီးတစ်မိုင်ခန့်အကွာ၌ ကျွန်တော်၏တပည့် မောင်မှန်းသည် အိပ်ရာလိပ်ကို လက်တစ်ဖက်က ဆွဲလျက် လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ခရီးဆောင်သားရေအိတ်ပျော့တစ်ခု ပါ၏။ ကျွန်တော့်တွင် ဓားလွယ်တစ်ချောင်းကို လွယ်ထား၍ ပခုံး၌ ရေဘူးကို သားရေကြိုးဖြင့် သိုင်းထား၏။ အချိန်မှာ ညနေ ၅ နာရီခန့်ရှိပြီဖြစ်၍ တန်ဆောင်မုန်းလရာသီ ဖြစ်သည့်အတိုင်း အတော်ပင် အေး၍လာရာ ကျွန်တော်တို့လည်း အနွေးထည်များကို လက်ဆွဲအိတ်ထဲမှယူ၍ ဝတ်ကြပြီးနောက် ရွာဆီသို့ ခရီးဆက်၍ နေကြ၏။

ကျွန်တော်က ရှေ့မှသွားလျက် မောင်မုန်းသည် ဝန်လေးကို ထမ်းရသဖြင့်တစ်ကြောင်း၊ အတန်ငယ် ခရီးပန်းလာပြီဖြစ်သဖြင့်တစ်ကြောင်း ကျွန်တော့်နောက် ဝါးတစ်ရိုက်သာသာခန့်တွင် ကျန်ရစ်၏။ နာရီဝက်ခန့် လျှောက်မိ၍ ရွာနှင့် ၅ ဖာလုံခန့်မျှ ဝေးသောနေရာတစ်နေရာသို့ရောက်လျှင် "အောင်မယ်လေး" ဟု မောင်မုန်း၏ ဟစ်အော်လိုက်သံကြားသဖြင့် ကျွန်တော်လည်း နောက်သို့ လှည့်ကြည့်လိုက်ရာ မောင်မုန်းသည် လမ်းနံဘေးသို့ ခြေချော်ကျသွားဟန်ဖြင့် မြေပေါ်တွင် ဆောင်းစောင်းလဲလျက်ရှိရာမှ ဖုန်များကို ခါ၍ထနေသည်ကိုလည်းကောင်း၊ အိပ်ရာလိပ်နှင့် သားရေအိတ်မှာ နံဘေးရှိ လှည်းလမ်းကြောင်းပေါ်၌ ကျနေသည်ကိုလည်းကောင်း တွေ့မြင်ရလေ၏။ ကျွန်တော် ရောက်သွားသောအခါ မောင်မုန်းသည် လက်ဝဲဘက် ခြေထောက်ခြေသလုံးသားကို လက်ဖြင့် ဖိနှိပ်ကာ အလွန်နာကျင်သည့် လက္ခဏာဖြင့် စုတ်တသပ်သပ် ရှိနေသည်ကို တွေ့ရ၏။

"ဟော့ ... ကိုမုန်း ဘာဖြစ်တာလဲဗျ"

"တွင်းထဲ ခြေကျွံပြီးလဲတာပါ ဆရာ။ နို့ပေမဲ့ ဘာကောင် ကိုက်လိုက်တယ် မသိဘူး"

"ဘာဗျ မြွေများလားဗျာ"

"မြွေမဟုတ်ပါဘူး။ တွင်းက ဒီတွင်းကလေးပဲ ဆရာရဲ့"

ကျွန်တော်သည် သူခြေကျွံကျသွားသော တွင်းကို ကြည့်ရှုရာ တွင်းဟုပင် ခေါ်ရသော်လည်း ချိုင့်ကလေးတစ်ခုမျှသာဖြစ်၍ အနက်အားဖြင့် ၁၀ လက်မခန့်သာ ရှိ၏။ တွင်းဝတွင် ပိတ်ဆို့နေသော မြက်ဖုတ်များကို ဖယ်ရှားကြည့်ရာ တွင်းနံရံတွင် မြေကြီးကျစ်စာများဖြင့် မုန့်ပျားသလက်ကဲ့သို့ အပေါက်များဖြစ်နေသည်ကို တွေ့ရသဖြင့် နကျယ်ကောင် သို့မဟုတ် ပနီကောင် တုတ်လိုက်ခြင်း ဖြစ်သည်ဟု တွေးမိ၏။

"ခင်ဗျား ဘာကောင်မှ မမြင်လိုက်ဘူးလား ...ကိုမုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်လိုက်ဘူး ဆရာ။ နို့ပေမဲ့ ချေးပိုးထိုးကောင်လို အကောင်တစ်ကောင် ဒီခနဲ မြည်ပြီး အပေါ်ပျံတက်သွားတာ တွေ့လိုက်ရတယ်"

"ပဆုတ်ပနီ ထင်တယ်"

"မဟုတ်ဘူး ဆရာ"

"ဒါဖြင့် ပျား များလား"

"ပျားလည်း မဟုတ်နိုင်ဘူး ဆရာ ... အကောင်က ကြီးတယ်"

မောင်မုန်း၏ ခြေသလုံးသားမှ ဒဏ်ရာမှာ ကြည့်ရင်းပင် ဖူးယောင်၍လာ၏။ ခြေပင်ကောင်းစွာ မထောက်နိုင်တော့သဖြင့် အိပ်ရာလိပ်ကို ကျွန်တော်ကပင် ကူညီဆွဲခဲ့ရ၏။ သူကြီးသည် ကျွန်တော်တို့ဌာနမှ စာကို ရရှိပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့အား ရွာတံခါးဝမှပင် လာရောက်ကြိုဆိုနေသည်ကို တွေ့ရလေသည်။

သူကြီးအိမ်သို့ ရောက်သောအခါ မီးထွန်းပြီးဖြစ်၍ ကျွန်တော်တို့လည်း အိမ်ရှင်များ တည်ခင်းကျွေးမွေးသည့် ညစာထမင်းကို မြိန်ရှက်စွာ စားသောက်ကြရ၏။ သူကြီးမှာ အသက် ၆၅ နှစ်ခန့်မျှ ရှိပြီဖြစ်သော်လည်း သန်မာထွားကြိုင်းလျက် လုပ်နိုင်ကိုင်နိုင် စားနိုင်သောက်နိုင်တုန်းပင် ရှိသေး၏။ သူကြီးကတော်မှာ လွန်ခဲ့သော ၅ နှစ်ခန့်ကပင် ကွယ်လွန်သွားသော်လည်း နောက်ထပ် အိမ်ထောင်မပြုဘဲ တပည့်သားမြေးများနှင့်ပင် အေးချမ်းစွာ နေထိုင်ခဲ့၏။ တပည့်လက်သားများကလည်း လွန်စွာပင် ရည့်ဝတ်ကြေပွန်လျက် ကျွန်တော်တို့အား ညဥ့်အိပ်ရန် နေရာထိုင်ခင်းများ ပေးပြီးသော် အိပ်ရာသို့မဝင်မီ လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဧည့်ခံပြန်၏။

ညဥ့် ၉ နာရီထိုး၍ပင် ကျွန်တော်တို့သည် ခရီးပန်းသဖြင့် အိပ်ရာသို့ ဝင်ခဲ့ရာ ကျွန်တော့်မှာ အိပ်ချင်လှပြီဖြစ်သော်လည်း မောင်မုန်းမှာ ခြေသလုံးသားတွင် ပိုးကောင်ကိုက်ခံရသော ဒဏ်ရာကြောင့် ကောင်းစွာ မအိပ်နိုင်ဘဲရှိရာ ၁၂ နာရီကျော်ကျော်လောက်တွင် မခံရပ်နိုင်အောင် ကိုက်ခဲလာပြန်သဖြင့် ကျွန်တော်လည်း အိပ်ရာမှ ထ၍ ကြည့်ရာ မောင်မုန်း၏ ခြေထောက်မှာ အဆမတန်ဖူးယောင်လာသည်ကို တွေ့ရ၏။ သို့နှင့် မောင်မုန်းသည် မအိပ်နိုင်တော့ဘဲ တညည်းညည်း တညူညူဖြင့် မိုးလင်းခဲ့ရ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း သူကြီးအား အကျိုးအကြောင်းပြောပြရန် သူကြီးသည် မောင်မုန်း၏ ခြေထောက်မှ ပိုး

www.burmeseclassic.com



အရက်ကို ကြက်သားဟင်းနှင့် သောက်ပြီးနောက် အတော်ညဥ့်နက်မှ အိပ်လေ၏။ မောင်အေးချိုမှာ ယခင်က အရက်မသောက်တတ်သော်လည်း ယခုအခါ တောအရက်ကိုပင် သောက်တတ်၍ နေချေပြီ။

နောက်တစ်နေ့ အိပ်ရာမှ နိုးသောအခါ ၁၁ နာရီထိုးပြီဖြစ်ရကား မောင်အေးချိုသည် ရေကို ကပျာကယာချိုး၍ အဝတ်အစားများလဲပြီးသော် မြို့ထဲသို့ လာခဲ့၏။ ၁၂ နာရီခွဲတွင် အလုပ်တိုက်သို့ သွားရောက်ကာ ဖိုင်တွဲများကို မင်းစေသူငယ်လေးနှင့်အတူ ရှင်းလင်းထုတ်ပိုးလျက်ရှိသော စာရေး ကိုစိန်ထွန်းကိုသာ တွေ့ရသဖြင့် အံ့အားသင့်လျက်ရှိလေ၏။

"ဘယ်နှယ့်လဲ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ ကိုစိန်ထွန်း"

"ကျွန်တော်တို့ ကုမ္ပဏီ ဖျက်သိမ်းလိုက်ပြီလေ။ ကျွန်တော်ရဲ့ ဒီကောင်ကလေး လခတောင် ယနေ့ တစ်ခါတည်း ရှင်းပေးလိုက်ပြီ"

"ဟင် ... ကျုပ်တောင် ဘာမှ မသိရပါကလား"

"ကိုအေးချို အစကတည်းက ငွေကို တတ်နိုင်သမျှ မရရအောင် တောင်းဖို့ ကောင်းတယ် ကိုအေးချို"

"ကျုပ်လည်း တောင်းတာပဲ မဟုတ်လားဗျ။ နောက်ဆုံးငွေ ၅၀ တောင်းတာ ခင်ဗျား အသိပဲ။ စာ ၃ စောင်ရေးတာ မပြန်ဘူး။ နောက်ဆုံး ကျုပ်ကိုယ်တိုင် လိုက်လာလို့ တွေ့တော့ ကုမ္ပဏီငွေဟာ ကုန်ဖြစ်နေလို့ မပေးနိုင်ဘူးလေး ဘာလေးပြောပြီး ဒီကနေ့ ချိန်းလိုက်တယ်"

"ဒီကနေ့ ချိန်းလိုက်တယ် ဟုတ်စ"

"ဟုတ်တယ်လေ"

"သူမရှိတော့ဘူးဗျ။ မနေ့ညကတည်းက မန္တလေး လိုက်သွားပြီ"

"ဟင်"

"ကိုအေးချိုက သိပ်အေးတာကိုး။ သူ့ကို ဒီလိုလောက်နဲ့ တောင်းလို့မရဘူး ကိုအေးချို၊ အမြတ်မဝေတဲ့အကြောင်းတွေ၊ ကုမ္ပဏီရှုံးနေတဲ့ အကြောင်းတွေ ပြပြီး ရှေ့နေနဲ့ နို့တစ်ပေး တရားစွဲဖို့ ကောင်းတယ် ကိုအေးချို၊ တရားစွဲနိုင်တဲ့ ဥပဒေရှိတယ်ဗျ"

"ဒီလောက်အထိလည်း ကျုပ်က နားမလည်ဘဲကိုဗျ"

"ဒါကြောင့် ခင်ဗျား သိပ်အေးတယ်လို့ ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုက်သည့်နေရာကို သေချာစွာ ကြည့်ပြီးနောက် အဘယ်ကြောင့် ညတွင်းချင်း မပြောရပါသနည်းဟု ကျွန်တော့်အား အပြစ်တင်လျက် ရှိလေ၏။

"မနေ့ညက ရောက်ရောက်ချင်း ဘာဖြစ်လို့ ကျုပ်ကို မပြောသလဲ ကိုထွန်းလွင်"

"အားနာတာနဲ့ ခင်ဗျာ"

"ဟာ ... ဒီကိစ္စ အားနာစရာမှ မဟုတ်ဘဲ ကိုထွန်းလွင်ရဲ့။ ညက ဆေးလိမ်းပေးရရင် အခုလောက်ဆို ပျောက်လောက်ပြီ"

"ဟုတ်ပါတယ် ခင်ဗျာ။ ခမျာ တစ်ညလုံး မအိပ်ရရှာဘူး။ ပဆုတ်ပနီ တုတ်လိုက်သလား၊ ပျားထိုးသလား မပြောတတ်ပါဘူး"

ကြားဖြတ်၍ -

"မဟုတ်ဘူး ကိုထွန်းလွင်၊ ပျားတော့ပျားပဲ။ နို့ပေမဲ့ ရိုးရိုးပျား မဟုတ်ဘူး။ မြေပဒူလို့ ခေါ်တဲ့ အသားစား ပျားကြီးမျိုးပဲ။ ဖြစ်မှဖြစ်ရလေ ဗျာ။ ကျုပ်ဆီကို လာခါမှ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး"

သူကြီး ဦးလုံထော်သည် ချက်ချင်းပင် သူ၏တပည့်တစ်ယောက်အား ရွာတောင်ဘက်ရှိ တောကလေးတွင် ဆေးပင်ကို သွား၍တူးဖော်ယူခဲ့စေရန် လွှတ်လိုက်ပြီးလျှင် မောင်မုန်းကိုလည်း ငန်းဆေးတစ်ခွက် တိုက်၍ အိပ်နေစေ၏။ ကွမ်းတစ်ယာ ညက်သာသာခန့်ကြာလတ်သော် တပည့်သည် တူရွင်းကို ထမ်းပြီးလျှင် တောင်ဆုပ်ခန့် သစ်ပင်ကလေးတစ်ပင်ကို ကိုင်၍ ပြန်လာ၏။ သစ်ပင်ကလေးမှာ အရွက်သေး၍ အဝါပွင့်ကလေးများ ရှိလေသည်။

ထို့နောက် ဦးလုံထော်သည် သစ်ပင်ကလေးကို ထက်ဝက်ခွဲ၍ သုံးခွက်တစ်ခွက်တင် ကျိုစေပြီးလျှင် မောင်မုန်းအား တိုက်၏။ ကျန်တစ်ဝက်ကို နှမ်းဆီဖြင့် ကြိတ်စေပြီးလျှင် အနာကို လိမ်း၍ပေး၏။ အရွက်ဖတ်များကို အုံ၍ပေး၏။ သို့နှင့် နောက်တစ်နေ့၌ အယောင်လျော့သွားပြီးလျှင် အတော်ပင် သက်သာရာ ရသွားလေသည်။ ရောင်ရမ်းသည်ဆိုရာ၌လည်း သာမန် ရောင်ရမ်းခြင်း မဟုတ်ဘဲ ကုလားလူမျိုးများ 'ဆင်ခြေထောက်' ဖြစ်သကဲ့သို့ ခြေထောက်တစ်ခုလုံး ကြီးထွားလာခြင်းဖြစ်၍ လွန်စွာပင် ကြောက်မက်ဖွယ်ကောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုညတွင် ကျွန်တော်နှင့် သူကြီး ဦးလုံထော်တို့သည် အိမ်ရှေ့ခန်းတွင် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကာ ဆတ်သားခြောက်များ၊ ထန်းလျက်ခဲများကို လက်ဖက်ရည်ကြမ်းဖြင့် မြည်းလျက်ရှိလေရာ ကိုမုန်းမှာ အနာသက်သာလာပြီဖြစ်၍ ထိုအခါမှ ရယ်ရယ်မောမော စကားပြောဆိုနိုင်တော့၏။ ကိုမုန်း၏ ခြေထောက်မှာ အရောင်လျော့သွားပြီဖြစ်သော်လည်း အနာမှာ ရှင်းရှင်း မပျောက်သေးချေ။ ကိုမုန်းသည် လမ်းဘေးရှိ တွင်းကလေးတစ်ခုထဲသို့ အမှတ်မဲ့ ခြေချော်ကျသွားရာ 'မြေပဒူ' ခေါ် ပျားတစ်ကောင်တုတ်လိုက်သဖြင့် ဤကဲ့သို့ မဖြစ်စလောက်ကလေးဖြင့် ဒဏ်ရာပြင်းထန်စွာရသည်မှာ အံ့သြဖွယ်ကောင်းကြောင်း ကျွန်တော်က စကားစပ်မိ၍ ပြောပြသည်ကို သူကြီး ဦးလုံထော်က –

"မဖြစ်စလောက် မလုပ်နဲ့ ကိုထွန်းလွင်၊ ကလေးဆိုရင် သေတောင် သေနိုင်တယ်။ ဒီလောက်အဆိပ်ပြင်းတဲ့ အကောင်မျိုးဗျ။ အကောင်အကြီးစားတစ်မျိုး၊ အငယ်စားတစ်မျိုး၊ အားလုံးနှစ်မျိုးရှိတယ်။ အခုတုတ်လိုက်တာက အကြီးစားနဲ့ တူတယ်"

ကျွန်တော်။ ။ "ဟုတ်ပါလိမ့်မယ်ခင်ဗျာ။ အကောင် တော်တော်ကြီးတယ်လို့ ပြောတယ်"

ထော် ။ ။ "အငယ်မျိုးက လက်ညှိုးလောက်၊ အရှည် တစ်လက်မခွဲလောက်ရှိတယ်။ အကြီးမျိုးက လက်မလောက်ရှိတယ်။ အရှည်က ၂ လက်မလောက်ဆိုပါတော့"

"အစွယ်များ ရှိလေရော့လား ခင်ဗျာ"

"အစွယ်မဟုတ်ဘူး ကိုထွန်းလွင်ရဲ့။ ဖင်ဖျားမှာ အလတ်စားအပ်လောက်ရှိတဲ့ အဆိပ်အပ်တံပါတယ်။ အဲဒါနဲ့ ထိုးတယ်။ ပြီးတော့ ပါးစပ်နဲ့လည်း ကိုက်တတ်သေးတယ်။ အဲဒါဟာ သူတို့ရန်သူကို ခုခံဖို့ လက်နက်ပဲ။ အဆိပ်ကလည်း အင်မတန် ပြင်းတယ်။ ၄–၅ ကောင်များ ဝိုင်းကိုက်ရင် ကျွဲတို့၊ နွားတို့တောင် တုံးခနဲ လဲသေနိုင်တယ်"

"အရောင်က ဘယ်လိုနေသလဲ ခင်ဗျာ"

"ကိုယ်လုံးက အညိုရောင် အတောင်နဲ့ဦးခေါင်းက နီဝါရောင်ရှိတယ်။ ပြီးတော့ ကိုယ်လုံးပေါ်မှာတောင် နီဝါအရစ်ကလေးတွေ ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီပျားမျိုးက ဘာကို စားသလဲ ဦးလုံထော်"

"ဒီပျားမျိုးက အသားစားပျားမျိုးပဲ ကိုထွန်းလွင်ရဲ့။ သားစိမ်း၊ ငါးစိမ်းမှ စားတယ်။ ကြက်သားများဆိုရင် သိပ်ကြိုက်တာပဲ"

"ဘယ်နေရာမျိုးမှာ တွေ့တတ်သလဲ ဦးလုံထော်"

"ကျုပ်တို့ မတွေ့လို့သာကိုဗျ။ ရာသီဥတုပြင်းထန်ပြီး အလွန်ပူအိုက်တဲ့ နေရာနဲ့ အလွန်အေးတဲ့ နေရာကလွဲပြီး နေရာတိုင်းလိုလို တောကြီး တောင်ကြီးနဲ့ အနီးအနားမှာ နေတတ်ပါတယ်။ ပြီးတော့ သူတို့က တွင်းနဲ့ နေပြီး အင်မတန် ပွားလွယ်တဲ့ အကောင်မျိုးပဲ ကိုထွန်းလွင်ရဲ့။ နို့ပေမဲ့ ရာသီဥတုဒဏ်ကိုတော့ မခံနိုင်ကြဘူး။ ဆောင်းရာသီရောက်လို့ အင်မတန်အေးလာတဲ့အခါကျရင် သစ်ပင်ဝါးပင် အဆွေးအမြေ့တွေကြားမှာ ဝင်ပုန်းနေတဲ့ တစ်ကောင်တလေကလွဲလို့ အားလုံးသေကုန်ကြတာပဲ။ ဆောင်းကျွတ်ပြီဆိုတော့မှ အဲဒီလို ပုန်းနေရာက ထွက်လာပြီး ဥတွေ ဥကြတယ်။ သူတို့ရဲ့ အသိုက်တွင်းကြီးထဲမှာလုပ်ထားတဲ့ ပျားလပို့ခေါ်တဲ့ ပျားအိမ်ကအပေါက်တစ်ပေါက်ဟာ ကျုပ်တို့ယောကျ်ားကြီး လက်ညှိုးတစ်ချောင်း ကောင်းကောင်း ဝင်တယ်"

ကျွန်တော်။ ။ "အဲဒီပျားအုံကို သူတို့ဘာနဲ့ လုပ်သလဲ ခင်ဗျာ"

ထော် ။ ။ "ဒါကတော့ သစ်ဆွေးမှုန့်တွေ တဖြည်းဖြည်း သယ်လာပြီး သူတို့ပါးစပ်က ထွက်တဲ့ တံတွေးနဲ့ ရောပြီး လုပ်ပါတယ်။ ဒါကြောင့် အညိုရောင်ဖြစ်ပြီး တခြားပျားလပို့များလို ဖယောင်းမဟုတ်ဘူး။ တခြားပျားများလို ပန်းဝတ်ရည်မစုတ်လို့ ပျားရည်လည်း မရှိဘူး။ သူတို့က သက်သက် အသားစားပျားမျိုးပဲ ကိုထွန်းလွင်"

"ဟုတ်ပါ့ ခင်ဗျာ။ ဒီလို ဗဟုသုတမျိုးတွေ ကျွန်တော်တို့ အင်မတန် ဆည်းပူးချင်ပါတယ်။ အခုတော့ အချိုရှာသကာနဲ့ တွေ့ဆိုသလို သူကြီးမင်းဆီက ကြားရတာ အင်မတန် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

"အဲဒီနောက် သူတို့ဥတွေဟာ လပြည့်ချိန်ရောက်ရင် ပိုးတုံးလုံးတွေ ဖြစ်ပြီး၊ လကွယ်ရောက်တော့ အကောင်တွေ ကြီးပြင်းလို့ ထွက်သွားတဲ့အခါ ပျားလပို့မှာ ခွက်လွတ်ပဲ ကျန်ရစ်တော့တယ်။ တစ်ခါ လဆန်းတော့ ဥပြန်ရော၊ အဲဒီနည်းအတိုင်း ပျားတစ်ကောင်ကစပြီး ပေါက်ပွားလာတာ



www.burmeseclassic.com

www.burmeseclassic.com


တပေါင်းလကစပြီး တန်ဆောင်မုန်းလအထိ ၉ လအတွင်းမှာ ကုဋေကုဋာ ရေတွက်နိုင်အောင် ပွားသွားတာပဲ။ အဲဒီလဟာ ပျားကြီးများ အစည်ကား ဆုံးလပဲ။ နောက်ဆုံးလလည်းဖြစ်တယ်။ အားလုံးပျားတွေဟာ အခု ကျုပ် ပြောတဲ့သဘာဝအတိုင်း ဖြစ်ကြတယ်။ ဒါကြောင့် ပျားဖွတ်တဲ့လူတွေဟာ 'ပျားရည်လိုသော် လဆန်းပိုင်း၊ ပျားဥလိုသော် လပြည့်ချိန်' လို့ ဆိုရိုးစကား ရှိကြတယ်။ အုံပျား(အိမ်မွေးပျား) ကလွဲလို့ အားလုံးပျားမျိုးတွေဟာ ဆောင်းအခါမှာ အားလုံးသေကုန်ကြတာပဲ။ ပြီးတော့ ကျုပ်တို့ဆရာ တိဘက်ပြည်က လာမာဘုန်းတော်ကြီး ပြောတာ ပြောရဦးမယ်"

"အမိန့်ရှိပါဦး ခင်ဗျာ"

"ဒီပျားတွေဟာလည်း ... ဆောင်းအခါမှာသာ သေမကုန်ရင် များများဟာ တစ်ကမ္ဘာလုံး ကြီးစိုးလွှမ်းမိုးနိုင်ပြီး ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိ သက်မဲ့ အားလုံးကို ဖျက်ဆီးပစ်နိုင်တယ်လို့ အမိန့်ရှိဘူးတယ်"

"မှန်ပါတယ် ခင်ဗျာ။ ဟုတ်လောက်စရာ ရှိပါတယ်"

မောင်မုန်းမှာ ကျွန်တော်တို့ ပြောနေသော စကားများကို များစွာ စိတ်ဝင်စားဟန် မတူဘဲ အနားနားသည်ဟု ဆိုကာ အိပ်ရာသို့ ဝင်သွားလေ သည်။ သူကြီးဦးလုံ့ထော်သည် ပညာဗဟုသုတနှင့် ပြည့်စုံသည့်ပြင် စကား ပြောကောင်းတစ်ယောက်လည်း ဖြစ်၍ မောင်မုန်းအား ကိုက်လိုက်သော မြေပဒူပျားကြီးမျိုးအကြောင်းကို ပြောဆိုလျက်ရှိရာ ကျွန်တော်လည်း နောက်ထပ် လက်ဖက်ရည်ကြမ်း တစ်ကရားကုန်အောင် သောက်ရင်း ဆက်လက် နားထောင်လျက် ရှိလေ၏။

ဦးလုံ့ထော်သည် ဆေးတံကောက်ကြီးကို ဆေးအသစ်ထည့်၍ သောက်ပြီးနောက် ထိုပျားကြီးမျိုးနှင့်တကွ မြေအောင်းပျားမှန်သမျှအား တွင်း၀ 'ကယ်ပေါက်' ကို ကြည့်၍ အတွင်း၌ရှိသော ပျားအုံမည်မျှလောက် ကြီးသည်ကို သိနိုင်ကြောင်း၊ ပျားကောင်ရေများလျှင် များသည့်အလျောက် ဝင်ပေါက်တစ်ပေါက်နှင့် ထွက်ပေါက် ၃-၄ ပေါက် ထားတတ်ကြောင်း၊ ဝင်ပေါက်ကို အကျယ် လက်မခန့်ထား၍ အလျားမှာ အတွင်းရှိ ပျားလပို့ အပြားကျယ်သလောက် ရှည်လျားတတ်ကြောင်း၊ ထို့ကြောင့် ဝင်ပေါက် ရှည်လျားသလောက် တွင်းထဲရှိ ပျားအုံမှာ ကျယ်တတ်ကြောင်း၊ ထိုဝင် ပေါက် ထွက်ပေါက်အားလုံး၌ပင် ပျားများသည် အလစ်မပေးဘဲ ကင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပျား အမြဲချထားတတ်ကြောင်း၊ ကြီးထွားလာပြီးသော ပျားကြီးများမှာ သူတို့၏ သဘာဝအားဖြင့် ထိုအပေါက်များမှ ထွက်လာပြီးလျှင် အပေါ်သို့ တည့်တည့် ပေလေးငါးရာခန့် ပျံတက်ပြီးမှ အခြားမိမိတို့လိုရာသို့ ပျံတတ်ကြောင်း အပြန်ခရီးတွင်လည်း ထိုနည်းနှင်နှင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပျားကောင်များကိုပင် တွေ့လိုက်သော်လည်း သူတို့၏တွင်းကို အလွယ်တကူ သိရန်ခဲယဉ်းကြောင်း၊ များစွာ မကြီးမား မစည်ကားသေးသော ပျားကောင်များမှာ ညဥ့်အချိန်တွင် အထဲ၌ အိပ်စက်နားနေတတ်၍ ဝင်ပေါက်ထွက်ပေါက်လည်း ၂ ပေါက်သာ ထားတတ်ကြောင်း၊ စည်ကားပြီး ပျားကြီးများမှာမူ အထက်က ဖော်ပြသည့်အတိုင်း ထွက်ပေါက်ကို သုံးလေးပေါက် ထားတတ်ကြပြီးလျှင် ညဥ့်အချိန်များ၌ ၂ နာရီခန့်သာ အနားယူအိပ်စက်တတ်ကြောင်း၊ သို့သော် အပေါက်များ၌ အစောင့်များထားရှိရုံသာမက လေယာဉ်ပျံကဲ့သို့ တဒီဒီ ဆက်လက်မြည်ဟိန်းနေသော အသံကြီး အစဉ်ထွက်ပေါ်နေတတ်ကြောင်း၊ ဤကဲ့သို့ အစောင့်အရှောက်နှင့်တကွ ပရိယာယ်လည်းများ အဆိပ်လည်း ပြင်းထန်လှသဖြင့် ၎င်းတို့အား ဖွတ်စားရန် အလွန်ခဲယဉ်းကြောင်း လူသားစစ်တပ်ကို လျှို့ဝှက်စွာ ချဉ်းကပ်တိုက်ခိုက်ရသလောက် ချဉ်းကပ်တိုက်ခိုက်ရန် အရေးကြီးကြောင်း။

ထိုပျားကြီးမျိုးဖြစ်သည့် လပြည့်ဥ(ပိုးတုံးလုံး) ကြီးများနှင့် အင်္ဂါစုံစ အကောင်နုများကို ချက်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ စားသောက်က အလွန်ကောင်းမွန်ကြောင်း၊ စစ်မဖြစ်မီအချိန်က ထိုပျားဥကြီးမျိုးကို ဈေးများတွင် ၁၀ လုံး တစ်မတ်ဖြင့် ရောင်းချကြောင်း၊ ကချင်ပြည်နယ်၌ တောကြီးတောင်ကြီးထဲတွင် ထိုပျားအုံတွင်းကြီးများကို ပထမတွေ့သူသည် ရှေးဦးစွာ ယူပိုင်ခွင့်ရှိ၍ အနီးအနား၌ အမှတ်အသားတစ်စုံတစ်ရာကို စိုက်ထူထားတတ်ကြောင်း၊ အခြားတစ်စုံတစ်ယောက်က လာရောက်ဖွတ်ယူခြင်းပြုက မူလတွေ့ရှိသူက တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း၊ သက်သေပြ၍ လျော်ကြေးတောင်းလျှင် ငွေ ပိဿာချိန်ဖြင့်သော်လည်းကောင်း၊ ကျွဲနွားသော်လည်းကောင်း လျော်ရကြောင်း၊ ထိုပျားကြီးဥများကိုစားလိုက်သောအခါ အလွန်ဆိမ့်၍ ထူးခြားသော တန်ခိုးသတ္တိရှိစေ၍ မှာကိုယ်ဝန်ဆောင်အရင့်အမာများပင် ချက်ချင်း ကလေးပျက်ကျတတ်ကြောင်း၊ ကလေးမမွေးစေလိုသော ခွေးမ၊ ကြောင်မများကိုပင် ဥတစ်လုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com


လုံးကို အခြားအစားအစာ တစ်ခုခုနှင့် ရော၍ ကျွေးထားလိုက်က မည်သည့်အခါမျှ ကလေးမရတော့ဘဲ မြုံ၍သွားတော့ကြောင်း၊ ခွေးမ ကြောင်မများကို ၎င်းဥအတိုင်း ကျွေးက မည်သည့်အခါမျှ မစားသော်လည်း ခွေးထီးနှင့် ကြောင်ထီးများမှာ ၎င်းဥကို အစိမ်းအကျက်မရွေး အလုအယက် စားသောက်တတ်ကြကြောင်း၊ ကြက်မများကိုပင် ထိုဥအနည်းငယ် ခွံ့ထားက မည်သည့်အခါမျှ မဥတော့ကြောင်းဖြင့် ပြောပြလေသည်။

ကျွန်တော်လည်း သူကြီးဦးလုံထော် ပြောသော ပျားကြီးမျိုးအကြောင်းနှင့် သူတို့၏ သဘာဝများကို စိတ်ဖြင့်သာမက စာဖြင့် ရေးမှတ်လျက်ရှိ၏။

ထို့နောက် ဦးလုံထော်က ဆက်လက်၍ –

"ထိုပျားကြီးမျိုးကို 'ဖွတ်' မည်ဆိုက အုံ့ဌိထွက်ပေါက် ဘယ်နပေါက် ရှိသည်ကို ရှေးဦးစွာ စုံစမ်းရှာဖွေရကြောင်း၊ ထို့နောက်တွင်မှ မီးအား အလွန်ကောင်းသည့် သစ်အေရွက်၊ ရှားရွက်၊ ကန့်ကော်ရွက် စသည်တို့ကို အကိုင်းငယ်များပါ အများအပြား အခြောက်လှန်းထားရကြောင်း၊ ၎င်းပြင် မီးရှူးမီးတုတ်များကိုလည်း အသင့်ရှိနိုင်ရန် ကြိုတင်ပြုလုပ်ထားရကြောင်း၊ တွင်းဝတွင် မီးရှူးတိုင်များ စိုက်၍ မီးခိုးလုံးများကို တွင်းထဲသို့ ရောက်အောင်မှုတ်ရန် ဝါးဘိုးဝါး ပြောင်းတံရှည်ကြီးများ ပြုလုပ်ထားရကြောင်း၊ သို့ပြုလုပ်ရန်မှာ ဝါးဘိုးဝါးကို တစ်ဖက်က အဆစ်အမျက်ချန်ကာ အမျက်၏ အလည်တွင် မီးခိုးထွက်ရန် လက်ညှိုးခန့် အပေါက် တစ်ပေါက် ဖောက်ထားရကြောင်း၊ သက်ငယ်ဆွေး၊ ဆေးဂေါ်င်းခြောက်၊ ငရုပ်သီးခြောက်များပါသည့် 'အင်ဆူ' ခေါ် မီးခိုးများ မှုတ်သွင်းသည့် ကိရိယာများကို အသင့်ထားရကြောင်း။

ဤသို့ အသင့်ပြုလုပ်ပြီးသောအခါ လပြည့်ကျော် ၂ ရက် သို့မဟုတ် ၃ ရက်နေ့များတွင် နေ့ကောင်းရက်သာ ရွေး၍ ညဥ့် ၂ နာရီ ပျားကြီးများ အသွားအလာရပ်စဲချိန်တွင် အထူးလျှို့ဝှက်စွာ အထက်ဖော်ပြပါ မီးရှူးမီးတုတ်များ၊ အပေါက်ပိတ်ရန် ရွှံ့စေးများ မီးခိုးမှုတ်ရန် အင်ဆူးကျည်တောက်များ၊ အခြောက်လှန်ထားသော သစ်အေရွက်ခြောက် ကံ့ကော်ရွက်ခြောက်စည်းကြီးများကို ယူ၍ သွားကြရ၏။


www.burmeseclassic.com

www.burmeseclassic.com



ပျားအုံကြီးများရှိရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မီးတုတ်များတို့ ထွန်းညှိလိုက်ပြီးလျှင် လေးဘက်လေးတန် တစ်ပြိုင်တည်း ဝိုင်း၍ ဝင်ရောက်ကာ အပေါက်များကို ရွှံ့စေးဖြင့် ပိတ်သူကပိတ်၊ အပေါက်များအတွင်းသို့ မီးခိုးများ တရစပ် မှုတ်သွင်းသူက သွင်းလျက် တောခုတ်ခြင်း တောရှင်းခြင်း၊ ထိုတစ်လျှောက်လုံးအပေါ်တွင် သစ်ရွက်အခြောက်များကို စုပုံမီးတိုက်ခြင်း၊ ရပ်ဝေးမှ အစာရှာ၍ ပျံလာခဲ့သော ပျားကြီးများကို မီးရှူးမီးစည်းများဖြင့် ရှို့၍ သတ်ခြင်းများကို လှုလဲ၍ ဆက်တိုက်ပြုလုပ်ကြကြောင်း၊ အတန်ငယ် ချွတ်ချော်မှားယွင်းက လူများကို ဒုက္ခပေးတတ်ကြောင်း၊ သို့ဖြစ်၍ အထူးဝီရိယ စိုက်ထုတ်ပြီးလျှင် တက်ညီလက်ညီ ဆောင်ရွက်နိုင်မှ အောင်မြင်ကြောင်း။

သို့ပြုလုပ်နေစဉ်အတွင်း လေယာဉ်ပျံ မျှံသော အသံကဲ့သို့ တွင်းထဲမှ တဒီဒီမြည်သံကြီး ထွက်ပေါ်လျက်ရှိကြောင်း၊ ထိုအသံသည် တဖြည်းဖြည်း ငြိမ်သက်သွားပြီးနောက် လုံးဝ တိတ်ဆိတ်သွားသောအခါ ပျားကြီးများ သေကုန်ပြီဖြစ်ကြောင်း သိရ၍ ထိုအခါမှ ပေါက်ပြားသမားများသည် စ၍ တူးကြလျက် တွင်းထဲရှိ ပျားအုံပျားလပို့များကို ထုတ်ယူကြကြောင်း၊ ထို့နောက် တစ်စုတစ်ပုံကြီး ရှိနေသော ပျားကြီးအားလုံးကို မီးရှို့ပစ်ကြကြောင်း၊ ပျားကြီးများ နေရာအနှံ့အပြား စုပုံလဲကျနေခြင်းမှာ အကယ်သေသည်မဟုတ်ဘဲ မီးခိုးများ မွန်၍သာ မူးမေ့နေကြခြင်းဖြစ်၍ ဤသို့မှ မီးမြှိုက်၍ မပစ်လျှင် အားလုံးပြန်၍ ရှင်လာကာ ဒုက္ခပေးတတ်ကြောင်း၊ ထိုအခါ ယခင်ကထက် ကြောက်မက်ဖွယ်ကောင်းလျက် မည်းမည်းမြင်သမျှ လူရောတိရစ္ဆာန်ပါ လိုက်လံကိုက်ခဲခြင်း၊ တုတ်ခြင်းများကို ပြုလုပ်တတ်ကြကြောင်းဖြင့် ပြောပြလေသည်။

ကျွန်တော်သည် သူကြီးပြောပြသော 'မြေပဒ္ဒ' ခေါ် ပျားနီကြီးမျိုး၏ သဘာဝနှင့်တကွ ၎င်းတို့အား လူသတ္တဝါတို့က သတ်ဖြတ်ဖျက်ဆီးကြပုံ ဗဟုသုတများကို လက်ဖက်ရည်ကြမ်း သောက်ရင်း ကျွန်တော်၏ မှတ်တမ်းစာအုပ်ပေါ်တွင် ရေးမှတ်လျက်ရှိလေ၏။

"ကိုင်း ... ကိုထွန်းလွင် ... မြေပဒ္ဒအကြောင်း စုံစုံလင်လင် သိသွားပြီနော်"

"သိပါပြီ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

“ကို [illegible] ခင်
ာလေး ပြောပြရဦးမယ်”

“အမိန့်ရှိပါ ခင်ဗျာ။ ကျွန်တော်တို့လည်း မှတ်သားရအောင်”

“ကျုပ်တို့ ရွာနာမည် ဘယ်လိုခေါ်သလဲ”

“ဂိုင်ဒေါ်လို့ ခေါ်တာ သိရပါတယ်”

“အမှန်ကတော့ ဂိုင်ဒေါ်မဟုတ်ဘူး ကိုထွန်းလွင်၊ ဂေါင်ဒေါ်လို့ ခေါ်ရမယ်။ အဲဒါက မူလ အဓိးလူမျိုးများရဲ့ အဓိးစကား ... အဓိပ္ပာယ်ကတော့ ‘လားကိုးတင်’ လို့ ဆိုလိုတယ်”

“ဘယ်လို လားကိုးတင်လဲ ခင်ဗျာ။ ကျွန်တော် နားမရှင်းသေးပါဘူး၊ အမိန့်ရှိပါဦး”

“လားကိုးတင်ဆိုတာ လား ၉ ကောင်နဲ့ တင်ပါနိုင်တဲ့ ဝန်ပေါ့။ ဒီဝန်ကို လား ၉ ကောင်နဲ့တင်ယူရတယ်။ အဲဒီ အဓိပ္ပာယ်ပေါ့”

“ဟုတ်ကဲ့ နားလည်ပါပြီ”

“မူလက ဒီရွာကို မြန်မာလို လားကိုးတင်ရွာလို့ ခေါ်ရာက အတိုကောက် ကိုးတင်ရွာလို့ ခေါ်လာကြတယ်။ အဲဒါ‹ှို အဓိးလူမျိုးစကားနဲ့ ဂေါင်ဒေါ်လို့ ခေါ်တယ်။ နောက် တဖြည်းဖြည်း နှစ်ပေါင်း ကြာလာတဲ့အခါ ဓာ-ကချင်လူမျိုးတွေက အဓိးစကားကို ပီအောင် မခေါ်နိုင်တော့ ဂိုင်ဒေါ်လို့ အခုထက်ထိ ခေါ်လာကြတာပဲ”

“ဟုတ်ကဲ့ ခင်ဗျာ ... အမိန့်ရှိပါ။ ဒါနဲ့ ဘာကြောင့် လားကိုးတင်လို့ ခေါ်ရတာလဲ ခင်ဗျ”

“အခု ... ကျုပ်ပြောမယ့် ကျုပ်တို့ရွာ စတည်ပုံ အစ္ဆာပွတ္တိကလေး ပြောရင် နောက်ဆုံးကျတော့ ရှင်းလင်းသွားပါလိမ့်မယ် ကိုထွန်းလွင်”

“အမိန့်ရှိပါ သူကြီးမင်း”

“ကိုင်း ... ရေးပြီးသာ မှတ်ပေတော့”

သို့နှင့် ကျွန်တော်သည် သူကြီး ဦးလုံထော် ပြောသော သူတို့၏ ‘ဂိုင်ဒေါ်’ ရွာ မူလဖြစ်ပုံ ဇာတ်လမ်းကလေးကို ကျွန်တော်၏ မှတ်တမ်းတွင် ရေးသားခဲ့ရပါကြောင်း။

ယခုအချိန်မှ ပြန်၍ ရေတွက်သော် နှစ်ပေါင်း ၇၀ ခန့်သောက်ပင် ကြာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အထက်မြန်မာပြည် ဗန်းမော်မြို့ အရှေ့ဘက် မိုင် ၅၀ ခန့်ရှိ နယ်ခြား ယခုအခါ စစ်တပ်ကလေးတစ်တပ်ချထားသော 'လွယ်ဂျယ်' ရွာကြီး၏ မြောက်ဖက် မြန်မာအခေါ် နေ့ဝက်ခရီးခန့်ကွာဝေးရာ တောင်ခြေ၌ ရွာငယ်ကလေးတစ်ရွာရှိ၏။ ထိုရွာကလေးမှာ အိမ်ခြေအစိတ်သုံးဆယ်ခန့် သာရှိ၍ ကချင်နှင့် 'အဇီး' လူမျိုးများနေထိုင်ကြ၏။ တောင်ခြေရွာဖြစ်သဖြင့် ဘိန်းပင်များ အလွန်စိုက်ပျိုးကောင်းသည့်အတိုင်း ထိုရွာသူရွာသားများမှာ အချို့တောင်ယာစိုက်ပျိုးလျက် အချို့လည်း ဘိန်းခင်းများ လုပ်ကိုင်စား သောက်ကာ နေထိုင်ကြလေသည်။

ထိုရွာတွင် မမင်းဖုံဆိုသူ အပျိုကြီးတစ်ယောက် ရှိ၏။ အသက် ၄၀ မျှပင်ရှိပြီဖြစ်သော်လည်း အိမ်ထောင်မပြုဘဲ အေးချမ်းစွာ နေထိုင်လျက် ရှိရာ မမင်းဖုံမှာ လုပ်ကိုင်ရသမျှ ငွေများကို အတော်အတန် ချွေတာ စု ဆောင်းမိလျက်ရှိရကား မိမိတွင် ဆွေမျိုးဉာတိလည်း မရှိ။ သားထောက် သမီးခံဟူ၍ မရှိသဖြင့် ကလေးတစ်ယောက် မွေးစားရန် တစ်နေ့တွင် အကြံဖြစ်ပေါ်၏။

မမင်းဖုံနေသော ရွာ၏ အနီးအနားတွင် နယ်ခြားဒေသ တရုတ်ရွာ ကလေးများသာရှိ၍ တစ်နေ့တွင် မမင်းဖုံသည် မိဘသေဆုံးသွားသော နို့စို့ရွယ် မိန်းကလေးတစ်ယောက်ကို တောင်းယူကာ သမီးအမှတ်မွေးစား လေသည်။ ထိုအချိန်မှစ၍ မမင်းဖုံသည် ကဒလေးအပေါ်တွင် သံယောဇဉ် တွယ်ကာ မိမိကိုယ်တိုင် မွေးထုတ်သော သားသမီးအရင်းတမျှ ချစ်ခင်ပြီး လျှင် ကလေးအား ယုယပြုစုခဲ့ရာ ကလေးသည်လည်း တစ်နေ့တခြား ကြီးပြင်း၍ လာခဲ့၏။

ကျွန်ုပ်တို့ ယခု ရေးသားဖော်ပြသော အချိန်၌ကား မိန်းကလေး မှာ အသက် ၁၆ နှစ်မျှရှိပြီဖြစ်၍ 'မကြင်ဥ' ဟု အမည်တွင်ပြီးလျှင် မိခင်ကြီး က အရိပ်တကြည့်ကြည့် ရှိနေခဲ့၏။ ရုပ်ရည်မှာလည်း တရုတ်သွေးစပ် သော ကပြားမဖြစ်သည့်အတိုင်း ဖြူဆွတ်သော အသား၊ ကြည်လင်သော မျက်လုံး၊ နက်မှောင်သော ဆံပင်၊ ရှည်လျားသော ခြေတံ လက်တံတို့နှင့် ပြည့်စုံပြီးလျှင် ရွာထဲတွင် ထူးထူးခြားခြား လှပသူတစ်ယောက် ဖြစ်လာလေ သည်။ ရွာရှိ အခြားမိန်းမပျိုကလေးများနှင့် နှိုင်းစာလျှင် သူ၏ရုပ်ရည်မှာ မပြုမပြင် မဖြီးမလိမ်းဘဲ ပေါ်လွင်လျက်ရှိလေသည်။ သို့နှင့် ရွာရှိ ကာလ


www.burmeseclassic.com

www.burmeseclassic.com



သားများသာမက အခြား မနီးမဝေး ရွာများကပင် လာရောက်ပိုးပန်းကြ၏။
ထိုအခါ ဒေါ်မင်းဖုံမှာ အသက် ၅၆ နှစ်မျှ ရှိခဲ့ပြီဖြစ်၍ ယခင်
ယ်စဉ်ကလောက် အလုပ်ကို မလုပ်နိုင်ခဲ့သော်လည်း သမီးကို အားကိုး
ဘာ ရှေ့ရေးကို တစ်စုံတစ်ရာ တွေးတောပူပန်ခြင်း မရှိဘဲ နေခဲ့လေသည်။
သမီးဖြစ်သူကိုလည်း မြို့မှ ကြွယ်ဝချမ်းသာသော အမျိုးသားတစ်ယောက်
ယောက်နှင့်ဖြစ်စေ၊ တောရွာတွင် ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည့် လူဂုဏ်ထံ
တစ်ဦးဦး၏ သားနှင့်ဖြစ်စေ နေရာချထားမည်ဟု စိတ်ကူးကာ သမီးချောကို
ရိပ်တကြည့်ကြည့်ဖြင့် ပီတိဖြစ်၍ နေခဲ့လေသည်။
သို့သော် ဤအချိန်ကား မကြာလှချေ။ ကြင်ဥသည် မိခင်ကြီး
င့်အတူ အလုပ်အကိုင် လုပ်ကိုင်ရင်း တစ်ရွာတည်းနေ ပစ္စည်းဥစ္စာနှင့်
တော်အတန် ပြည့်စုံသော လူတစ်ယောက်အိမ်တွင် သူရင်းငှားလုပ်သူ
တဇဆိုသော သူငယ်တစ်ယောက်နှင့် ချစ်ကြိုးသွယ်လျက် ရှိနေခဲ့လေပြီ၊
တဇမှာ လူပေလူတေ ကလေးတစ်ယောက်ဖြစ်၍ ဤရွာသားမဟုတ်ဘဲ
ခြားတစ်ရပ်တစ်ကျေးမှ လာရောက် အလုပ်လုပ်ကိုင်ရသူ ဖြစ်လေသည်။
ို့နှင့် သူတို့၏ အချစ်ဇာတ်လမ်းသည် အချိန်ကြာမြင့်စွာ ဖုံးကွယ်၍မရဘဲ
ောက်ဆုံးတွင် ဒေါ်မင်းဖုံ၏နားသို့ ပေါက်ခဲ့လေသည်။
ဒေါ်မင်းဖုံသည် သမီးဖြစ်သူ မကြင်ဥကို ခေါ်ပြီးလျှင် "ဟဲ့ ကြင်ဥ၊
မှာကြည့်စမ်း ... ငါတစ်ခွန်းတည်း မေးမယ်၊ မှန်မှန်ပြော။ ညည်းဟာ
ကိုတလုပ်ဖြူအိမ်က စာရင်းငှား တေဇနဲ့ ကြိုက်နေတယ်ဆို"
မျက်ရည်လယ်လာလျက် မပြောချင် ပြောချင် မဝံ့သည့်ဟန်ဖြင့်–
"ဟုတ်ပါတယ် အမေ"
"အေး ... ဒီလိုမှန်တဲ့အတိုင်းပြောတာ ငါ ကြိုက်တယ်။ ဒီလို
ုးလေးကြမ်းပိုး၊ ကလေကဝ အကောင်နဲ့ ငါသဘောမတူနိုင်ဘူး။ ကြား
ား ... အုတ်ကြားမြက်ပေါက် ဒီရွာကို ထမင်းငတ်လို့ ရောက်လာပြီး"
"တော်ပ့ါ အမေရယ်။ ကိုတေဇဟာ ဆင်းရဲပေမဲ့ ..."
ဒေါ်မင်းဖုံသည် ကြင်ဥ၏ မျက်နှာကို ဖျန်းခနဲ လက်ဝါးနှင့် ရိုက်
ိုက်၏။
"အောင်မယ် ... ညည်းက ညည်းလင် ထိလို့နာတယ် ဟုတ်စ၊
ိုင်း ... မှတ်ထားလိုက်၊ ငါဟာ ညည်းအမေရင်းထက် ချစ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ခင်ဗျား အစကတည်းက ကျုပ်ကို အကြံပေးဖို့ ကောင်းတယ် ကိုစိန်ထွန်းရယ်"

"ဒီလိုလည်း ကျွန်တော် အကြံပေးလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ ကို အေးချို။ ကျွန်တော့်ဘက်ကလည်း ကြည့်ဦးမှပေါ့။ ကျွန်တော်က သူ့ လခကို စားနေတာ မဟုတ်လား၊ ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ"

"အင်း ... ခင်ဗျားပြောတာလည်း ဟုတ်တာပဲ။ နို့ ... မန္တလေး သွားတယ်ဆိုတာ ဘယ်လိုလဲ။ ခဏသွားတာလား"

"ခဏသွားတာလား အစဉ်သွားတာလားဆိုတာတော့ ကျွန်တော် လည်း မပြောတတ်ဘူး ကိုအေးချို"

"နို့ ... ကုန်တွေ မရောင်းရတာ ကျန်သေးတယ်ဆို၊ သစ်ကြံပိုး ခေါက် ခြောက်ထောင်ကျော်ဖိုးရှိတယ်တဲ့။ လှောင်ထားတဲ့ ပရပ်က ခုနစ် ထောင်ဖိုးရှိတယ်တဲ့"

"ခင်ဗျားကို အလကားပြောတာ ဒီဟာတွေအားလုံး ရောင်းပြီးပြီ ဗျ။ အခု လဆန်းကတည်းက ၂၆ လမ်းက ဟူစိန်ဆိုတဲ့ ကုလားကို တစ်ခါ တည်း ဖောက်သည်ပေးလိုက်တယ်"

"ဒါဖြင့် ဒီအကောင်ကြီး ကျုပ်ကို ညာတာပဲ။ ညာတယ် ... ညာ တယ်။ ဒီအကောင်ကြီး ညာတယ်။ ညာတဲ့လူကို ဘယ်လိုလုပ်ရသလဲ ကိုစိန်ထွန်း သိလား"

မောင်အေးချိုသည် နှုတ်ခမ်းများကို ပြတ်လုမခန်းကိုက်ကာ လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေ၏။ ကိုစိန်ထွန်းကား စကား တစ်စုံတစ်ရာပြန်၍ မပြောနိုင်ဘဲ၊ ကိုအေးချိုအား သနားကြင်နာ သော မျက်လုံးများဖြင့် ကြည့်၍နေမိလေသည်။

"ကျုပ်ဟာ လူရိုးတစ်ယောက်ဗျ။ လူမြင်တိုင်း ကျုပ်လိုပဲ ရိုးလိမ့် မယ် ထင်မိတယ်။ လောကအကြောင်းလည်း ကျုပ် နားမလည်ဘူး။ သံသရာအကြောင်းလည်း ကျုပ် နားမလည်ဘူး။ ကျုပ်လက်ထဲမှာ ဒီငွေပဲ ရှိတယ်။ ဒီငွေကို သူလိမ်သွားပြီ။ ကျုပ်တော့ ဒီကနေ့ကစပြီး လူမွေး မပေါက်တော့ဘူး။ ကျုပ်မွဲသွားပြီ"

ထို့နောက် မောင်အေးချိုလည်း ပြာရီလျက်ရှိသော မျက်လုံးများကို မှိတ်သပ်ကာ လှေကားမှ ဒယိမ်းဒယိုင် ဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညည်းသိရဲ့ မဟုတ်လား။ ညည်းကို မွေးစားတယ်လို့ ပြောတောင် ငါ... နိုင်ဘူး"

ငိုလျက် – "ဟုတ်ပါတယ်"

ဒေါ်မင်းဖုံသည် သူကိုယ်တိုင် မျက်ရည်များ မဆည်နိုင်အော... ကျ၍ရှိ၏။ ဒေါသအလျောက် ရိုက်မိသည်ကိုပင် နောင်တရမိ၏။ ... နောက် သူ၏ သေတ္တာအောက်ဆုံး၌ စက္ကူစတစ်ခုဖြင့် တရိုတသေထု... သိမ်းထားသော အထုပ်ကလေးတစ်ထုပ်ကို ယူခဲ့ပြီးလျှင် ကြင်ဥ ... ချထားလေ၏။ အတွင်း၌ကား ကြိုးကလေး ၃–၄ ချောင်း ပါရှိရာ ... မင်းဖုံသည် ကြိုးစကလေးများကို တစ်ချောင်းစီ ကိုင်ပြလျက် –

"ဟောဒါက ညည်းယယ်ဧယ်တုန်းက အတိုင်းအထွာတွေပဲ။ ... ဟာက အရပ်၊ ဒီဟာက ကိုယ်လုံး၊ ဒီဟာက ပခုံး၊ ဒီဟာက ဖဝါး"

ကြင်ဥသည် ငိုယိုကာ ဦးခါင်းကို ငုံ့လျက်ရှိ၏။ ဒေါ်မင်း... ဆက်လက်၍ –

"ဒီလောက် လူမမယ် နို့စို့အရွယ်ကလေးကစပြီး ကြီးပြင်းအော... အမေမွေးလာခဲ့ရတာ အခုတော့ ညည်းဟာ ဆင်ကောင်၊ ကျွဲကောင်... ဖြစ်နေပြီ။ ရွှံ့ရေထဲမှာ အမေ ကုန်းရုန်းလုပ်တာတွေဟာ ငါ့သမီးရွာထဲ... မျက်နှာမငယ်ရအောင် သူများထက်သာအောင် သူများထက် လုလုပပ ... ရအောင်ဆိုပြီး လုပ်တာတွေပဲ။ ဒီအရွယ်ကလေးကစပြီး နွားနို့နဲ့တစ်... ကျွဲနို့နဲ့တစ်မျိုး နို့တိုက်ပြီး မွေးလာတော့ ဘယ်နည်းနဲ့မှ သမီးဆင်းရဲတာ... အမေ မကြည့်ရက်ဘူး။ သမီး ချမ်းသာတာသာ အမေမြင်ချင်တာ... ဒါကြောင့် ညည်းအရွယ်ရောက်လာတော့လည်း ညည်းတစ်သက်လုံး ... ချမ်းသာသာ နေသွားရအောင် ပစ္စည်းရှိတဲ့လူမှ ပေးစားမယ်လို့ အခုထ... ထိ အမေစောင့်နေခဲ့တယ်။ ညည်း အိမ်ထောင်ကျသွားလို့ ခွဲရမှာတော... အမေမခွဲရက်နိုင်လို့ ငါ့သမီးတစ်သက်လုံး အပျိုကြီးလုပ်သွားရင် တော်... ရဲ့လို့ တစ်ခါတလေ အမေ စိတ်ကူးမိတာပါ။ နို့ပေမဲ့ ဒါက အမေ... ပေါက်လို့ စိတ်ကူးမိတာပါ။ သူ့အချိန်တန် အရွယ်ရောက်ရင် ... ဖို့ဆိုတာလည်း အမေ စိတ်ကူးပြီးသားပါပဲ။ ဒါပေမဲ့ ညည်းက လုပ်... ကျွေးရမယ့် ဆင်းဆင်းရဲရဲ လူနဲ့တော့ မဖြစ်စေချင်ဘူး။ ကိုယ်က မှီခိုအ... ထားရမယ့်လူသာ ယူစေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းဖုံသည် အထက်ပါ စကားများကို မျက်ရည်စကိုလက်
ငင် လှိုက်လှိုက်လှဲလှဲ ပြောရှာလေ၏။ ထို့နောက် ဆက်လက်၍ –

"ဒီတော့ ညည်း စဉ်းစားဦး၊ အမေပြောတာ မှန်သလား၊ ညည်း
ခုလုပ်တာ မှန်သလား"

"ကျွန်မ စဉ်းစားပြီးပြီ အမေ။ ကိုတေဇနဲ့တော့ ဘယ်နည်းနဲ့မှ
ကျွန်မ မခွဲနိုင်တော့ဘူး။ ကိုတေဇဟာ ဆင်းရဲပေမဲ့ လူကောင်းတစ်ယောက်
ပါ"

"ညည်း ငါ့စကား နားမထောင်တော့ဘူးပေါ့"

"အခုတော့ နားမထောင်နိုင်တော့ဘူး အမေ"

"ကိုင်း ... ဒါဖြင့် ညည်း အယူအဆံပဲ မှန်သလား၊ အမေပြော
တာပဲ မှန်သလားဆိုတာ နတ်သိကြားများက ဆုံးဖြတ်ပေးလိမ့်မယ်။ အမေ
ပြောတာက မှားပြီး ငါ့သမီးအပြုအမူကမှန်ရင် ဒီကနေ့ကစပြီး ညည်းတို့မှာ
များထက်သာအောင် စားသောက်သုံးစွဲနိုင်ပြီး ပစ္စည်းဥစ္စာလည်း ပေး
မ်းလှူဒါန်းလို့ မကုန်နိုင်အောင် တိုးတက်ကြီးပွားလိမ့်မယ်။ တကယ်လို့
အမေ ပြောတာမှန်ပြီး ငါ့သမီးလုပ်တာက မှားရင် ရှေးဦးစွာ ငါ့သမီးမွေး
ယ့် ကလေးဟာ ထူးထူးခြားခြား လှလှပပ သားယောကျ်ားကလေး ဖြစ်
လိမ့်မယ်။ ဒါပေမဲ့ သက်ဆိုးမရှည်ဘဲ ထူးထူးဆန်းဆန်း ပျက်စီးရလိမ့်
မယ်။ ပြီးတော့ ညည်းတို့အိမ်ထောင်လည်း ဘယ်တော့မှ စိတ်ချမ်းသာမယ်
ဟုတ်ဘူး။ ဒီတစ်ခါ ငါ့သမီး နောင်တရပြီး အမေ့ဆီချိုင်းသာ လာကန်
တော့ပေတော့။ ဒီနောက် အမေ့ကို ရည်စူးပြီး မရှိဆင်းရဲတဲ့ လူတွေကို
တတ်နိုင်သမျှ အလှူဒါနလုပ်ပေတော့။ ဒီနောက်သာ နင်တို့ ကြီးပွားချမ်း
သာပြီး လူကောင်းသူကောင်း ဖြစ်နိုင်ကြပါစေတော်"

သို့ပြောဆို အမိဋ္ဌာန်ပြုပြီးနောက် ဒေါ်မင်းဖုံသည် ကြင်ဥ၏ငယ်
စဉ်က ကိုယ်အတိုင်းအထွာများကို မီးရှို့ပစ်လိုက်လေသည်။

ထိုညဉ့်ပင် ကြင်ဥနှင့် တေဇ မောင်နှံတို့ ရွာမှ ထွက်ပြေးကြလေ
၏။ သူတို့ ထွက်ပြေးသောနေရာမှာ ရွာမှ အရှေ့ဘက် ၄ ရက်ခရီးခန့်
ဝေးသည့် တရုတ်ပြည်နယ်ခြား ရွာကလေးတစ်ရွာ ဖြစ်လေသည်။

"အို ... ဒါဖြင့် အမေကြီး သနားစရာပဲ။ ကိုင်း ... ဆက်ဦး
ဦးကြီးမင်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးလုံထော်သည် ဆေးတံကောက်ကြီးကို ဆေးမှုန့်များဖြည့်၍ မီးညှိပြီးနောက် ဆက်ပြန်လေသည်။

"အဲဒီခေတ်တုန်းက လူတွေဟာ အသိအမြင် ဉာဏ် အင်မတန် နည်းပါးပေမဲ့ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်ထောင်နဲ့တစ်အိမ်ထောင်၊ တစ်ရွာ နဲ့တစ်ရွာ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ အင်မတန် ပြေပြစ်ကြတယ်။ လူငယ်တွေဟာလည်း မိဘစကား၊ ရွာက ဘုန်းတော်ကြီးစကားကို အမြဲ နာယူကြတယ်။ မိဘက သဘောမတူဘဲနဲ့ အိမ်ထောင်ပြုတဲ့လူရယ်လို့ မရှိ သလောက်ဘဲ။ ဒီတော့ ကြင်ဥဟာ သူ့အမေ သဘောမတူတဲ့ သူရင်းငှား မောဇနဲ့ တိတ်တိတ်ထွက်ပြေးကြတယ်ဆိုတာ အထူးအဆန်းဆိုပြီး နောက် တစ်နေ့ ဒီသတင်းဟာ တစ်ရွာလုံး ပျံ့နှံ့သွားရုံမကဘူး ... ဟိုရွာ ဒီရွာ ရွာနီးချုပ်စပ် အကုန်ရောက်သွားတာပဲ။ ကြင်ဥတို့လင်မယားလည်း ရက် သထက်ရှက်ပြီး နောက်ထပ် ၃ ရက်ခရီးလောက်ရှိတဲ့ တောင်ပေါ်ရွာတစ်ရွာ ကို ရွှေ့ကြပြန်တယ်။ အဲဒီရွာမှာပဲ အခြေစိုက်ပြီး ဖြစ်သလို လုပ်ကိုင်စား သောက်ပြီးနေကြတယ် ဆိုပါတော့။ ရွာမှာ ကျန်ရစ်ခဲ့တဲ့ အမေကြီးမှာတော့ တစ်နေ့မှ မျက်ရည်နဲ့မျက်ခွက် မပြတ်ဘဲ တစ်နေ့တခြား လုံးပါးပါးပြီး နောက်ဆုံး ဒီစိတ္တဇနဲ့ပဲ သေရှာတာ ရွာက ကြည့်ပြီး သင်္ဂြိုဟ်လိုက်ရတယ်"

ကျွန်တော်။ ။ "အင်မတန် သနားစရာကောင်းတာပဲ ခင်ဗျာ"

"ဟုတ်တာပေါ့ ကိုထွန်းလွင်။ မိဘများဟာ သားသမီးအပေါ် ဘယ်လောက်ချစ်သလဲဆိုတာ ကြည့်ပေတော့။ ဒါတောင် မွေးအမေ မဟုတ်သေးဘူး၊ ကျွေးအမေရှိသေးတယ်"

"အဲဒီနောက်ဆုံး ရောက်သွားတဲ့ရွာမှာ သူတို့လည်း မိန်းမက ဘိန်းခင်းမှာ အလုပ်လုပ်၊ ယောကျ်ားက ကြက်တို့၊ ဘဲတို့မွေးပြီး အိမ်မှာ ကျန်ရစ်ခဲ့တဲ့ အမေကြီး ဘယ်လို ရင်ကွဲပြီး ကျန်ရစ်ခဲ့တယ်ဆိုတာ သတိမရ တော့ဘဲ ပျော်ပျော်ပါးပါး နေလိုက်ကြတာ အခါလည်လောက်ကြာတော့ ကြင်ဥမှာ ကလေးတစ်ယောက် မျက်နှာမြင်တယ်။ သားဦးယောကျ်ား ကလေးပဲ ကိုထွန်းလွင်ရေ့"

"ဟာ ... ယောကျ်ားကလေး ဟုတ်လား"

"ဟုတ်တယ်။ ကလေးကလည်း ဖြူဖြူဖွေးဖွေး ရှေ့ဆေးငါးကြီး လို မွေးကတည်းက တစ်ပိဿာခွဲတိတိ အလေးချိန်ရှိတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"ဒါကြောင့် ကလေးကိုတောင် မောင်တစ်ပိသသာခွဲလို့ နာမည်ပေး ထားသတဲ့ ကိုထွန်းလွင်ရဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါနဲ့ ကလေးဟာ တစ်လသား ကျော်ကျော်လောက်ရှိတော့ တန်ဆောင်မုန်းလဆန်း နီးလာတဲ့အတွက် အဲဒီနယ်တစ်ဝိုက်က ဘိန်းခင်း တွေဟာ ဒီအချိန်မှာ မိန်းမတွေ ပေါင်းသင်ကြရတဲ့အတိုင်း ကြင်ဥလည်း ဘိန်းခင်းပေါင်းသင်ဖို့ လိုက်သွားရတာကိုး ... တစ်နေ့တော့ မနက်စာ ကောက် ညှင်းကလေး ဘာကလေး စားပြီးလို့ ကြင်ဥလည်း ကလေးကို ယာတဲပေါ်မှာ နို့တိုက်သိပ်ပစ်ခဲ့ပြီး တခြားမိန်းမတွေနဲ့အတူ ဘိန်းခင်းထဲမှာ ပေါင်းသင်နေကြတယ်။ ဒါနဲ့ ခဏလောက်ကြာတော့ ကလေး စူးစူးဝါးဝါး အော်ငိုတဲ့ အသံကြားလိုက်ရသတဲ့။

"နို့ပေမဲ့ ချက်ချင်းလိုလိုပဲ အသံပျောက်သွားတော့ ကလေးဟာ ပြန်အိပ်သွားပြီ အထင်နဲ့ ပထမသွားမယ်ကြံပြီးမှ မသွားဖြစ်တော့ဘူး။ ဒါနဲ့ နေ့လယ် မွန်းတည့်ခါနီးလောက်မှာ ထမင်းလည်းစားရင်း ကလေးကို လည်း နို့တိုက်ရင်း ယာတဲကိုသွားတော့ ကလေးကို လုံးဝ မတွေ့ရတော့ဘဲ။ ကလေးသိပ်ထားတဲ့ နေရာမှာ ကလေးရဲ့အရိုးစုသာတွေ့ရတော့သတဲ့ ကိုထွန်းလွင်ရဲ့"

"အောင်မယ်လေး ... ထူးဆန်းလိုက်လေ ခင်ဗျာ"

"ပြီးတော့ ... ကလေးရဲ့ အရိုးစုဟာ မူလသိပ်ထားတဲ့ အတိုင်း အဆက်အစပ် မပျက်ဘဲ သူ့ပကတိအတိုင်း ရှိနေတာကို တွေ့ရတယ်။ ပြီးတော့ သည်ထက် ထူးဆန်းတာက ကလေးရဲ့ အရိုးစုနားက မြေပဒုပ်များ ကြီး နှစ်ကောင်သုံးကောင် ထပျံသွားတာ မြင်လိုက်ရသတဲ့ ကိုထွန်းလွင်။ ဒီတော့မှ ကလေးကို ဖျက်စားသွားတဲ့ တရားခံကို ရိပ်မိတာကိုးဗျ"

"ထူးဆန်းလိုက်လေ ခင်ဗျာ"

"မထူးဆန်းနဲ့လေ၊ ဒီအကောင်တွေက အသားစားမျိုး မဟုတ်လား။ ဒီလို အခွင့်ကြုံတဲ့အခိုက် လူသားကို တစ်ခါတည်း မြိန်ရေရှက်ရေ စားသွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ ခင်ဗျာ။ ထူးဆန်းရုံမကဘူး ... တကယ် ကြေကွဲစရာ ကောင်းတာပဲ"

"ကြင်ဥဟာ တစ်ခါတည်း သတိမေ့သလို ဖြစ်သွားရှာတယ်။ သတိလည်းရလာရော ချုံးပွဲချငို ရှာဆီတန်းပြေးပြီး သူ့ယောကျ်ားကို အကျိုးအကြောင်း ပြောတာပေါ့။ ဒီတော့ သူ့ယောကျ်ားက ဒီလောက်တောင်ရှိလှတာ ဒီပျားတွေ အမျိုးပါဖြုတ်မယ်ဆိုပြီး ဒီမြေပဒ္မပျားကြီးမျိုးရဲ့ အကြောင်း ကောင်းကောင်းသိတဲ့ ရွာက သက်ကြီးတစ်ယောက်ခေါ်ပြီး စုံစမ်းကြတာကိုး ကိုထွန်းလွင်ရဲ့။ ကလေးကို စားသွားတဲ့ တောင်ယာထဲမှာ လူတစ်ယောက် အမြဲအစောင့်ထားပြီး ကြက်သားစိမ်းကို မပြတ်အောင် တစ်ကောင်ကုန်ရင် နောက်တစ်ကောင် ၉ ရက်တိတိ ပျားကြီးတွေကို ကျွေးထားတယ်။ ၉ ရက်မှာ ကြက်သား ၄၇ ပိဿာကုန်တယ်။ တေဇက သူ့သူငယ်ချင်း မိတ်ဆွေတွေစုတာ လူပေါင်း ၂၀ လောက်ရတော့ ကြက်သားလာစားတဲ့ ပျားကြီးတွေအားလုံးရဲ့ ကိုယ်မှာ ဝါဂွမ်းစကလေးတွေ ကြက်မွေးအဖြူနုနု အစကလေးတွေချည်ပြီး လွှတ်ကြတယ်။ ဒီနောက် လူပေါင်း ၂၀ လောက်ဟာ ဒီပျားကြီးတွေနောက်ကို တောင်တစ်တောင်မှ တောင်တစ်တောင်၊ တစ်ယောက်နဲ့တစ်ယောက် အချက်ပေးပြီး လိုက်ကြတာ ၉ ရက်တိတိကြာသတဲ့ဗျ။ တေဇဆိုတဲ့အကောင်က လူပုံသာ ခပ်ထိုင်းထိုင်း ထင်ရတယ်။ အလုပ်မှာတော့ ဇွဲသတ္တိနဲ့ အင်မတန်ပြည့်စုံတဲ့ သူငယ်တစ်ယောက်ဆိုပဲ။ ဒါကြောင့်လည်း သူနဲ့ သူ့အပေါင်းအဖော် လူ ၂၀ လောက်ဟာ ဒီလောက်ကြီးတဲ့ တောကြီးတောင်ကြီးထဲမှာ ၉ ရက်ခရီးပေါက်အောင် အပင်ပန်း အဆင်းရဲခံပြီး မျက်ခြည်မပြတ်အောင် ဇွဲကောင်းကောင်းနဲ့ လိုက်ကြတာပေါ့။ အဲဒီလို မျက်ခြည်မပြတ်လိုက်လာပြီး နောက်ဆုံး အခုလွယ်ဂျယ်စစ်တပ်ရဲ့ တောင်ဘက် ၁၀ မိုင်လောက် ဝေးတဲ့နေရာ လမ်းဘေးမှာ အုံဖွဲ့နေကြတဲ့ ပျားကြီးတွေရဲ့ တွင်းကြီးကို သွားတွေ့ကြတာကို ကိုထွန်းလွင်ရဲ့"

"အင်မတန်လည်း ဇွဲကောင်းတဲ့ လူတွေပဲ ခင်ဗျာ"

"တေဇကလည်း သူ့ကလေး ဒီလိုဖြစ်ရပါ့မလားလို့ ဒေါသက ခပ်နာနာနဲ့ အဲဒီလူ ၂၀ လောက်ဟာ ကျုပ်ပထမပြောတဲ့အတိုင်း ပျားဖွတ်တဲ့ ကိရိယာအစုံအလင်ယူပြီး တန်ဆောင်မုန်းလပြည့်နေ့ည သန်းကောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com


မှာ အကြီးအကျယ် ဖွတ်ကြတာကိုးဗျ။ ပျားတွေကို တစ်ကောင်မှ မကျန်အောင် တစ်ပြုံလုံး မီးတိုက်ပြီးတဲ့နောက် ပျားဥတွေရော၊ ပျားကလေးတွေကိုရော အကုန်တူးပြီး လူ ၂၀ လောက်ဟာ ၃–၄ ရက် အားရပါးရစားပြီးတဲ့နောက် ကျန်သမျှကို ကြပ်တင်အခြောက်လှန်းပြီး သူတို့နေရင်းရွာကို ပြန်ခဲ့ကြတာ ၉ ရက်ခရီးလမ်းတစ်လျှောက်လုံး လူ ၂၀ လောက် စားလာတဲ့အပြင် နေရင်းရွာရောက်တော့ ပျားကြီးဥ အခြောက်လားကိုးတင်စာလောက်ကျန်သေးတယ်။ အဲဒီတွင်းကြီးဟာ အကျယ်ပေ ၃၀ ခန့်ကျယ်ပြီး အနက်ဆင်တစ်ရပ်လောက် နက်တယ်။ အခုထက်ထိ ရှိနေသေးတယ် ကိုထွန်းလွင်ရဲ့"

"ဟုတ်ကဲ့"

"အဲဒီလို မြေပဒူပျားအုံကြီးကို လက်စားချေပြီးတဲ့နောက် သူတို့လင်မယားဟာ ဒီဟာကိုပဲ အတိတ်ကောင်း နိမိတ်ကောင်းယူပြီး သူတို့လင်မယားရော၊ သူတို့ရဲ့ ရွာသူရွာသားတွေရော နေ့ကောင်းရက်သာရွေးပြီး အဲဒီပျားအုံတွင်းကြီးရဲ့ တောင်ဘက်မှာ ရွာတည်ထောင်ပြီး နေကြတာကိုး။

ရွာမည်ကို မှည့်တော့လည်း ပျားကြီးဥ– လားကိုးတင်လောက်ရခဲ့တာ အစွဲပြုပြီး 'လားကိုးတင်' ရွာလို့ အမည်ပေးကြတယ်။ အဓိးစကားနဲ့ကိုးတင်ကို 'ဂေါင်ဒေါ' လို့ခေါ်တယ်။ အဲဒီရွာကို 'ဂေါင်ဒေါ' ရွာလို့ အမည်ပေးပြီးတဲ့နောက် နှစ်ပရိစ္ဆေဒကြာတဲ့အခါမှာ ကချင်လူမျိုးတွေက အဓိးစကားကို ပီသအောင် မခေါ်နိုင်တဲ့အတွက် 'ဂိုင်ဒေါ' လို့ ခေါ်လာကြရာကနေပြီး အခုထက်ထိ မြန်မာလို 'ဂိုင်ဒေါ' ရွာလို့ တွင်ခဲ့တာပဲ ကိုထွန်းလွင်"

"ရှင်းပါပြီ ခင်ဗျာ။ သူကြီးမင်းနဲ့ တွေ့ရတာ ကျွန်တော် ဗဟုသုတအများကြီးရပါတယ်"

"ဒီလိုပေါ့လေ။ ကျုပ်တို့ဆီလာတဲ့အခါ ကျုပ်တို့ဆီက ဗဟုသုတရတာပေါ့။ ခင်ဗျားတို့ ရန်ကုန်ရောက်တော့လည်း ရန်ကုန်က ဗဟုသုတတွေ ကျုပ်တို့ ရဦးမှာပေါ့"

"မှန်တာပ ခင်ဗျာ"

"အဲဒီ ဂိုင်ဒေါရွာကို တည်ထောင်ပြီးမှ လင်မယားဟာ နောင်ဟိုတရားရပြီး သူတို့ ပထမထွက်လာခဲ့တဲ့ မိန်းကလေး မိခင်နေ့ရွာမှာ



www.burmeseclassic.com


www.burmeseclassic.com

မိခင်ကြီးကို ကန်တော့ဖို့လာခဲ့ကြတယ်။ ဒါပေမဲ့ မိခင်ကြီးဟာ မရှိရှာတော့ဘူး။ ရွာရောက်မှ မိခင်ကြီးဆုံးတာ သိကြရတယ်။ ဒီတော့ မိခင်ကြီး သင်္ချိုင်းကို သွားကန်တော့ပြီး ဝန်ချတောင်းပန်ကြတယ်။ ဒီနောက် သင်္ချိုင်းရာကို ကျောက်များနဲ့ လုပအောင် မွမ်းမံပြီး အမှတ်တရ ကိုးကွယ်ကြတော့တာပဲ။ သူတို့ရဲ့ အဆက်အနွယ်တွေဟာ အခုထက်ထိ ရှိနေသေးတယ် မောင်ထွန်းလွင်ရဲ့"

"ဟုတ်ကဲ့ ခင်ဗျာ"

ကျွန်တော်လည်း သူကြီး၏ အကူအညီဖြင့် ကျွန်တော်၏ မှတ်တမ်းစာရွက် အလွတ်ပေါ်တွင် 'ဂိုင်ဒေါ' ရွာနှင့်တကွ ပျားအုံကြီး တွေ့ရသော တွင်းကြီး၊ မောင်တေဇ ဇနီးမောင်နှံတို့ ထွက်ပြေးသော ရွာစဉ်၊ သူတို့ ကလေးသေဆုံးသွားသည့် ဘိန်းခင်းနှင့် ယာတဲ၊ ပျားကြီးများနောက် သို့ ခြေရာခံ၍ လိုက်သည့် လမ်း၊ ဇနီးမောင်မြို့နှင့် အကွာအဝေး ရောဝတီမြစ်ယခုရှိသော နယ်ခြားစစ်တပ် စခန်းတည်နေရာ စသည်တို့ကို မြေပုံအကြမ်း ရေးဆွဲခဲ့၏။



ဤနေရာတွင် ကိုထွန်းလွင်၏ မှတ်တမ်း ပြီးဆုံးလေသည်။

* * *

www.burmeseclassic.com

## ခွေးသက်သေ

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ၁၀ နှစ်ယောက်က ဖြူးမြို့သည် စပါးအရောင်းအဝယ်တွင် အတော်ပင် စည်ကားသော ဆဗ္ဗဒီဗွီဇံရုံးစိုက်မြို့တစ်မြို့ဖြစ်ရာ ထိုစဉ်အခါ စပါးအလုပ်ကို အင်တိုက်အားတိုက် လုပ်ခဲ့သူများ၌ ရွှေမိုး၊ ငွေမိုး ရွာခဲ့လေသည်။ စပါးဈေးသည် ၁၀၀ ဈေးနှုန်းခန့်ရှိ၍ တဖြည်းဖြည်း ဝယ်ယူသိုလှောင်ထားသူတို့မှာ ဝါဆို–ဝါခေါင်သို့ရောက်လျှင် အောက်ထစ် ၁၄၀–၁၅၀မှ တစ်ခါတစ်ရံ ၁၇၅ ကျပ်အထိပင်ဖြစ်၍လာတတ်ရကား စပါးရောင်းပြီးခါစ အချိန်များတွင် ဖြောသံ၊ စည်သံတို့ဖြင့် တညံညံ အလှူပေးလျက်ရှိကြလေသည်။

စပါးဈေးတက်သဖြင့် ဆန်ဈေးမှာလည်း တက်ရစမြဲဖြစ်ရာ ဆန်ဈေးပင်တက်သော်လည်း မည်သူမျှ ရှားပါးသည် ကြပ်တည်းဟူ၍ ညည်းညူခြင်း မရှိကြပေ။ အဘယ်ကြောင့်ဆိုသော် (ဝမ်းစာစပါး) ထည့်ပြီးနောက် တစ်နှစ်လျှင် စပါး ၂၀၀ – ၃၀၀ ခန့်မျှရသော လယ်လုပ်သမားများပင် တစ်အိမ်ထောင်အတွက် အဝတ်အစားများကို ဝယ်နိုင်ခြင်း၊ ရှေ့နှစ်စားရန်အတွက် ငါးပိ၊ ဆီ၊ ဆားများကို လုံလောက်စွာ ထားနိုင်ခြင်းအပြင် သားရှင်ပြုခြင်း၊ ကထိန်သင်္ကန်းကပ်ခြင်း၊ ဆွမ်းကျွေးခြင်း အစရှိသည်ဖြင့် ကိုယ့်အချိုးနှင့်ကိုယ် လှူဒါန်းနိုင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူးမြို့ပေါ်တွင် စပါးဝယ်သော တရုတ်ဒိုင်များလည်းရှိရာ၊ ၎င်းတို့ကို သာမန်ကုန်သည်ကလေးများသည် မယှဉ်ပြိုင်နိုင်သော်လည်း ယှဉ်ပြိုင်ဝယ်ယူနိုင်သည့် မြန်မာကုန်သည်ကြီး ၄-၅ ဦး ရှိလေသည်။ ၎င်းတို့မှာ တစ်ကိုယ်လျှင် အနည်းဆုံး ဧက ၂၀၀ မှ ၅၀၀ အထိ ပိုင်သော မြေပိုင်ရှင်များဖြစ်၍ ငွေရင်းကြေးရင်း အတော်မြောက်များစွာနှင့် အလုပ် လုပ်ကြသူများဖြစ်၏။ ထိုကုန်သည်ကြီး ၄-၅ ဦးတို့၏ ဝင်ငွေကား မနည်းလှချေ။ စပါးကို ဆန်ကြိတ်၍ရောင်းခြင်း၊ တောမှ သိမ်းကြုံးဝယ်ပြီးလျှင် ရန်ကုန်ဒိုင်ကြီးများသို့ မီးရထားနှင့် တင်ပို့ရောင်းချခြင်းများကိုလည်း ပြုလုပ်ကြသေးရာ စပါး ၄-၅-၆ ကြိမ်မျှ လက်ပြောင်းပြီးမှသာ ရန်ကုန်ဒိုင်သို့ ရောက်လေသည်။

ဤကဲ့သို့ ရွှေမိုး၊ ငွေမိုးရွာနေသော ခေတ်ကြီးတွင် ထိုစပါးကုန်သည်ကြီး ၄-၅ ဦးအပေါ်၌လည်းကောင်း၊ တရုတ်ဒိုင်များအပေါ်၌လည်းကောင်း၊ ခေါင်းပုံဖြတ်၍စားနေသူ ဦးဘိုးကြုတ်သည် အင်္ဂလိပ်စာတတ်ရှေ့နေလူထွက်တစ်ယောက် ဖြစ်၍ ဥပဒေအရာတွင် ကျွမ်းကျင်ခြင်း၊ မင်းစိုးရာဇာတို့နှင့် ပန်းရခြင်း၊ အပေါင်းအသင်းဆန့်ခြင်း အစရှိသော ခေတ်မီလက်နက်ကောင်းများရှိသူ တစ်ယောက်ဖြစ်ရာ မြို့ပေါ်၌ မည်သည့်ကိစ္စအကြောင်းကြီးငယ်မဆို ပေါ်ပေါက်ပါက ဦးဘိုးကြုတ်နှင့် နှီးနှောတိုင်ပင်ပြီးမှသာ ရုံးပြင်ကန္တား ရောက်ကြရလေသည်။ ရပ်မှုရွာမှုများတွင်လည်း ဦးဘိုးကြုတ် မပါလျှင် မပြီးချေ။

ဥပမာအားဖြင့် ကြေးငွေဥစ္စာနှင့် ပြည့်စုံသော မြေပိုင်ရှင် စပါးကုန်သည်ကြီး တစ်ယောက်၌ သားသော်လည်းကောင်း၊ ဆွေမျိုးရင်းခြာတစ်ယောက်သော်လည်းကောင်း မတော်တဆ ရိုက်မှုဖြစ်စေ၊ ထိုးမှုဖြစ်စေ ဖြစ်အံ့။ ထိုကိစ္စမျိုး ပေါ်ပေါက်လာလျှင် ဦးဘိုးကြုတ်သည် ဆိုင်ရာပုလိပ်များနှင့် တိုင်ပင်ကာ သက်သေများကို ဖျက်နိုင်ကဖျက်ခြင်း၊ ငွေပေး၍ အဝေးသို့ရှောင်ခိုင်းသင့်က ခိုင်းခြင်း၊ ဆိုင်ရာ ကာယကံရှင်များထံ သွားရောက်၍ စေ့စပ်ခြင်း၊ အကယ်၍ စေ့စပ်၍ မရသည့်အဆုံး၌ ရုံးသို့ရောက်ခဲ့သော် ဆိုင်ရာ တရားသူကြီးကို လာဘ်သပ်ပေးခြင်း၊ ၎င်းရှေ့မည့်ရှေ့နေများကို ညွှန်ကြားခြင်း စသော အလုပ်ကိစ္စများကို ဆောင်ရွက်ရ၏။ ထိုအခါမျိုးများ၌ ဦးဘိုးကြုတ်မှာ လာဘ်ပေးသော သူမှဘက်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ လာဘ်ယူသော ဘက်မှလည်းကောင်း အချိုးကျ ကော်မရှင်ငွေများကို ရသည့်ပြင် နှစ်ဦးနှစ်ဖက်၏ ကျေးဇူးတင်ခြင်းလည်း ခံရသေး၏။

ဦးဘိုးကြွတ်မှာ ဤအဖြစ်အပျက်များကို မဖော်ပြမီ နှစ်ပေါင်းအတော်ကြာက အမှုသည် တစ်ဦးနှင့် ဖြစ်ပွားသော လိမ်လည်မှုတစ်မှုဖြင့် စစ်ဆေးခြင်း ခံရပြီးနောက်၊ နောက်ဆုံးတွင် ၎င်းအား ရှေ့နေလိုက်ခွင့်လိုင်စင်ကို လွှတ်တော်က ဖြုတ်ချလိုက်လေ၏။

သို့သော် ဦးဘိုးကြွတ်၌ကား ပူပင်ရန် အကြောင်းမရှိချေ။ ရှေ့နေလိုက်ခဲ့စဉ်က ဥပဒေနှင့် ပတ်သက်သော ဉာဏ်နီ ဉာဏ်နက်များကို ပင်ကိုယ်ဉာဏ် ကိုယ်တွေ့ဗဟုသုတဖြင့် ရောစပ်ကာ ကုန်သည်ကြီးများ၊ မင်းမိုးရာဇာများ၊ ပုလိပ်အရာရှိများ၊ တောသူတောင်သားများ၏ မျက်ခုံးပေါ်တွင် စကြာလျှောက်ကာ အထက်က ရေးသားဖော်ပြခဲ့သည့်အတိုင်း အလွန်ချောင်ချိသော အသက်မွေးခြင်းဖြင့် နေထိုင်စားသောက်ခဲ့၏။

ဖြူးမြို့မြောက်ဘက် အထွက်ဝတွင် ချောင်းတစ်ခုရှိ၍ ဦးဘိုးကြွတ်သည် ထိုနေရာ၌ မြေသြဇာကောင်းသော နေရာတစ်ကွက်ကို ရွေးချယ်ပြီးလျှင် သွပ်မိုး ပျဉ်ထောင်နှစ်ထပ်အိမ်ကလေးတစ်လုံး ဆောက်ထား၏။ ပတ်ဝန်းကျင်၌ သင့်လျော်အောင် ခြံခတ်ပြီးနောက် ဘဲ၊ ကြက်နှင့်ဝက်များကို မွေးမြူခြင်း၊ ငှက်ပျော၊ သဘော်နှင့် မာလကာပင်များကို စိုက်ပျိုးခြင်း၊ နှင်းဆီမျိုးကောင်းနှင့် နှင်းဆီပန်းများကို စိုက်ပျိုးရောင်းချခြင်းတို့ကလည်း နေ့စဉ် အသုံးစရိတ်ငွေများကို ဖူလုံစေ၏။

ဦးဘိုးကြွတ်သည် မကြာမကြာ မိမိအိမ်သို့ မြို့ပေါ်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းများ မြို့အုပ်၊ ဝန်ထောက်ဌာနပိုင် အင်စပတ်တော်၊ ယစ်မျိုး အရာရှိ၊ စာရေးစာချီမှစ၍ ရာထူးဌာန ရရှိသူများ၊ တရုတ်ကုန်သည်ကြီးများကို ညစာ စားပွဲပေး၍ ဧည့်ခံလေ့ရှိ၏။ အကောင်းဆုံး အစားအစာများ၊ အကောင်းဆုံး အရက်များနှင့် ဧည့်ခံရသဖြင့် ညစာ စားပွဲတစ်ခု၏ စရိတ်လည်း မနည်းလှပေ။ သို့သော် ညစာ စားပွဲပြီးသည့်နောက် အရာရှိတစ်ဦး၏ အနီးသို့ကပ်၍ "ဘယ်နှယ့်လဲ ဝန်ထောက်မင်း ... ဟိုအမှုကလေးအတွက် ကျွန်တော်ပြောသလောက်ပဲ ထားပါ။ သူတို့လည်း ကျေနပ်တယ်" အစရှိသော စကားလုံးမျိုး သွင်းလိုက်ရသောအခါ ထိုညစာစားပွဲ၏ စရိတ်မှာ တစ်ခါတည်း ကြေ၍သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးကြုတ်၏သတင်းမှာ မြို့ပေါ်၌သာမက တောနယ်သို့ပင် ပြန့်နှံ့လျက်ရှိရာ၊ တောနယ်တစ်ဝိုက်တွင် ဆိုးခိုးတိုက်ခိုက်နေသူများသည်လည်း မိမိတို့အမှုအခင်းများ မပေါ်ပေါက်စေရန်ဖြစ်စေ၊ အကယ်၍ ပေါ်ပေါက်ပြီးလျှင် ရုံပြင်ကန္တားရောက်စေကာမူ ကြီးသောအမှုများသည် ငယ်၍ ငယ်သော အမှုများသည် တစ်ခါတည်း ပပျောက်စေရန် ဦးဘိုးကြုတ်၏ အမည်မှာ မင်းသိ စိုးသိ ရပ်သိသာ မဟုတ်ဘဲ တောသိ တောင်သိအထိသို့ပင်တိုင်အောင် ရောက်ခဲ့လေသည်။

ဦးဘိုးကြုတ်မှာ မုဆိုးဖိုတစ်ယောက်ဖြစ်၍ အသက် ၄၀ ကျော်မျှသာ ရှိသေးသည်ဖြစ်ရာ၊ "အရွယ်ကောင်းတုန်း အားခွန်ဗလ ကောင်းတုန်း" ဖြစ်၏။ နဂိုဝါသနာကလည်း မဟုတ်လျှင် မခံချင်တတ်သော စိတ်သဘောရှိ၍ ကိုယ်တိုင် ရက်ရက်စက်စက် ဆုံးမတတ်လေသည်။ သို့ဖြစ်၍ နဂိုကလည်း လုပ်ဝံ့ကိုင်ဝံ့ရှိပြန် ခေတ်အလျောက် ဉာဏ်ကလည်း သွားပြန်ဖြစ်ရကား ဦးဘိုးကြုတ်ဟူသော အမည်ကိုကြားလျှင် တောသားများမှာ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရလေသည်။

*

တစ်နေ့သော ညနေစောင်း၌ ဦးဘိုးကြုတ်သည် ကြေးနန်းစာ တစ်စောင်ကို ရရှိလေရာ၊ ထိုကြေးနန်းမှာ မန္တလေးမြို့မှ ရိုက်ကြားလိုက်သော ကြေးနန်းဖြစ်၍ **လိုက်လာပါပြီ ညနေအစုန်ရထားမှာ ကြိုပါ။ ဘိုးသိန်း** ဟု ပါရှိလေသည်။

ကြေးနန်းစာရသောအခါ ဦးဘိုးကြုတ်သည် ဦးဘိုးသိန်းထံမှ ယခင်က ရေးလိုက်သော စာတစ်စောင်ကို ဖိုင်တွဲမှ ဖြုတ်၍ ပြန်လည်ဖတ်ရှုကာ ရှိနေလေ၏။

ဦးဘိုးသိန်းဆိုသူမှာ ယခင်က မိမိနှင့် တစ်မြို့တည်းနေခဲ့ဖူးသူ မိတ်ဆွေတစ်ယောက် ဖြစ်၍ မိုးကုတ်တွင် ကျောက်တွင်းအလုပ်ဖြင့် ကြီးပွားနေကြောင်း သတင်းကြားရသည်မှာ အတော်ပင် ကြာမြင့်ခဲ့လေပြီ။ ထိုအခါ ဦးဘိုးကြုတ်သည် မစိန်မြိုင်ဆိုသူ အပျိုကြီးတစ်ယောက်အား ပိုးပန်းလျက်ရှိရာ ပထမ၌ တစ်ယောက်နှင့်တစ်ယောက် အတော်ပင် အကျွမ်းဝင်ခဲ့သော အခြေသို့ ရောက်ခဲ့၏။ သို့သော် မစိန်မြိုင်၏ မိခင်ကြီး သည်ကား မိမိ၏ ဘူတစ်ဝမ်းကွဲ တော်စပ်သော ဦးဘိုးသိန်းနှင့် ပေးစားလို၏။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးသိန်းနှင့် ဦးဘိုးကြူတ်တို့မှာ မစိန်မြိုင်အတွက် ယှဉ်ပြိုင်အရွေးခံခဲ့ရ လေသည်။

ဦးဘိုးကြူတ်မှာ ရှေ့နေဖြစ်၍ မင်းစိုးရာဇာနှင့် ဝင်ဆန့်၏။ အပေါင်းအသင်းကောင်း၏။ ဩဇာတိက္ကမ ရှိ၏။ လျှင်မြန်ခက်ထန်သော စိတ်ရှိ၏။ ရက်စက်၏။ ဦးဘိုးသိန်းဘက်မှ ကြည့်လျှင် ဦးဘိုးသိန်းမှာ ကုန်သည်ဖြစ်၍ အရောင်းအဝယ်တွင် လည်ပတ်၏။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံ၏။ နူးညံ့သော စိတ်ရှိ၏။ မောင်တစ်ဝမ်းကွဲ ဖြစ်သည့်အတိုင်း မစိန်မြိုင်ကလည်း ဦးဘိုးသိန်းစိတ်ဓာတ်ကို သိပြီးဖြစ်လေသည်။ သို့သော် မစိန်မြိုင်ကား ပစ္စည်းကို မက်မောလှသူ မဟုတ်ချေ။ ဦးဘိုးကြူတ် အရည်အချင်းနှင့်တကွ အပေါင်းအသင်းကောင်းပုံ မင်းစိုးရာဇာနှင့် ဝင်ဆန့်ပုံတို့ကိုပင် သဘောကျကာ ဦးဘိုးကြူတ်ဘက်သို့ ပါတော့မည်ကဲ့သို့ ရှိ၏။

သို့သော် ကံတရားတို့မည်သည် လွန်စွာဆန်းကြယ်သည့်အတိုင်း ဦးဘိုးကြူတ်မှာ အမွေမှုတစ်ခုနှင့် ပတ်သက်၍ အမှုသည်တစ်ယောက်နှင့် ဆက်သွယ်ရာတွင် 'ပစ္စည်းထိန်း' ခန့်ထားသော အမွေပစ္စည်းထဲမှ အချို့ကို အမှုသည် သဘောမတူဘဲ ရောင်းစားကြောင်း ရုံးတော်သို့ လျှောက်ထားရာ ထိုအမှုကို စုံစမ်းမှုတစ်ခု ဖွင့်ပြီးလျှင် စစ်ဆေးခဲ့၏။ နောက်ဆုံး ဟိုက်ကုတ်လွှတ်တော်အထိ ရောက်ပြီးလျှင် အမှုထင်ရှားသည်ဆိုကာ ရှေ့နေ လိုင်စင်ကို တစ်ခါတည်း ပိတ်ထားခြင်း ခံခဲ့ရ၏။

ထိုကိစ္စကြောင့် ဦးဘိုးကြူတ်မှာ ရှေ့နေလိုင်စင်ပြုတ်ရုံမျှမက (ဒုးစာဘက်လိုင်စင်) ပါ တစ်ခါတည်း ပြုတ်ခဲ့၏။ မကြာမီ မစိန်မြိုင်မှာ ဦးဘိုးသိန်းနှင့် လက်ထပ်လိုက်လေသည်။ ထို့နောက် ဦးဘိုးကြူတ်မှာ ဖြူးမြို့သို့ရောက်ကာ အခြေစိုက်မိပြီးလျှင် ဦးဘိုးသိန်း ဇနီးမောင်နှံတို့ကား မိုးကုတ်မြို့တွင် ကျောက်ကုန်သည် အဖြစ်ဖြင့် နေထိုင်ခဲ့ကြလေသည်။

တစ်နေ့သ၌ ဦးဘိုးကြူတ်သည် မိုးကုတ်မြို့နေ ဦးဘိုးသိန်းထံမှ စာတစ်စောင်ရရှိလေရာ စာမှာ မိမိတို့သည် စီးပွားအတော်ဖြစ်၍နေပြီ ဖြစ်သော်လည်း အသက်အရွယ်ကြီးရင့်ကြပြီဖြစ်၍ မိမိတို့ ပိုက်မိသော အထုပ်နှင့်ပင် ရောင့်ရဲတင်းတိမ်ကာ အောက်ပြည် အောက်ရွာသို့ ပြန်၍နေလိုကြောင်း၊ ဖြူးမြို့မှာ လယ်ယာမြေများ အလွန်ပေါ၍ စပါးအလွန်ထွက်သော မြို့တစ်မြို့ဖြစ်ကြောင်း သိရသဖြင့် လယ်မြေများ အတော်အသင့်ဝယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် ထိုလယ်မြေများမှ ရသော သီးစားခနှင့်ပင် လင်မယားနှစ်ယော… တင်းတိမ်ရောင့်ရဲကာ ဒါန၊ သီလ၊ ဘာဝနာတရားများ အားထုတ်… တောင်ငူ၌ဖြစ်စေ၊ ဖြူးမြို့၌ဖြစ်စေ၊ အိမ်ရာကွက်တစ်ကွက် ဝယ်ယူအ… စိုက်ပြီးနောက် ထိုနေရာ၌ပင် အရိုးထုတ်တော့မည်ကြံစည်ကြောင်း၊ … အတွက် ဦးဘိုးကြုတ်မှာ ဖြူးမြို့သား ဇာတိပင် မဟုတ်သော်လည်း မြို့… သို့ ဖြစ်နေသဖြင့် ဤကိစ္စအားလုံးတို့ကို တာဝန်ယူ၍ ဆောင်ရွက်ပေး… ကြောင်း၊ တစ်ခါတည်း မပြောင်းမရွှေ့သေးဘဲ၊ မိမိတစ်ယောက်တည်… ရှေးဦးစွာ လိုက်လာပြီးလျှင် အစစ နေသားတကျရှိပြီးမှ ဇနီးသည် မစိန်… မှာ အိမ်ထောင်ပစ္စည်းများနှင့်တကွ ပြောင်းရွှေ့လာမည်ဖြစ်ကြောင်း၊ … လာမည့်ရက်ကို ကြိုတင်၍ ကြေးနန်းရိုက်ကြားလိုက်မည့်အကြောင်း စုံ… စွာ ရေးသားလိုက်သော စာဖြစ်လေသည်။ သို့ဖြစ်၍ ကြေးနန်းစာရ… အခါ ဦးဘိုးကြုတ်မှာ တစ်နည်းနည်းဖြင့် ဝမ်းမြောက်ရှိခဲ့ခြင်း ဖြစ်… သည်။

လက်တွင် ကိုင်ထားသော ကြေးနန်းစာကို စာနှင့်တွဲ၍ … လိုက်ပြီးလျှင် ဦးဘိုးကြုတ်သည် အဝတ်အစားများကို လဲလှယ်လေ… ထိုအချိန်မှာ မန္တလေး အစုံရထားဆိုက်ရန် နာရီဝက်ခန့်သာ လို… မည်ဖြစ်၍ ဦးဘိုးကြုတ်သည် တပည့်ဖြစ်သော စံလှအား ညစာအတွ… တစ်ယောက်စာ တိုး၍ ချက်ပြုတ်ပြင်ဆင်ထားရန် မှာကြားပြီးသော် … လမ်းမကြီးအတိုင်း ဘူတာရုံသို့ လျှောက်ခဲ့လေ၏။

ဘူတာသို့ရောက်ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် မန္တ… အစုန်ရထား ဝင်လာသဖြင့် တတိယတန်း တွဲတစ်တွဲမှ လူတစ်ယော… သည် ဘူတာရုံသို့ ခေါင်းပြူ၍ ကြည့်ကာ၊ ဦးဘိုးကြုတ်အား ဟစ်… နှုတ်ဆက်လေရာ ထိုသူမှာ ဦးဘိုးသိန်းပင် ဖြစ်လေသည်။ ဦးဘိုးသိန်းသ… တွဲပေါ်မှ ဆင်း၍ မိမိ၏အိပ်ရာလိပ်နှင့် သားရေအိတ်ကြီးတစ်လုံး… အောက်သို့ချလေ၏။

၁၀ နှစ်ကျော်ကျော်မျှ ကွဲကွာ၍နေသော မိတ်ဆွေ ၂ ဦးတို့သ… ဝမ်းမြောက်စွာ တစ်ယောက်လက်ကို တစ်ယောက် ဆွဲကိုင်နှုတ်ဆက်… အတန်ကြာ စကားမပြောနိုင်အောင် ရှိနေပြီးနောက် ဦးဘိုးသိန်းက -

"ကိုဘိုးကြုတ် အခုမှ သာပြီး ဝ,နေတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com


"အင်းလေ ... စိတ်အေးလက်အေးဆိုတော့ ဟုတ်မှာပေါ့။ နို့ပေမဲ့ ခင်ဗျားတော့ နည်းနည်း ချောင်သွားတယ် ထင်တယ် ကိုဘိုးသိန်း"

"ကျုပ်က ငှက်ဖျား တစ်ခါမိဖူးတယ် ကိုဘိုးကြုတ်ရဲ့"

"အားလုံး မာကြရဲ့နော်"

"ဟုတ်ကဲ့ဗျာ ... မာပါတယ်။ မစိန်မြိုင်ကလည်းဗျို့ ... ဟိုကျမှ မိုးကုတ်နဲ့ တွဲလို့လားမပြောတတ်ပါဘူး။ တကယ့် ဖြူဖြူဖွေးဖွေးကြီး"

ဦးဘိုးကြုတ်မှာ မိမိနှင့် ချစ်ခဲ့ဖူးသူတစ်ယောက်၏ အကြောင်းကို ကြားရသောအခါ ပီတိဖြစ်သလောက် ယခင်က အဖြစ်အပျက်များကို ပြန်၍ သတိရမိ၏။ မစိန်မြိုင်မှာ ယခင်က သေးသေးသွယ်သွယ်နှင့် ချစ်စဖွယ် ကောင်းသော မိန်းမတစ်ယောက် ဖြစ်ရာ ယခုမှာမူ အေးမြသော မိုးကုတ်မြို့ ရာသီဥတုနှင့် သင့်သဖြင့် ကျန်းမာဝဖြိုးလျက်ရှိကြောင်း ကြားသိရသော အခါ -

"အင်း ... အသက်ကလည်း ၃၅ နှစ်ဆိုတော့ တကယ့်အရွယ် ကောင်းတုန်းကပဲ။ အခုမှ သာပြီး ချစ်စရာကောင်းဦးမယ်" ဟု စိတ်တွင် မြင်ယောင် အောက်မေ့ကာ ငယ်မူများ ပြန်မိသေး၏။ ထို့နောက် မိတ်ဆွေ နှစ်ယောက်တို့သည် သားရေအိတ်နှင့် အိပ်ရာလိပ်ကို ကူလီတစ်ယောက် အား သယ်ယူစေပြီးလျှင် စကား တပြောပြောနှင့် ဦးဘိုးကြုတ် အိမ်ဆီသို့ လျှောက်ခဲ့ကြလေ၏။

ခြံဝသို့ရောက်သောအခါ ခွေးသမင်ကြီး တစ်ကောင်ကို သံကြိုး ဖြင့် ကိုင်ထားသော စံလှသည် ဦးဘိုးကြုတ်နှင့် ဧည့်သည်အား ဆီးကြိုကာ ခြံတံခါးကို ဖွင့်၍ ပေးလေ၏။

"ဘယ်နှယ့်လဲ ကိုဘိုးကြုတ်၊ ခင်ဗျား ခွေးကြီးက တယ်ကောင်း ပါလား"

"ဒါပဲဗျို့ ... မိန်းမ, မရှိတော့ ဒီအကောင်ကြီးပဲ ကျုပ်မှာ အဖော် လုပ်နေတာပဲ။ အင်မတန် လိမ္မာတဲ့ အကောင်ဗျ။ လူ့စကားကို ပြန်မပြော တတ်လို့သာ၊ ဟဲ့ ... ရန်လုံ ဒီကိုလာစမ်း။ စံလှ သံကြိုး ဖြေလိုက်ပါကွာ"

ဦးဘိုးကြုတ်သည် ရန်လုံ၏ ဦးခေါင်းကို ပွတ်သပ်၍ အိမ်ထဲသို့ ခေါ်ခဲ့လေ၏။ ဧည့်ခန်းသို့ရောက်ကြသောအခါ ဦးဘိုးကြုတ်လည်း ရန်လုံ ၏အကြောင်းကို ပြောပြလိုသဖြင့် သတင်းစာတစ်စောင်ကိုလိပ်၍ ကိုင်လျား


www.burmeseclassic.com

www.burmeseclassic.com


ထိုင်တစ်လုံးပေါ်၌ ထားခဲ့ပြီးလျှင် "ဟဲ့ ... ရန်လုံ၊ ဟိုသတင်းစာ ယူခဲ့စမ်း" ဟု ပြောကာ လက်ညှိုးထိုး၍ပြလိုက်သည်နှင့် တစ်ပြိုင်နက် ရန်လုံသည် သတင်းစာကို ကိုက်ချီယူလာခဲ့လေ၏။ ထို့နောက် ဦးဘိုးကြတ်က "ဟဲ့ ... ရန်လုံ ... ဟိုကြိုးစကြီး၊ ဒီကို ဆွဲယူခဲ့စမ်း" ဟု ပြောပြီးလျှင် အခန်းထောင့်တစ်ခုတွင် ခွေ၍ထားသော အုန်းဆံကြိုးစကို လက်ညှိုးထိုး၍ပြပြန်ရာ ရန်လုံသည် ကြိုးစကို ကိုက်ပြီးလျှင် ဦးဘိုးကြတ်ဆီသို့ရောက်အောင် ဆွဲယူခဲ့လေသည်။

"ဘယ်လည်း၊ သင်ထားပါကလား ဗျ"

"တိရစ္ဆာန်ဆိုတာ သင်ရင်တတ်တာပေါ့ဗျာ။ စက်သီးရှိရေတွင်းဆိုရင် ဒီအကောင်ကို ရေငင်ခိုင်းတောင်ရရဲ့"

ဦးဘိုးကြတ်သည် ရန်လုံ၏ ကျောကို ယုယစွာ ပွတ်သပ်ပေးပြီးနောက် "ကိုဘိုးသိန်းရေ ... ကျုပ်ဖြင့် မနု ဆုံးသွားကတည်းက နောက်အိမ်ထောင်လည်း မပြုတော့ဘူးဗျ။ အိမ်မှာ အစေခံတစ်ယောက် ခွေးတစ်ကောင်နဲ့ပဲ ပျော်နေတော့တာပဲဗျာ" ဟု ပြောဆိုကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက် ရှိကြလေ၏။

*

ညစာစားသောက်ကြပြီးနောက် အိမ်ရှေ့ခန်းသို့ ပြန်၍ထိုင်မိကြသောအခါ ဦးဘိုးသိန်းမှာ ဝီစကီရှိန်ဖြင့် အတော်ပင် အာသွက်လျှာသွက်ဖြစ်ကာ ဦးဘိုးကြတ်၏ အိမ်နှင့်တကွ နေရာထိုင်ခင်း ပတ်ဝန်းကျင်များကို ချီးကျူးပြောဆိုပြီးနောက် ... အလုပ်အကိုင်နှင့် ပတ်သက်၍ မစိန်မြိုင်နှင့် တိုင်ပင်ခဲ့သည်များကို အကြွင်းအကျန်မရှိ ထုတ်ဖော်ပြောဆိုလျက် ရှိလေ၏။

"ဟုတ်တယ်ဗျ ... သူကလည်း ကျုပ်လိုပဲ။ မိုးကုတ်မှာ စီးပွားဖြစ်ပေမဲ့ နည်းနည်းမှ မနေချင်ဘူး။ ပစ္စည်းကလေး အတော်အတန် ရဆောင်းမိရင်ပဲ ပြန်မယ် တကဲကဲ လုပ်နေတာပါပဲဗျာ"

"ဒါပေါ့ဗျာ ... အောက်ကလူ ဘယ်လောက်ပဲ စီးပွားဖြစ်ဖြစ် အထက်မှာတော့ မပျော်နိုင်ဘူး။ ဒါနဲ့ ကိုယ့်လူ အတော်ချမ်းသာနေပုံ ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း မထင်ပါနဲ့ဗျာ ... ငွေကလေး ၄-၅ သောင်း မနည်းစုဆောင်းနိုင်လို့ ရတာပါ"

"ဟော့ ... လူရ၊ လေး ငါးသောင်းဆိုတဲ့ငွေ နည်းသလားလို့။ ကျုပ်တို့ဆီက စပါးကုန်သည်ကြီးတွေတောင် အရင်းသောင်းကိုးထောင်နဲ့ လှည့်နေကြရတာဗျ"

"ကျုပ်ဆီမှာ အခုပါလာတာတင်ပဲ။ ၄ သောင်း၊ မစိန်မြိုင်ဆီမှာ လိုရမယ်ရဆိုပြီး ထားပစ်ခဲ့တာ သောင်းလေးထောင်ကျော်။ ပြီးတော့ မရောင်းရသေးဘဲ ကျန်နေတဲ့ ပတ္တမြားနဲ့ နီလာ၊ ကျုပ်ယူလာတာက ကျုပ်တို့ ဆီတန်ဖိုးနဲ့တောင် အဖျင်းဆုံး ငါးထောင်ဖိုးထက် မနည်းဘူး"

"ကုသိုလ်ကံကောင်းပါပေတယ်ဗျာ။ ကျုပ်တို့ဖြင့် လက်ထဲ ဒီအိမ်တစ်လုံးပဲ အဖတ်တင်သေးတယ်။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်က ကုန်သည် မဟုတ်ဘူး။ ဉာဏ်နဲ့ အသက်မွေးစားတဲ့ အကောင်ဆိုတော့ ငွေရင်းလည်း မရှိဘူး ဦးဘိုးသိန်းရဲ့"

ခင်ဗျားအကြောင်း ကျုပ်သိပါတယ်ဗျာ။ ငွေမရှိပေမဲ့ ငွေရှိတဲ့ လူတွေရဲ့ မျက်ခုံးပေါ်မှာ စကြာလျှောက်စားတဲ့ လူတစ်ယောက်ပဲ"

"ဒါပေါ့ဗျာ ... ပိုက်ဆံ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ နောက်ဆုံး ဒီလူတွေဟာ ပညာရှိတဲ့ လူတွေရဲ့ လက်အောက်ကို ဝင်ရစမြဲပဲ မဟုတ်လား"

"ဩော် ... ဒါထက် ကျုပ်ပါလာတဲ့ ပစ္စည်းတွေ ကျုပ်အိတ်ထဲမှာ ထားလို့ စိတ်ချရပါ့မလား"

ပထမ၌ ဦးဘိုးကြူတ်သည် မိမိထံ၌ အပ်နှံထားရန် ပြောမည်ပြုပြီးမှ စိတ်ကူးတစ်မျိုး ပေါက်လာသည်နှင့် -

"စိတ်ချသာ အိပ်ပါဗျာ။ မစိုးရိမ်ပါနဲ့၊ မှည့်တစ်ပေါက် မစွန်းစေရပါဘူး။ ဟိုမှာ ကျုပ်ခြံနားကို လူမပြောနဲ့ ခွေးတောင် မထိဝံ့ဘူး။ ပြီးတော့ ကျုပ်မှာ သေနတ်လည်း ရှိတယ်"

"စိုးရိမ်တယ်လို့တော့ မဟုတ်ပါဘူးဗျာ။ နို့ပေမဲ့ ဒီအထုပ်ကြီး ခါးထဲမှာ တပိုက်ပိုက်နဲ့ အိပ်ရတာ ရထားပေါ်မှာ တစ်မှေးမှတောင် မရခဲ့ဘူးဗျို့"

"အခုတော့ စိတ်ချပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဘယ်နှယ့် ပြောပါလိမ့်ဗျာ။ အားကိုးလောက်တဲ့ သူငယ်ချင်းအိမ် ရောက်နေမှ ဘယ်စိတ်မချစရာ ရှိတော့မှာလဲ"

ငှင်းနောက် ဦးဘိုးသိန်းသည် မြေများကို မည်ကဲ့သို့ ဝယ်ယူမည်။ မည်ကဲ့သို့ ချထားမည်။ မြေတစ်ကွက်ကို ဝယ်ယူပြီးလျှင် အိမ်ကလေးတစ်လုံးကို မည်ကဲ့သို့ ဆောက်မည်။ အိမ်ဆောက်ပြီးနောက် မစိန်မြိုင်အား မည်ကဲ့သို့ ခေါ်ယူမည် စသည်ဖြင့် ရှေ့၌ဆောင်ရွက်ရမည့် ကိစ္စများကို ဦးဘိုးကြုတ်နှင့် ဆက်လက် တိုင်ပင်လျက် ရှိလေ၏။

တိုင်ကပ်နာရီကြီးမှ ၉ နာရီထိုးသောအခါ၌ကား ပတ်ဝန်းကျင်တစ်ခုလုံးမှာ လွန်စွာတိတ်ဆိတ်လျက်ရှိလေ၏။ ဦးဘိုးကြုတ်၏ အိမ်မှာ ဖြူးချောင်းတံတားနှင့် ၄ ဖာလုံခန့်ဝေးသော နေရာ၌ရှိရာ အနီးဆုံးသော အိမ်မှာ ၄ ဖာလုံ၊ ၅ ဖာလုံဝေးပြီးလျှင် အိမ်များမှာ အလွန်ကျယ်ဝန်းသော ခြံကြီးများဖြင့် ခြားနားလျက်ရှိလေ၏။

ဦးဘိုးကြုတ်သည် ဦးဘိုးသိန်းအား အလွန်အားနာသည့် အမူအရာဖြင့် –

"ကိုင်း ... ကိုဘိုးသိန်း ဆေးလိပ်သောက်နေရစ်ဦးနော်။ ကျုပ် လျှောက်လွှာကလေး တစ်စောင်ရေးချေဦးမယ်။ တယ် မကြာဘူး"

"ကိစ္စမရှိပါဘူးဗျာ။ ရေးသာရေးချေပါ။ ကျုပ်ကို အားမနာပါနဲ့"

ဦးဘိုးကြုတ်သည် မိမိအိပ်ခန်းရှိရာသို့ ထ,လာခဲ့ရာ၊ ဦးဘိုးသိန်းသည် ဆေးပြင်းလိပ် တစ်လိပ်ကို သောက်ကာ စိတ်ကူးထုတ်ရင်း ကျန်ရစ်ခဲ့လေ၏။

ဦးဘိုးကြုတ်သည် ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင် ဖြစ်သော မိမိအိပ်ခန်းသို့ ဝင်ခဲ့ပြီးနောက် စားပွဲကလေး အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်ကာ စက္ကူတစ်ချပ်ပေါ်တွင် ခဲတံဖြင့် ရေးခြစ်လျက်ရှိလေ၏။ သို့သော် ငှင်းရေးသော စာများကား လျှောက်လွှာ မဟုတ်ချေ။ **မစိန်မြိုင် ... မစိန်မြိုင် ... မစိန်မြိုင်** ဟူသော စာများသာ ဖြစ်လေသည်။ ဦးဘိုးကြုတ်ကား နက်နဲသော အကြံတစ်ခုကို ထုတ်လျက်ရှိ၏။

ဦးဘိုးကြုတ်၏ မျက်စိထဲတွင် မစိန်မြိုင် ချောပုံလှပုံများမှတစ်ဆင့်၊ ယခင်က မစိန်မြိုင်အိမ်သို့ သွားရောက် လူပျိုလှည့်ခဲ့ပုံများ၊ ဦးဘိုးသိန်းနှင့်အတူ ယှဉ်ပြိုင်ပိုးခဲ့ပုံများ၊ ဦးဘိုးသိန်းအား မိမိကိုယ်တိုင် ချောင်း၍



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရန် ကြံစည်ခဲ့ပုံများ၊ ကံကောင်းထောက်မ၍ လွတ်သွားခဲ့ပုံများ မိမိမှာ ငွေလိမ်မှုဖြစ်ပြီးလျှင် ရှေ့နေလိုင်စင်ပြုတ်၍သွားပြီးနောက် မစိန်မြိုင်ကို လက်လွှတ်ခဲ့ရပုံများမှာ အရိပ်ပြပွဲပြသကဲ့သို့ မျက်စိထဲတွင် တရေးရေးမြင်လာ၏။ ဦးဘိုးကြုတ်မှာ ရှေ့နေလိုက်စဉ်က လူသတ်မှုများတွင် အထူးလေ့လာခဲ့သည့်အတိုင်း လူတစ်ယောက်ကို ကိစ္စတုံး စီရင်ပြီးနောက် မည်သို့မည်ပုံ ခြေရာလက်ရာများကို ဖျောက်ပစ်သည်ကို တရားခံများထံမှ အမျိုးမျိုး သိခဲ့ဖူး၏။ စာအုပ်များကိုလည်း ဖတ်ဖူး၏။ လူကောင်နှင့်တကွ ခြေရာလက်ရာများကို သံသယကင်းရှင်းလောက်အောင် ဖျောက်ဖျက်ရာ၌ ဉာဏ်သာလျှင် ပဓာနဖြစ်ရာ ပညာဉာဏ်နှင့် ပြည့်စုံသော မိမိကဲ့သို့ လူတစ်ယောက်အတွက် ခဲယဉ်းလှသည် မဟုတ်ချေ။

သို့သော် တစ်ခုကျန်သေး၏။ အိမ်တစ်အိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာပြီးနောက် ထိုဧည့်သည် ရုတ်တရက် ပျောက်သွားခဲ့သော် မည်သည့်နည်းနှင့်မဆို အိမ်ရှင်အား သံသယ ရှိကြမည် မလွဲဖြစ်၏။ ဦးဘိုးကြုတ်မှာ ဤအချက်ကိုပင် ဆက်လက် ကြံထားပြီး ဖြစ်လေသည်။ ထိုအကြံမှာ နောက်တစ်နေ့တွင် ဦးဘိုးသိန်း၏ အိပ်ရာလိပ်သားရေအိတ်စသော ပစ္စည်းများကို အစုံရထားနှင့် မိမိကိုယ်တိုင် တင်ယူသွားပြီးနောက် ရန်ကုန်ဘူတာကြီး၌ အမှတ်တမဲ့ ချထားပြီးလျှင် လူတစ်ယောက်ယောက်ကို ရုပ်ဖျက်ငှားရမ်း၍ ထိုပစ္စည်းများမှာ အရှင်မရှိသော ပစ္စည်းများ ဖြစ်ကြောင်း ပုလိပ်သို့ တိုင်တန်းရန် ဖြစ်လေသည်။ ထိုအခါ ပုလိပ်က ဦးဘိုးသိန်းဆိုသူ မိုးကုတ်မှ လာသော လူတစ်ယောက် ရန်ကုန်ဘူတာ၌ဖြစ်စေ၊ ရထားပေါ်၌ ဖြစ်စေ ပျောက်ဆုံးသွားမည်ဟု ယူဆရမည်။ အကယ်၍ မစိန်မြိုင်ကိုယ်တိုင် လိုက်လာစေကာမူ ဦးဘိုးသိန်းမှာ မိမိအိမ်တွင် တစ်ညတည်းခိုပြီးနောက် ကျောက်များကို ထုခွဲရောင်းချရန် နောက်တစ်နေ့ ရထားနှင့် ရန်ကုန်သို့ လိုက်သွားကြောင်း ပြောဆိုက ကောင်းစွာ ယုံကြည်ကျေနပ်မည့်ပြင် ပုလိပ်ကလည်း မိမိအပေါ်တွင် သံသယကင်းသွားမည်။ ရန်ကုန်တွင် ဦးဘိုးသိန်းပစ္စည်းများကို တွေ့ရပုံနှင့်လည်း အဆင်ပြေ၍သွားမည်ဟု စိတ်ကူးမိ၏။

ထို့နောက် အခြားအချက်လည်း ရှိသေး၏။ ထိုအချက်မှာ လူတစ်ယောက်ကို သတ်ဖြတ်ရာ၌ တစ်ယောက်တည်း ကျူးလွန်ခြင်းသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



အစအနက မပေါ်ပေါက်နိုင်သော အချက်ဖြစ်၏။ သို့ဖြစ်၍ စံလှကို ဥပါယ်တံမျဉ်အားဖြင့် ကြံဖန်၍ လွှတ်ရမည်။ သို့ဖြစ်၍ ဦးဘိုးကြူတ်လည်း ခြံ၏နောက်ဖေးဘက်ရှိ စံလှနေသော တဲသို့ သွားပြီးလျှင် နံပါတ် ၆ အစ်ရထားနှင့် ပဲခူးမြို့ မိတ်ဆွေတစ်ယောက်ထံ အမှုတစ်ခုနှင့် ပတ်သက်၍ ကိစ္စတစ်ခုကို ပြောဆိုရန် ရမယ်ရှာ၍ လွှတ်လိုက်၏။ စံလှလည်း ခရီးထွက်ရမည့်အခါများတွင် ငွေကြေး အပိုသုံးစွဲရသဖြင့် အဝတ်အစားလဲကာ မီးရထားလည်း အချိန်နီးပြီဖြစ်သဖြင့် ချက်ချင်းပင် ထွက်သွားရလေ၏။

၁၅ မိနစ်အတွင်း ကိစ္စအရပ်ရပ်ကို စီစဉ်ပြီးဖြစ်ရကား ဦးဘိုးကြူတ်သည် မိမိအခန်းထဲသို့ ပြန်၍လာခဲ့ပြီးလျှင် အခန်းထောင့်တွင် ထောင်၍ထားသော အလျားတစ်တောင်သာသာရှိ ပိုက်လုံးကြီးတစ်လုံးကို ဆွဲထုတ်လိုက်လေ၏။

ထိုအချိန်တွင် ဦးဘိုးသိန်းသည် အခန်းဘက်သို့ ကျောပေးကာ ကုလားထိုင်ကို နောက်သို့ ခပ်မှိုမှို ထိုင်လျက်ရှိရကား၊ ၎င်း၏ ထိပ်ပြောင်ကြီးကို လ,သာမှန်အိမ် မီးရောင်အောက်တွင် ထင်ရှားစွာ မြင်ရလေသည်။ ပိုက်လုံးကြီးကို နောက်တွင် ဖွက်ကာ ခြေဖျားထောက်၍ သွားလေ၏။ သို့သော် ၃-၄ လမ်းမျှ လှမ်းမိသောအခါ ဦးဘိုးသိန်း၏ ချောင်းဟန့်သံကို ကြားလိုက်ရသဖြင့် တွန့်ခနဲ ဖြစ်၍သွားကာ အခန်းတွင်းသို့ ပြန်၍ဝင်ခဲ့ပြန်၏။ သို့သော် အခါကောင်း အခွင့်ကောင်းဆိုသည်မှာ ၁၀ နှစ်ကြာသော်လည်း တစ်ကြိမ်တွေ့ရခဲ၏။ "အင်း ... လေးသောင်း ... လေးသောင်း ... နည်းတဲ့ငွေ မဟုတ်ဘူး။ တစ်သက်ထိုင်စားရောပဲ။ ဒီဟာတွင် ဘယ်ကမလဲ။ အားလုံး ကိစ္စတွေ အေးအေးဆေးဆေး ရှိသွားရင် စိန်မြိုင်တော့ ဘယ်သူ့လက်ထဲ ရောက်မလဲဟဲ့။ ဒီရွှေကိုယ်တော် လက်ကလွဲရင် ... ဘယ်ရောက်နိုင်ဦးမှာလဲ"

ထိုအချိန်၌ ဦးဘိုးသိန်းသည် နောက်သို့ ပြန်၍မျှ မကြည့်ဘဲ သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိ၏။ အခန်းဝနှင့် ဦးဘိုးသိန်း ထိုင်နေသော ကုလားထိုင်မှာ ၁၅ လှမ်းလောက်သာ ဝေးရကား ဦးဘိုးကြူတ်သည် ဒုတိယအကြိမ် ခြေဖျားထောက်၍ သွားပြန်၏။ လက်လှမ်းမိလောက်သည့်နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပိုက်လုံးကို မြှောက်ကာ ဦးခေါင်းအလယ်တည့်တည့်သို့ တအားကုန် လွှဲချလိုက်လေရာ 'ခွပ်'ခနဲ မြည်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရပြီးနောက်၊ ဦးဘိုးသိန်းမှာ တစ်ခွန်းမျှ မအော်နိုင်ရှာဘဲ သမံတလင်းပေါ်သို့ မှောက်လျက် လဲကျသွားရှာလေတော့၏။

ဦးဘိုးကြုတ်သည် ပိုက်လုံးကို ကုလားထိုင်ပေါ်တွင် တင်ထားလိုက်ပြီးနောက် ဦးဘိုးသိန်းကို လှန်လှောကြည့်ရှုလေရာ ဦးဘိုးသိန်းမှာ တွန့်လိမ်ညည်းညူခြင်းမျှပင် မပြုနိုင်တော့ဘဲ အသက်ကုန်လျက်ရှိကြောင်း တွေ့ရသောအခါ နှုတ်ခမ်းများ တွန့်၍သွားရုံမျှ ပြုံးလိုက်သေး၏။

ထို့နောက် ရှပ်အင်္ကျီနှင့် အပေါ်အင်္ကျီအိတ်ထဲတွင် တွေ့ရသော ငွေစက္ကူထုပ်ကြီး နှစ်ထုပ်နှင့် ကျောက်ထုပ်ကိုလည်းကောင်း၊ ဈေးသုံး သားရေအိတ်ကိုလည်းကောင်း၊ နှိုက်ယူပြီးလျှင် မိမိ၏ မီးခံသေတ္တာထဲတွင် သိမ်းဆည်း၍ ထားလိုက်လေ၏။

ဓားနှင့်ခုတ်ခြင်းမှာ သွေးများစွာ ထွက်တတ်၍ ဦးခွံဆက်ကို ရိုက်ခြင်းမှာ သွေးမထွက်ဘဲနှင့် ကိစ္စတုံးနိုင်ကြောင်း ဦးဘိုးကြုတ်သည် မိမိတပည့် လက်သားများထံမှ ကြားဖူး၏။ သို့ဖြစ်၍ ယခုကိစ္စတွင် ဦးခွံအဆက်ပြုတ်ရုံမျှသာ ရိုက်မည်ဟု ကြံ၍ထားသော်လည်း ကိုယ်တွေ့ကြုံသောအခါ ထင်တိုင်းမပေါက်ဘဲ လက်လွန်၍ သွားပြီဖြစ်ကြောင်း သိရ၏။ သွေးများ ကုလားထိုင်ပေါ်၌လည်းကောင်း၊ ကော်ဇောပေါ်၌လည်းကောင်း၊ နံဘေးသံမံတလင်းပေါ်၌လည်းကောင်း အနှံ့အပြား တွေ့ရလေ၏။

ကုလားထိုင်များအောက်၌ ကော်ဇောတစ်ချပ်ကိုလည်း ခင်း၍ထားသေးရာ ကော်ဇောပေါ်တွင် သွေးကွက်ကြီးကို မြင်ရ၏။ ဒဏ်ရာကြီးမှာ နောက်စေ့တွင် လက် ၄ သစ်ခန့်ပြဲလျက်ရှိလေရာ ၎င်းမှာ သွေးများ တသွင်သွင် စီးဆင်းလျက်ရှိသဖြင့် စားပွဲခင်းကို အလျင်စလို ဆုတ်ပြီးလျှင် ဒဏ်ရာ၏အတွင်းသို့ သွင်းပေးသဖြင့် သွေးကျခြင်းများ အတော်အတန် ရပ်စဲသွား၏။ သွေးများမှာ ကော်ဇောပေါ်၌သာ မဟုတ်ဘဲ ကော်ဇောမရှိသော နေရာများ၌ပင် များစွာ စွန်းထင်းနေကြောင်း တွေ့ရ၏။ သို့သော် ဤသွေးစက်များကို အလွယ်တကူ မဖျောက်ဖျက်နိုင်ရကား အလောင်းကို ဖျောက်ဖျက်ပြီးမှသာ ဤသွေးစ သွေးနများကို စင်ကြယ်စွာ ဆေးကြောပစ်တော့မည်ဟု စိတ်ကူး၏။

သို့ဖြစ်၍ ပထမ အရေးကြီးဆုံး အလုပ်မှာ အလောင်းကို အပြီးဆုံး ဖျောက်ဖျက်ရန်ဖြစ်၍ မိမိယခင်က ကောင်းစွာ စိတ်ကူးထားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ အလောင်းကို ယူသွားရန် ပြင်ဆင်လေ၏။ သို့သော် အလောင်းကို မ,၍ကြည့်စဉ်က မိမိရုပ်အကျီလက်မောင်းကို မတော်တဆ သွေးများစင်၍ နီရဲသောသွေးများကို မြင်ရသောအခါ ချိတ်တွင် ချိတ်ထားသော ကာကီရောင် ရှပ်အကျီတစ်ထည်ကို လဲ၍ဝတ်လေ၏။ သွေးများ စွန်းသော ရှပ် အကျီကိုမူကား အပြန်မှပင် ဖျောက်ဖျက်ပစ်တော့မည်ဟု စားပွဲပေါ်သို့ လုံး ထွေးတင်ထားလိုက်၏။

ထို့နောက် ဦးဘိုးကြုတ်သည် အိမ်ဘေးတံခါးကို ဖွင့်လိုက်လေ၏။ အပြင်၌မူကား ညဉ့်သည် အလွန်တိတ်ဆိတ်ပြီးလျှင် တဖြူးဖြူး တိုက်ခတ်လျက်ရှိသော လေပြေသည် အေးမြလျက် မှောင်မိုက်သော ညဉ့်ပင်ဖြစ်သော်လည်း ကြယ်ရောင်များဖြင့် အတော်အတန် လင်းနေသည်ကို တွေ့ရ၏။ ဦးဘိုးကြုတ်သည် ခါးတောင်းမြှောင်အောင် ကြိုက်ကာ သံတူးရွင်းတိုကလေးတစ်လက်ကို ခါးတွင် ထိုးပြီးလျှင် ကြိုးခွေကို သံတူးရွင်းတွင် ချိတ်လေ၏။ ထို့နောက် ဦးဘိုးသိန်းအလောင်းကို ကျောပိုးပြီးလျှင် ဘေးတံခါးမှ ထွက်ခဲ့လေ၏။ ထိုနေ့၌ ရန်လုံမှာ အိမ်ပြင်သို့ရောက်နှင့်နေပြီဖြစ်၍ အလောင်းကြီးကို ကျောပိုး၍ လာနေသော ဦးဘိုးကြုတ်အား လူမှားပြီးလျှင် 'ဝုန်း'ခနဲ ခုန်၍ အုပ်မည်လုပ်သောအခါမှ ဦးဘိုးကြုတ်မှာ ခွေးကို မချည်ခဲ့မိကြောင်း သတိရ၏။ ထို့နောက် ရန်လုံအား လေချွန်၍ခေါ်သွားသဖြင့် ရန်လုံသည် ရှေ့သို့ပြေးချည် နောက်သို့ပြေးချည် ပြုလုပ်ကာ ဦးဘိုးကြုတ်၏ နောက်သို့ လိုက်ပါသွားလေ၏။

လူတစ်ယောက်အား ရန်နှ့မကင်းလျှင် ထိုသူ၏ခြံအတွင်း၌ပင် အနံ့အပြား တူးဖော်၍ ရှာဖွေတတ်ကြောင်း သိပြီးဖြစ်ရကား ဦးဘိုးကြုတ် ရွေးချယ်ထားသော နေရာမှာ မိမိနှင့် ခြံချင်းကပ်နေသော ရှမ်း ဖိုးသာအေး၏ ခြံကြီးနောက်ဖေးမှ ရေတွင်းပျက်ကြီး ဖြစ်လေသည်။ ထိုရေတွင်းပျက်ကြီးမှာ အတောင် ၂၀ ခန့် နက်ပြီးလျှင် အလွန်လည်း မတ်စောက်လှ၍ ကြိုးနှင့်သာ ဆင်းနိုင်တက်နိုင်၏။ သို့သော် အနီး၌ ကြို့ပင်ကြီးတစ်ပင်ရှိသဖြင့် ထိုကြို့ပင်ကို ကြိုးချည်ပြီးလျှင် ရေတွင်းပျက်ထဲသို့ ကောင်းစွာ ဆင်းတက်နိုင်၏။ ရေတွင်းပျက်အောက်၌လည်း ရေလမ်းရရန် နံဘေးသို့ လိုက်၍တူးထားသော အခေါင်းကြီးတစ်ခုရှိကြောင်း ဦးဘိုးကြုတ်သိ၏။ လွန်ခဲ့သော ၃ လခန့်က ရှမ်း ဖိုးသာအေး၏ ခွေးသည် ထိုရေတွင်းပျက်ထဲ



www.burmeseclassic.com

www.burmeseclassic.com


သို့ ကျခဲ့ဖူးရာ လူကို ကြိုးနှင့် လျောချပြီး ဆယ်ယူရကြောင်း ရေတွင်းပျက်ထဲသို့ ဆင်းသောသူက ပြောသဖြင့် ဦးဘိုးကြုတ်သည် အရေးအကြောင်းရှိက အသုံးပြုနိုင်ရန် ထိုအချက်ကို အလုံးစုံ မှတ်သားထားခဲ့လေသည်။

မိမိခြံကိုကျော်လွန်မိ၍ ဖိုးသာအေး၏ခြံကို နောက်ဖေးဘက်မှလှည့်၍ ဝင်မိသောအခါ ကျောပိုး၍ ယူခဲ့ရသော ဦးဘိုးသိန်း၏ အလောင်းမှာ အလွန်လေးလှပြီဖြစ်၍ မြက်ခင်းပေါ်တွင် ခေတ္တချထားကာ နဖူးမှချွေးများကို သုတ်လေ၏။ လည်ပင်းကို သုတ်လိုက်သောအခါ ကပ်စေးစေးအရာများ လက်ကိုင်ပဝါတွင် ပါလာသဖြင့် အလောင်းမှ တစိမ့်စိမ့်ကျလာသော သွေးများဖြစ်ကြောင်း သိရ၏။ ခေတ္တမျှ အပန်းဖြေပြီးနောက် အလောင်းကို တစ်ဖန်ကျောပိုးပြန်ရာ နောက်မှ လိုက်လာသော ရန်လုံသည် ထိုး၍ ဟောင်လိုက်ပြန်သဖြင့် ဦးဘိုးကြုတ်သည် ရန်လုံကို ၎င်းနှင့်အတူ ချော့မော့ခေါ်သွားရပြန်လေ၏။

ဤသို့နှင့် ရေတွင်းပျက်ရှိရာသို့ တဖြည်းဖြည်း လာခဲ့ရာ နောက်ဆုံး ကြို့ပင်အောက်သို့ ရောက်သောအခါမှ အတော်အတန် စိတ်အေး၍သွားပြီးလျှင် အလောင်းကို သစ်ပင်ခြေရင်း၌ ချထားလေ၏။ ထိုအခါမှ ဦးဘိုးကြုတ်သည် လက်နှိပ်ဓာတ်မီးကို အရင်စလိုနှင့် မေ့၍လာခဲ့ကြောင်း သတိရမိ၏။ သို့သော် ပြန်၍ယူရန်လည်း စနောင့်စနင်း ဖြစ်၍နေလေသည်။

အရေးကြီးဆုံးမှာ အလောင်းကိုသာ ရေတွင်းပျက်အောက်သို့ အမြန်ဆုံးရောက်အောင်ချရန် ဖြစ်လေသည်။ သို့ဖြစ်၍ ဦးဘိုးကြုတ်လည်း အလောင်းကို တွင်းနှုတ်ခမ်းရှိရာသို့ ဆွဲယူခဲ့ပြီးလျှင် ညင်သာနိုင်သမျှ ညင်သာစွာ လျောချလိုက်လေ၏။ သို့သော် လူကောင်တစ်ခုလုံး မြေကြီးကို ရိုက်ခတ်လိုက်သော အသံကား မနည်းလှပေ။ 'ဝုန်း'ခနဲ မြည်သွားသော အသံကြောင့် ရန်လုံသည် တစ်ချက်ဟောင်လိုက်ပြန်ရာ ဦးဘိုးကြုတ်သည် ဦးခေါင်းကို ပွတ်သပ်ချော့မော့၍ ထားရပြန်သည်။

အလောင်းကား ရေတွင်းအောက်သို့ ရောက်၍သွားချေပြီ။ သို့သော် ဤမျှနှင့် လုံခြုံသည်ဟူ၍ မဆိုသာသေးချေ။ အပေါ်မှ လက်နှိပ်ဓာတ်မီးနှင့် ကြည့်လျှင် မြင်နိုင်သည်။ မည်ကဲ့သို့မျှ မဖြစ်နိုင်ဟု ဆိုသော်လည်း ယခင်တစ်ခါကကဲ့သို့ ခွေးဖြစ်စေ၊ လူဖြစ်စေ ကျခဲ့ပါမူ အမှုတစ်ခါတည်း ပေါ်၍ မိမိ၏လက်ချက်ဖြစ်ကြောင်း ဓာတ်သိများက စဉ်းစား၍ မိမိပေါ်

www.burmeseclassic.com



တွင် သံသယရှိကြတော့မည်။ လိုဏ်ခေါင်းအတွင်းသို့ သွင်းပြီးနောက် အဝမှ မြေများ၊ အုတ်ခဲများဖြင့် ပိတ်ဆို့ထားနိုင်မှသာလျှင် ကောင်းစွာ လုံခြုံတော့မည်ဖြစ်ကြောင်း စဉ်းစားမိသည်။ မာတ်မီးကို ပြန်၍ များစွာယူလိုသော်လည်း အချိန်ကုန် မခံနိုင်ချေ။ အိတ်ထဲတွင် မီးခြစ်ပါသဖြင့် တော်သေး၏ဟု အောက်မေ့ကာ ကြို့ပင်၌ ကြိုးကို ခိုင်ခန့်စွာ ရစ်ပတ်ချည်နှောင်ပြီးလျှင် ရေတွင်းပျက်ထဲသို့ ကြိုးစကို ချကာ တဖြည်းဖြည်း လျောဆင်းလေ၏။ ကြိုးမှာ မနီလာကြိုးဖြစ်သောကြောင့် ကောင်းစွာ ခိုင်ခံ့ကြောင်း စိတ်ချရလေသည်။ ကြိုးစဆုံးသောအခါ၌ ဦးဘိုးကြွတ်မှာ ကြိုးကို မချမိကပင် တိုင်းထွာခန့်မှန်းပြီးဖြစ်သဖြင့် ၅ တောင်ခန့်အလိုတွင် ကြိုးစဆုံးလျက်ရှိရာ ဦးဘိုးကြွတ်မှာ သတ္တိကောင်းသော သူတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ခါတည်း ခုန်ချလိုက်လေ၏။ ဤသို့ခုန်ချလိုက်ရာတွင် အလောင်း၏ အပေါ်သို့ တည့်တည့်ကြီး ကျသွားသဖြင့် ဦးဘိုးကြွတ်မှာ သတ္တိကောင်းသူပင် ဖြစ်သော်လည်း နံဘေးသို့လန့်၍ ခုန်လိုက်မိသေး၏။

ဤအချိန်တွင် မီးခြစ်ကိုခြစ်ရန် ဖြစ်လေသည်။ ဦးဘိုးကြွတ်လည်း အိတ်ထဲမှမီးခြစ်မှာ မီးခြစ်ဆံ ၃ ဆံသာရှိကြောင်း တွေ့ရ၏။ သွေးစွန်းသော ရှပ်အင်္ကျီအဖြူကို ချွတ်ပြီးလျှင် ကာကီအင်္ကျီကိုလဲ၍ ဝတ်ရာတွင် မီးခြစ်ဘူးအပြည့်မှာ ရှပ်အင်္ကျီအဖြူအိတ်ထဲမှာ ကျန်ရစ်ခဲ့ကြောင်းကို ထိုအခါမှ သတိရလေ၏။ ဦးဘိုးကြွတ်မှာ ဇောချွေးများ ပြန်လာသဖြင့် နဖူးကို လက်နှင့်သပ်၍ချမိ၏။ သို့သော် ဤအခြေသို့ရောက်လျှင် နောက်သို့ မဆုတ်နိုင် ရှေ့သို့သာ တိုးရမည်ဖြစ်သဖြင့် ပထမမီးခြစ်ဆံကို ခြစ်လိုက်လေ၏။ မီးလင်းသည်နှင့်တစ်ပြိုင်နက် နောက်ပတ်လက်လန်ကျနေသော ဦးဘိုးသိန်းသည် မိမိအားမျက်လုံးပြူး၍ ကြည့်နေဘိသကဲ့သို့ ရှိသည်ကို တွေ့ရသဖြင့် လက်ထဲမှ မီးခြစ်ဆံလွတ်ကျသွားပြီးလျှင် မီးငြိမ်းသွားလေသည်။ သို့သော် ဦးဘိုးကြွတ်၏သတ္တိကား သာမန်သတ္တိ မဟုတ်ပေ။ ဒုတိယ မီးခြစ်ဆံဖြင့် လိုဏ်ခေါင်းကို ရှာဖွေရာ အဆင်သင့်ပင် တွေ့ရှိသဖြင့် အလောင်းကို အမှောင်ထဲတွင် စမ်းသပ်ဆွဲယူပြီး လိုဏ်ခေါင်းထဲသို့ ခဲယဉ်းစွာ ထိုးသွင်းလျက်ရှိလေ၏။ အလောင်းတစ်ခုလုံး ဝင်သွားသောအခါမှ ဦးဘိုးကြွတ်မှာ အသက်မှန်မှန်ရှူနိုင်ပြီးလျှင် နဖူးမှ ချွေးလုံးကြီးများကို လက်ကိုင်ပဝါဖြင့် သုတ်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကားပြီးနိုင်ပေတော့မည်။ ရေတွင်းပျက်အောက်တွင် ရွှံ့ ခြောက်တုံးများ၊ အုတ်ခဲကျိုးများ၊ ကျောက်ခဲကလေးများ ရှိသဖြင့် ၎င်းတို့ကို စုဆောင်းရန် နောက်ဆုံး မီးခြစ်တစ်ဆံကို ခြစ်၍ကြည့်ရမည်ဖြစ်၏။ မီးခြစ်ဆံများမှာလည်း တွင်းအောက်ခြေတွင် လေနည်းပါးသည့်အတိုင်း မီးတောက်သည်နှင့်တစ်ပြိုင်နက် ငြိမ်း၍သွားတတ်လေသည်။ သို့ဖြစ်၍ ဦးဘိုးကြုတ်လည်း နောက်ဆုံးမီးခြစ်လိုက်လေသည်။ သို့သော် ထိုအချိန်တွင်းအောက်သို့ ချထားသော ကြိုးစသည်ကား တဖြည်းဖြည်း အပေါ်သို့ တက်သွားသည်ကို ထူးဆန်းစွာ တွေ့မြင်ရလေ၏။ တစ်စုံတစ်ယောက်သော သူသည် အပေါ်မှ ကြိုးစကို ဆွဲ၍သွားသကဲ့သို့ အုတ်အဟောင်းများ စီ၍ထားသော တွင်းနံရံတစ်လျှောက်သို့ ကြိုးသည် ညင်သာစွာ တက်၍ သွားသည်ကို နောက်ဆုံး တွေ့မြင်လိုက်ရပြီးနောက် မီးငြိမ်း၍သွားလေတော့၏။

"သြော် ... လက်စသတ်တော့ ရန်လုံ့နှင့်တူတယ်" ဟု အသိဉာဏ်တစ်ခုသည် ဦးဘိုးကြုတ်၏ ဦးခေါင်းထဲသို့ ဝင်လာလေ၏။

**အထက်ပါအတ္ထုပ္ပတ္တိမှာ ဦးဘိုးကြုတ်၏ ဖြောင့်ချက်မှ ကူးယူပြီးလျှင် ဝတ္ထုကဲ့သို့ စီစဉ်ရေးသားချက်များ ဖြစ်၏။**

www.burmeseclassic.com

www.burmeseclassic.com

# နှုတ်သက်သေ

ပြည်မြို့၏မြောက်ဘက်၌ 'နဝင်းချောင်း' ခေါ် ချောင်းငယ်သည် ပြည်မြို့နှင့် 'ဖိုးခေါင်' ရွာကလေးကို ပိုင်းခြားလျက် တည်ရှိလေသည်။ ထိုဖိုးခေါင်ရွာ၌ ပစ္စည်းဥစ္စာ အတော်အတန် ပြည့်စုံလျက် ခြံမြေမြောက်များစွာ ပိုင်ဆိုင်သော အသက် ၃၀ ခန့်ရှိ အင်္ဂလိပ်စာတတ် မောင်ထွန်းခင်ဆိုသူသည် ကိုယ်ပိုင်အိမ်ဝင်းခြံကလေးနှင့် သပ်ရပ်စွာ နေထိုင်ခဲ့၏။ မောင်ထွန်းခင်မှာ အသက် ၃၀ သို့တိုင်အောင် အိမ်ထောင်မပြုသေးဘဲ မိခင်အိုကြီးကို လုပ်ကိုင်ကျွေးမွေးကာ အိမ်တွင် ထမင်းချက်သော မိန်းမကြီးတစ်ယောက်၊ အိမ်မှုကိစ္စနှင့် ကျွဲနွားများကို ကြည့်ရှုရန် အိမ်အကူတစ်ယောက်နှင့် အတူ အေးချမ်းစွာ နေထိုင်ခဲ့လေသည်။ တစ်ခါတစ်ရံ မောင်ထွန်းခင်သည် ပြည်မြို့သို့ 'ကူးတို့' လှေဖြင့် လာပြီးနောက် မိတ်ဆွေသင်္ဂဟများထံ လာရောက်လည်ပတ်ခြင်း၊ ငွေရေးကြေးရေးနှင့် ပတ်သက်သည့်ကိစ္စများ ရုံးကိစ္စများကို ဆောင်ရွက်ခြင်းများကို ပြုတတ်၏။ မောင်ထွန်းခင်မှာ လူပင်ငယ်သော်လည်း အကျင့်သိက္ခာနှင့်ပြည့်စုံခြင်း၊ လူကြီးမိဘကို ရိုသေခြင်း၊ ဘုရားတရားကို ကိုင်းရှိုင်းခြင်း၊ ကြည်ညိုခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံ၍ အလှူအတန်း ရက်ရောခြင်း စသည်တို့ကြောင့် ရွာသားများသည် ၎င်းအား ရပ်ရွာသူကြီးတစ်ယောက်အဖြစ်ဖြင့် အသိအမှတ်ပြုကြ၏။ ရွာတွင်းမည်သည့် ကိစ္စနှင့်မဆို အရှုပ်အရှင်းရှိက မောင်ထွန်းခင်ထံသို့ သွားရောက်သော အခါ နှစ်ဦးနှစ်ဖက် အေးချမ်းစွာ ကိစ္စချောမော၍ သွားတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော နံနက်၌ မောင်ထွန်းခင်သည် စာတိုက်ကြီးတွင် ကိစ္စတစ်ခုရှိသည်နှင့် ပြည်ဘက်သို့ ကူးခဲ့ပြီးလျှင် အချိန်စောသေးသည်နှင့် မိမိကျောင်းနေဘက် မြို့အုပ်ကိုတင်ထွေး အိမ်သို့ ဝင်ခဲ့လေ၏။ ကိုတင်ထွေး အိမ်သို့ရောက်သောအခါ ကိုတင်ထွေးမှာ အပြင်သို့ လမ်းလျှောက်ထွက်သွားသည်နှင့် ကြုံကြိုက်သဖြင့် မြို့အုပ်ကတော်သည် မောင်ထွန်းခင်အား ခေတ္တမျှ အိမ်ရှေ့ဧည့်ခန်းတွင် စောင့်ဆိုင်းရန်ပြောရာ မောင်ထွန်းခင်လည်း သတင်းစာများကို ဖတ်ရင်း စောင့်ဆိုင်းနေလေ၏။ မြို့အုပ်ကိုတင်ထွေးမှာ စာပေဘက်တွင် ပါသနာပါသည့်အတိုင်း စာကြည့်ခန်းတစ်ခု အိမ်နံဘေးအဆွယ်တွင် ထားရှိသဖြင့် မောင်ထွန်းခင်လည်း စာကြည့်ခန်းဘက်သို့ ကူးခဲ့ပြီးနောက် စာအုပ်များကို ကြည့်ရှုလျက် ရှိလေသည်။ မောင်ထွန်းခင်သည် ရှရှားစာရေးဆရာကြီးတော်လ(စ)တွိုင်းရေးသော စာတစ်အုပ်ကို ဆွဲယူဖတ်ကြည့်ရာ ပထမတစ်ရွက်ကို ဖတ်လိုက်လျှင်ပင် မိမိသဘောနှင့် တိုက်ဆိုင်နေသည်ကို တွေ့ရသဖြင့် စာအုပ်၏အမည်ကို ရေးမှတ်ယူရန် မိမိဒိုင်ယာရီစာအုပ်ကို ထုတ်၏။ ထိုအခါမှ စာရေးရန် မိမိအကျီတွင် ဖောင်တိန်သော်လည်းကောင်း၊ ခဲတံသော်လည်းကောင်း မပါကြောင်း တွေ့ရလေသည်။

ထိုအချိန်၌လည်း စာကြည့်ခန်းမှ ပြတင်းပေါက်ကို အသက်အရွယ် ၅၀ ခန့်ရှိ လက်သမားဆရာတစ်ယောက်သည် ပြင်လျက်ရှိနေသဖြင့် ထိုလက်သမားသည် မောင်ထွန်းခင်၏အမူအရာကို မြင်သည်နှင့် မိမိ၏ လက်သမားခဲတံအတုံးကြီးကို ပုဆိန်ဖြင့် ကပျာကယာချွန်ပြီးလျှင် မောင်ထွန်းခင်ထံသို့လာရောက်ကာ အလိုက်သိစွာ ပေးလေ၏။ မောင်ထွန်းခင်လည်း ထိုအခါမှ မိမိ၏ ဒိုင်ယာရီစာအုပ်၌ ထိုနေ့ရက်စွဲပေါ်တွင် စာအုပ်အမည်ကို ခဲတံအတုံးကြီးဖြင့် ရေးခြစ်ခဲ့ရလေသည်။ မကြာမီ မြို့အုပ်ကိုတင်ထွေး ရောက်လာရာ သူငယ်ချင်း ၂ ယောက်တို့သည် နာရီဝက်ခန့်မျှ စကားစမြည် ပြောဆိုကြပြီးနောက် မောင်ထွန်းခင်လည်း စာတိုက်သို့ လာခဲ့လေ၏။

အထက်ပါအခြင်းအရာများ ဖြစ်ပျက်ပြီးသည့်နောက် ၆ လခန့် ကြာရှိသောအခါ တစ်နေ့သော နံနက်လင်းအားကြီးအချိန်လောက်၌ မောင်ထွန်းခင်သည် မိမိအိပ်ရာ၌ အိပ်ပျော်လျက်ရှိစဉ် တစ်စုံတစ်ယောက်သော



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိအနားအနီးသို့ကပ်၍ 'လှေဆိပ်မှာ ကူးတို့စောင့်နေတယ် သွားပါတော့လား" ဟု ပြောလိုက်သံတစ်ခုကို ကြားရလေသည်။ သို့ဖြစ်၍ အိပ်ရာမှ မနိုးတနိုးရှိနေစဉ် နောက်ထပ် ယခင်အတိုင်း ထပ်မံကြားရပြန်သောကြောင့် အခန်းတွင်းတွင် မည်သူများ ရှိလေသနည်းဟု မျက်လုံးများကို ဖွင့်ကြည့်မိ၏။ ဝင်လုဆဲ လမင်းသည် ပြတင်းပေါက်မှ အခန်းတွင်းသို့ တိုးဝင်လျက်ရှိသဖြင့် အတန်ငယ် လင်းလျက်ရှိလေရာ အခန်းတွင်း၌ မည်သူကိုမျှ မမြင်ရချေ။ မောင်ထွန်းခင်သည် ထိုအခိုက်အတန့်၌ လုံးလုံးကြီး နိုးနေသည်ဟုလည်း မဆိုနိုင်၊ အိပ်ပျော်နေသည်ဟုလည်း မပြောနိုင်ဘဲ ထိုအသံ၏အမိန့်ကို လိုက်နာရဘိသကဲ့သို့ အဝတ်အစားများကို လဲလေ၏။ ထိုခဏ၌ "ကူးတို့လှေစောင့်နေတယ်၊ မြန်မြန်သွား" ဟု အသံတစ်သံကို ထပ်မံကြားရပြန်သည်နှင့် မောင်ထွန်းခင်လည်း အိမ်သူအိမ်သားများ မသိဘဲ အိမ်ရှေ့တံခါးကို ဖွင့်၍ ထွက်ခဲ့ပြီးလျှင် ကူးတို့ဆိပ်သို့ လာခဲ့လေ၏။ ကူးတို့ဆိပ်သို့ရောက်သောအခါ လှေငယ်တစ်စင်းပေါ်တွင် ဆေးပေါ့လိပ်ကို သောက်၍နေသော ကူးတို့သမားအဘိုးကြီးသည် မောင်ထွန်းခင် ဆင်းလာသည်ကိုမြင်သည်နှင့် နဂိုကပင် သိဟောင်းကျွမ်းဟောင်းဖြစ်သည့်အတိုင်း "လာလေ ... ဆရာလေး၊ ကျွန်တော်စောင့်နေတာ အတော်ကြာပြီ" ဟုပြောသဖြင့် မောင်ထွန်းခင်လည်း ကူးတို့လှေဖြင့် ပြည်ဘက်သို့ ကူးခဲ့၏။

ပြည်ဘက်သို့ရောက်၍ အတန်ကြာ လျှောက်မိလေသော် တရုတ်သစ်စက်အနီးတွင် လန်ချားတစ်စီး တွေ့ရသည်နှင့် မောင်ထွန်းခင်လည်း လန်ချားပေါ်သို့ ထိုင်၍ လိုက်ပါလာခဲ့၏။ လန်ချားကုလားသည် ကမ်းနားတစ်လျှောက် တောင်ဘက်သို့ ဆွဲခဲ့ပြီးနောက် စက်ရှင်ရုံကြီးရှေ့သို့ ရောက်သောအခါ ရပ်လိုက်သဖြင့် မောင်ထွန်းခင်လည်း လန်ချားပေါ်မှ ဆင်းလေပြီးလျှင် အိတ်ထဲမှ မူးစေ့မတ်စေ့ ၄-၅ စေ့ကို မရေတွက်မိဘဲ ထုတ်၍ပေးလိုက်၏။ လန်ချားကုလားချပေးသော နေရာအနီး၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိရာ မောင်ထွန်းခင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်၍ထိုင်လိုက်သည်နှင့် လက်ဖက်ရည်ကို သောက်ပြီးသော် အခြားနေရာသို့ မသွားဘဲ ထိုနေရာ၌ပင် ထိုင်လျက်ရှိလေ၏။ ၉ နာရီကျော်ကျော် အချိန်သို့ရောက်သောအခါ ရုံးသည် နံနက်ခင်းတွင် ခြောက်သွေ့သလောက် လူများ စည်ကားစ ပြုလာ၏။ တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များတို့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com 

ကောင်း၊ ရုံးစာရေးများ၊ ရုံးပြာတာများသည်လည်းကောင်း၊ အမှုသည်များသည်လည်းကောင်း၊ ဈေးသည်များသည်လည်းကောင်း စုရုံးလာရောက်ကာ မိမိတို့နေရာ၊ မိမိတို့ အလုပ်ရှိရာတွင် လုပ်ကိုင်လျက် ရှိကြကုန်၏။ ထိုအတွင်း မောင်ထွန်းခင်သည် လက်ဖက်ရည်ဆိုင်၌မပင် ထိုင်လျက်ရှိသေးရာ အသိမိတ်ဆွေတစ်ယောက် နှစ်ယောက်က "ဟေ့လူ ... ဘာများ ငိုင်နေတာလဲဗျ" ဟု လာရောက်နှုတ်ဆက်သော်လည်း မောင်ထွန်းခင်သည် စကားပြန်၍ မပြောဘဲ ဦးခေါင်းကိုသာ အောက်သို့ စိုက်လျက်ရှိနေသဖြင့် "ဒီလူ ဘာဖြစ်နေတာလဲ" ဟု ပြောဆိုကာ ထွက်သွားကြလေ၏။

ထိုနေ့တွင် စက်ရှင်ရုံးတွင် လူသတ်မှုတစ်မှုကို စစ်ဆေးလျက်ရှိရာ တရားခံအား တရားသူကြီးက စစ်ဆေးနေသည်ကို လူအများ ဝိုင်းအုံနားထောင်လျက် ရှိလေသည်။ မောင်ထွန်းခင်သည် လက်ဖက်ရည်ဆိုင်မှ ထခဲ့ပြီးလျှင် နားထောင်နေသော လူစုသို့ တိုးဝှေ့ဝင်ရောက်ကာ နားထောင်လေ၏။

တရားသူကြီး ။ ။ "ဘယ်နှယ့်လဲ ဘိုးသင်း၊ ဘာများ ပြောချင်သလဲ"

တရားခံ ။ ။ "သူတို့ပြောတဲ့အတိုင်း လူသတ်မှု ကျူးလွန်တယ်ဆိုတဲ့အချိန်မှာ ကျွန်တော်မျိုး မြို့အုပ် ဦးတင်ထွေးအိမ်မှာ ပြတင်းပေါက်ပြင်နေပါတယ်"

ကြီး ။ ။ "ဒီအကြောင်း မောင်မင်း အစစ်ခံလို့၊ ဦးတင်ထွေးကို ခေါ်စစ်ပြီးပြီ မဟုတ်လား။ နို့ပေမဲ့ သူက မောင်မင်းပြင်တဲ့ နေ့ရက်ကိုလည်း မမှတ်မိဘူး။ အိမ်ကို ဘယ်သူဘယ်ဝါ လာတယ်ဆိုတာလည်း မမှတ်မိဘူးဆိုတော့ အခက်သားကလားကွယ်"

ခံ ။ ။ "ကျွန်တော်မျိုးလည်း မမှတ်မိပါဘူး ဘုရား။ နို့ပေမဲ့ မြို့အုပ်မင်းအိမ်မှာ ဒီတစ်နေ့ပဲ အလုပ်လုပ်ဖူးပါတယ်။ အဲဒီလို ပြတင်းပေါက်မှန်တံခါးကို ပြင်နေတဲ့အချိန်မှာ စာကြည့်ခန်းထဲက စာအုပ်တွေကို ကြည့်နေတဲ့ လူတစ်ယောက်ရှိပါတယ် ဘုရား။ ဒီလူကို ကျွန်တော်မျိုးက ခဲတံငှားလိုက်လို့ သူ့စာအုပ်ကလေးထဲမှာ ကျွန်တော်မျိုး ခဲတံနဲ့တောင် ရေးသွားပါသေးတယ် ဘုရား။ အဲဒီလူကို သက်သေပြချင်ပါတယ် ဘုရား"

ကြီး ။ ။ "ဒီလူကို သိသလား"



www.burmeseclassic.com

www.burmeseclassic.com

ခံ ။ ။ "မသိပါဘူး ဘုရား"

ကြီး ။ ။ "လူကို မြင်ရင်တော့ မှတ်မိလား"

ခံ ။ ။ "မမှတ်မိပါဘူး ဘုရား။ သူကသိရင် သိမှာပဲ ဘုရား"

ကြီး ။ ။ "အဲဒါက သာပြီးခက်တယ်ကွယ်။ လူကို မှတ်မိတောင် လိုက်ရှာဖို့ အခက်သားကလားကွယ့်"

ခံ ။ ။ "မှန်ပါ့ဘုရား"

ကြီး ။ ။ "မင်းပေးတဲ့ လက်သမားခဲတံကြီးနဲ့ သူ့စာအုပ်ထဲ ရေးသွားတာ မြင်လိုက်ရတယ် ဆိုပါတော့"

ခံ ။ ။ "မှန်ပါတယ် ဘုရား၊ သူ့စာအုပ်အဖုံးက အပြာကလေး ဘုရား။ အခုထက်ထိတောင် ကျွန်တော်မျိုး မျက်စိထဲမှာ မြင်ယောင်မိပါသေးတယ်"

ကြီး ။ ။ "အင်း ... မင့်အမှုက သက်သေရှိရက်နဲ့ လူကို ရှာမတွေ့တာက ခက်တယ်ကွ"

ခံ ။ ။ "အချိန်ချင်းလည်း ကိုက်ပါတယ် ဘုရား။ သူတို့ စွပ်စွဲထားတာက မနက်ခင်း၊ ကျွန်တော်မျိုး အလုပ်လုပ်နေတာလည်း မနက်ခင်းပါပဲ ဘုရား"

ကြီး ။ ။ "ကိုက်တာတော့ ဟုတ်ရဲ့။ အမှုဆိုတာ အမှုတွဲပေါ်မှာ အထင်အရှား သက်သေခံချက်ရမှ ဒီသက်သေခံချက်ကို အကိုးအကား ပြုပြီးဆုံးဖြတ်ရတာကိုကွယ့်။ ဒီတော့ မင်းဆီက ခဲတံငှားရေးတဲ့လူကို ဘယ်လို ရှာပေးမှာလဲ"

ခံ ။ ။ "နတ်ကောင်း နတ်မြတ်များ မ,မှဘဲ ရှာတွေ့တော့မှာပဲ ဘုရား"

တရားသူကြီးမှာ မင်းကျင့်တရားနှင့်လည်းကောင်း၊ သီလ သမာဓိနှင့်လည်းကောင်း ပြည့်စုံသူဖြစ်၍ တရားခံအပေါ်တွင် တတ်နိုင်သမျှ ညှာတာထောက်ထားတတ်သူ တစ်ယောက်ဖြစ်သည့်အတိုင်း စိတ်ရှည် လက်ရှည် စစ်ဆေးလျက်ရှိလေသည်။ တရားခံ ဘိုးသင်းဆိုသူမှာ အသက် ၅၀ ခန့်ရှိ၍ လူသတ်မှု တရားခံများ ဝတ်ရသော အကျႌနီလက်တိုကို ဝတ်ထား၏။ ဆင်းရဲ၍ လက်သမားအလုပ်ကို လုပ်ရသော်လည်း ဘုရားတရား


www.burmeseclassic.com

www.burmeseclassic.com


ကို လွန်စွာ ကိုင်းရှိုင်းရှိသေသူ တစ်ယောက် ဖြစ်ကြောင်း လူတိုင်းသိ၏။ သို့သော် ဘုရားတရား ကြည်ညိုသည်ဆိုသော သက်သေခံချက်ရှိရုံမျှနှင့် ဖြစ်မှုမကျူးလွန်ဟု ဥပဒေသဘောအရ မယူဆနိုင်ချေ။

ထိုခဏ၌ လူအုပ်ထဲမှ နားထောင်နေသော မောင်ထွန်းခင်၏ ဦးခေါင်းထဲသို့ အလင်းရောင်တစ်ခု လျှပ်ပြက်သလို ဝင်၍လာ၏။ မောင်ထွန်းခင်သည် အိပ်ရာမှ ကြည်ကြည်လင်လင် နိုး၍လာသောသူတစ်ယောက်ကဲ့သို့ ယခင် ၆ လလောက်က အဖြစ်အပျက်များကို ပြန်၍ သတိရမိလေ၏။

မောင်ထွန်းခင်သည် လူအုပ်ထဲမှ ရှေ့သို့ တိုးကာ –

"ကျွန်တော်မျိုး ဒီတရားခံကို သိပါတယ် ဘုရား။ ကျွန်တော်မျိုး သက်သေခံဖို့ အခွင့်ပြုမယ်ဆိုရင် သက်သေခံချင်ပါတယ် ဘုရား" ဟု လျှောက်ထားလေ၏။ ထိုခဏ၌ တရားခံ ဘိုးသင်းဆိုသူလည်း "ဩော် ... ဆရာကလေး၊ သူပါပဲ ဘုရား" ဟု အော်လိုက်လေသည်။

တရားသူကြီးလည်း အစိုးရ ရှေ့နေကြီးနှင့် တိုင်ပင်ကာ တရားခံ၏ ရှေ့နေအား မောင်ထွန်းခင်ကို ချက်ချင်း သက်သေပြနိုင်ရန် အခွင့်ပြုလိုက်လေ၏။ မောင်ထွန်းခင်၏ သက်သေခံချက်များမှာ ကျွန်ုပ်တို့ သိရှိပြီးဖြစ်သည့်အတိုင်း အထူးရေးသားဖော်ပြရန် မလိုတော့ပေ။ တရားသူကြီးက ဒိုင်ယာရီစာအုပ်အကြောင်းကို မေးရာ၊ မောင်ထွန်းခင်လည်း ကံအားလျော်စွာ သက္ကလတ်အင်္ကျီ၏ အတွင်းအိတ်ထဲတွင် ထည့်ထားနေကျဖြစ်သည့်အတိုင်း ပါလာသေးသည်ကို တွေ့ရသဖြင့် ရုံးတော်သို့ တင်ပြလေ၏။ ဒိုင်ယာရီ စာအုပ်ကလေးမှာ အပြာရောင်ဖြစ်၍ ၎င်းအတွင်း၌ကား ထိုနေ့ (လူသတ်မှုဖြစ်ပွားသော ရက်) တွင် ခဲတံအတုံးကြီးဖြင့် မြို့ပိုင် ဦးတင်ထွေး စာကြည့်ခန်းမှ တွေ့ရသော စာအုပ်အမည် ရေးမှတ်ထားသည်ကို ထင်ရှားစွာ တွေ့ရလေသည်။

ဤသက်သေခံချက်ကြောင့် တရားခံ ဘိုးသင်းအား တရားသေ လွှတ်လိုက်လေသတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အတတ်နဲ့ကိုယ်စူး

တောင်ငူမြို့ စက်ရှင်ရုံးဟောင်းကြီးနှင့် မနီးမဝေးရှိ စံပယ်ခြံကြီးများ ဝိုင်းရံလျက်ရှိသော ခြံကြီးတစ်ခြံရှိရာ ခြံကြီး၏ အလယ်၌ကား သားနား သပ်ရပ်သော တိုက်ခံအိမ်တစ်လုံးရှိ၏။ ထိုခြံနှင့် အိမ်မှာ ဝန်ထောက်ကတော် မမစိန်ဆိုသူပိုင်၍ မမစိန်မှာ ဝန်ထောက်ကြီး သေဆုံးပြီးနောက် နောက်ထပ် အိမ်ထောင်မပြုဘဲ သားဖြစ်သူ မောင်ကျော်မင်း၊ မောင်လှစိန်နှင့်အတူ အေးချမ်းစွာ နေထိုင်ခဲ့လေသည်။

မောင်ကျော်မင်းမှာ အသက် ၂၄ နှစ်ခန့်ရှိ၍ အင်္ဂလိပ်ပညာကို ဘီအက်စ်စီ အထက်တန်းအထိ သင်ကြားခဲ့ဖူးလေသည်။ ရုပ်ရည်အားဖြင့်လည်း ကြံ့ခိုင်ထည်ဝါသော ကိုယ်လုံးကိုယ်ပေါက်ဖြင့် သင့်တင့်သူ တစ်ယောက်ဖြစ်ပြီးလျှင် ခံ့ညားတည်ကြည်သော မျက်နှာရှိလျက် စကား ပြောသောအခါများ၌လည်း အေးချမ်းစွာ ပြောတတ်၏။ ၎င်းမှာ ဝန်ထောက်ကြီး၏ ပထမမယားမှ ပါသော သားကြီးဖြစ်လေသည်။

မောင်လှစိန်မှာ ဝန်ထောက်ကြီးနှင့် 'နမစုံ' မွေးဖြစ်၍ အသက်မှာ ၂၀ မျှသာ ရှိသေး၏။ ပညာဘက်တွင် များစွာ ဝါသနာမပါလှဘဲ ၁၀ တန်းကို ၂ ကြိမ်တိုင်တိုင် ဆက်လက်၍ ကျရှုံးပြီးနောက် ကျောင်းမှထွက်ခဲ့လေသည်။ ရုပ်ရည်အားဖြင့်ကား ချောမောသူတစ်ယောက်ဖြစ်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လိုလိုက်ခဲ့သော သားတစ်ယောက်ဖြစ်သည့်အတိုင်း အိမ်ကို နွဲ့ဆိုး ဆိုး၍ နေသူတစ်ယောက် ဖြစ်၏။

ဝန်ထောက်ကြီး သေဆုံးပြီးနောက် ဝန်ထောက်ကတော်ကြီးမှာ မြို့နှင့် အိမ်အပြင် ပစ္စည်းဥစ္စာဟူ၍ ပြောပလောက်အောင် မကျန်ရစ်ခဲ့ရကား ဂျပန်အုပ်စိုးသောခေတ်တွင် အနေအထိုင် အစားအသောက်များသည် တစ်နေ့တခြား ကြပ်တည်း၍ လာခဲ့သည့်အတိုင်း ဝန်ထောက်ကတော်ကြီးသည် အိမ်နှင့်ခြံကို နှစ်သောင်းနှင့် သူဌေးဦးမြဘူးဆိုသူထံပေါင်နှံပြီးလျှင် ဂျပန်စစ်တပ်သို့ အမဲဟင်းလျာနှင့် ဟင်းသီးဟင်းရွက် များပေးသွင်းသော ကန်ထရိုက်အလုပ်ကိုပင် လုပ်ခဲ့ရရှာ၏။

မမစိန်မှာ ထိုအခါက ၄၅ နှစ်မျှသာ ရှိသေးရာ နဂိုကလည်း ပုပြတ်ပြတ် ဖြူဖြူဝဝနှင့် လုံးကြီးပေါက်လှတစ်ယောက် ဖြစ်ရကား ဂျပန်စစ်ဗိုလ်များမှာ အလုပ်ထက် 'လှူ' ကို ပို၍ အရေးပေးလျက်ရှိကုန်ရာ အဝယ်တော် မစိန်ဟူသော နာမည်မှာ ဂျပန်ရပ်ကွက်များနှင့်ပင် အတော် 'ပေါက်' လျက် တောင်ငူမြို့ပေါ်တွင် မမစိန်နှင့် မသိသော စစ်ဗိုလ်ဟူ၍ မရှိသလောက်ရှိခဲ့၏။ ထိုစစ်ဗိုလ်များထဲတွင် မမစိန်နှင့် အကျွမ်းဝင်ဆုံးသောသူမှာ မေဂျာဆိုက်တိုဆိုသူဖြစ်၍ ၎င်းမှာ တောင်သူနယ်အတွင်းရှိ စစ်တပ်များတွင် ဆရာဝန် အကြီးဆုံး ဖြစ်လေသည်။ မစ္စတာ ဆိုက်တိုမှာ အမေရိကန် ယူနီဗာစီတီများမှ ဆေးဒီဂရီများကို ယူလာသူတစ်ယောက်ဖြစ်လေသည်။ အင်္ဂလိပ်စကားကို ကောင်းစွာ ပြောတတ်ပြီးလျှင် ရုပ်ရည်အားဖြင့်လည်းကောင်း အတော်ပင် မွန်မွန်ရည်ရည်ရှိသူ တစ်ယောက်ဖြစ်၏။

မေဂျာဆိုက်တိုသည် အိမ်သို့ မကြာမကြာ အလည်အပတ် လာတတ်လေရာ သားအကြီး မောင်ကျော်မင်းသည် မိခင်ကြီး၏ နေထိုင်ပုံကို အလျဉ်း မနှစ်သက်သော်လည်း သားနှင့်မိခင် ဖြစ်သဖြင့် ရှေ့မှ လမ်းပြပြောဆိုရန် မသင့်လျော်သဖြင့် တစ်ကြောင်း၊ မိမိတို့ အခြေအနေ အလုပ်အကိုင်ကို ထောက်ထားသဖြင့် တစ်ကြောင်း တစ်စုံတစ်ရာ မပြောမဆိုဘဲ ဆိတ်ဆိတ်သာလျှင် ရှိနေခဲ့၏။ မောင်လှစိန်မှာမူကား ရှေ့သို့ တစ်စုံတစ်ရာ ကြည့်ရှုဆင်ခြင်ခြင်းမရှိဘဲ ဂျပန်စစ်ဗိုလ်များထံမှ ရရှိခဲ့သော အဝတ်အစားများ စားဖွယ်သောက်ဖွယ်များ စီးကရက်များဖြင့်သာ ကျေနပ်တင်းတိမ်နေခဲ့သူတစ်ယောက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဝန်ထောက်ကတော်ကြီးသည် မိမိအခြေအနေကို သိသည့်အလျောက် သူဌေးဦးမြဘူးထံမှ ချေးယူထားသော ငွေ ၂၀၀၀၀ ကို ပြန်၍မပေးဆပ်ရလေအောင် မိမိ၏သားအရင်း မောင်လှစိန်ကို ဦးမြဘူး၏ သမီးလှလှနှင့် စေ့စပ်ကြောင်းလမ်းလျက် ရှိလေရာ ဦးမြဘူးသည် ဝန်ထောက်ကတော်ကြီး၏ အခြေအနေကိုလည်းကောင်း မောင်လှစိန်၏သဘောထားကိုလည်းကောင်း သိသဖြင့် လက်ခံခြင်းကိုလည်း မပြု၊ ငြင်းပယ်ခြင်းကိုလည်း တစ်စုံတစ်ရာ မပြုဘဲ လှလှမှာ ငယ်ပါသေးသည် ဟူ၍သာ ပြောဆိုထားခဲ့၏။ ဤအကြောင်းများကို သိသော လှလှသည် မိခင်ကြီးက တီးခေါက်၍ ကြည့်သောအခါများ၌ "ဒီလောက်တောင် လင်မရှားပါဘူး မေမေရယ်။ လှစိန်တို့လို ဂျပန်စစ်ဗိုလ်တွေနဲ့ ပေါင်းပြီး စီးကရက်သောက်ရရင် ကျေနပ်နေတဲ့ အကောင်မျိုး ဘယ်နေရာသွားပြီး အသုံးချရဦးမှာလဲ" ဟူ၍သာ တောက်တောက်ခါးခါး ပြန်၍ပြောတတ်လေသည်။

တစ်နေ့သ၌ မောင်ကျော်မင်းသည် သူဌေးဦးမြဘူးအိမ်သို့ ငွေကြေးကိစ္စနှင့်ပတ်သက်၍ ရောက်ရှိသွားရာ ကိစ္စပြီး၍ ခြံပြင်သို့ ထွက်ခါနီးတွင် လှလှသည် ပန်းခူးလျက်ရှိရာမှ "အစ်ကိုကြီး" ဟု လှမ်း၍ ခေါ်လိုက်သည်နှင့် ရပ်၍နေရလေ၏။ လှလှမှာ ၁၉ နှစ်မျှ ရှိပြီးဖြစ်၍ ကိုယ်လုံးကိုယ်ပေါက်ကောင်းသူ တစ်ယောက်ဖြစ်လေရာ မောင်ကျော်မင်းနှင့် ပခုံးချင်းယှဉ်၍ရပ်လိုက်သောအခါ လက် ၂ သစ်ခန့်မျှသာ မောင်ကျော်မင်းထက်နိမ့်၏။ လှလှသည် တောင်ငူကွန်ဗင့်ကျောင်းထွက် ဖြစ်ပြီးလျှင် အင်္ဂလိပ်ကလေးများနှင့် နီးကပ်စွာ ပေါင်းသင်းနေထိုင်ခဲ့ရသည့်အတိုင်း ယောကျ်ားပျိုတစ်ယောက်နှင့် ယှဉ်တွဲပြောဆိုရန် တစ်စုံတစ်ရာ ဝန်လေးခြင်းမရှိဘဲ မောင်ကျော်မင်းနှင့် စကားပြောဆိုလျက်ရှိလေ၏။

"အစ်ကိုကြီး ဘာလာလုပ်တာလဲ"

"အရင်လအတွက် အတိုးကလေး လာပေးတယ် လှလှရဲ့။ လှလှလည်း သိပ်ပြီး ထွားလာတာပဲနော်"

"ဟုတ်ကဲ့၊ လှလှ နေ့တိုင်း အိပ်ခ်စ်ဆိုက်စ် လုပ်တယ်"

"ကောင်းတယ်ဟေ့၊ အစ်ကိုကြီးက ဒါမျိုးမှ သဘောကျတယ်"

"ဒါထက် အစ်ကိုကြီးညီ လှစိန်ကို ပြောထားနော်"

"အို ... ဘာဖြစ်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"တစ်နေ့က အိမ်ကိုလာတုန်းက လုလုကို ကြည့်လိုက်တာ စိန်းလို့၊ တကယ် ခေါ်တော ရှုံးတယ်"

"အိုကွယ် ... လုလုကလည်း ကြည့်တာနဲ့ ဘာဖြစ်သွားဦးမှာလဲ။ ပွဲပြီး ပါတာလိုက်လို့"

"ဒီလောက် ကြည့်တော့ မခံချင်ဘူး အစ်ကိုကြီးရဲ့"

"လုလို့ ကြည့်တာပဲ မဟုတ်လား လုလုရဲ့။ ဩော် ... ဒါထက် မယ်တော်ကြီးက လုလုနဲ့ စေ့စပ်တော်င်းဆိုနေပါလား"

"တော်ပါ အစ်ကိုကြီးရယ်။ သူတို့စေ့စပ်သဘောတူကော လုလုက ယူမှတဲ့လား"

"မိဘစကားဆိုတာ နားထောင်မှပေါ့ လုလုရဲ့"

"အောင်မယ် အစ်ကိုကြီးကတောင် သူတို့ဘက်က ပါနေပြန်ပြီလား။ ဒီလို မိန်းမရှာ သေးသေးကွေးကွေး အကောင်ကလေးမျိုး ဘာလုပ်ရဦးမှာလဲ အစ်ကိုကြီးရဲ့၊ လုလုနဲ့ယှဉ်တောင် တစ်ဖက်ယမ်းရှိတယ်။ တစ်နေ့က အိမ်လာတာ ဝတ်လို့စားလို့ပါလား။ တို့ပတ်တွေကလည်း ဖုန်လို့။ နို့ပေမဲ့ မျက်နှာက ဖြူဖတ်ဖြူရော်နဲ့၊ လုလုတော့ အစ်ကိုကြီးတို့လို ထွားထွားကျိုင်းကျိုင်း ခံ့ခံ့ညားညားမှ သဘောကျတယ်"

မောင်ကျော်မင်းသည် ရုတ်တရက် မျက်နှာပူ၍သွားသော်လည်း မျက်နှာမပျက်စေရန် မနည်းသတိထားလိုက်ရ၏။

"ပြောလိုက်ပါ အစ်ကိုကြီးရဲ့၊ လုလုများ မျှော်လင့်ပြီး စောင့်မနေနဲ့ လို့"

"ဒါက လူကြီးတွေ ကြည့်ပြီး စီမံလိမ့်မပေါ့ လုလုရယ်"

"အေးပါကွယ် ... အစ်ကိုကြီးလည်း ကြည့်ပြီးပြောလိုက်ပါဦးမယ်"

"နေပါဦး ... အစ်ကိုကြီးကော မိန်းမ မယူသေးဘူးလား"

"အိုကွယ် ... လုလုကလည်း ကြံကြံဖန်ဖန် စိတ်တောင် မကူးသေးပါဘူး"

"ဒါဖြင့် ရည်းစားကော မရှိဘူးလား"

"ဟဲ့ ... လုလု ဘာတွေ လျှောက်မေးနေရတာလဲ။ ဘယ်က ရည်းစားရှိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှလှဖြင့် မယုံပါဘူး အစ်ကိုကြီးရယ်။ အစ်ကိုကြီးက သိပ်ကြည့်ကောင်းတာပဲ။ အနည်းဆုံး ရည်းစားတော့ ရှိမှာပေါ့။ အစ်ကိုကြီး အသက်ဘယ်လောက်ရှိပြီလဲ"

"ငါ့အသက်များမေးလို့ ဘာလုပ်ဦးမလို့လဲ၊ ၂၄ နှစ်ရှိပြီဗျ"

"လှလှထက် ၅ နှစ်တည်း ကြီးတယ်နော်"

"လှလှက ဘယ်လောက် ရှိလို့လဲ"

"၁၉ နှစ်ပြည့်ပြီးပြီ"

"ဒါဖြင့် အပျိုကြီးပေါ့"

"အို ... အစ်ကိုကြီးကလည်း"

ၾငင်းနောက် မောင်ကျော်မင်းလည်း ဩော် ... လှလှ ဟု တစ်ကိုယ်တည်း တီးတိုးရေရွတ်ကာ ဦးမြဘူးခြံထဲမှ ထွက်သွားလေ၏။

*

တစ်ညသ၌ ၇ နာရီအချိန်လောက်တွင် မောင်ကျော်မင်းသည် လမ်းလျှောက်ရာမှ ပြန်လာခဲ့ရာ ဧည့်ခန်းရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ကောင်းစွာ ဖြီးလိမ်းပြင်ဆင်လျက်ရှိသော ဝန်ထောက်ကတော်ကြီးကို တွေ့ရသည်နှင့် အခန်းဝသို့ ရောက်ခါနီးမှ ဧည့်ခန်းသို့ ပြန်၍ လာခဲ့ပြီးလျှင် ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ပြီးနောက် –

"လှစိန်တစ်ယောက် ပြန်မလာသေးဘူးလား မေမေ"

"မလာသေးဘူးကွယ့်၊ ဘာလုပ်မလို့လဲ"

"မလုပ်ပါဘူး မေမေ၊ ဒီအကောင်က အလည်အပတ် ..."

"အို ... လူပျိုပဲကွယ်၊ လည်မှာပေါ့။ ငါ့သားက မင်းလောက်မှ အသက်မကြီးသေးဘဲ"

"အသက်ကြီးတာ မကြီးတာက ကိစ္စမရှိဘူး။ အခုတလော အလည်အပတ် ထူးလွန်းလို့ ကျွန်တော်က သတိပေးတာပါ"

"မင်း ... ငါ့ကို သတိပေးစရာ မဟုတ်ပါဘူးကွယ်။ ငါသိပါတယ်"

"ဩော် ... ဒါထက် မေမေ့ကို တစ်ခုပြောရဦးမယ်။ ဒီလူငယ်စစ်ဗိုလ်တွေနဲ့ဟာ သိပ်ပြီး အရောမဝင်နဲ့နော်။ ဒီကောင်တွေက လူကြီးလူကောင်းသော ဘာသော တကယ့် အရေးကြုံလာရင် နည်းနည်းမှ အား



www.burmeseclassic.com

www.burmeseclassic.com

ကိုးရတဲ့ အကောင်တွေ မဟုတ်ဘူး။ မိန်းကလေး မိန်းမငယ်တွေအပေါ်မှာလည်း ဘယ်တော့မှ သစ္စာရှိတဲ့ အကောင်မျိုးတွေ မဟုတ်ဘူး"

အောင်မယ် မင်းကများ ငါ့သတိပေးရတယ်ရှိသေးကွယ်။ အရောဝင်ကော ဘာဖြစ်ဦးမှာလဲကွယ့်"

"မဖြစ်တော့ မဖြစ်ဘူးပေါ့ မေမေ၊ နို့ပေမဲ့ အိမ်နီးနားချင်း ..."

စကားမဆုံးမီ –

"တော်ပျော့ ... တော် ... အခု မင်းတို့ ဘာနဲ့ ထမင်းစားနေရတယ်ဆိုတာ သိလား"

"ဒါတော့ အသိသားပေါ့ မေမေရဲ့၊ ကျွန်တော်တို့က သူတို့နဲ့ခကင်းသေးလို့ပေါ့။ ကင်းအောင်များနေနိုင်ရင်တော့ ဒီအကောင်တွေ အိမ်ထဲ ဝင်လာရင် ခြေထောက်နဲ့တောင် ကျောက်လွှတ်ရဲ့"

"အေး ... မင်း ဒီဟာတွေ ကြပ်ကြပ်ပြော၊ စစ်ဗိုလ်တွေနဲ့ ဒါကြောင့် မင်းမျက်နှာကြောမတည့်တာ၊ လှစိန်က မင်းလို မဟုတ်ဘူး။ အင်တန် လိမ္မာတယ်။ ဩော် ... ဒါထက် မင်းကို တစ်ခုသတိပေးရဦးမယ်"

"ဘာ့များပါလိမ့်ဗျာ"

"မင်း တစ်နေ့က ဦးမြဘူး အိမ်သွားပြီး ငွေသွားဆပ်တုန်းက ဘာလုပ်ခဲ့သလဲ"

အံ့အားသင့်လျက် –

"ကျွန်တော် ဘာမှ မလုပ်ရပါကလား ခင်ဗျာ"

"လှလှနဲ့ ခြံဝမှာ အကြာကြီး ရပ်စကားပြောနေတယ်ဆို"

"ဩော် ... ဒါလား၊ ဟုတ်ပါတယ် ပြောသားပဲ၊ ဘာပြုလို့လဲ"

"လှလှဟာ မင်းညီလှစိန်နဲ့ စေ့စပ်ထားတယ်ဆိုတာ သိလား"

"သိပါတယ် မေမေရယ်။ အိမ်က အကြောင်းပဲ မသိပဲနေပါ့မလား"

"ဒါဖြင့် မင်းက ဘာပြုလို့ ဝင်ပြီး လူပျိုလှည့်ရတာလဲ"

"စကားပြောတာနဲ့ လူပျိုလှည့်တယ် ပြောရသလား မေမေရဲ့။ ကျွန်တော်ကတောင် လှစိန့် မြန်မြန်ယူဖို့ တိုက်တွန်းသေးတယ်"

"ဒီတော့ သူက ဘာပြောလဲ"

"သိပ်ပြီး မေတ္တာရှိပုံ မရပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် မောင်ကျော်မင်းလည်း မိမိမေတ္တာထားသလောက် မိမိအပေါ်တွင် စိတ်ထားမကောင်းသော ဝန်ထောက်ကတော်ကြီးနှင့် ရှေ့သို့ ဆက်လက်၍ စကားမရှည်လိုသဖြင့် မိမိအခန်းရှိရာသို့ လာခဲ့လေ၏။

*

ရက်ပေါင်း အတော်ကြာသောအခါ တစ်ညသ၌ မစ္စတာဆိုက်တို သည် ဝန်ထောက်ကတော်ကြီးနှင့် အိမ်ရှေ့ခန်းတွင် စကားပြောလျက် ရှိ လေ၏။ မမစိန်မှာ ၇ တန်းအောင်မြင်ခဲ့သူ ဖြစ်သောကြောင့် အင်္ဂလိပ်စကား လည်းပတ်စွာ မပြောနိုင်စေကာမူ ထမင်းစားရေသောက်လောက်မျှကိုကား ကောင်းစွာ ပြောနိုင်၏။ မေဂျာဆိုက်တိုသည် ငင်း၏ ကုလားထိုင်ကို မမစိန်အနီးသို့ ယခင်ကထက် နီးကပ်စွာ ရွှေ့ပြီးနောက် –

"ဘယ်နှယ့်လဲ မင်းကတော်ကြီး။ ကျုပ် ဒီလို ဒုက္ခပေးပြီး ညတိုင်း လာတာ ဘယ်လိုသဘောရသလဲ"

"ဒီလိုတစ်ယောက်နဲ့တစ်ယောက် ခင်တာကို အင်မတန် ကျေးဇူး တင်ပါတယ် မေဂျာ"

"ခင်တာတော့ ဟုတ်ပါတယ်။ ခင်လို့လည်း လာတာပဲ"

"ဒါဖြင့် ဘာလိုသေးသလဲ မေဂျာရဲ့"

"လူဆိုတာ ခင်တာကစပြီး ချစ်လာတတ်တယ်"

"ဒါ ဘာပြုလဲ"

"ကျုပ်လည်းပဲ ထုံးစံအတိုင်း ခင်ရာကစပြီး ချစ်လာပြီ"

"အို ... မတော်တာဘဲ၊ မေဂျာကလည်း မမစိန်လည်း အရွယ် လွန်ပါပြီ"

"ဘာပြောတယ် မမစိန်"

"အသက်ကြီးပါပြီလို့ ပြောတယ်"

"မဟုတ်ဘူး ... မဟုတ်ဘူး ... မိန်းမဆိုတာ အသက်ကြီးမှ ပို ပြီး ချစ်ဖို့ကောင်းတယ်"

"မလုပ်ပါနဲ့ မေဂျာရယ်၊ မဖြစ်နိုင်ပါဘူး။ စစ်ဗိုလ်ဆိုတာ စစ်ကိုဲ့ ပြီးရင် ဂျပန်ပြည် ပြန်သွားတော့ မမစိန် ဘယ်နှယ့်လုပ်မလဲ"

"အို ... ဒီအတွက် စိတ်ချပါ။ ကျုပ် စစ်ထဲက ထွက်ပြီး မမစိန်ကို ကုန်သည်အလုပ်နဲ့ လုပ်ကျွေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား မေရျာရဲ့"

"အို ... အဟုတ်ပြောတာပေါ့"

ထိုနေ့၌ မောင်ကျော်မင်းသည် အိမ်ပေါ်သို့ တက်လာသဖြင့် မမစိန်သည် ကုလားထိုင်ကို မေရျာနှင့် ခပ်ဝေးဝေးသို့ ရွှေ့လိုက်ပြီးလျှင် စီးကရက် တစ်လိပ်ကို မီးညှိဟန်ပြု၍ နေလေ၏။ မေရျာဆိုက်တိုသည် မောင်ကျော်မင်းအား ခပ်တည်တည် ကြည့်ရှုလျက်ရှိရာ မောင်ကျော်မင်းကလည်း မျက်နှာခပ်တင်းတင်းပင် ပြန်၍ကြည့်ရှုလေသည်။

သို့သော် မိမိအိမ်သို့ အလည်အပတ်လာသော ဧည့်သည်ဖြစ်သဖြင့်တစ်ကြောင်း၊ အလုပ်နှင့် ဆက်သွယ်သော သူတစ်ယောက်ဖြစ်သဖြင့်တစ်ကြောင်း မောင်ကျော်မင်းမှာ မလွှဲသာလွှဲသာ ဂွတ်ဒ်နိုက် ဟု ဦးခေါင်းကို အနည်းငယ်ညွတ်ကာ အရိအသေ ပြုလိုက်ပြီးနောက် မိမိအခန်းရှိရာသို့ လာခဲ့ပြီးလျှင် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်လေ၏။

မောင်ကျော်မင်း အခန်းတွင်းသို့ ဝင်သွားသည်နှင့်တစ်ပြိုင်နက် မေရျာဆိုက်တိုလည်း ကုလားထိုင်ကို မမစိန်အနီးသို့ ဆွဲပြီးနောက် –

"ဘယ်နှယ့်လဲ မမစိန်၊ ကျုပ်ပြောတာ ဘယ်နှယ့် သဘောရသလဲ"

"အို ... ဒီဟာတွေ နောက်မှ ပြောစမ်းပါ။ မမစိန်လိုချင်တာတစ်ခုပေးစမ်းပါ"

"ဘာလဲ မမစိန်၊ ကျုပ်ပေးနိုင်တဲ့အရာမှန်ရင် မမစိန်အတွက် ပေးဖို့ အသင့်ပဲ။ ပြောစမ်းပါ ဘာများလိုချင်လို့လဲ"

"မမစိန်ကို အဆိပ်နည်းနည်းလောက် မပေးနိုင်ဘူးလား"

"အို ... အဆိပ် ဟုတ်လား။ ဘာလုပ်ဖို့လဲ မမစိန်"

"အသုံးကျလို့ပေါ့ မေရျာရဲ့"

"ဘယ်နေရာမှာ သုံးမှာလဲ"

"မမစိန် အသုံးချစရာရှိလို့ပေါ့။ မေရျာကို မမစိန်က တစ်ခု တိုင်ပင်ချင်တယ်နော်။ မမစိန်မှာ အကြောင်းရှိရင် မေရျာလည်း ကူညီရမှာပဲ"

"အို ... မကူညီဘဲနေပါ့မလား မမစိန်။ ကျုပ် ချစ်တဲ့လူကို ကူညီမှာပေါ့"

"နေပါဦး ... ဘယ်သူ့ကို အဆိပ်ခပ်ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒီဟာတော့ မေဂျာကို အခု မပြောနိုင်သေးဘူး။ နောက်တော့ သိမှာပေါ့"

"မမစိန်ကို အင်မတန်ချစ်လို့ ပေးရမှာ။ ကျုပ်ဆီက ရတယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့နော်"

"မတော်တရော် ... မေဂျာရယ်၊ ဘယ်ပြောမလဲ။ မမစိန်ကသာ ပြီး လုံရမှာပေါ့"

"ကောင်းပြီ၊ အဆိပ်ကိုပေးရင် ကျုပ် အခုတင်က ပြောတဲ့ ကတိ ကို ပေးမလား"

"ပေးမယ် မေဂျာ"

"ဘယ်တော့လဲ"

"နက်ဖြန်ည"

"အခု အချိန်လောက်ပဲ လာတာပေါ့။ အဆိပ်သာ ဆက်ဆက်ယူ ခဲ့နော်"

"ယူခဲ့ပါ့မယ် စိတ်ချပါ"

"သားတွေ အိပ်ကုန်တဲ့အခါကျတော့ မေဂျာလည်း တဲကို ပြန်ချင်ယောင်ဆောင်ပြီး နောက်ဖေးလှေကားက တက်ခဲ့တာပေါ့။ မမစိန် တံခါးဖွင့်ထားမယ်"

"ကောင်းပြီ မမစိန် မနက်ဖြန် ည ကျုပ် ဆက်ဆက်လာခဲ့မယ်။ အဆိပ်လည်း ယူခဲ့မယ်။ ကတိသာ တည်ပေစေနော်"

"တည်ပါစေမယ် မေဂျာ စိတ်ချပါ"

၎င်းနောက် မေဂျာဆိုက်တိုလည်း နက်ဖြန်ညအတွက် ယခုအ ပင် ကြိုတင်ဝမ်းမြောက်ကာ သွက်လက်သော ခြေလှမ်းများဖြင့် အိမ်ပေါ်မှ ဆင်းသွားလေ၏။

*

နောက်တစ်နေ့ည ၈ နာရီ ကျော်ကျော်လောက်တွင် မေဂျာဆိုက် တိုသည် ဝန်ထောက်ကတော် အိမ်သို့ ရောက်လာပြီးလျှင် အဖြူမှုန့်ကလေး များပါသော ပုလင်းကလေးတစ်လုံးကို ပေးအပ်လေ၏။ ၎င်းနောက် မေဂျာ က အသုံးပြုရန် နည်းလမ်းများနှင့်တကွ ဤအဆိပ်မှာ လူတစ်ယောက်၏ အသက်ကို ၃ နာရီအတွင်း သေစေနိုင်ကြောင်း၊ အလွန်ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်မျိုးဖြစ်သော်လည်း အဆိပ်သောက်မိသူသည် အပြင်းအထန် အလူးအလဲခံရသော လက္ခဏာကို တစ်စုံတစ်ရာ မပြဘဲ အိပ်ပျော်၍ သွားသကဲ့သို့ ဖြစ်ပြီးလျှင် မူးမေ့၍ သေဆုံးသွားတတ်ကြောင်း ထို့ပြင်လည်း သေသူမှာ သပြီးနောက် အဆိပ်သင့်၍ သေဆုံးသည့် လက္ခဏာကို တစ်စုံတစ်ရာ မပြတတ်ဘဲ ရောဂါရိုးရိုးဖြင့် သေဆုံးသကဲ့သို့ ရှိနေတတ်ကြောင်းများဖြင့် ထိုဂျပန်အဆိပ်တစ်မျိုး၏ အကြောင်းကို ပြောပြလေ၏။

၉ နာရီခွဲလောက်၌ အစေခံမကလေး အေးစိန်သည် လက်ဖက်ရည် ၂ ခွက်ကိုယူလာ၍ စားပွဲပေါ်၌ ချလေရာ မစ္စတာဆိုက်တိုလည်း မစိန်နှင့်အတူ လက်ဖက်ရည်သောက်ပြီးလျှင် အခြားစကားများကို ခေတ္တ ၍ ပြောပြီးနောက် 'ည ၁၁ နာရီတိတိ' ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုကာ နောက်ဖေးဘက်မှ အိမ်ပေါ်သို့ တက်သော လှေကားဘက်သို့ မျက်ရိပ်ပြပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေ၏။

တစ်ခဏမျှ ကြာလတ်သော် မောင်လှစိန်သည် လည်ပတ်ရာမှ ပြန်လာပြီးလျှင် ဧည့်ခန်းစားပွဲသို့ ရောက်သောအခါ အိတ်ထဲမှ စီးကရက်ဘူးများကို ထုတ်၍ စားပွဲပေါ်၌တင်ထားလေ၏။ ဝန်ထောက်ကတော်ကြီးသည် သားဖြစ်သူ၏မျက်နှာကို ယုယစွာ ကြည့်လျက် "ငါ့သားလည်း သိပ်လည်တာပဲ၊ အလည်အပတ်ကို ဆင်ခြင်ဦးမှပေါ့ သားရယ်"

"အို ... မေမေကလည်း စစ်ဗိုလ်တွေ၊ ဘာတွေဆီကို လျှောက်ပြုလည်ရသေးတာပေါ့ မေမေရဲ့။ ဒါကြောင့်လည်း ဒီလိုရတာပေါ့။ ရော့ ... မေမေ သောက်ဖို့ စီးကရက်ဘူး ၅ ဘူး ယူလာတယ်"

"အေးကွယ် ... နောက်တစ်ခါ ခပ်စောစော ပြန်ပါ၊ ခေတ်ကြီးကလည်း ကောင်းသေးတာ မဟုတ်ဘူး"

"ကျွန်တော် နားလည်ပါတယ်ဗျာ"

ငင်းနောက် မောင်လှစိန်လည်း စီးကရက်တိုကို အပြင်ဘက်သို့ လွှင့်ပစ်လိုက်ပြီးလျှင် ခြေသံကို ခပ်ပြင်းပြင်း နင်း၍ မိမိအခန်းရှိရာသို့ လာခဲ့လေ၏။

*

မောင်လှစိန် ထွက်သွားပြီးနောက် ဝန်ထောက်ကတော်ကြီးသည် အိမ်အကူမကလေး အေးစိန်ကို လှမ်းခေါ်လိုက်ပြီးလျှင် မောင်ရွှေခင်း



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ လက်ဖက်ရည်မပို့မီ မိမိထံသို့ လက်ဖက်ရည်ခွက်ကို ယူလာရန် အမိန့်ပေးလျက်ရှိလေ၏။ အိမ်၌ ထုံးစံမှာ ညအိပ်ရာဝင်ခါနီး၌ အိမ်အကူ အေးစိန်သည် လက်ဖက်ရည်တစ်ခွက်စီ ဖျော်၍ အိမ်သားများအား တစ်ယောက်စီ ပေးရလေသည်။ မကြာမီ အေးစိန်သည် မောင်ကျော်မင်းအား ပေးရန် လက်ဖက်ရည်ခွက်ကို မင်းကတော်ကြီးထံ ယူလာခဲ့လေ၏။

"လှစိန်ကိုကော လက်ဖက်ရည်ပို့ပြီးပြီလား"

"မပို့ရသေးဘူး မမရဲ့"

"ဒါဖြင့် သွားပို့ချေဦးလေ။ ဒီခွက်ကို မမ ယူလာခဲ့မယ်"

အေးစိန် ထွက်သွားသောအခါ မမစိန်သည် မောင်ကျော်မင်း အတွက် လက်ဖက်ရည်ခွက်ထဲသို့ အဆိပ်ဆေးမှုန့် အနည်းငယ် ခပ်လိုက်ပြီးလျှင် အေးစိန်ထံ အမီလိုက်သွားပြီးနောက် အခန်းပေါက် အနီးတွင် အေးစိန် လက်သို့ လက်ဖက်ရည်ခွက်ကို လှမ်း၍ ပေးခဲ့လေ၏။ ၎င်းနောက် ထိုလက်ဖက်ရည်ခွက်ကို အေးစိန်ကိုင်၍ မောင်ကျော်မင်းအခန်းထဲသို့ ဝင်သွားပြီးလျှင် ပြန်ထွက်လာသောအခါမှ မိမိအခန်းရှိရာသို့ စိတ်ချလက်ချ ပြန်ခဲ့လေသည်။

ထို့နောက် မမစိန်သည် တစ်ကိုယ်လုံး သနပ်ခါးပေါင်ဒါတို့ဖြင့် ခြယ်လှယ်မွန်းမံပြီးလျှင် အဝတ်အစားများကိုလည်း အပါးလွှာဆုံးသော အဝတ်အစားများကို ရွေးခြယ်ဝတ်ဆင်ကာ နာရီကိုသာ မကြာမကြာ လှမ်း၍ ကြည့်လျက်ရှိလေ၏။

*

ဝန်ထောက်ကတော်ကြီးမှာ ဤကဲ့သို့ ရက်စက်စွာ ကြံစည်ပြီးနောက် တစ်ခါတစ်ရံ မောင်ကျော်မင်းအပေါ်တွင် သနားစိတ်များ ပေါ်၍ လာပြီးလျှင် အခန်းဆီသို့ ကူး၍လာမည်ဟု စိတ်ကူးမိ၏။ သို့သော် သားများ အိပ်သော အခန်းဆီမှ မည်သည့်အသံကိုမျှ မကြားရသဖြင့် မကူးဖြစ်ဘဲနေခဲ့၏။ အကယ်၍လာခဲ့စေကာမူ တစ်စုံတစ်ရာ တတ်နိုင်တော့မည် မဟုတ်ချေ။ နောက်ကျခဲ့ချေပြီ။ နံနက်၌ လူအများ စိတ်ရန့် ကင်းရှင်းစေရာ မည်သို့မည်ပုံ ကြံဖန်ပြောဆိုရမည့် အကြောင်းများကိုလည်းကောင်း၊ အသုဘကိစ္စကို မည်သို့မည်ပုံ စီစဉ်ရမည့် အကြောင်းများကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကာ ရုတ်တရက် အိပ်၍ မပျော်နိုင်သေးဘဲ ရှိလေရာ၊ နံနက် ၄ နာရီထိုးကာနီးမှ မေ့ခနဲ ပျော်၍သွားလေ၏။

ဆူညံသော အသံများဖြင့် အိပ်ရာမှ လန့်နိုးလာရာ၊ ထိုအချိန်၌ ကား မိုးစင်စင်လင်းခဲ့ချေပြီ။ အေးစိန်သည် အခန်းထဲသို့ အော်ဟစ်ပြေးဝင် လာပြီးလျှင် -

"အောင်မယ်လေး ... ကိုကိုစိန် မရှိတော့ဘူး မမရဲ့။ အိပ်ရာပေါ်မှာ တောင့်နေတာ အစ်ကိုကြီးက တွေ့ရလို့" ဟု စကားမဆုံးမီပင် ရှိုက်၍နေလေ၏။

"ဟဲ့ ... ဘယ်နှယ့် သေသေချာချာ ပြောစမ်းပါဦးဟဲ့ အေးစိန်ရဲ့"

"ဟုတ်တယ် မမရဲ့၊ ကိုကိုစိန်က ဒီကနေ့မနက် အစ်ကိုကြီးနဲ့ အတူတူ စောစော လမ်းလျှောက်လိုက်ပါရစေလို့ ပြောသတဲ့။ ဒီတော့ အစ်ကိုကြီးလည်း အိပ်ရာကထပြီး ကိုကိုစိန် အိပ်ရာ သွားနှိုးတော့၊ နှိုးမရတော့ဘူး။ အောင်မယ်လေး ... ညက အကောင်းကြီးပါ မမရယ်"

"နင့်အစ်ကိုကြီးကော"

"အခန်းထဲမှာ အလောင်းကို ပွေ့ထားတယ်"

ဟာန်လုပ်လျက် -

"ညက လက်ဖက်ရည်သောက်တုန်းက အကောင်းသား မဟုတ်လား"

"အကောင်းပေါ့ မမရယ်၊ နေမကောင်းတယ်လည်း မပြောပါဘူး။ ကိုကိုစိန်က လက်ဖက်ရည်ခါးခါးမှ သောက်တတ်လို့ အစ်ကိုကြီး ခွက်နဲ့တောင် လက်ဖက်ရည်ခွက်ချင်းလဲပြီး ကျွန်မပဲ ပေးလိုက်ရပါသေးတယ် မမရယ်"

"ဟိုက် ... အောင်မယ်လေး တစ်ခါဖြင့် ကိုယ်ကျိုးနည်းပေါ့သွားရဲ့"

*

အသုဘကိစ္စကို မောင်ကျော်မင်းကပင် ကြည့်ရှုစီမံရ၏။ ထိုအချိန်မှစ၍ မေဂျာဆိုက်တိုသည် အိမ်သို့မလာတော့ဘဲ ရှိနေခဲ့ရာ၊ အကျိုးအကြောင်းအလုံးစုံ ရိပ်မိခဲ့သော မောင်ကျော်မင်းလည်း မကြာမီ နေပြည်မှ ပျောက်ကွယ်၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မင်း ထွက်သွားပြီးနောက် ၁၅ ရက်ခန့်မျှကြာလတ်သော် တော်လှန်ရေးကိစ္စသည် တစ်နိုင်ငံလုံး ပျံ့နှံ့လျက်ရှိလေရာ မေကျာ ဆိုက်တိုသည် ငှင်း၏တဲအနီးရှိ မြောင်းတစ်ခုထဲ၌ ဓားဒဏ်ရာဖြင့် သေဆုံးလျက်ရှိကြောင်း တွေ့ရလေသည်။

ယခုရေးသားဖော်ပြသောအချိန်၌ ဝန်ထောက်ကတော် မမစိန်သည် သူ့ဌေး ဦးမြဘူးအား ခြံကြီးနှင့် အိမ်ကို အပြီးအပိုင် ရောင်းချပြီးနောက် ငှင်းဆွေမျိုးများရှိရာ တောရွာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေရာ ပြောက်ကျားတပ်ဗိုလ်တစ်ဦးအဖြစ် ရုတ်တရက် ထင်ပေါ်လာခဲ့သော မောင်ကျော်မင်းမှာ မကြာမီ လုလုနှင့် လက်ထပ်ထိမ်းမြားတော့မည့်အကြောင်း သတင်းကောင်း ကြားကြရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## နှစ်ထပ်ကျွမ်း လူသေမှု

ရန်ကုန်မြို့ ကုန်သည်လမ်း လေးထပ် အဆောက်အဦးသစ်ကြီး တစ်ခု၏ ပထမထပ် အခန်းကြီးမှာ သတ္တုတွင်းသူဌေး ဦးသာကတိုး၏ အလုပ်တိုက်ဖြစ်လေသည်။ ဦးသာကတိုးမှာ ခေတ်ပညာတတ်လူကြီး တစ်ယောက်ဖြစ်၍ အသက်မှာ ၅၀ ပတ်ဝန်းကျင်သို့ ရောက်ပြီဖြစ်သော်လည်း နုနယ်သပ်ရပ်စွာ ဝတ်စားဆင်ပြင်တတ်ခြင်း၊ ကျန်းမာသန့်ရှင်းခြင်း၊ ဖျတ်လတ်သွက်လက်ခြင်းတို့ကြောင့် လေးဆယ်ကျော်ကျော်မျှသာ ရှိသေးသည်ဟု ခန့်မှန်းရ၏။

လူတို့မည်သည် ဝါသနာတစ်မျိုးစီ ရှိတတ်ကြသည့်အတိုင်း ဦးသာကတိုးမှာ ထူးဆန်းသော အရုပ်များကို စုဆောင်းရန် ဝါသနာပါရှိသူ တစ်ယောက် ဖြစ်လေသည်။ သို့ဖြစ်၍ အာဖရိကတိုက် 'ဒါဗန်' မြို့ လက်မှုပညာပြပွဲမှ မှာထားဝယ်ယူခဲ့သော ဆင်ရုပ်ကြီး တစ်ရုပ်ကိုလည်းကောင်း၊ အီတလီပြည်နယ် ဗင်းနစ်မြို့တွင် ထုလုပ်သည့် 'ဗီနပ်' နတ်သမီးကျောက်ရုပ်တုတစ်ခုကိုလည်းကောင်း၊ မကြာသေးမီအချိန်က တရုတ်ပြည်သို့ သူကိုယ်တိုင် သွားရောက်ခဲ့ရာတွင် ဝယ်ယူခဲ့သော 'စိုးဖူး' (Tso Fu) ခေါ် တရုတ်နတ်ရုပ်ကြီးတစ်ရုပ်ကိုလည်းကောင်း သူ၏အလုပ်ခန်းနှင့် ဧည့်ခန်း၌ အလှပြထားခဲ့လေသည်။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com


ဦးသာကတိုး၏ အလုပ်တိုက်သို့ ရောက်လာကြသော ညှိသည်မှန်သမျှမှာ အလုပ်ကိစ္စပြီးစီးသည့်နောက် ထိုအရုပ်များကို ကြည့်ရှုပြီး ချီးကျူးခြင်း၊ အရုပ်၏ အကြောင်းအရာများကို မေးမြန်းခြင်းများကို ပြုလုပ်တတ်ကြလေရာ ဦးသာကတိုးမှာ ယင်းကဲ့သို့ မေးမြန်းကြသည်ကိုပင် ကြည်နူးလျက် ရှိနေတတ်၏။

တစ်နေ့သ၌ နေ့လယ် ၁၂ နာရီအချိန်လောက်တွင် သူ၏ စာရေးတစ်ယောက်သည် ဦးသာကတိုး အလုပ်တိုက်ညှိခန်းအတွင်းသို့ ဝင်လာလေသည်။ ညှိခန်းအတွင်းရှိ ဆိုဖာတစ်ခုပေါ်၌ကား အသက် ၄၀ ကျော် ၅၀ ခန့်ရှိ ခံ့ညားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် ဆေးတံကို ကိုက်ကာ သတင်းစာတစ်စောင်ကို လူကြီးတစ်ယောက်သည် ဆေးတံကိုကိုက်ကာ သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိရာမှ သူ၏ နာမည်ပါသော ကတ်ပြားကလေးကို စာရေးလက်သို့ ပေးလိုက်လေသည်။

စာရေး ။ ။ "ဦးက သူဌေးမင်းနဲ့ တွေ့စရာ ရှိပါသလား ခင်ဗျား"

ညှိသည်။ ။"ဟုတ်တယ် မောင် ... အခုအချိန်လောက် ဒီမှာ တွေ့ဖို့ သူက ချိန်းထားတယ်"

စာရေး ။ ။ "ကောင်းပါပြီ ခင်ဗျာ။ ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်"

စာရေးကလေးသည် အလုပ်ခန်းထဲသို့ ဝင်သွားလေ၏။ သတင်းစာဖတ်၍ ကျန်ရစ်သောလူကြီးမှာ တံတားကလေး စိတ်ရောဂါကုဆေးရုံမှ ဆရာဝန် ဦးသောင်းမြိုင်ဆိုသူ ဖြစ်လေသည်။ ဦးသောင်းမြိုင်သည် စိတ်ပညာတွင် ပါရဂူတစ်ယောက် ဖြစ်ရုံမျှမက ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်း၊ သဘာဝတ္တ ဘာသာရပ်များ ဆင်ခြင်တုံပညာများ၊ စူးစမ်းမှုပညာများတွင်လည်း အတော်ခေါက်မိသူ တစ်ယောက်ဖြစ်၏။ သို့သော် စုံထောက်တစ်ယောက် မဟုတ်သဖြင့် ဤဘာသာရပ်များကို လက်တွေ့အသုံးချရန် အခါအခွင့် မရခဲ့ပေ။

ဦးသောင်းမြိုင်သည် သတင်းစာဖတ်ရာမှ သူဌေးဦးသာကတိုး၏ ခမ်းနားကြီးကျယ်သော အလုပ်ရုံးကိုလည်းကောင်း၊ အဖိုးတန်ပရိဘောဂများ၊ ရှားပါးသော ကျောက်ရုပ်များ၊ အဖိုးတန် ပန်းချီကားများဖြင့် တန်ဆာ


www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသည့် ဧည့်ခန်းကြီးကိုလည်းကောင်း တစ်ခဏမျှ အကဲခတ်ကြည့် ရှုမိလေသည်။

သို့ရှိစဉ် အတွင်းဘက်သို့ ဝင်သွားသော စာရေးကလေးလည်း ဆရာဝန်ကြီး ဦးသောင်းမြိုင် ပေးလိုက်သော ကတ်ပြားကလေးကို ကိုင်ကာ မျက်နှာတွင် သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်လျက် ခပ်သုတ်သုတ် ပြန်ထွက်လာပြီးနောက် –

"ဆရာ ... ဆရာ ... တဆိတ်လောက်ခင်ဗျာ အထဲကြွပါဦး၊ လူတစ်ယောက် ဒဏ်ရာကြီးနဲ့ လဲနေတယ် ခင်ဗျ။ သွေးတွေလည်း အိုင် ထွန်းလို့ ကျွန်တော် စိတ်ထင်တော့ သေနေပြီ ထင်တယ်"

ဦးသောင်းမြိုင်မှာ မနေသာတော့ဘဲ အတွင်းခန်းသို့ လိုက်ပါသွား ရလေတော့၏။ အလုပ်ခန်းဟုပင် ဆိုရသော်လည်း အတွင်းတွင် ဧည့်ခံ ခန်းမဆောင်ကြီးတစ်ခုသဖွယ် ရုပ်လုံးကြီးများ၊ ပန်းချီကားချပ်များ၊ အလှ ထွန်းဆွဲမီးအိမ်များ၊ ခေတ်ဆန်သော အိမ်ထောင်ပရိဘောဂများဖြင့် ခမ်းနား စွာ ပြင်ဆင်ထားလေသည်။

အဝင်ဝ၏ လက်ယာဘက်တွင် ကျောက်ဖြူနတ်သမီးရုပ်တစ်ခု ရှိ၍ လက်ဝဲဘက်ခန်းမဆောင်၏ အလယ်လောက်၌ ပလ္လင်ကဲ့သို့ လူတက် ၍ရသော အောက်ခံခုံကြီးပေါ်တွင် ရွှေချထားသည့် သစ်သားရုပ်တုကြီး တစ်ခု ရှိ၏။ ယင်းအရုပ်ကြီးမှာ တရုတ်ပြည်သို့ ဦးသာကတိုး ရောက်စဉ်က အလှထားရန် ဝယ်ယူလာခဲ့သော စိုးဖူးခေါ် တင်ပလ္လင်ခွေထိုင်နေသည့် တရုတ်နတ်ရုပ်ကြီး ဖြစ်လေသည်။ လှေကားထစ်များကဲ့သို့ အဆင့်သုံးဆင့် ရှိသော ပလ္လင်ကြီး၏ ခြေရင်း၌ကား ကောင်းမွန်သပ်ရပ်စွာ ဝတ်ဆင်ထား သော အသက် ၃၀ ခန့်ရှိ လူရွယ်တစ်ယောက်သည် သွေးအိုင်ထဲတွင် ပက်လက်လန်ကာ လဲကျလျက်ရှိလေ၏။

ဦးသောင်းမြိုင်သည် အလောင်းကို ငုံ့၍ကြည့်ရှုလျက်ရှိ၏။ ထိုသူ ၏လက်ချောင်းများတွင် အချို့နေရာ၌ ရွှေမှုန့်များ ကပ်လျက်ရှိနေသည်ကို ထောက်သဖြင့် ထိုသူသည် မသေမီ သူ၏လက်ဖြင့် နတ်ရုပ်ကြီးကို ပွတ် တိုက်သွားဟန် တူပြီးလျှင် သူလဲကျသော နေရာ၌ပင် သေဆုံးသွားဟန် တူ၏။



www.burmeseclassic.com

www.burmeseclassic.com


သေသူ၏ ရုပ်အင်္ကျီအဖြူပေါ်တွင် ရင်ဘတ်နေရာ၌ ရွဲရွဲစိုလျက်ရှိသော သွေးကွက်ကြီးကို မြင်ရသဖြင့် ဦးသောင်းမြိုင်သည် သေသူ၏ ရုပ်အင်္ကျီ ကြယ်သီးများကို ဖြုတ်ကြည့်ရာ ရင်ဝတွင် ဓားမြှောင်ဒဏ်ရာကြီးကို တွေ့ရလေသည်။ ချက်ကောင်းကို ရွေးပြီးလျှင် အလွန်ပြင်းထန်သော အရှိန်ဖြင့် တစ်ချက်တည်း ထိုးစိုက်လိုက်ဟန် လက္ခဏာရှိ၏။

ဦးသောင်းမြိုင်သည် အလောင်း၏ လက်ဝဲဘက်လက်ကို ကိုင်ဖမ်းပြီးနောက် -

"အသက်မရှိတော့ပါဘူး။ နို့ပေမဲ့ သေတာ မကြာလှသေးဘူး။ အများဆုံး ၂ နာရီလောက်ပဲ ရှိဦးမယ်။ ဒဏ်ရာကလည်း ပြင်းထန်လိုက်တာ၊ အသည်းကို ထုတ်ချင်းခတ်ပြီး သွားတာပဲ။ ဒါထက် ဒီလူက ဘယ်သူလဲ သိသလား"

စာရေး ။ ။ "သိပါတယ် ခင်ဗျာ။ ကျွန်တော်တို့ သူဌေးနဲ့ အလုပ်စပ်တူ လုပ်တဲ့ ဦးကိုကိုကြီးပဲ ခင်ဗျ"

"သူက ဒီကို မကြာမကြာ လာတတ်သလား"

"မလာတတ်ပါဘူးဗျာ။ အင်မတန် ကိစ္စ အရေးကြီးမှ တစ်ခါတလေ လာပါတယ်"

ဆရာဝန် ဦးသောင်းမြိုင်သည် ဆေးတံကို ဆေးတစ်ဆုံထည့်လိုက်ပြီးနောက် မီးညှိ၍ သောက်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေးလျက် ရှိ၏။ ဖြူဖွေးလှပသော ဗီးနပ်နတ်သမီး ကျောက်ဖြူရုပ်နှင့် နှိုင်းစာရ တရုတ်နတ်ကြီးမှာ လွန်စွာပင် အရုပ်ဆိုးလှပေ၏။ အခန်း၏ မှန်ပြတင်းပေါက်တစ်ခုမှ ဝင်လာသော နေရောင်တန်းကလေးတစ်ခုသည် အရုပ်ကြီး၏ အထက်မျက်နှာတစ်ခြမ်းပေါ်သို့ ကျရောက်လျက်ရှိရာ၊ ကျောက်မျက်လုံး တပ်ထားသည့် မျက်နှာမှာ မိမိအား တစေ့တစောင်း ကြည့်နေသကဲ့သို့ ဦးသောင်းမြိုင် ထင်မိ၏။ ကြမ်းပြင်မှာ ကျားကွက်ကဲ့သို့ အဖြူအနက် လေးထောင့်ကွက် ကျောက်ပြားများကို ခင်းထား၏။ အမိုးမှာ ရေးမြန်မာ ခြေ ပန်းခြူးနွယ် မျက်နှာကြက်ကပ်ထားသဖြင့် အခန်း၏ အလယ်တည့်တည့်တွင် ဖန်ပဒိုင်းများ တပ်ထားသည့် မှန်အိမ်ကြီးတစ်လုံးကို ဆွဲထားလေသည်။ တရုတ်နတ်ကြီးမှာ နောက်ခံ 'တကဲ' သဖွယ် တရုတ်ပန်းများကို


www.burmeseclassic.com

www.burmeseclassic.com


ထုလုပ်ထားသော ပျဉ်ချပ်တစ်ချပ်ရှိ၍ တကဲပေါ်တွင် ယွမ်းထည်ပန်းများ ရေးခြယ်ထားသည့် အံဆွဲကလေး နှစ်ခုရှိ၏။

မြိုင် ။ ။ "ဒီကနေ့ ဦးသာကတိုး မလာဘူးလား"

စာရေး ။ ။ "အခုထက်ထိတော့ မလာသေးဘူး ခင်ဗျ။ သူက အချိန်မမှန်ပါဘူး ခင်ဗျာ။ လာချင် ပေါက်လာတာပဲ"

စာရေးကလေးထံမှ သတင်းကို ကြားသဖြင့် ရုံးဝတ်စုံအဝတ်အစား ဝတ်ဆင်ထားသည့် ရုံးလုလင်တစ်ယောက် ရောက်လာရာ ၎င်းကလည်း ဦးကိုကိုကြီး ဝင်သွားပြီးသည့်နောက် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်လည်းမဝင်၊ ထွက်လည်း မထွက်ကြောင်း၊ သူသည် အပေါက်ဝတွင် အစဉ်အမြဲ ရှိနေကြောင်းဖြင့် ပြောပြလေသည်။

သို့ပြောဆိုလျက်ရှိစဉ် အပြင်ခန်းမှ ခပ်ပြင်းပြင်း နင်းလာသော ခြေသံတစ်ခုကို ကြားရပြီးလျှင် မျက်နှာဝိုင်းဝိုင်း ခပ်ဝဝ အသက် ၄၀ ကျော် ၅၀ ခန့်ရှိ လူတစ်ယောက်သည် အတွင်းခန်းသို့ ဝင်လာ၏။ ထိုအခါ တံခါးစောင့် ရုံးလုလင်သည် အပေါက်ဝ၌ ရပ်ကာ ထိုသူအား အရိုအသေ ပေးလေသည်။

"ဟာ ... ကိုကိုကြီးပါလား။ ဘယ်လိုဖြစ်တာလဲ ... ဟင်"

စာရေး ။ ။ "ဘယ်လိုများ ဖြစ်ရတာလဲ၊ မပြောတတ်ပါဘူး ဆရာရယ်"

ဦးသာကတိုး၏ မျက်နှာမှာ အနည်းငယ် ပျက်သွားသကဲ့သို့ မှတ်ဆင်ရ၏။ ထို့နောက်မှ ဆရာဝန် ဦးသောင်းမြိုင် ရှိနေသည်ကို သတိရသကဲ့သို့ နှုတ်ဆက်ရန် လက်ကို ဆန့်တန်းလျက် –

"ဆရာဝန် ဦးသောင်းမြိုင်"

စကားမဆုံးမီ ဦးသောင်းမြိုင်က – "ဟုတ်ပါတယ်။ ဒါ ကျွန်တော့်နာမည်ပါပဲ"

တိုး ။ ။ "ဦးသာကတိုးဆိုတာ ကျွန်တော်ပါပဲ ခင်ဗျ။ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကလေး တစ်ခုပြောချင်လို့ ခေါ်တဲ့ ဥစ္စာ၊ အခုတော့ ကိုယ့်ကိစ္စတောင် ခဏဆိုင်းထားရဦးမလို ဖြစ်နေပါပြီ"

မြိုင် ။ ။ "ကျွန်တော့်အတွက် အားနာစရာ မရှိပါဘူး ခင်ဗျ"

ထို့နောက် ဦးသာကတိုးသည် စာရေးကလေးဆီသို့ လှည့်၍–


www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း ... မောင်ဘဟန် မင်းသိသလောက် ပြောပြစမ်းပါဦး"

"ဒီလို ခင်ဗျ။ ဒီကနေ့ မနက် ၁၁ နာရီမှာ မနေ့က ဦးကိုကိုကြီး ပြောထားတဲ့အတိုင်း ဘဏ်တိုက်ကို ကျွန်တော် သွားတယ် ခင်ဗျ။ ဘဏ်တိုက်မှာ စာရင်းတွက်နေတာနဲ့ ၁ နာရီလောက် ကြာသွားတယ်။ ဒါနဲ့ ပြန်လာတော့ ဟောဒီက ဦးမင်းက ဆရာနဲ့တွေ့ဖို့ ချိန်းထားတဲ့ အကြောင်း ပြောတော့ အလုပ်ခန်းထဲ ဆရာရောက်နေပြီအထင်နဲ့ ဝင်ကြည့်တာ ဦးကိုကိုကြီး လဲနေတာ တွေ့ရတာပါပဲ ခင်ဗျာ။ အလောင်းလည်းမြင်ရော ကျွန်တော် မကြည့်ဝံ့တာနဲ့ ဟောဒီက ဆရာဝန်ကြီး ထွက်ခေါ်၊ တံခါးစောင့်ကို ပြုးချိုလှမ်းခေါ်၊ ဆရာဝန်ကြီးက ဘာကြောင့် သေလဲဆိုတာ အလောင်းက ဒဏ်ရာကို ကြည့်နေတုန်း ဆရာရောက်လာတာပါပဲ"

စာရေး မောင်ဘဟန်က အကျိုးအကြောင်း ပြောဆိုလျက် ရှိသော်လည်း ဦးသာကတိုးမှာ စိတ်ဝင်စားဟန် မရှိလှချေ။

တိုး ။ ။ "ကိုင်း ... ဒီလိုနေလို့ မပြီးသေးဘူး။ ဟော့ ... ဌာနကို သံကြိုးဆက်စမ်း မြန်မြန်လုပ်ကွယ်။ ဦးကိုကိုကြီး သေတာဟာ လူသတ်လို့" ဆရာဝန် ဦးသောင်းမြိုင်ဘက်သို့ လှည့်လိုက်ပြီးနောက် "ကျွန်တော် ပြောတာ ဟုတ်တယ် မဟုတ်လား ခင်ဗျာ။ လူသတ်လို့ သေတာဖြစ်မှာပေါ့"

ဆရာဝန် ဦးသောင်းမြိုင်သည် ဆေးတံကို အေးဆေးစွာ မီးညှိလိုက်လေသည်။

မြိုင် ။ ။ "မှန်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်သူ သတ်သေရင် သူ့လက်ထဲမှာ လက်နက်တွေ့မှာပေါ့။ ဒါမှမဟုတ်ရင် အနည်းဆုံး သူ့အလောင်းနားမှာ တွေ့ရမှာပေါ့"

တိုး ။ ။ "ခင်ဗျား ပြောတာ ဟုတ်တာပေါ့။ ကိုင်း ... မောင်ဘဟန် ပုလိပ်ကို အကြောင်းကြားပြီးပြီလား"

ဟန် ။ ။ "ပြီးပါပြီ ဆရာ"

စာရေး မောင်ဘဟန် အပြင်သို့ ထွက်သွားသောအခါ ဦးသာကတိုးသည် တံခါးဆီသို့ လျှောက်သွား၍ တံခါးကို ပိတ်လိုက်လေ၏။ သော့ပေါက်တွင် သော့ကိုလှည့်၍ ခတ်လိုက်ပြီးနောက် ဆရာဝန် ဦးသောင်းမြိုင် ရှိရာသို့ ပြန်လာပြီးလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ၊ ဒီအချိန်မှာ ခင်ဗျားကို ဒီရောက်အောင် ခေါ်တာက တခြား မဟုတ်ဘူး။ ကိုကိုကြီးကို ကျုပ်သတ်လိုက်တဲ့အကြောင်း ပြောမလို့ပဲ။ ကျုပ်ဖြောင့်ချက်ပေးတာ ခင်ဗျား လက်ခံဖို့ပဲ။ ဘယ်နှယ့်လဲ ခင်ဗျား ချိန်းထားပုံရှာလေး မဟုတ်ဘူးလား"

ဆရာဝန်ဦးသောင်းမြိုင်မှာ ပထမတွင် မိုးကြိုးထိမှန်ဘိသကဲ့သို့ အံ့အားသင့်သွား၏။ ဆေးတံကို ပါးစပ်မှဖြုတ်ကာ ပခုံးနှစ်ဖက် လှုပ်၍သွား၏။

"ခြော်"

"ခင်ဗျား မယုံဘူးဟုတ်စ။ ယုံမှာ မဟုတ်ပါဘူးလေ။ ကျုပ်လည်း အထင်သားပဲ ... ဟဲ ... ဟဲ"

ဦးသာကတိုးသည် နက်ကျောသော အသံကြီးဖြင့် ဆက်လက်၍

"နို့ပေမဲ့ ဒီဟာ အမှန်ပဲဗျ။ ဒီအခန်းထဲ ဝင်ဖို့ ထွက်ဖို့နည်းတွေ ရှိတယ်။ သူစိမ်းသူရဲဆဲ လူ မသိနိုင်ဘူး"

ဦးသာကတိုးသည် မျက်နှာကို တစ်မျိုးပြင်လိုက်ပြီးနောက် ဆက်လက်၍ –

"ဒီတော့ ခင်ဗျားဟာ အပျော်တမ်းစုံထောက်တစ်ယောက်ပဲ။ ကိုင်း ... ကျုပ် ပြဿနာကို ရှင်းပေတော့။ ခင်ဗျား ဉာဏ်ကစားနိုင်ဖို့ အဖြစ်အပျက် အားလုံးလည်း ခင်ဗျား မြင်ရတွေ့ရပြီ။ ခင်ဗျားရော ရဲအရာရှိတွေရော ဆိုပါတော့။ သူတို့လည်း အခုပဲ ရောက်လာကြမှာပဲ။ ကိုင်း ... ကျုပ် ခဏ အပြင်ထွက်ပြီး အိုရီရင့်ဟိုတယ်မှာ နေ့လယ်စာကလေး သွားပြီး စားလိုက်ဦးမယ်"

ဒေါက်တာ ဦးသောင်းမြိုင်သည် ဆေးတံကို သတိကြီးစွာဖြင့် မီးညှိလိုက်ပြီးနောက် မီးခြစ်ဆံကို ဖိနပ်ဦးဖြင့် နင်းခြေလိုက်သည်။

"သေတဲ့ ဦးကိုကိုကြီးက ခင်ဗျားနဲ့ အလုပ်ပါတနာ မဟုတ်လား"

"ဟုတ်တယ်။ အင်မတန်လည်း ကျုပ်ကို အနှောင့်အယှက်ပေးတဲ့ အကောင်ပေါ့။ ဒါကြောင့် သတ်လိုက်ရတယ်"

ဦးသာကတိုးသည် အိတ်ထဲမှ ဆေးပြင်းလိပ်ကြီး တစ်လိပ်ကို ဆွဲယူကာ အေးဆေးစွာ မီးညှိလိုက်ပြီးနောက် –

"ကျုပ် အလုပ်က သတ္တိရှိဖို့နဲ့ စဉ်းစားဖို့ အများကြီးလိုတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com


သူသည် တံခါးဘက်သို့ လှည့်ကာ ခြေနှစ်လှမ်းမျှ လှမ်းလိုက်ပြီး နောက် – "ရဲအရာရှိများက အလိုရှိရင် အိုရီရင့်မှာ ကျုပ်ရှိတဲ့အကြောင်း ပြောလိုက်ပါတော့နော်"

သူသည် တံခါးရှိရာသို့ ရောက်ပြီဖြစ်၍ တံခါးဆီသို့ လက်ကို လှမ်းလိုက်လေ၏။ သို့သော် အိတ်ထဲမှ သော့တွဲကို ထုတ်မည့်အစား ဒန် ရောင်ပစ္စတိုသေနတ်ကလေးကို ဖျတ်ခနဲ ဆွဲထုတ်ကာ ဦးသောင်းမြိုင်အား ချိန်လိုက်ပြီးလျှင် အသံကို မြင့်နိုင်သမျှ မြင့်လျက် –

"ကျုပ် စိတ်ပြောင်းသွားပြီ၊ လက်မြှောက်လိုက်၊ မြှောက်ဆိုမြှောက် လေဗျာ။ ဟေ့လူ ... ကျုပ်ပြောတာ မကြားဘူးလား"

ဦးသာကတိုးသည် သေနတ်ကို ရှေ့တည့်တည့်၌ထား၍ ဆရာ ဝန် ဦးသောင်းမြိုင်အား ချိန်ကာ ရှေ့သို့ အတန်ငယ် ဘိုးလာလေ၏။

"တစ် ... နှစ် ... သုံး ... လေး"

ဦးသောင်းမြိုင်သည် သတိကြီးစွာ ထားသည့်ဟန်ဖြင့် မျက်လုံး များကို လှန်၍ကြည့်လိုက်လေသည်။

မြိုင် ။ ။ "ခင်ဗျား သေနတ်ကြီး ချထားလိုက်ပါဗျာ"

ထိုစကားများသည် ဦးသာကတိုးအား အတော်ပင် အံ့အားသင့်၍ သွားစေဟန်တူ၏။ သို့သော် လက်မြှောက်ရန် ဆက်လက်အမိန့်ပေးလိုက် ပြန်လေသည်။

မြိုင် ။ ။ "အကြောင်း ဘာတုန်းဗျ၊ ဆိုစမ်းပါဦး"

တိုး ။ ။ "ကျုပ်က ခင်ဗျားကို ပြောလို့လေ"

ဦးသောင်းမြိုင်က ဆေးတံကို မီးညှိလိုက်ပြန်လေသည်။

မြိုင် ။ ။ "တစ်ယောက်သတ်ရရင် မတော်သေးဘူးလားဗျ"

ထိုစကားများကြောင့် ဦးသာကတိုးသည် ယခင်ကထက် အံ့အား သင့်သွားလျက် အသံမထွက်အောင် ရယ်လိုက်၏။ ထို့နောက် သူကိုင်ထား သော သေနတ်ကလေးကို အခန်းထောင့်တစ်ထောင့်သို့ လွှင့်ပစ်လိုက်လေ သည်။

"ကောင်းတယ်ဗျာ သိပ်ကောင်းတယ်။ ကျုပ် ခင်ဗျားကို ချီးကျူး ပါတယ် ဒေါက်တာသောင်းမြိုင်၊ ခင်ဗျား သိပ်ဉာဏ်ကောင်းသားပဲ၊ ခင်ဗျား သိပ်ဉာဏ်ကောင်းတဲ့လူ"


www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်ကို ဦးသောင်းမြိုင်ရှိရာသို့ ဆန့်တန်းပေးလိုက်ပြီးနောက် ဦးသောင်းမြိုင်၏ လက်ကို ဆွဲကာ စိတ်ရော ကိုယ်ပါအားပါးတရ ဖျစ်ညှစ်လိုက်လေသည်။

ထိုအချိန်၌ အပြင်မှ တံခါးခေါက်သံကို ကြားရလေ၏။ "ရဲတွေ ရောက်လာပြီ ထင်တယ်"

သူသည် တံခါးကို သွား၍ဖွင့်လိုက်ရာ ယူနီဖောင်း အပြည့်အစုံ ဝတ်ထားသော ရဲမှူးတစ်ယောက်နှင့် နောက်မှ ရဲသား ၂ ယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြသည်။

တိုး ။ ။ "ကိုင်း ... ဟောဒီက ဆရာဝန်ကြီးနဲ့တကွ ရဲမှူးကိုပါ ကျွန်တော့်ကိုယ်ကို ကျွန်တော် ဟောဒီလူကို သတ်မှုနဲ့ အပ်ပါတယ်ဗျာ။ ဒီသေတဲ့လူဟာ အင်မတန် နှောင့်ယှက်တဲ့လူ ခင်ဗျ"

ဦးသာကတိုးသည် အလောင်းကို လက်ညှိုးထိုးပြ၏။

ရဲမှူး ။ ။ "သူဌေးမင်း တကယ်ပြောနေတာလားဗျ"

တိုး ။ ။ "တကယ်ပြောတာပါ မောင်၊ ဦးက ဘာဖြစ်လို့ လိမ်ပြောရဦးမှာလဲ"

ရဲမှူးသည် နောက်လိုက်ရဲသားများအား မျက်ရိပ်ပြလိုက်ရာ ရဲသား ၂ ယောက်လည်း ဦးသာကတိုး၏လက်များကို တစ်ဖက်တစ်ချက်စီ ဖမ်းကိုင် ချုပ်ထားလိုက်ကြလေသည်။

*

ထိုည၌ ဆရာဝန် ဦးသောင်းမြိုင်၏ အိမ်ရှေ့ညှော်ခန်းအတွင်းသို့ အစိုးရစုံထောက်ကြီး ဦးအုန်းဘူးဝင်လာရာ ဦးသောင်းမြိုင်က ခရီးဦးကြိုပြုပြီးလျှင် နေရာထိုင်ခင်းများ ပေးလေ၏။ ဦးအုန်းဘူးမှာ ဦးသောင်းမြိုင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက် ဖြစ်သည့်ပြင် ဦးသောင်းမြိုင်၏ အရည်အချင်းကို သိပြီးလည်းဖြစ်သည့်အတိုင်း နက်နဲရှုပ်ထွေးသော အမှုအခင်းများ၌ ဦးသောင်းမြိုင်ထံမှ အကြံဉာဏ်များကို ယူလေ့ရှိ၏။

ငွေသေတ္တာအတွင်းမှ ဆေးပြင်းလိပ်တစ်လိပ်ကို တည်ခင်းပြီးနောက် ဦးသောင်းမြိုင်က –

"ဘယ်နှယ့်လဲ ဆရာကြီး ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ခင်ဗျားကို ဒီကနေ့မနက် ဦးသာကတိုး က,ပြလိုက်တဲ့ ဓာတ်လမ်းကလေး အတော်အကောင်းသားပဲဗျ"

"ခင်ဗျားကို ဘယ်သူက ပြောသလဲ"

"ကိုဘရွှေက ပြောတယ်လေဗျာ။ သူ့ကိုလာဖမ်းတဲ့ ရဲမှူးက ကိုဘရွှေတဲ့။ တရားခံနဲ့ ကျုပ်တွေ့ပြီးပါပြီ၊ သူသတ်တာ မဟုတ်ဘူးဗျ။ အဲဒီနေ့ မနက်တစ်မနက်လုံး သူဟာ ကုန်သည်ကြီးအသင်းက အတွင်းရေးမှူးအိမ်မှာ ရှိနေတယ်။ ဟိုမှာပဲ မနက်စာစားတယ်"

"အင်းလေ ... ဒီဟာတွေ ထားပါဦး။ ခင်ဗျား သူဌေး ဦးသာကတိုးဟာ သူဟန်ဆောင်သလောက် ရူးတယ်လို့ ကျုပ် မထင်ပါဘူး"

စုံထောက် ဦးအုန်းဘူးက ဦးခေါင်းကို ညိတ်လိုက်လေသည်။

"ဟုတ်တယ် ဦးသောင်းမြိုင်၊ ကျုပ်လည်း ဒီလိုပဲ အောက်မေ့တယ်။ ဒီလူကြီးဟာ သက်သက်ဟန်ဆောင်တာဗျ။ ကျုပ် နားမလည်တာ တစ်ခုက သူ့ကိုယ်သူ ဘာဖြစ်လို့ အပြစ်ရောက်အောင် လုပ်တယ်ဆိုတာ ကျုပ် နားမလည်ဘူးဗျာ"

"သူ့ရာဇဝင်ကိုကော ခင်ဗျား လေ့လာပြီးပြီလား။ ဒီဟာက ဒီလိုဗျ တခြားပြစ်မှုတစ်ခုခုကို ကာကွယ်တဲ့ အနေမျိုးနဲ့ ပြစ်မှုတစ်ခုကို တာဝန်ယူဟန်ဆောင်သလားမှ မသိဘဲဗျ။ ဘယ်နှယ့်လဲ ကျုပ်ပြောတာ ဖြစ်နိုင်တယ် မဟုတ်လား"

"သူ့အကြောင်းက အပေါ်ယံ အမြင်အားဖြင့် ပြောရရင်တော့ ဘာမှ ပြောစရာမရှိပါဘူး။ ငွေကြေးလည်း ချောင်လည်တယ်။ အရောင်းအဝယ်လည်း ကောင်းတယ်။ သူ့သတ္တုတွင်းတွေကလည်း မှန်မှန်ထွက်ပြီး ဝင်ငွေကောင်းတယ်။ ဘဏ်မှာ ငွေလက်ကျန်လည်း အတော်များတယ်။ ဒီတော့ ဘာမှ ပြောစရာမရှိဘူးလို့ ဆိုရမှာပေါ့"

"ဒီလိုဆိုရင်တော့ ကျုပ် မတွေးတတ်သလောက် ဖြစ်နေပြီ"

"သူ့ကို ချုပ်မထားဘူး။ သူ့အိမ်ကို ကျုပ်ပဲ ပြန်ပို့လိုက်တယ်။ နို့ပေမဲ့ ဆရာဝန်တစ်ယောက်နဲ့ သူ့ကို ကုဖို့ သူ့မိန်းမကိုတော့ ကျုပ် အပြောပေးခဲ့တယ်။ အလုပ်တိုက်မှာ လူသတ်မှုဖြစ်ပြီးပြီးချင်း သူနဲ့ ခင်ဗျားနဲ့တွေ့တဲ့အကြောင်း၊ သူသတ်ကြောင်း ဝန်ခံပြီး ခင်ဗျားကို ခြိမ်းခြောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အားလုံးကို ပြောခဲ့တယ်။ အခု အခြေအနေအတိုင်းဆိုရင် ဆရာဝန်တစ်ယောက်နဲ့ ခေါ်ပြီး ကုသဖို့ အကောင်းဆုံးပဲ မဟုတ်လားဗျာ"

ဆရာဝန်ဦးသောင်းမြိုင်က ဆေးလိပ်ကို မီးညှိကာ ဦးခေါင်းကို ညိတ်လိုက်၏။

"ဒါထက် အခု လူသတ်မှုမှာ အစအနမှ မတွေ့သေးဘူးလား"

"မတွေ့သေးပါဘူး ဦးသောင်းမြိုင်၊ ကျုပ်တို့ ရဲဘက်မှာ အတော့်ကို ခေါင်းရှုပ်နေပါတယ်။ ပြီးတော့ သူ့စာရေး မောင်ဘဟန်ကရော တံခါးစောင့်တဲ့ သူငယ်ကရော ကိုကိုကြီး ဝင်သွားပြီးတဲ့နောက် အလုပ်ခန်းထဲကို ဘယ်သူမှ မဝင်မထွက်ပါဘူးလို့ အစစ်ခံကြတယ်။ သူတို့က လိမ်ပြောမယ်ဆိုရင်လည်း ပြောနိုင်တာပေါ့လေ။ နို့ပေမဲ့ သူတို့မှာ လိမ်စရာအကြောင်း ဘာမှ မရှိဘူးဗျ။ ကျုပ်ဖြင့် သူတို့ ဘယ်နည်းနဲ့မှ မလိမ်ဘူးလို့ ထင်တယ်"

ထို့နောက် ဦးအုန်းဘူးလည်း နှုတ်ဆက်ပြန်သွားလေ၏။ အချိန်မှာ ၉ နာရီခန့်ရှိပြီဖြစ်၍ ပတ်ဝန်းကျင်မှာ အတော်ပင် တိတ်ဆိတ်လျက်ရှိနေပြီဖြစ်ရာ ဦးသောင်းမြိုင်လည်း အိပ်ရာသို့ဝင်တော့မည်ပြုရာ အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းကလေး မြည်သံကြားရသဖြင့် တံခါးကို ဖွင့်လိုက်ရာ "ဆရာဝန်ကြီး ဦးသောင်းမြိုင်နဲ့ ခဏတွေ့ချင်လို့ပါရှင်" ဟု မိန်းမတစ်ယောက်၏ အသံကို ကြားရလေ၏။

မြိုင် ။ ။ "အိမ်ထဲကို ဝင်ပါ။ ဦးသောင်းမြိုင်ဆိုတာ ကျုပ်ပါပဲ"

မိန်းမပျိုသည် လက်ဆွဲသားရေအိတ်ကလေးကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ အရွယ်အားဖြင့် ၂၀ ကျော်ကျော်မျှသာ ရှိမည်ထင်ရသော မိန်းမပျိုမှာ မျက်လုံးမျက်ဖန်အားဖြင့်လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်အားဖြင့်လည်းကောင်း အချိုးအစား ပြေပြစ်ကျနန၍ ကြည်လင်အေးမြသော အသံသြဇာနှင့်လည်း ပြည့်စုံလေသည်။

"သြော် ... ဒေါက်တာ သောင်းမြိုင်ဆိုတာ ဦးလေးပဲကိုး။ ကျွန်မဖြင့် တွေ့မှ တွေ့ပါ့မလားလို့ရှင်"

"ကိစ္စက ..."

"ဟုတ်ကဲ့ ... ကျွန်မက သူဌေးဦးသာကတိုး မိန်းမပေါ်ပင်၊ ကျွန်မနာမည်က မညွန့်ရီပါတဲ့။ ကျွန်မယောကျ်ားကို ဒီကနေ့ နေ့လယ်က အလုပ်တိုက်မှာ တွေ့တယ်ဆိုတာ သိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ထိုင်ပါလေ၊ ကုလားထိုင်ပေါ်မှာ ထိုင်ပါ"

သူဌေးကတော်လေး မညွန့်ရီသည် သူ၏လှပသော မျက်လုံးဝိုင်းကြီးများဖြင့် ဦးသောင်းမြိုင်အား ကြည့်လိုက်၏။ ကြည်လင်သော မျက်နှာမှာ မိုးသားများ တက်လာသော ကောင်းကင်ကဲ့သို့ အုံ့မှိုင်း၍သွား၏။ ထို့နောက် တီးတိုးလေသံဖြင့် –

"ကျွန်မလာတာက တခြားမဟုတ်ပါဘူး ဆရာရယ်။ ကျွန်မအသက်အန္တရာယ်အတွက်ပါ စိုးရိမ်နေရပါတယ်။ ဆရာ ကယ်နိုင်မယ်မဟုတ်လား ... ဟင်"

"တတ်နိုင်ရင် ကယ်ပါ့မယ်"

ဦးသောင်းမြိုင်သည် ဆေးတံကို ကိုက်လိုက်၏။

အသံကို အနည်းငယ်မြှင့်လျက် –

"တတ်နိုင်လိမ့်မယ် ထင်ပါတယ်ရှင်။ ဦးက စိတ်ရောဂါနဲ့ ပတ်သက်တဲ့ ဆရာဝန်အကြီးဆုံး ဖြစ်နေတော့ ကျွန်မ ယောကျ်ားဟာ ရူးတယ်ဆိုထဲ့အကြောင်း ထုတ်ဖော်ပြောလိုက်ရင် ဦးရဲ့ ထင်မြင်ချက်ကို ဘယ်သူမှ ငြင်းဝံ့မယ် မဟုတ်ပါဘူး" ခေတ္တမျှရပ်ဆိုင်းပြီးနောက် "ကျွန်မတို့ လက်သုံးဆရာဝန်ကတော့ လက်မှတ်ထုတ်မပေးနိုင်ဘူး ပြောနေတယ်။ သူကလည်း ဆရာ့လို စိတ်ပညာဘက်မှာ ပါရဂူဘွဲ့ထူးရတာမှ မဟုတ်ပဲကိုး"

မြိုင် ။ ။ "သူ စိတ်နောက်တယ်လို့ ကျုပ်မထင်ဘူး"

မညွန့်ရီသည် ဖျတ်ခနဲ ဖြစ်သွားသည်ကို ဦးသောင်းမြိုင် သတိပြုလိုက်မိ၏။ မီးရောင်ဘက်မှ မျက်နှာတစ်ခြမ်းပင် မည်းခနဲ ဖြစ်သွား၏။ မညွန့်ရီက ဦးခေါင်းကို ညင်သာစွာ ယမ်းလျက် –

"သူ့အလုပ်တိုက်မှာ ဖြစ်ပျက်တဲ့ အကြောင်းတွေကို ရဲမှူးနဲ့ အစိုးရစုံထောက်က ပြန်ပြောတဲ့ အတိုင်းဆိုရင်တော့ စိတ်နောက်တာ မဖြစ်နိုင်ဘူးလား ရှင့် ... ဖြစ်မှာပါပဲရှင်"

ဦးသောင်းမြိုင်သည် ဆေးတံကို မီးညှိပြီးလျှင် တစ်ချက်နှစ်ချက်မျှ ဖွာလိုက်ပြီးနောက် –

"မေးခွန်းတစ်ခွန်းလောက် မေးပါရစေ သူဌေးကတော်၊ ဒါပေမဲ့ သူဌေးကတော်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


မညွန့်ရီသည် တစ်စုံတစ်ရာ ငြင်းဆန်ခြင်း မပြုဘဲ ထိုမေးခွန်းမေးမည်ကို ကြိုတင်သိသကဲ့သို့ ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။

မြိုင်   ။ ။ "နေပါဦး ... သေတဲ့လူက သူဌေးမင်းနဲ့ရော မိတ်ဆွေ မဟုတ်လား"

ရီ   ။ ။ "ဟုတ်ကဲ့"

မြိုင်   ။ ။ "အတော်ပဲ အံကျွမ်းဝင်တဲ့ မိတ်ဆွေနော်"

ရီ   ။ ။ "ဟုတ်ပါတယ်"

မြိုင်   ။ ။ "ဒီတော့ ဦးသာကတိုးက သူ့အပေါ် မနာလိုဝန်တိုဖြစ်ချင်လည်း ဖြစ်မှာပဲ"

မညွန့်ရီသည် ညှော်ခန်းတွင် ခင်းထားသော ကော်ဇောကို အတန်ကြာ စိုက်ကြည့်လျက်ရှိရာမှ မျက်နှာကို ရုတ်တရက် မော်လိုက်ပြီးလျှင်–

"ကျွန်မယောကျ်ားက ဦးကိုကိုကြီးကို သူသတ်ပစ်မယ်လို့ ကြိမ်းမောင်းခဲ့ပါတယ် ဆရာဝန်မင်းရှင့်"

"နို့ပေမဲ့ သူ မသတ်ဘူးဗျ မညွန့်ရီ"

မညွန့်ရီသည် သက်ပြင်းချလိုက်၏။

"ဩော် ... သူ မသတ်ဘူးလား"

မညွန့်ရီ၏အသံမှာ ကွဲအက်သွားသကဲ့သို့ရှိပြီးလျှင် မျက်နှာမှာလည်း ဖြူဖတ်ဖြူရော် ဖြစ်၍သွားကာ မျက်လုံးများတွင် စိုးရိမ်သော အရိပ်အယောင်များ ပေါ်ထွက်လျက်ရှိလေ၏။ ထို့နောက် လေသံဖြင့် "ကျွန်မကိုလည်း သူသတ်မယ်လို့ ကျိန်ပြောပါတယ်ရှင်"

မညွန့်ရီသည် နေရာမှ ခုန်၍ထလိုက်ပြီးလျှင် ဦးသောင်းမြိုင်၏ လက်မောင်းကို ဖျစ်ညှစ်လျက် –

"အို ... ဒီဟာတော့ ကျွန်မအတွက် တဆိတ်ဆောင်ရွက်ပေးပါဆရာရယ်။ ကျွန်မဟာ အသက်အန္တရာယ်ကို စိုးရိမ်နေရပါတယ်"

ဦးသောင်းမြိုင်က မညွန့်ရီ၏ လက်များကို ညင်သာစွာ ဖယ်ရှားပြီးနောက် –

"ထိုင်ပါ ... ထိုင်ပါ ... ဒီလောက် မစိုးရိမ်ပါနဲ့"

အတန်ငယ် ငြိမ်သက်သွားပြီးနောက် မညွန့်ရီသည် ဦးသောင်းမြိုင်၏ မျက်နှာကို မော်၍ကြည့်လိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


ရီ ။ ။ "ကျွန်မ ဆရာ့ကို ယုံကြည်ရပါတယ်နော်"

မြိုင် ။ ။ "ဟုတ်ပါတယ် ... ထင်တဲ့အတိုင်းပါပဲ"

"ကျွန်မ မိုက်မိတယ်ရှင် ... မိုက်မိတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကိုကိုကြီးဟာ ကျွန်မကို မေတ္တာရှိပြီး ကျွန်မကလည်း သူ့မေတ္တာကို လက်ခံခဲ့မိတယ်။ ကျွန်မတို့ အချင်းချင်း အင်မတန် လျှို့ဝှက်ပြီး စာပေးစာယူ လုပ်ခဲ့မိကြပါတယ်။ ဒါနဲ့ တစ်နေ့တော့ ကျွန်မယောကျ်ားဟာ ဒီစာတချို့ကို တွေ့သွားတယ်"

ဤနေရာ၌ မညွန့်ရီမှာ အသံများပင် တုန်၍လာတော့၏။ "ဒါနဲ့ မနေ့ညကတော့ ဆူတော့တာပါပဲရှင်"

မညွန့်ရီသည် ရှိုက်၍ပင် လာလေသည်။

"သူက ကိုကိုကြီးကို ညစာစားဖို့ ဖိတ်တယ်ရှင့်။ ဒါနဲ့ ညစာစားပြီးလို့ ဧည့်ခန်းထဲ ပြန်ရောက်ကြတဲ့အခါ သူက ကျွန်မတို့နှစ်ယောက်ရှေ့မှာ ဖြောင်ဖွင့်ပြီး ချတော့တာပါပဲရှင်။ သူ ကျွန်မကို ကွာဖို့ သန္နိဋ္ဌာန်ချပြီးပြီတဲ့။ ဒီတော့ ကိုကိုကြီးလည်း ဒေါသထွက်ပြီး နေရာက ထ, သူကလည်း နေရာကထ,ပြီး တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့တောင် ထိုးလားကြိတ်လား လုပ်ကြသေးတာပေါ့ရှင်" အသံကို ပို၍နှိမ့်လျက် "ဦးကိုကိုကြီးဟာ အဲဒီကျွန်မတို့စာတွေ သွားရှာတုန်း သေတာရှင့်"

ဦးသောင်းမြိုင်သည် နှုတ်ခမ်းကို ကိုက်ကာ အတန်ကြာ စဉ်းစားလျက် ရှိနေပြီးနောက် –

"ဒါကို ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

မညွန့်ရီသည် မတ်တတ်ရပ်လျက်ရှိရာမှ လဲကျလုမတတ် ဖြစ်သွားဟန်ဖြင့် ကုလားထိုင် လက်တန်းကိုကိုင်၍ ထားလိုက်လေသည်။

"ကျွန်မ သိတာပေါ့ရှင်"

မညွန့်ရီသည် ကုလားထိုင်ပေါ်တွင် ကိုယ်ကို ပစ်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလေသည်။

မြိုင် ။ ။ "ဒီမှာ မညွန့်ရီ ခင်ဗျားဟာ ဒီစာတွေအကြောင်း အကုန်အစင် မပြောဘူး။ ကျုပ်ကို ယုံကြည်တယ်ဆိုရင် အဆုံးသတ်အထိ ယုံကြည်ပြီးအားလုံးကို ပြောပြဖို့ကောင်းတယ်"


www.burmeseclassic.com

www.burmeseclassic.com


ရီ ။ ။ "အားလုံး အမှန်ကိုတော့ ကျွန်မ မပြောနိုင်ပေဘူး ရှင်"

မြိုင် ။ ။ "ဒါဖြင့် ကောင်းပြီ၊ ခင်ဗျား ပြောတဲ့အတိုင်း ဦးသာ ကတိုးဟာ ဒီစာတွေကို ဖတ်ပြီးပြီဆိုရင် ဦးကိုကိုကြီးအဖို့ရော၊ ခင်ဗျား အဖို့ရော ဘာများ အရေးကြီးဦးမှာလဲ။ ဦးသာကတိုးက ခင်ဗျားအပေါ် ခွပ်စွဲဖို့ ဒီထက်ပိုပြီး လုံလောက်တဲ့ သက်သေခံ သူ့မှာ ရှိမှာပေါ့"

ဦးသောင်းမြိုင်သည် ဆေးတံကို မီးညှိလိုက်ပြီးနောက် ဆက်လက်၍ –

"ဒါမှ မဟုတ်ရင်လည်း ခင်ဗျားတို့ စာထဲမှာ ရာဇဝတ်မှု တစ်ခုတစ်ရာ ကျူးလွန်ဖို့ အထောက်အထား ..."

ဦးသောင်းမြိုင်၏ စကားမဆုံးမီ မညွန့်ရီသည် ရှိုက်လျက် –

"မိုက်ပါတယ်ရှင်၊ ကိုကိုကြီးရော၊ ကျွန်မရော နှစ်ယောက်စလုံးပဲ ရူးမိကြပြီ၊ မိုက်မိကြပြီ"

"ဟာ ... ဒါကြောင့် ကျုပ်မပြောဘူးလား"

ငိုလျက် –

"နို့ပေမဲ့ ကိုကိုကြီးဟာ တကယ်ဆိုလိုတာ မဟုတ်ပါဘူးရှင်။ ကျွန်မ အမှန်ပြောတာပါ။ သူ ဘယ်တော့မှ တကယ် မလုပ်ပါဘူး"

မြိုင် ။ ။ "သူတကယ် မလုပ်ဘူးဆိုတာလည်း ဟုတ်ချင် ဟုတ်ပေမပေါ့။ နို့ပေမဲ့ လူတစ်ယောက်ဟာ သူ့ရဲ့ အလုပ်ဖက်စပ် ပါတနာ က သူ့လင်ကြီးကို သတ်ပစ်ဖို့ သူ့မိန်းမကို အကြံဉာဏ်ပေးတဲ့ စာရေးရင် လင်ကြီးလုပ်တဲ့လူက ဘယ်လိုထင်မလဲ။ သူ့ကို လမ်းရှင်းပစ်ဖို့ တကယ် ကြံစည်တာပဲလို့ မထင်ပေဘူးလား။ ဦးသာကတိုးဟာ ဒီစာတွေကို ဖတ်ပြီး ခင်ဗျားတို့ ၂ ယောက်က သူ့အသက်ကို ကြံစည်နေတယ်လို့ သူ ရိုးသားစွာ ယုံကြည်နေလိမ့်မယ်"

မညွန့်ရီသည် အငိုတိတ်၍ သွားပြီးနောက် တုတ်တုတ်မျှ မလှုပ် ချေ။ ကြမ်းပြင်ကိုသာ ငုံ့၍ကြည့်ရှုလျက်ရှိလေသည်။ တစ်ခဏမျှ ငြိမ်သက် စွာ ရှိနေပြီးနောက် ဦးသောင်းမြိုင်က –

"ဒီစာတွေကို ဘယ်တုန်းက ဦးသာကတိုး တွေ့သလဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဒီဟာတော့ ကျွန်မ မသိပါဘူးရှင်။ ပထမကတော့ သူတွေ့သွားတယ်ဆိုတာလောက်ပဲ သိပါတယ်။ တရုတ်ပြည်ကို သူ မသွားခင် ၂ လ ၃ လ လောက်ကပဲ တွေ့မလား မပြောတတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ပြည်သွားခါနီးတောင် ကျွန်မကို စကားကောင်းကောင်း မပြောဘူး၊ နှုတ်ဆက်လည်းမသွားဘူး"

ယင်းကဲ့သို့ ဦးသာကတိုး ခေတ္တမျှ ခရီးထွက်နေခြင်းကိုပင် မညွန့်ရီသည် သူ့ချစ်သူနှင့် အခွင့်အရေးယူကာ ရှိနေပေလိမ့်မည်။ ဦးသာကတိုးကား ထိုအချိန်ကပင် မိမိဇနီးသည်၏ဖောက်ပြန်မှုကို သိရှိဟန်တူ၏။ မည်သို့ပင်ဖြစ်စေ ဦးသာကတိုးသည် ထိုအခြင်းအရာများကို ဖော်ထုတ်ပြောဆိုခြင်း မပြုဘဲ မျိုသိပ်၍ ထားခဲ့သည်ဟု ဦးသောင်းမြိုင်သည် ယူဆမိ၏။

မြိုင် ။ ။ "ဦးကိုကိုကြီးဟာ ဒီစာတွေကိုတော့ တွေ့မသွားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အလောင်းကို ရှာတုန်းက ကျုပ် အရှိသားပဲ၊ ဘာစာမှ မတွေ့ရဘူး"

"ဟုတ်ပါတယ်ရှင်၊ ဘူ့ကို အိမ်ပြန်ပို့တဲ့ စုံထောက်အရာရှိက ပြောလို့ ကျွန်မလည်း သိပါပြီ။ ကျွန်မ စိုးရိမ်တာက ရဲအရာရှိတွေ ဒီစာတွေ့သွားရင် နက်ဖြန်ရုံးမှာ တင်ပြတော့မှာပဲ"

မညွန့်ရီသည် သူ၏ခါးထဲမှ ဖျတ်ခနဲ သော့တွဲတစ်ခုကို ထုတ်ယူလိုက်ပြီးနောက် ဦးသောင်းမြိုင်အား ပြလိုက်လေသည်။

ရီ ။ ။ "ဒီစာတွေကို ဒီကနေ့ည ကျွန်မ ရအောင်ပြန်ယူရမယ်ရှင့်။ ကြည့် ... ဆရာဝန်က သူ့ကို စောစောအိပ်ဖို့ ပြော၊ ဒါကြောင့် ဒီထွက်လာခဲ့တာ ရုံးစောင့်ဒရဝမ်ကိုလည်း အလုပ်တိုက်ကို အခုညတွင်းချင်း ကျွန်မ လာခဲ့မယ့်အကြောင်း သံကြိုးဆက်ပြောပြီးပြီ၊ သူ့ကို စိတ်ချရတာ မဟုတ်ဘူး ဆရာရဲ့။ ရဲဘက်ကို ဒီစာတွေအကြောင်း အချိန်မရွေး သူက သတင်းပေးချင်ပေးမှာ။ ဒီစာတွေဟာ သူ့အလုပ်တိုက်မှာ မုချရှိတယ်ဆိုတာ ကျွန်မ သိတယ်။ အိမ်မှာ ကျွန်မ နံ့အောင် ရှာပြီးပြီ"

မညွန့်ရီသည် အလွန်ကြောက်ရွံ့တုန်လှုပ်လျက်ရှိသည့် အားငယ်သော မိန်းကလေးတစ်ယောက် အဖြစ်မှ ခွန်အားဗလနှင့် ပြည့်စုံသည့် ယောကျ်ားကြီးတစ်ယောက်သဖွယ် မားမားမတ်မတ် ရပ်လိုက်၏။ ဖြူဖတ်ဖြူရော်ရှိနေသော ပါးများမှာ သွေးရောင်ဖြင့် လွှမ်းသွားတော့၏။ တစ်စုံ


www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို ရဲရဲဝံ့ဝံ့ ပြုလုပ်တော့မည့်ဟန်ပန်ရှိ၏။ တစ်ဘက်တွင် လင်ကြီးနှင့် အခြားတစ်ဘက်တွင် ချစ်သူတို့မှာ သူ၏ဘ၀ဇာတ်ခုံတွင် အစားထိုးလဲလှယ်၍ ရနိုင်သော အရုပ်ကလေးများသဖွယ် ထင်မှတ်နေခြင်း ဖြစ်လေသလောဟု ဦးသောင်းမြိုင် စဉ်းစားမိ၏။ သူသည် မည်သူ့ကိုမျှ ငဲ့ညှာထောက်ထားခြင်းမရှိ။ မိမိ၏ကိုယ်ကျိုးကိုသာ ကြည့်တတ်သူတစ်ယောက်ဖြစ်၏။ သူ့ယောကျ်ားသည် စိတ်မနှံ့သူတစ်ယောက် ဖြစ်ကြောင်း ဆေးစာတွင် လက်မှတ်ရေးထိုးထောက်ခံမည့် ဆရာဝန်တစ်ဦးဦးရှိက ရှေ့အဖို့ မည်မျှလောက် စိတ်ဝင်စားဖွယ်ကောင်းသော အရာများကို ပြုလုပ်ဦးမည်နည်းဟုလည်း ဦးသောင်းမြိုင် တွေးမိသေး၏။

ထိုအချိန်တွင် စားပွဲပေါ်မှ တယ်လီဖုန်း ခေါင်းလောင်းစက် နှိုးသံကြားရသဖြင့် ဦးသောင်းမြိုင်လည်း သွားရောက်နားထောင်လေသည်။

"ဟလို ... ပန်းပဲတန်း ဌာနကလား"

"ဟုတ်ပါတယ် ... ဦးသောင်းမြိုင်လား ခင်ဗျာ"

"ဟုတ်ပါတယ် ... ကျွန်တော်ပါပဲ၊ ဘာများ ..."

"တရားခံ ဦးသာကတိုးကို ညနေစောစောက အိမ်ပြန်ပို့လိုက်ပြီးမှ အခုဌာနကို ပြန်လာပြီး သူ့ကိုယ်သူ အပ်နေပြန်တယ်"

"ဟုတ်လား"

"ဟုတ်ကဲ့ ... ဆရာကြီးတဆိတ် ကြွခဲ့စေချင်ပါတယ်"

"ကောင်းပါပြီလေ ... လာခဲ့ရတာပေါ့"

ဦးသောင်းမြိုင်သည် မညွှန့်ရီထံ ချက်ချင်း ပြန်လာပြီးလျှင် အကျိုးအကြောင်း ပြောပြလေသည်။

မညွှန့်ရီသည် ဝမ်းမြောက်သကဲ့သို့ မျက်နှာကလေးများ နီမြန်းလန်းဆန်း၍ သွားလေသည်။

"ဟုတ်ပါတယ်။ သူ ကောင်းကောင်း စိတ်မနှံ့တော့ပါဘူး ဆရာရဲ့။ ဘယ်နှယ့်လဲဆရာ၊ အခု စိတ်မနှံ့ကြောင်း လက်မှတ်ထုတ်ပေး နိုင်ပြီမဟုတ်လား"

ဦးသောင်းမြိုင်သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ မညွှန့်ရီအား စူးစူးစိုက်စိုက် ကြည့်လိုက်ကာ ဆေးတံကို ခဲလျက်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မြိုင် ။ ။ "အလုပ်တိုက်ကို ခင်ဗျား အခုသွားမယ်ဆိုတာ ရှုးတဲ့အကြံပဲ။ လာပါလေ ... ဆရာ့ကားနဲ့ လိုက်ခဲ့ပါ။ အိမ်ကို ဝင်ပြီး ပို့ပေးပါ့မယ်"

ရီ ။ ။ "မလိုက်နိုင်ဘူး ဆရာ။ ဒီကိစ္စ ဒီညပြီးမှ ဖြစ်မယ်။ နက်ဖြန်ဆိုရင် နောက်ကျသွားပြီ"

ဆေးတံကို မီးညှိပြီးနောက် –

"ဒီလိုညကြီး မင်းကြီးမှာ အလုပ်တိုက်ကို တံခါးဖွင့်ပြီး ဝင်တယ်ဆိုရင် လူများက မသင်္ကာစရာ ဖြစ်လိမ့်မယ်ဆိုတာ မတွေးမိဘူးလား မညွန့်ရီ"

ရီ ။ ။ "ဘာဖြစ်လို့ မသင်္ကာရမှာလဲ ဆရာရဲ့။ ကျွန်မယောကျ်ား အသတ်ခံရတာမှ မဟုတ်ပဲ"

မြိုင် ။ ။ "ဟုတ်ပါတယ်။ နက်ဖြန်လည်းကျရော ခင်ဗျားလုပ်တာကို ခင်ဗျား ယောကျ်ားလည်း သိရော"

ရီ ။ ။ "နက်ဖြန်ကျတော့ ဘာအရေးကြီးသလဲ ဆရာရဲ့။ သူလည်း လက်ထိပ်နဲ့ စိတ်ရောဂါကုဆေးရုံ ရောက်နေမှာပဲ။ ပြီးတော့ ကျွန်မလည်း ဒီဒုက္ခမီးတွေ မငြိမ်းခင် တောပြန်ပြီး ကျွန်မတို့အစ်မနဲ့ ခဏသွားနေဦးမယ်လို့ စိတ်ကူးထားတယ်။ ဘယ်နည်းနဲ့မဆို ဒီစာတွေကို မီးရှို့ပြီးမှ ကျွန်မမှာ လုံခြုံမှုရမယ်"

ဆရာဝန်ဦးသောင်းမြိုင်မှာ မညွန့်ရီအား တားဆီး၍ မရသဖြင့် တံခါးကို ဖွင့်ပေးလိုက်ရာ မညွန့်ရီမှာ ဖျတ်လတ်သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားပြီးလျှင် မြင်းရထားတစ်စီးပေါ်သို့ တက်သွားလေ၏။

*

နောက်အတန်ကြာသောအခါ ဦးသောင်းမြိုင်သည် ဒရိုင်ဘာအား ကားပြင်စေပြီးလျှင် အဝတ်အစား လဲလှယ်ပြီးနောက် မြို့ထဲသို့ လာခဲ့လေ၏။

ပန်းပဲတန်းဂိတ်ကို ရောက်သောအခါ အစိုးရစုံထောက် ဦးအုန်းဘူးက ဦးသောင်းမြိုင်အား ဆီးကြိုလေသည်။

ဘူး ။ ။ "ကျုပ်ဖြင့် ဒီအမှုမျိုးတွေ့ပဲ မတွေ့ဖူးပါဘူးဗျာ။ ဒီလူက သူ့သတ်တယ်ဆိုတာ ငြင်းကိုမငြင်းဘူး။ နို့ပေမဲ့ သူမသတ်တာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာက ရှိတယ်။ သူ့အပေါ်မှာ ဘာသက်သေခံမှုလည်း မရှိဘူး၊ ဒီအချိန်တစ်ချိန်လုံး သူဒီနေရာတစ်ဝိုက်မှာ မရှိဘူး အဝေးကြီး ရောက်နေတယ်"

မြိုင် ။ ။ "ဒီလိုရှိတာကိုး ဦးအုန်းဘူးရဲ့၊ ဦးကိုကိုကြီးဟာ သူ့ကိုယ်သူ သူသတ်သေတာ မဟုတ်ဘူး။ လူသတ်လို့ သေတာ ဖြစ်တယ်၊ ပြီးတော့ နောက်တစ်ချက်ကလည်း မှုခင်းဖြစ်ပွားတဲ့နေရာကို ဘယ်သူမှ ဝင်တာထွက်တာ မတွေ့ရဘူး။ ဒီတော့ ဒီအခန်းထဲကို ဝင်ဖို့ ထွက်ဖို့ အချက်အလက် နားလည်တဲ့လူတစ်ယောက်သာ တရားခံဖြစ်ရမယ်ဆိုတဲ့ သဘောတရားရှိတယ်။ နောက်ဆုံးမှာ လူတစ်ယောက်ဟာ အခင်းဖြစ်ပွားစဉ်က သူတခြားတစ်နေရာရာမှာ ရှိတယ်ဆိုတဲ့အချက် ခိုင်လုံနေရင် သူ့အပေါ် သံသယကင်းသွားအောင် လုပ်တဲ့ နည်းတစ်မျိုး မဟုတ်လားဗျ"

ဘူး ။ ။ "သူဟာ မှုခင်းဖြစ်ပွားတဲ့ အချိန်က သမိုင်းမှာနေတဲ့ ကုန်သည်ကြီးများအသင်း စက္ကတေရီနဲ့ အတူတူရှိနေတယ်။ ဟိုမှာပဲ မနက်စာ စားတယ်။ အခင်းဖြစ်ပွားပြီးတဲ့အချိန်လောက်မှ ကုန်သည်လမ်းက သူ့အလုပ်တိုက်ကို ရောက်လာတယ်ဆိုတဲ့ သက်သေခံတွေဟာ ကျုပ်တို့မှာ ထင်ထင်ရှားရှားကြီး ရှိနေတယ်ဗျ။ အတော်တော့ ခေါင်းရှုပ်စရာ ကောင်းတဲ့ အမှုပေါ့ဗျာ"

ထို့နောက် စုံထောက်ဦးအုန်းဘူးသည် တရားခံအား မိမိတို့ရှေ့သို့ ခေါ်ထုတ်ခဲ့ရန် အမိန့်ပေးလိုက်လေ၏။

ဦးသာကတိုးသည် နောက်မှ ရဲသားတစ်ယောက် စောင့်ရှောက်ကာ ဆရာဝန် ဦးသောင်းမြိုင်နှင့် စုံထောက် ဦးအုန်းဘူးရှေ့သို့ သွက်လက်သော ခြေလှမ်းများဖြင့် ရောက်ရှိလာလေသည်။ သူသည် စုံထောက်ဦးအုန်းဘူးနှင့် ဆရာဝန် ဦးသောင်းမြိုင်အား ဦးညွှတ်အရိုအသေ ပြုလိုက်သေး၏။ သို့သော် သူ့အား စစ်မေးရာ၌ သူ၏ထွက်ချက်များမှာ အလုပ်တိုက်၌ ပြောဆိုခဲ့သည့်အတိုင်းပင် ဖြစ်လေသည်။

တိုး ။ ။ "ခင်ဗျားတို့ ကျုပ်ပြောတာ မယုံတော့ အခက်သားပဲ"

မြိုင် ။ ။ "ဘာလဲ ခင်ဗျား အလုပ်တိုက်ထဲကို ဝင်ဖို့ လျှို့ဝှက်ပေါက်ရှိတယ်၊ ဘာတယ် ဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် ဦးအုန်းဘူးက ကြားဖြတ်လျက် "အို ... ကျုပ်တို့ တစ်နေ့လုံး ခင်ဗျား ထွက်ချက် မှန်မမှန်လိုက်ရှာပြီးပြီ ဘာယုံမလဲ၊ ခင်ဗျား ပြောတာတွေဟာ တစ်ခုမှ မမှန်ဘူး"

ဦးသောင်းမြိုင်သည် ဦးသာကတိုး၏မျက်နှာကို စိန်းစိန်းကြည့်ကာ အကဲခတ်လျက်ရှိ၏။ ဟန်ဆောင်သော သူ၏ စကားများနှင့် ဦးသာကတိုး၏ မျက်နှာထားကား ကွာခြားလှတော့၏။ ဦးသောင်းမြိုင်သည် ဦးသာကတိုး၏ အင်္ကျီတံတောင်ဆစ်တွင် တစ်စုံတစ်ရာ မြင်ရသကဲ့သို့ မျက်လုံးများ ပြူးထွက်မတတ် စိုက်ကြည့်လျက်ရှိလေ၏။ ဦးသာကတိုးသည် ဦးသောင်းမြိုင်၏ မျက်နှာကို လှမ်း၍ကြည့်လိုက်မိသဖြင့် သူ၏မျက်နှာမှာ လူသေမျက်နှာကဲ့သို့ တစ်ခါတည်း ဖြူရော်၍ သွားလေသည်။ ဆရာဝန် ဦးသောင်းမြိုင်သည် နေရာမှ ခုန်၍ထကာ -

"ဖမ်းဗျို့ ... သူ့ကို ဖမ်းပေတော့ ဦးကိုကိုကြီးကို သတ်တာသူပဲ"

ချက်ချင်းပင် ဦးသာကတိုးမှာ လက်ထိပ်ခတ်ပြီး ဖြစ်နေလေရာ ဦးသောင်းမြိုင်သည် "ကိုင်း ... လာဗျို့၊ ကျုပ်တို့ မညွန့်ရှိနောက် လိုက်ကြရလိမ့်မယ်။ မဖြစ်ဘူး ... လာဗျာ၊ ဦးအုန်းဘူး မြန်မြန်" ဟု ဟစ်အော်ကာ ဌာနအပြင်သို့ ပြေးထွက်သွားလေ၏။

ဦးအုန်းဘူးလည်း အံ့အားသင့်ကာ ဦးသောင်းမြိုင်နောက်သို့ လိုက်ပါသွားရလေရာ ဌာနာရှေ့တွင် ရပ်ထားသော ဦးသောင်းမြိုင်၏ ကားပေါ်သို့ ခုန်တက်မိကြသောအခါ ဦးအုန်းဘူးက -

"ဘယ်ကိုလဲဗျ"

ဦးအုန်းဘူး ပြောသည်ကို ဂရုမစိုက်နိုင်ဘဲ ကားမောင်းသမားအား

"ကိုင်းဟေ့၊ ကုန်သည်လမ်း မောင်းကွာ။ မြန်မြန်ဟေ့ ... မြန်မြန်"

ကားကလေးသည် ဝီခနဲ မောင်းထွက်သွားလေရာ ပန်းဆိုးတန်းကွေ့တွင် အရှိန်လွန်ကာ အရှေ့ဘက်မှ မောင်းလာသော လော်ရီကြီးအား လက်ယာဘက်ဘီးဖြင့် ဝင်၍ တိုက်မည်ပြုပြီးမှ ဒရိုင်ဘာ၏ ကျင်လည်မှုကြောင့် ၂ လက်မအကွာခန့် လွတ်မြောက်သွား၏။

ဦးသာကတိုး အလုပ်တိုက်ရှေ့သို့ရောက်သောအခါ ဘရိတ်အုပ်လိုက်သော ကားကလေးမှ မရပ်မီ ဦးသောင်းမြိုင်သည် ကားပေါ်မှ ခုန်ဆင်းပြီးနောက် အပေါ်ထပ်တက်ရာ လှေကားဆီသို့ ပြေးသွားရာ ဦးအုန်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလည်း နောက်မှပါသွားလေသည်။ ညဥ့်စောင့် ဒရဝမ်သည် လက်နှိပ်ဓာတ်မီးကို ကိုင်ကာ လှေကားခြေရင်း၌ စောင့်ကြပ်လျက် ရှိနေ၏။ ဦးသောင်းမြိုင်သည် ဒရဝမ်အား မေးသဖြင့် အလုပ်တိုက်ခန်းအတွင်း၌ သူဌေးကတော်လေး မညွန့်ရီရှိနေကြောင်း ဒရဝမ်က ပြောပြလေသည်။ ဦးသောင်းမြိုင်နှင့် ဦးအုန်းဘူးတို့သည် ဒရဝမ်ထံမှ လက်နှိပ်ဓာတ်မီးကို ယူ၍ လှေကားမှ လျင်မြန်စွာ တက်သွားသောအခါ ဒရဝမ်လည်း နောက်မှ လိုက်ပါသွားလေသည်။

ညသည် ခန်းမဆောင်တံခါးသို့ ရောက်ကြသောအခါ ဦးသောင်းမြိုင်သည် တံခါးကို ဖွင့်ကြည့်၏။ သို့သော် တံခါးမှာ အတွင်းမှ သော့ခတ်ပိတ်ထားလေသည်။

အတွင်းမှ သော့ခတ်ထားသောအခါ အပြင်မှ သော့ဖြင့် ဖွင့်မရကြောင်း ဒရဝမ်က ပြောလေသည်။

ဒရဝမ်ကား နေ့လယ်ကပင် လူသတ်မှုဖြစ်ပွားခဲ့သော အခန်းတံခါးအနီးသို့ ချဉ်းကပ်ရန် ကြောက်ရွံ့လျက်ရှိ၏။ အခန်းကို ဖွင့်၍ မရနိုင်သောအခါ ဦးအုန်းဘူးက ဒရဝမ်အား ပုဆိန်တစ်လက်သော်လည်းကောင်း၊ သံချောင်းတစ်ချောင်းသော်လည်းကောင်း ယူခဲ့ရန် အမိန့်ပေးလိုက်သဖြင့် ဒရဝမ်လည်း အောက်ထပ်သို့ ပြေးဆင်းသွားလေ၏။ ထိုအချိန်အတွင်း အခန်းထဲမှ မီးရောင်ကဲ့သို့ လက်ခနဲ မြင်လိုက်ရ၏။

ဘူး ။ ။ "ရှိတယ် ဦးသောင်းမြိုင်၊ အထဲက လက်ခနဲ မီးရောင် မြင်လိုက်ရတယ်။ ဘာလုပ်နေမလဲ မသိဘူး"

မြိုင် ။ ။ "ဘာလုပ်နေရမှာလဲ။ စာတွေ ရှာနေတာပေါ့" ကျယ်လောင်သောအသံဖြင့် ဆက်လက်၍ "မညွန့်ရီ ... မညွန့်ရီ၊ တံခါးဖွင့်စမ်း၊ တရုတ်နတ်ရုပ်ကြီးနား မကပ်နဲ့နော်၊ ပြောတာ ကြားလား။ ဖွင့်လေ ... ဖွင့် ... ဖွင့်"

ဦးသောင်းမြိုင်သည် သော့ပေါက်မှကပ်၍ နားထောင်ကာ မချင့်မရဲ ရှိနေလေ၏။

"နားထောင်စမ်းဗျို့ ဦးအုန်းဘူး။ အထဲက ခြေသံကြားတယ်"

ထိုအချိန်တွင် အတွင်းမှ ခြေသံများ မထင်မရှား ကြားရပြီးနောက် လက်ခနဲ မီးရောင်တစ်ခုကို တံခါးကြားမှ မြင်လိုက်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရဝမ်သည် အပေါ်သို့ပြန်၍ တက်လာပြီးနောက် တံခါးဖွင့်ရန် ပုဆိန်သော်လည်းကောင်း၊ သံချောင်းသော်လည်းကောင်း မရနိုင်ကြောင်း ဖြင့် ပြောကြားလေ၏။

"ကိုင်း ... ဒီလိုကြည့်နေလို့ မဖြစ်ဖူးဗျို့ ဦးအုန်းဘူး။ ကိုယ်လုံး ရိုက်ပြီး အတင်းဖွင့်ကြစို့ရဲ့၊ ကျုပ်တို့ ၃ ယောက်အားပဲဗျာ၊ ဒီတံခါး လောက်တော့ မခံနိုင်ပါဘူး"

သို့နှင့် သုံးဦးသားတို့သည် ထု တစ်လက်မခန့်ရှိ တံခါးကြီးကို ညီ ညာစွာ တစ်ချက်တည်း ပခုံးနှင့်ဆောင့်၍ တွန်းလိုက်ရာ အတွင်းမှ ပတ္တာများ ပြုတ်ထွက်သွားပြီးနောက် အခန်းတွင်းသို့ လဲကျသွားကြလေ၏။ ထို့နောက် လဲရာကထကာ ဦးသောင်းမြိုင်သည် လက်နှိပ်ဓာတ်မီးဖြင့် ရှေ့ သို့ ထိုးကြည့်လိုက်ရာ အောက်ပါသဏ္ဌာန်ကို တွေ့မြင်ရလေသည်။

'စီးဖုး' ခေါ် တရုတ်နတ်ရုပ်ကြီးတင်ထားသော ပလ္လင်ကဲ့သို့ခုံကြီး ၏ တတိယအဆင့်ပေါ်၌ကား မညွန့်ရီသည် မတ်တတ်ရပ်ကာ သူ၏ လက်ဝဲဘက်ရင်အုံကို လက်ယာလက်ဖြင့် ဖိနှိပ်ကာ ရှေ့တိုးနောက်ငင် ယိမ်းယိုင်လျက်ရှိ၏။

ဦးသောင်းမြိုင်သည် မညွန့်ရီရှိရာသို့ ပြေးသွားရာ အချိန်ကား နောက်ကျခဲ့လေပြီ။ မညွန့်ရီသည် အရုပ်ကြိုးကိုဖြတ်၍ ချလိုက်သကဲ့သို့ တတိယအဆင့်ပေါ်မှ ကြမ်းပြင်ကျောက်ပြားပေါ်သို့ တစ်ခါတည်း လဲကျ သွားလေသည်။

ဦးသောင်းမြိုင်သည် မိန်းကလေးအား ယုယစွာ ပွေ့ထူကြည့်မိ၏။ မညွန့်ရီ အသက်မရှိရှာတော့ချေ။ ရင်အုံတွင်ရှိသော ဒဏ်ရာမှ သွေးများ ပန်းထွက်လျက်ရှိလေသည်။ စုံထောက်ဦးအုန်းဘူးသည် အလောင်းကို ငုံ့ကြည့်ကာ "ဒဏ်ရာချင်းလည်း အတူတူပဲ သေပုံချင်းလည်း အတူတူပဲ ပါကလား ဗျို့"

"ဟုတ်တယ်လေ၊ လက်ချက်က တစ်ဦးတည်း လက်ချက်ကိုးဗျ"

"ဘယ်သူ့လက်ချက်လဲ"

"ဦးသာကတိုး လက်ချက်လေ"

"ဟင် ... မဖြစ်နိုင်တာဗျာ။ ခင်ဗျား ရှေ့တွင်ပဲ သူ့ကို အချုပ်ခန်း ထဲ ကျုပ်ထည့်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com


"သူကိုယ်တိုင်တော့ ဘယ်ဟုတ်မလဲဗျာ။ သူ့ကိုယ်စားလှယ်က လုပ်တာဖြစ်မှာပေါ့။ နို့ပေမဲ့ ကျုပ်စိတ်ထင်ပြောရတာလေ။ တပ်အပ်တော့ မပြောနိုင်သေးဘူး"

ထို့နောက် ဦးသောင်းမြိုင်သည် အခန်းတွင်းရှိ ဓာတ်မီးများကို ဒရဝမ်အား ဖွင့်စေပြီးလျှင် ဒရဝမ်အား ကုလားထိုင်တစ်လုံးကို ယူခဲ့စေ၏။ ထို့နောက် ကုလားထိုင်ကို တရုတ်နတ်ရုပ်ကြီးနံဘေး၌ ထားစေပြီးလျှင် အရုပ်ရှေ့သို့ မရောက်အောင် ကိုယ်ကို ဘေးတိုက်နေ၍ လက်ယာဘက် အံဆွဲတွင် တပ်ထားသော ခလုတ်ကလေးကို နှိပ်လိုက်လေသည်။

ထိုအခါ လျှပ်စစ်ဓာတ်ခလုတ်ဖြင့် ပြုလုပ်ထားသော အံဆွဲကလေးသည် ထောက်ခနဲ ပွင့်လာသည်နှင့် တစ်ပြိုင်နက် တရုတ်နတ်ရုပ်၏ ရင်ဝ အလယ်တည့်တည့်ဆီမှ 'ရှဲ'ခနဲ အသံတစ်ခုကို ကြားလိုက်ရ၏။ အသွား တစ်တောင်ခန့်ရှိသော ဓားမြှောင်တစ်ခုသည် မြွေတစ်ကောင်၏ လျှာကဲ့သို့ ရုတ်တရက် ထွက်လာပြီးနောက် လျှပ်တစ်ပြက်အတွင်း၌ပင် ပြန်၍ဝင်သွား လေသည်။

မြိုင် ။ ။ "ဦးသာကတိုးက လွှတ်ထားတဲ့ ကိုယ်စားလှယ်ဟာ သူပါပဲဗျာ။ ပထမတော့ ကျုပ်တယ်ပြီး မထင်ဘူး။ အရုပ်ကိုလည်း သေသေ ချာချာ မကြည့်မိဘူး၊ အခုမှ ကြည့်မိတယ်။ နို့ပေမဲ့ ဦးသာကတိုးရဲ့ အကျႌ တံတောင်ဆစ်မှာ သွေးမှုန်တွေ ကပ်နေတာ မြင်လိုက်ရတော့မှ ကျုပ် စိတ်ကူး ဟာ ဟုတ်ပြီလို့ တစ်ထစ်ချ ကျုပ်ယူဆမိတယ်"

ဘူး ။ ။ "အတော်လည်း အကြံပက်စက်တဲ့ လူကြီးပဲဗျို့"

မြိုင် ။ ။ "ဒီလိုကိုးဗျ။ ဦးသာကတိုး အရောင်းအဝယ် ကိစ္စ တစ်ခုနဲ့ တရုတ်ပြည်မသွားခင် ဦးကိုကိုကြီးက မညွန့်ရီကိုပေးတဲ့ စာတွေ ကို သူတွေ့တော့တာပေါ့ဗျာ။ စာထဲမှာတော့ သူတို့အချစ်ဓာတ် လှလှကြီး ခင်းနိုင်အောင် ဦးသာကတိုးကို လမ်းရှင်းပစ်လိုက်ရင် ကောင်းမယ့် အကြောင်း၊ မညွန့်ရီကို သွေးဆောင်တဲ့ စာတွေတချို့ပါမှာပေါ့။ ဒါနဲ့ မနေ့ ညက သူ့ဆီမှာ စာတွေရှိနေတဲ့အကြောင်း ဖွင့်ပြောလိုက်တော့ ဦးကိုကိုကြီး က ဒီလိုဆိုရင် သူ့အပေါ်မှာရော၊ မညွန့်ရီအပေါ်မှာရော အမှုပတ်တော့မယ် ဆိုပြီး စာတွေကို ပြန်ရအောင် ရှာတာကိုးဗျ။ စာတွေဟာ အိမ်မှာ မရှိတဲ့ အကြောင်း မညွန့်ရီကလည်း ဖွင့်ပြောထားတော့ ဧကန္တ အလုပ်တိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ်ဆိုပြီး ဒီကနေ့မနက် ဦးကိုကိုကြီး လာအရှာမှာ နတ်ရုပ်ကြီး လက်ချက်နဲ့ သေရရှာတာပေါ့။ သေတ္တာတွေ အံဆွဲတွေထဲမှာ မရှိလေတော့ နတ်ရုပ်ရဲ့ နောက်ခံ တကဲမှာ ကပ်ထားတဲ့ အံဆွဲကလေး ၂ ခု သွားမြင်တာကိုး။ သူခိုးလိုလာပြီး ရှာတဲ့လူဟာ ဒီလောက် ခဲယဉ်းတဲ့ နေရာမျိုးလောက်တော့ မတွေ့ဘဲ နေပါ့မလား။ အံဆွဲကလေး ၂ ခုကလည်း ကြည့်ပါလား။ ဘယ်လောက် ပစ္စည်းဝှက်စရာကောင်းတဲ့ နေရာလဲ"

ဦးသောင်းမြိုင်သည် ဆေးတံကို မီးညှိပြီးနောက် ဆက်လက်၍-

"သူ ဆင်လိုက်တဲ့အလုံး ခင်ဗျား စဉ်းစားကြည့်လေ။ ကျုပ်ကို ဒီကနေ့ ၁၂ နာရီကျော်ကျော်လောက်မှာ သူ့အလုပ်တိုက်ကို ရောက်အောင် လာခဲ့ဖို့ ခေါ်တယ်။ ပြီးတော့ ခင်ဗျားတို့ ကျုပ်တို့ကို သူက ထင်စေချင်တာက သူဟာ စိတ်မနှံ့ဘူးလို့ ထင်စေချင်တယ်။ ပြီးတော့ အခုဒုတိယ လူသေမှုမှာလည်း ဒီစာတွေကို ဦးကိုကိုကြီးမရရင် မညွန့်ရီအိမ်က ထွက်သွားတာဟာ သူ့အလုပ်တိုက်မှာ ဒီစာတွေကို မညွန့်ရီ သွားရှာပြီဆိုတာ မုချသိတယ်။ ဒါကြောင့် သူ့ကိုယ်သူ ဌာနပြန်လာပြီး အပ်တယ် မဟုတ်လား။ သူ့အကြံက ဒီလိုကိုး ဦးအုန်းဘူးရဲ့။ ကျုပ်တို့မျက်စိအောက်မှာ သူရှိနေတုန်း မညွန့်ရီဟာ ဒီနေရာမှာ ဒီလိုဒဏ်ရာမျိုးနဲ့ သေသွားရင် ပထမအမှုအတွက် သူ့အပေါ် မသင်္ကာရင်တောင် ဒီမသင်္ကာတဲ့အချက် ပျောက်သွားမယ်။ တော်တော်တော့ ကြံကြံဖန်ဖန် စွန့်စားတဲ့ လူတစ်ယောက်ပေါ့။ မယားရောလင်ငယ်ရော ကိစ္စလည်းတုံးအောင် သူ့အပေါ် သံသယလည်း မရှိအောင် ပထမအမှုကို သူသတ်ပါတယ်ဆိုပြီး ရှုးချင်ဟန်ဆောင် ဝန်ခံတာပေါ့။ ဘယ်နှယ့်လဲ ကျုပ်ပြောတာ လိပ်ပတ်လည်သွားပြီလား"

"ရှင်းပါပြီ။ ဟာ ... အတော်တော့ ကြံကြံဖန်ဖန် လုပ်တဲ့လူပဲ"

"ဒါမှလည်း သူ့အပေါ် သံသယကင်းတော့မပေါ့ဗျ။ ဦးကိုကိုကြီးကို သူသတ်တယ်လို့ ဝန်ခံတာဟာ သူစိတ်မနှံ့လို့သာ ဝန်ခံတာလို့ ကျုပ်တို့က ထင်နေပြီး သူ့ကို အချုပ်ခန်းထဲ ထည့်ထားတုန်း မညွန့်ရီကို ဒီလိုဒဏ်ရာမျိုးနဲ့ သေနေတာ တွေ့ရပြန်တော့ ဘယ်သူက သူ့အပေါ်မှာ ထင်ဦးမှာလဲဗျ။ အတော်တတ်နိုင်တဲ့ လူတစ်ယောက်။ တိုင်းပြည် အကျိုးရှိအောင်သာ ဒီလို ဦးနှောက်မျိုးနဲ့ ကြံလိုက်ရရင် ..."



www.burmeseclassic.com

www.burmeseclassic.com


"ဒါထက် အရုပ်ကြီးကလည်းဗျာ၊ ကြံကြံဖန်ဖန် သူ့ဘယ်လိုများ တွေ့ပြီး ဝယ်လာခဲ့တာလဲ မပြောတတ်ဘူး"

"ကျုပ်ကြားဖူးတာကတော့ တရုတ်ပြည် အရှေ့မြောက်ပိုင်းမှာ ရှေးအခါက 'ဟန်' အဆက်အနွယ်ဖြစ်ခဲ့ဖူးတဲ့ ရှေးတရုတ်တိုင်းရင်းသား လူမျိုးတစ်မျိုးမှာ နတ်ရုပ်နဲ့ တရားစီရင်တယ်ဆိုတဲ့ ရှေးအစဉ်အလာ တစ်ခု ရှိသတဲ့ဗျ။ အရင်ကတော့ ဓားဟာ အပြင်ထွက်တဲ့ နေရာမှာ အရုပ်ထဲက သော့ပေးထားတဲ့ သံပတ်နဲ့ လုပ်ထားတယ်။ အခုခေတ် လျှပ်စစ်ခေတ်ပေါ် လာတော့ အံဆွဲကလေးပေါ်မှာ ထားတဲ့ ခလုတ်ကို နှိပ်လိုက်တာနဲ့ တစ်ပြိုင် နက် အံဆွဲလည်းပွင့်၊ ဓားလည်း အပြင်ထွက်လာအောင် စီမံထားတာပေါ့ ဗျာ"

"အင်း ... လူသတ်မှုရာဇဝင်မှာ မှတ်တမ်းတင်လောက်အောင် အမှုဆန်းတစ်ခု ကျုပ်တို့ စာအုပ်ကြီးထဲ တိုးလာပြန်တာပေါ့လေ"

⁂

ဒဂုန်ရွှေမျှား

BURMESE CLASSIC

www.burmeseclassic.com